The Commerce Journal
http://www.commercejournal.com.mm
စီးပွားရေးသတင်းဂျာနယ်
စီးပွားရေးအောင်မြင်ရန်သတင်းအချက်အလက်ကိုအခြေခံ
VOL .17, NO . 7 | တနင်္လာနေ့တိုင်းထုတ်ဝေသည် | February 13 , 2017

# CMP ကဏ္ဍမှ အမေရိကန်ဒေါ်လာ ၁၈၅၅ သန်း အပါအဝင် ပို့ကုန်ပမာဏ အမေရိကန်ဒေါ်လာ ၁၀ ဘီလီယံခန့် ရရှိလာ

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် ချမှတ်ထားသော မျှော်မှန်းချက်ငါးရပ်အနက် "ဈေးကွက်စီးပွားရေးစနစ်နှင့်အညီ ပုဂ္ဂလိကအခန်းကဏ္ဍဖွံ့ဖြိုးတိုးတက်အောင် အားပေးမြှင့်တင်ဆောင်ရွက်ရန်" ဟူသော မျှော်မှန်းချက်နှင့်အညီ ပုဂ္ဂလိက ကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် အားပေးမြှင့်တင်လျက်ရှိပါတယ်။

စာမျက်နှာ - ၁၈ ➤





## ကုန်သွယ်မှု ဖွံ့ဖြိုးတိုးတက်ရေး အစီအစဉ် (Trade Development Programme-TDP) စီမံကိန်းကော်မတီ၏ စတုတ္ထအကြိမ်မြောက် အစည်းအဝေး ကျင်းပ

ကုန်သွယ်မှု ဖွံ့ဖြိုးတိုးတက်ရေး အစီအစဉ် (Trade Development Programme-TDP) ၏ စတုတ္ထအကြိမ် စီမံကိန်းကော်မတီ အစည်းအဝေးကို ဖေဖော်ဝါရီလ ၇ ရက်က နေပြည်တော်ရှိ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ရုံးအမှတ်(၃) ညီလာခံခန်းမ၌ ကျင်းပပြုလုပ်ခဲ့ပါသည်။

စာမျက်နှာ - ၁၈ ➤

### တာချီလိတ်တံတား အမှတ်(၁)မှ ဒြောက်လအတွင်း ရှမ်းပြည်နယ်အစိုးရ ဘဏ္ဍာရန်ပုံငွေ ကျပ်သိန်းပေါင်း ၁၈၀၀ ကျော်ရရှိ

စာမျက်နှာ - ၁၇ ➤

### တရုတ်နှင့် ထိုင်းဝယ်လက်များကြောင့် လျှော်ဖြူဈေးမြင့်တက်

စာမျက်နှာ - ၂၆ ➤



### ကမ္ဘောဇ ကုန်သွယ်မှုဗဟိုဌာန ဖွင့်ပွဲနှင့် ပြည်ပပို့ကုန် အလားအလာရှိသော ဒေသထွက်ကုန်များ ကုန်စည်ပြပွဲကျင်းပ

စာမျက်နှာ - ၃၀ ➤

MRTV
(၂၀၁၇) ခုနှစ် မတ်လ (၁)ရက်နေ့မှ စတင်၍ ညစဉ်ညတိုင်း (၉)နာရီအချိန်တွင်
MRTV Station မှာပြပြီး
9 - UP



တရားရှင်နှင့်မားဘုရင်
(မူလ–ပေါင်ချိန်နှင့် ကျန်ကျောင်းပြန်လာပြီ)
နိုင်ငံတကာအဆင့်မီ
(မြန်မာစကားပြော)



ကြော်ငြာများထည့်သွင်းလိုပါက ဆက်သွယ်ရန်
E-ZEN HALL (Myanmar)
E-Zen Hall (Myanmar) Co., Ltd. အမှတ်(၂၅)၊ ဗိုလ်ရွဲလမ်း၊ လသာမြို့နယ်၊ ရန်ကုန်မြို့။
Ph : 01-241265,09 796667884 , 09 5145679, 09 5178191,


ကိုအောင်ထွန်းလွင် + မကျော့ကျော့စန်း
SST
စားသောက်ကုန်လုပ်ငန်း
ပင်ရင်း–မန္တလေးမြို့
09-5079086, 09-5037776, 09-789321087


2နှစ် ဆက်တိုက် ဆွတ်ခူးရရှိ ထားသော အကောင်းဆုံး အရသာ ဆုများ
SUNAR
နေကြာဆီ နှင့် ပြောင်းဖူးဆီ
FAO
(Food and Agriculture Organization of The United Nations) Medal
ITQI
Superior Taste Award
(BELGIUM)
Turkish Consumer Protection Association Golden Brand
ULUSLARARASI
GÜVENİLİR
GIDA ZİRVESİ
Superior taste AWARD
SUNAR
Sunflower OIL
1 LITER
SUNAR
For Professionals
Sunflower OIL
18 LITER
09 73199813, 09 73199814
Email: Contact@southern-myanmar.com
www.facebook.com/SunarForMyanmar
SM Co.,Ltd.
Southern Myanmar
Company Limited

# စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ယူနန်ပြည်နယ်၊ တယ်ဟုန်ပြည်နယ်ခွဲ မြန်မာနိုင်ငံကိုယ်စားလှယ်ရုံးခွဲ(နေပြည်တော်) ဖွင့်ပွဲသို့ တက်ရောက်အမှာစကားပြောကြား



စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်သည် ဖေဖော်ဝါရီ ၆ ရက်တွင် နေပြည်တော်ရှိ ပျဉ်းမနားမြို့နယ် ပျဉ်းမနား- တောင်ညိုလမ်းမကြီးပေါ်ရှိ Grand ACE Villa ၌ ကျင်းပပြုလုပ်သော တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ်၊ တယ်ဟုန်ပြည်နယ်ခွဲ ကုန်သည်ကြီးများအသင်း၊ နေပြည်တော်ရုံးခွဲဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက် အမှာစကားပြောကြားသည်။

ရှေးဦးစွာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ်၊ တယ်ဟုန်ပြည်နယ်ခွဲပါတီကော်မတီ အထွေထွေအတွင်းရေးမှူး မစ္စတာဝမ်ကျွမ့်ချမ်းက ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားသည်။

ထို့နောက် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်က အမှာစကားပြောကြားရာတွင်

*စာမျက်နှာ ၁၂ သို့*

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် World Bank Group ၏ Regional Practice Manager ဖြစ်သူ Ms. Mona Haddad ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ



စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်သည် World Bank Group ၏ Regional Practice Manager ဖြစ်သူ Ms. Mona Haddad ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ဖေဖော်ဝါရီ ၇ ရက်က စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန၊ ဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ လက်ခံတွေ့ဆုံခဲ့သည်။

ထိုသို့တွေ့ဆုံရာတွင် ပုဂ္ဂလိက ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ Development Policy Operations (DPO) နှင့်စပ်လျဉ်း၍ ကမ္ဘာ့ဘဏ်အဖွဲ့က ပြည့်စုံစွာ ရှင်းလင်းတင်ပြခဲ့ပြီး ပြည်ထောင်စုဝန်ကြီးက ကမ္ဘာ့ဘဏ်အဖွဲ့၏ မြန်မာနိုင်ငံကုန်သွယ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အကူအညီပေးမှုများအား ကျေးဇူးတင်ရှိပါကြောင်း၊ မိမိတို့သည် ပို့ကုန်မြှင့်တင်မှုကို အဓိကထား ဆောင်ရွက်လျက်ရှိပါကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် စိန်ခေါ်မှုများကြုံတွေ့ရလျက်ရှိရာ ကမ္ဘာ့ဘဏ်အဖွဲ့၏ အတွေ့အကြုံကောင်းများကို ရယူ၍ ဝိုင်းဝန်းညှိနှိုင်းကူညီဖြေရှင်းရေး၊ ထုတ်ကုန်များ ယှဉ်ပြိုင်ထုတ်လုပ်နိုင်ရေး၊ အလုပ်အကိုင်အခွင့်အလမ်းများရရှိနိုင်ရေးနှင့် ကောင်းမွန်သော စီးပွားရေးပတ်ဝန်းကျင်ပေါ်ထွန်းလာနိုင်ရေးတို့ကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးပြောကြားခဲ့သည်။

အဆိုပါတွေ့ဆုံပွဲသို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။

**MOC (IR)**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် ဖင်လန်နိုင်ငံ၊ နိုင်ငံခြားကုန်သွယ်မှုနှင့် ဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး H.E. Mr. Kai Mykkänen ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်သည် ဖင်လန်နိုင်ငံ၊ နိုင်ငံခြားကုန်သွယ်မှုနှင့် ဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး H.E. Mr. Kai Mykkänen ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့အား စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီးရုံး၌ ဖေဖော်ဝါရီလ ၉ ရက်က လက်ခံတွေ့ဆုံခဲ့သည်။

တွေ့ဆုံဆွေးနွေးရာတွင် နှစ်နိုင်ငံကုန်သွယ်မှုမြှင့်တင်ရန်အတွက် မြန်မာနှင့် ဖင်လန်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်မှုကို အရှိန်အဟုန်မြှင့်တင်ရေးကိုလည်းကောင်း၊ မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှုပတ်ဝန်းကျင်ကောင်းများနှင့် အခွင့်အလမ်းကောင်းများကို ဖန်တီးဖော်ဆောင်ပေးခြင်းနှင့် အကာအကွယ်ပေးခြင်းများကို ဆောင်ရွက်လျက်ရှိပြီး နိုင်ငံခြား တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်လျက်ရှိပါကြောင်း၊ မြန်မာနိုင်ငံတွင် သဘာဝအရင်းအမြစ်များ ကြွယ်ဝခြင်းနှင့် လုပ်သားအင်အားပေါများခြင်းသည်လည်း ရင်းနှီးမြှုပ်နှံမှုအတွက် အခွင့်အလမ်းများကို ဖြစ်စေပါကြောင်း၊ ပို့ကုန်မြှင့်တင်ရေးအတွက် ဈေးကွက်တွင် ထုတ်ကုန်အရည်အသွေးယှဉ်ပြိုင်နိုင်စွမ်းရှိရေးအတွက် နည်းပညာအသုံးပြုဆောင်ရွက်ရန်နှင့် ဈေးနှုန်းယှဉ်ပြိုင်နိုင်စွမ်းရှိရေးအတွက် ထုတ်လုပ်မှုနှင့်သယ်ယူပို့ဆောင်မှုစရိတ်များလျှော့ချနိုင်ရေး ပူးပေါင်းဆောင်ရွက်လိုပါကြောင်း၊ ပြည်တွင်းပြည်ပ ကူးသန်းဆက်သွယ်ရေးနှင့် ကုန်စည်စီးဆင်းမှု လွယ်ကူလျင်မြန်ချောမွေ့စေရေးသည် ပို့ကုန်မြှင့်တင်ရေးအတွက် အရေးကြီးသဖြင့် ပူးပေါင်းဆောင်ရွက်သွားလိုပါကြောင်း ဆွေးနွေးပြောကြားခဲ့သည်။

အဆိုပါတွေ့ဆုံပွဲသို့ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။

**MOC (IR)**

Commerce
JOURNAL

**အတိုင်ပင်ခံစာတည်း**
မင်းမင်း
မြင့်လွင်
ဦးဦးဟန်
မြတ်ထွန်းကျော်

**စာတည်းမှူးချုပ်**
ဉာဏ်တင်

**တာဝန်ခံစာတည်း**
ခင်သီတာအေး

**အုပ်ချုပ်ရေးမှူး**
ဒေါ်အေးအေးမော်

**စာတည်းအဖွဲ့**
ချိုသက်မူ
ဖြူဖြူဝင်း

**လက်ထောက်စာတည်း**
ယဉ်ယဉ်အေး၊ မော်မော်အောင်၊
ခင်မိုးသူ၊ သီတာဝင်း

**သတင်းထောက်များ**
ထွန်းလှိုင်(မုံရွာ)၊ ရီလင်းထွဋ်(မုံရွာ)၊
မင်းမင်းဦး(ပုသိမ်)၊ ကြည်နိုင်ဦး(အင်းတော်)
မင်းဇော်မွန်(ဖျာပုံ)၊ မြင့်ဦး(ပခုက္ကူ)
ခင်ဆွေဝင်း(ပြည်)၊ ဝေဝေမင်း(ပြည်)၊ နီနီဝင်း(ပြည်)
ဝင်းဝင်းခိုင်(ပြည်)၊ ဇေခိုင်(တောင်ကြီး)၊
မင်းအောင်(တောင်ကြီး)၊ သန်းသန်းတင်(မုံရွာ)
စိုးအောင်(မန္တလေး)၊ မောင်မောင်အေး(မကွေး)

**Proof & Layout Design ကြီးကြပ်**
ခင်စုစုလှိုင်၊ ကျိန်သျှံနွမ်း

**ကြော်ငြာတာဝန်ခံ**
မြင့်ဇင်ညွန့် (ဖုန်း-၀၉-၇၃၀၅၃၅၃၁)
ထွန်းထွန်းဝင်း (ဖုန်း-၀၉-၄၂၃၇၃၇၅၆၃)

**ထုတ်ဝေသူ**
ဦးမြတ်ထွန်းကျော်(၀၁၀၅၅)
အမှတ်၃၈၊ လမ်း၃၀၊ ပန်းဘဲတန်းမြို့နယ်။
ဖုန်း-၂၅၂၀၁၇၊ ၃၇၁၀၂၃

**ဖြန့်ချိရေးတာဝန်ခံ**
သန်းစိုး

**ဖြန့်ချိရေး**
ဇော်ဝင်း၊ မျိုးဇော်၊
အောင်မျိုး၊ အုန်းခင်၊ မြင့်ဆွေ

**ကွန်ပျူတာ**
ပြည့်ဟိန်းဇော်
သင်းသီရိအောင်

**Layout Design & Graphic Design**
CJ Design Group

**ပုံနှိပ်သူ**
ကောမတ်စ်ဂျာနယ်ပုံနှိပ်တိုက်(၀၀၉၇၇)
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။

**Email Address**
commercejournal.editor@gmail.com

# ရန်ကုန် ဝါးတန်းကုန်စည်ဒိုင်တွင် ဆန်အရောင်းအဝယ်ပုံမှန်ရှိနေ

ယခုတစ်ပတ် ဝါးတန်းဆန်စပါး ကုန်စည်ဒိုင်ရဲ့ ဆန်လက်ကားဈေးနှုန်းများအရ ဆန်ချောအသစ်ဈေးငြိမ်ပြီး ဆန်ကြမ်းအသစ်နဲ့ အိတ်စ်ပို့ ၂၅ မှတ်ဆန်ဈေးအနည်းငယ် မြင့်တက်ခဲ့ကြောင်း သိရပါတယ်။ ဆန်ချောအသစ်များဖြစ်တဲ့ ဖျာပုံပေါ်ဆန်းဆန်ထိပ်စ တစ်အိတ် ကျပ် ၃၀၀၀၀နဲ့ လတ်စ တစ်အိတ် ကျပ် ၂၉၀၀၀၊ ပုသိမ်/မြောင်းမြ ပေါ်ဆန်းဆန်ထိပ်စ တစ်အိတ် ကျပ် ၃၂၀၀၀၊ လတ်စ တစ်အိတ်ကျပ် ၃၁၀၀၀၊ နယ်စုံကျိုက်လတ် ထိပ်စ တစ်အိတ်ကျပ် ၂၈၀၀၀၊ လတ်စတစ်အိတ် ကျပ် ၂၇၀၀၀၊ရွှေဘိုပေါ်ဆန်း ဆန်တစ်အိတ်ကျပ် ၃၄၀၀၀ မှ ကျပ်၃၆၅၀၀ နဲ့ ယခင် တစ်ပတ်အတိုင်း ဈေးငြိမ်နေပါတယ်။ ဆန်အဝင်ပုံမှန်ရှိပြီး ဝယ်လိုအားလည်း ပုံမှန်ရှိတာကြောင့်ဈေးလည်း ငြိမ်နေတာဖြစ်ပါတယ်။

ဆန်ကြမ်းအသစ် ဧည့်မထကတော့ ထိပ်စတစ်အိတ်ကျပ်၁၈၀၀၀၊ လတ်စတစ်အိတ်ကျပ် ၁၇၀၀၀၊ နွေသီးထပ်ရှယ်တစ်အိတ် ကျပ် ၁၉၀၀၀ မှ ကျပ် ၂၀၀၀၀၊ နွေဆန်ရက် ၉၀တစ်အိတ်ကျပ် ၁၉၅၀၀မှ ကျပ် ၂၁၀၀၀ ၊ မနောသုခတစ်အိတ် ကျပ် ၂၄၀၀၀ မှ ကျပ် ၂၅၀၀၀ဖြင့်ဈေးငြိမ်နေသော်လည်း အိတ်စ်ပို့ ၂၅ မှတ်ဆန်က တစ်အိတ်ကျပ် ၁၆၀၀၀မှကျပ် ၁၆၈၀၀၊ ဆန်ကြမ်းအသစ်ရှယ် တစ်အိတ်ကျပ်၁၇၅၀၀မှ ကျပ်၁၈၀၀၀နဲ့ဈေးအနည်း ငယ်မြင့်တက်ပါတယ်။ သင်္ဘောတင်ကာလရှိတဲ့ရက်မှာ အဝယ်လိုက်တာကြောင့် ဈေးအနည်းငယ်မြင့်တက်လာသော်လည်း ဝယ်လိုအားကျဆင်းသွားတဲ့ အချိန်မှာ ပုံမှန်အတိုင်းအဝင်အထွက်ရှိပြီး ဈေးနှုန်းလည်း ပုံမှန်အတိုင်းရှိတယ်လို့ သိရပါတယ်။

မူဆယ်ဆန်ဈေးကွက်မှာ တရုတ်နှစ်သစ်ကူးပွဲတော်ကာလပိတ်ရက်များဖြစ်နေတဲ့အတွက် တရုတ်ဆန်ကုန်သည်များ ဌာနေပြန်တာကြောင့် ကုန်စည်ဒိုင်များဖွင့်သော်လည်း အရောင်းအဝယ် ခပ်အေးအေးသာရှိနေကြောင်းနဲ့ ဆန်ဈေးနှုန်းလည်းပုံမှန်ရှိကြောင်းသိရပါတယ်။ စူပါနဲ့ မော်ဘီ ဧည့်မထ ၅ မှတ်ဆန် တစ်အိတ် ၁၂၅ ယွမ်မှ ၁၂၇ယွမ်၊ ဧည့်မထ ၁၀ မှတ်တစ်အိတ် ၁၂၁ ယွမ်မှ၁၂၄ ယွမ်၊ ဧည့်မထ ၁၅ မှတ် တစ်အိတ် ၁၁၇ ယွမ်မှ ၁၁၉ ယွမ်၊ ဧည့်မထ ၂၅ မှတ်တစ်အိတ် ၁၁၄ ယွမ်မှ ၁၁၆ ယွမ်၊ ဧည့်မထ ၃၅မှတ်တစ်အိတ် ၁၀၉ ယွမ်မှ ယွမ် ၁၁၀၊ ငစိန် ၅မှတ်တစ်အိတ် ၁၂၁ ယွမ်မှ ၁၂၃ ယွမ်၊ ငစိန် ၁၅ မှတ်တစ်အိတ် ၁၁၇ ယွမ်မှ ယွမ် ၁၂၀၊ ငစိန် ၂၅မှတ်တစ်အိတ် ၁၁၅ ယွမ်မှ ၁၁၆ ယွမ်ရှိပါတယ်။ မြို့နယ်စုံမှ မူဆယ်သို့ ဆန်အဝင် မှာ ဇန်နဝါရီ ၂ ရက်မှ ၈ ရက်အထိ ရက်သတ္တပတ်အတွင်း ဆန်တန်ချိန် ၁၆၄၀၉ ရှိပြီး ယခင်တစ်ပတ်အဝင်ထက် ၄၄၉ တန် ပိုမိုပါတယ်။ ဇန်နဝါရီ ၁၀ရက် ငွေလဲနှုန်းအရ တစ်ယွမ်ကို ၁၉၆ ကျပ် ဈေးပေါက်ကြောင်း သိရှိရပါတယ်။

**ယဉ်ယဉ်အေး**

# ပုသိမ်ဆန်စပါးဈေးကွက် ယခင်လထက် စပါးဈေးနှုန်း ကျဆင်းသော်လည်း ပုံမှန်ရောင်းဝယ်လျက်ရှိ

ပုသိမ်မြို့ပေါ်ရှိ ဆန်စပါးဈေးကွက်တွင် ဧည့်မထအုပ်စုဝင် မနောသုခ၊ မျိုးပွား၊ ဆင်းသုခ ပေါင် ၅၀ ကိုက်တင်း ၁၀၀ကို လက်ရှိဈေး ကျပ် ၄၈၀၀၀၀ ဝန်းကျင်၊ ဆန်တစ်အိတ်လျှင် ကျပ် ၁၈၀၀၀၊ ၁၈၅၀၀၊ ရွှေသွယ်စပါးပေါင် ၅၀ ကိုက် တင်း ၁၀၀ကို ကျပ် ၆၅၀၀၀၀၊ ဆန်တစ်အိတ် ကျပ် ၂၅၀၀၀၊ ၂၆၀၀၀၊ သာပေါင်း မီးကောက် စပါးပေါင် ၅၀ ကိုက် တင်း ၁၀၀ကို ကျပ် ၈၅၀၀၀၀ ဝန်းကျင်နှင့် ဆန်တစ်အိတ်လျှင်ကျပ် ၂၂၀၀၀၊ ၂၂၅၀၀၊ ဧရာဝတီပေါ်ဆန်း ၁၀၅ ပေါင်ကိုက် တင်း ၁၀၀ကို ကျပ် ၉၂၀၀၀၀၊ ဆန်တစ်အိတ်လျှင် ကျပ် ၃၂၀၀၀၊ ၃၂၅၀၀၊ ပေါ်ဆန်းရင်းစပါး ၁၀၅ ပေါင် တင်း ၁၀၀ လျှင်ကျပ် ၈၀၀၀၀၀ ဈေးခန့်နှင့် ဆန်တစ်အိတ်လျှင် ကျပ် ၃၀၀၀၀၊ ၃၀၅၀၀ ဝန်းကျင်နှင့် ပုံမှန်ရောင်းဝယ်လျက်ရှိကြောင်း ဆန်စပါးဈေးကွက်မှ သိရပါတယ်။

ပုသိမ်ဈေးကွက်တွင်ဒေသတွင်း ဟင်္သာတနှင့် ရန်ကုန်၊ မန္တလေး၊ ပြည်၊ အညာဒေသများသို့ ပုံမှန်တင်ပို့ရောင်းချလျက်ရှိပြီး ဈေးကွက်ဝယ်လိုအား မြင့်တက်မှုမရှိဘဲ အရောင်းအဝယ်သွက်လျှင် ဈေးနှုန်းမြင့်တက်ကာ အရောင်းအဝယ်အေးသည့်အတွက် စပါးဈေးနှုန်းမှာ ယခင်လထက် ကျပ်၁၀၀၀၀၊၂၀၀၀၀ ဝန်းကျင်ဈေးနှုန်းကျဆင်း၍ စပါးအရည်အသွေးပေါ် မူတည်ကာ ဈေးနှုန်းပြောင်းလဲမှုရှိကြောင်း ဆန်စပါးအသိုင်းအဝိုင်းမှသိရပါတယ်။

**မင်းမင်းဦး(ပုသိမ်)**

# ပင်လယ်ရေကြောင်းကုန်သွယ်မှုနဲ့ ကုန်သွယ်ရေးစခန်းများမှ ဇန်နဝါရီလအတွင်း ဆန်ပိုမိုတင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိကုန်သွယ်ရေးစခန်းများမှ ဇန်နဝါရီ ၂၈ ရက်မှ ဖေဖော်ဝါရီ ၃ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန် ဒေါ်လာ ၄၉ ဒသမ ၀၀၂ သန်းတန်ဖိုးရှိဆန် ၂၅၈၈၇ တန်ကျော် တင်ပို့ခဲ့ရာ မူဆယ် (၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှ ငစိန်ဆန်တန် ၄၀၀၊ ဧည့်မထဆန် ၁၆၅၄၇ တန်ကျော်၊ ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းမှ ဧည့်မထဆန် ၃၉၂ တန်ခန့်၊ လွယ်ဂျယ်ကုန်သွယ်ရေးစခန်းမှ ငစိန်ဆန် ၈၅၄၈တန်ကျော်တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်က ဆန် ၃၃၃၇၇တန်တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ်မှာ တန်ချိန် ၇၄၉၀ လျော့နည်းခဲ့ပါတယ်။ ဇန်နဝါရီလတစ်လလုံးမှာ အမေရိကန်ဒေါ်လာ ၄၉ ဒသမ ၀၀၂ သန်းတန်ဖိုးရှိ ဆန်တန်ချိန် ၁၅၁၇၈၇ တန်ကျော် တင်ပို့ခဲ့ပြီး အနီးစပ်ဆုံး ဒီဇင်ဘာလက ဆန်တန်ချိန် ၁၁၅၃၂၀ တင်ပို့ခဲ့တဲ့အတွက် ယခုလမှာ ၃၆၄၇ တန်ပိုမိုတင်ပို့ခဲ့ပါတယ်။ ဆန်ကွဲတင်ပို့မှုမှာလည်း ဇန်နဝါရီလတစ်လလုံးအတွင်းမှာ အမေရိကန်ဒေါ်လာ ၄ ဒသမ ၂၉၂ သန်းတန်ဖိုးရှိ ဆန်ကွဲ ၁၅၈၇၅ တန် တင်ပို့ခဲ့ပြီး အနီးစပ်ဆုံးလက ဆန်ကွဲ ၈၆၅၂ တန်သာ တင်ပို့ခဲ့တဲ့ အတွက် ယခုလမှာ ၇၂၂၃ တန်ပိုမိုတင်ပို့နိုင်ခဲ့ပါတယ်။

ဇန်နဝါရီ ၂၉ ရက်မှ ဖေဖော်ဝါရီ ၄ ရက်အထိ ကာလအတွင်း ပင်လယ်ရေကြောင်းကုန်သွယ်မှုမှ အမေရိကန်ဒေါ်လာ ၃ ဒသမ ၅၅၈ သန်းတန်ဖိုးရှိ ဆန်ဖြူနဲ့ပေါင်းဆန် ၁၁၃၈၃ တန်ကျော် တင်ပို့ခဲ့ပါတယ်။ နိုင်ငံအလိုက် တင်ပို့မှုများမှာ ပါပူ အာနယူးဂီနီနိုင်ငံသို့ ဧည့်မထဆန်တန် ၇၅၀၊ တရုတ်နိုင်ငံသို့ ဧည့်မထဆန်တန် ၃၅၀၀၊ သီရိလင်္ကာနိုင်ငံသို့ ဧည့်မထဆန် တန် ၂၀၉၀နဲ့ ငစိန်ဆန်တန် ၅၅၀၊ စင်ကာပူနိုင်ငံသို့ ဧည့်မထ ဆန်တန် ၂၁၀၀၊ အီးယူနိုင်ငံများသို့ ဧည့်မထဆန်တန် ၁၅၇၀၊ ပေါင်းဆန် ၅၇၃ တန်နဲ့ ငစိန်ဆန်တန် ၂၅၀ တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်က ၅၂၁၅ တန်သာတင်ပို့ခဲ့တဲ့အတွက် ယခု တစ်ပတ်မှာ ၆၁၆၈ တန် ပိုမိုတင်ပို့နိုင်ခဲ့ပါတယ်။ ဇန်နဝါရီတစ်လလုံးမှာတော့ အမေရိကန်ဒေါ်လာ ၁၂ ဒသမ ၂၁၂ သန်းတန်ဖိုးရှိ ဆန်တန်ချိန် ၄၀၃၃၃ တန်ကျော် တင်ပို့ခဲ့ပါတယ်။ အနီးစပ်ဆုံး ဒီဇင်ဘာလက ၂၂၆၃၉ တန်ကျော် တင်ပို့ခဲ့တဲ့အတွက် ယခုလမှာ ၁၇၆၉၄ တန်ပိုမိုတင်ပို့နိုင်ခဲ့ပါတယ်။

ယခုတစ်ပတ်အတွင်း ဆန်ကွဲတင်ပို့မှုမှာ အမေရိကန်ဒေါ်လာ ၂ ဒသမ ၂၄၄ သန်းတန်ဖိုးနဲ့ တန်ချိန် ၈၂၂၅ ရှိပြီး အီးယူနိုင်ငံများသို့ တင်ပို့ခဲ့တာဖြစ်ပါတယ်။ ယခင်တစ်ပတ်က ဆန်ကွဲ ၆၇၀၁တန် တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ်မှာ၁၅၂၄ တန်ပိုမိုတင်ပို့နိုင်ခဲ့ပါတယ်။ ဇန်နဝါရီတစ်လလုံးအတွင်းမှာ အမေရိကန်ဒေါ်လာ ၁၀ ဒသမ ၈၈၄ သန်းတန်ဖိုးရှိ ဆန်ကွဲ ၄၀၅၇၆ တန်တင်ပို့ခဲ့ပြီး အနီးစပ်ဆုံး ဒီဇင်ဘာလက ၅၁၆၄၅ တန်တင်ပို့ခဲ့တဲ့အတွက် ဇန်နဝါရီလအတွင်း ၁၁၀၆၉တန် လျော့နည်းတင်ပို့ခဲ့ပါတယ်။

**ယဉ်ယဉ်အေး**

## အာရှနိုင်ငံတွေက FOB ဆန်ဈေးနှုန်းများ

၈-၂-၂၀၁၇ ဒေါ်လာ/တန်

| | ထိုင်း | | | ဗီယက်နမ် | | | အိန္ဒိယ | | | ပါကစ္စတန် | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| ဆန်ဖြူ ၁၀၀ % | ၃၉၁ | ၃၈၃ | ▽ | - | - | - | - | - | - | - | - | - |
| ဆန်ဖြူ ၅% | ၃၇၇ | ၃၆၀ | ▽ | ၃၅၀ | - | - | ၃၅၅ | - | - | ၃၃၅ | - | - |
| ဆန်ဖြူ ၁၀% | ၇၆၀ | - | - | - | - | - | - | - | - | - | - | - |
| ဆန်ဖြူ ၁၅% | - | - | - | ၃၄၅ | - | - | - | - | - | ၃၃၅ | - | - |
| ဆန်ဖြူ ၂၅% | ၃၆၈ | ၃၅၆ | ▽ | ၃၃၅ | - | - | ၃၄၀ | - | - | ၃၂၅ | - | - |
| ပေါင်းဆန် | ၃၉၇ | ၃၉၂ | ▽ | - | - | - | ၃၄၀ | - | - | ၃၆၅ | - | - |

*Source: oryza.com*

## ပြည်တွင်းမြို့ကြီးများ၏ (၁၀-၂-၂၀၁၇)ရက်နေ့ ဆန်၊ စပါးဈေးနှုန်းများ

ရေတွက်ပုံ-ကျပ်/စပါး(တင်း)၊ ဆန်(တစ်အိတ်)

| မြို့ | ဧည့်မထအုပ်စု | | | | ပေါ်ဆန်းအုပ်စု | | | |
|---|---|---|---|---|---|---|---|---|
| | စပါး | | ဆန် | | စပါး | | ဆန် | |
| | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် |
| **ဆန်ပိုဒေသများ** | | | | | | | | |
| ပြည် | ၄၄၀၀ | □ | ၁၇၀၀၀ | □ | ၆၉၀၀ | ▽ | ၃၂၀၀၀ | ▽ |
| ပုသိမ် | ၄၄၂၀ | △ | ၁၇၅၀၀ | □ | ၇၀၁၀ | △ | ၂၉၀၀၀ | △ |
| ပဲခူး | ၄၁၀၀ | □ | ၁၆၅၀၀ | △ | ၆၁၅၀ | □ | ၂၀၀၀၀ | □ |
| ရွှေဘို | ၅၅၀၀ | □ | ၂၁၀၀၀ | □ | ၉၇၀၀ | △ | ၃၂၀၀၀ | △ |
| စစ်တွေ | ၃၇၅၀ | □ | ၁၆၀၀၀ | □ | ၇၂၀၀ | □ | ၂၉၀၀၀ | □ |
| **ဆန်လိုဒေသများ** | | | | | | | | |
| နေပြည်တော် | ၄၆၀၀ | ▽ | ၁၈၀၀၀ | □ | - | - | ၃၂၀၀၀ | □ |
| ရန်ကုန်(ဝါးတန်း) | ၃၉၀၀ | ▽ | ၁၇၀၀၀ | □ | - | - | ၂၇၀၀၀ | □ |
| မန္တလေး | ၅၇၀၀ | △ | ၂၂၀၀၀ | △ | - | - | ၃၁၀၀၀ | □ |
| မကွေး | ၆၀၀၀ | □ | ၁၉၅၀၀ | △ | - | - | ၄၅၀၀၀ | □ |
| မော်လမြိုင် | ၄၆၀၀ | □ | ၁၆၅၀၀ | □ | ၆၄၀၀ | □ | ၂၄၀၀၀ | □ |
| လှိုင်ကော် | ၇၀၀၀ | ▽ | ၂၀၀၀၀ | □ | - | - | ၄၆၀၀၀ | △ |
| မြိတ် | ၃၅၀၀ | ▽ | ၁၆၀၀၀ | ▽ | - | - | ၃၂၀၀၀ | □ |
| ဘားအံ | ၄၆၀၀ | ▽ | ၁၈၀၀၀ | □ | - | - | ၂၀၀၀၀ | ▽ |
| တောင်ကြီး | - | - | ၂၂၅၀၀ | □ | - | - | ၄၀၀၀၀ | □ |

မှတ်ချက်။ ။ ပေါ်ဆန်းအုပ်စုတွင် ပဲခူး၊ မော်လမြိုင်၊ မုံရွာ၊ ဘားအံတို့မှာဒေသထွက်ဆန်ဖြစ်ပြီး၊ ပြည်ဆန်ဈေးမှာ နတ္တလင်းဆန်ဈေးဖြစ်ပါသည်။ ဧည့်မထအုပ်စုတွင် နေပြည်တော်၊ မန္တလေး၊ မကွေး၊လှိုင်ကော်တို့မှာ မနောသုခဆန်၊ ရွှေဘိုမှာအသွယ်စ နွေ(သစ်)အမျိုးအစားဖြစ်ပါသည်။ ရန်ကုန်၏ စပါးဈေးမှာ သန်လျင်မြို့နယ်၏ စပါးဈေးနှုန်းဖြစ်ပါသည်။

## ၆-၂-၂၀၁၇ မှ ၁၀-၂-၂၀၁၇ ထိ CO Form များ ထုတ်ပေးမှုစာရင်း ရန်ကုန်တိုင်းဒေသကြီးရုံး

| Sr.No. | Forms | Copies | Total Value (US$) |
|---|---|---|---|
| 1 | Form A | 690 | 33,597,158.750 |
| 2 | Form D | 98 | 4,295,761.770 |
| 3 | Form E | 127 | 3,267,338.964 |
| 4 | Korea GSP | 6 | 184,480.200 |
| 5 | Form AK | 97 | 7,070,163.300 |
| 6 | Form AJ | 11 | 666,252.960 |
| 7 | Form AI | 55 | 2,357,410.360 |
| 8 | Form AANZ | 12 | 105,543.370 |
| 9 | Form DFTP | - | - |
| **Grand Total** | | **1096** | **51,544,109.674** |

## ပြည်တွင်းဈေးကွက်များမှ ပဲမျိုးစုံဈေးနှုန်းအပြောင်းအလဲ

၁၀-၂-၂၀၁၇ ကျပ်/ပိဿာ

| ပဲအမျိုးအမည် | ရန်ကုန် | | | မန္တလေး | | | မုံရွာ | | | မကွေး | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | ၃/၂ | ၁၀/၂ | ပြောင်းလဲမှု | ၃/၂ | ၁၀/၂ | ပြောင်းလဲမှု | ၃/၂ | ၁၀/၂ | ပြောင်းလဲမှု | ၃/၂ | ၁၀/၂ | ပြောင်းလဲမှု |
| ၁ မတ်ပဲ | ၁၅၆၄ | ၁၅၆၅ | ▲ | ၁၅၃၃ | ၁၅၀၀ | ▼ | ၁၃၇၅ | ၁၃၅၀ | ▼ | ၁၅၃၅ | ၁၄၇၅ | ▼ |
| ၂ ပဲစင်းငုံ | ၁၂၇၀ | ၁၂၈၃ | ▲ | ၁၂၀၀ | - | - | - | - | - | ၁၂၁၅ | ၁၂၃၅ | ▲ |
| ၃ ပဲတီစိမ်း | ၁၃၀၀ | ၁၃၀၀ | ■ | ၁၆၅၃ | ၁၇၀၇ | ▲ | ၁၂၆၃ | ၁၂၆၃ | ■ | ၁၂၁၀ | ၁၅၀၀ | ▲ |
| ၄ ကုလားပဲရိုးရိုး | ၂၀၀၀ | ၂၉၀၀ | ▲ | - | - | - | ၂၁၀၅ | ၂၁၀၅ | ■ | ၂၁၀၅ | ၂၁၃၅ | ▲ |
| ၅ ပဲလွန်းဖြူ | ၁၃၆၅ | ၁၄၅၀ | ▲ | ၁၃၆၇ | ၁၄၁၇ | ▲ | - | - | - | ၁၆၅၀ | ၁၇၁၀ | ▲ |
| ၆ ထောပတ်ပဲ | ၆၉၅ | ၈၆၅ | ▲ | ၁၆၈၉ | ၁၇၇၀ | ▲ | ၈၉၅ | - | | ၇၉၀ | ၇၉၀ | ■ |

* မှတ်ချက်။ ဖော်ပြပါဈေးနှုန်းများမှာ အနိမ့်ဈေးများသာဖြစ်ပါသည်။

## ရန်ကုန် FOB နဲ့ အိန္ဒိယဈေးကွက် ပဲမျိုးစုံဈေးနှုန်း အပြောင်းအလဲ

၁၀-၂-၂၀၁၇ ဒေါ်လာ/တန်

| ပဲအမျိုးအမည် | ရန်ကုန် FOB | | | အိန္ဒိယ | | | | | |
|---|---|---|---|---|---|---|---|---|---|
| | | | | မွမ်ဘိုင်း | | | ဒေလီ | | |
| | ၃/၂ | ၁၀/၂ | ပြောင်းလဲမှု | ၂/၂ | ၉/၂ | ပြောင်းလဲမှု | ၂/၂ | ၉/၂ | ပြောင်းလဲမှု |
| ၁ မတ်ပဲ | ၇၄၀ | ၇၀၀ | ▼ | ၈၁၆ | ၇၆၁ | ▼ | ၈၉၀ | ၈၂၁ | ▼ |
| ၂ ပဲစင်းငုံ | ၅၉၀ | ၅၆၅ | ▼ | ၆၅၆ | ၆၄၂ | ▼ | ၆၈၂ | ၆၇၉ | ▼ |
| ၃ ပဲတီစိမ်း | ၆၁၀ | ၆၁၀ | ■ | ၆၆၇ | ၆၇၂ | ▲ | ၆၈၂ | ၆၇၂ | ▼ |
| ၄ ကုလားပဲဖြူလုံးကြီး | ၉၅၀ | ၉၅၀ | ■ | ၈၆၇ | ၇၃၉ | ▼ | ၈၆၀ | ၇၆၁ | ▼ |

* မှတ်ချက်။ ရန်ကုန် FOB ဈေးနှုန်းများမှာ အနိမ့်ဈေးများသာဖြစ်ပါသည်။

## အပတ်စဉ် ပဲမျိုးစုံတင်ပို့မှု FOB အရောင်းအဝယ်ဖြစ်မှု အခြေအနေ

ရေတွက်ပုံ-တန်ချိန်

| ပဲအမျိုးအစား | ပြည်ပတင်ပို့မှု | | ပြည်ပတင်ပို့မှု |
|---|---|---|---|
| | ယခင်တစ်ပတ် | ယခုတစ်ပတ် | (၁.၁.၁၇) မှ |
| | (၂၈.၁.၁၇)ထိ | (၄ ၂.၁၇)ထိ | (၄.၂.၁၇) ထိ |
| မတ်ပဲ | ၂၇၂၉၁ | ၁၁၆၂၀ | ၃၈၉၁၁ |
| ပဲတီစိမ်း | ၈၆၀၁ | ၃၃၆၄ | ၁၁၉၆၅ |
| ပဲစင်းငုံ | ၃၇၃၇ | ၂၅၀၅ | ၆၂၄၂ |
| ကုလားပဲ | ၁၇၂ | ၂၄ | ၁၉၆ |
| ပဲလွန်းဖြူ | - | - | - |
| မြေထောက်ပဲ | - | - | - |

## ပြည်ပဲစင်းငုံ အထွက်လှိုင်လာလို့ အရောင်းအဝယ်သွက်

ဖေဖော်ဝါရီ ဒုတိယပတ်အတွင်း ပြည်ပဲဈေးကွက်သို့ ဆောင်းပဲသစ်များ ဝင်ရောက်လျက်ရှိရာ ပဲစင်းငုံသီးနှံအနေဖြင့် တစ်ရက်အိတ် ၁၀၀၀ ကျော်အထိ ဝင်ရောက်လျက်ရှိတာကို တွေ့ရပါတယ်။ ပန်းတောင်း၊ ပေါက်ခေါင်း၊ ပေါင်းတလည်နှင့်ပြည်အနီးတစ်ဝိုက်နယ်စုံမှဝင်ရောက်လျက်ရှိသလို ကံမဖက်မှလည်းဝင်ရောက်ခဲ့တယ်လို့သိရပါတယ်။ ဝယ်လက်ကတော့ ရန်ကုန် ဝယ်လက် ဝယ်လိုအားကောင်းသလို လှောင်သမားများလည်းဝယ်ယူနေတာကြောင့် ပဲဈေးကွက်အတွင်း အရောင်းအဝယ်အသွက်ဆုံးဖြစ်နေတဲ့ ပဲဖြစ်ပါတယ်။ ပဲဈေးမှာတစ်တင်းကျပ် ၂၃၈၀၀ မှကျပ် ၂၄၀၀၀အတွင်း ရရှိခဲ့ကြလို့ လဆန်းရက်က ဈေးထက်လည်း အနည်းငယ်လျော့နည်းနေခဲ့ကြောင်းသိရပါတယ်။

**ခင်ဆွေဝင်း**

## ပဲဈေးကွက်အတွင်း ပြည်ကုလားပဲ ဈေးအမြင့်ဆုံးရ

ပြည်ပဲဈေးကွက်သို့ ပြည်ပဝယ်လက်ပဲများအပြင် ပြည်တွင်း ဝယ်လက်များတဲ့ ပဲများအနက် ကုလားပဲသီးနှံသစ်များလည်း ဈေးကွက်အတွင်း ဝင်ရောက်ခဲ့ပေမယ့် အိတ်အနည်းငယ်သာ ဝင်ရောက်ခဲ့တာကြောင့် တစ်ရက်အိတ် ၃၀ ကျော် ၄၀သာ ဝင်ရောက်ခဲ့ပါတယ်။ ပန်းတောင်း၊ မင်းတုန်းနှင့် ကံမမြို့နယ်များမှနေ့စဉ် ဝင်ရောက်ခဲ့ခြင်းဖြစ်ပြီး ဝယ်လက်အနေဖြင့် အဝယ်နည်းနေခဲ့တာကြောင့် ဒေသတွင်း ခွဲစက်သမားများသာ အဓိကဝယ်ယူပြီး အခြားမြို့နယ်များသို့ တင်ပို့ရောင်းချခြင်း မရှိသေးဘူးလို့ သိရပါတယ်။ ပဲဈေးမှာ တစ်တင်း ကျပ် ၄၀၅၀၀ ဖြင့် ယခင်တစ်ပတ်ကထက် ဈေးအနည်းငယ် ပိုလာခဲ့ပါတယ်။ ဈေးကွက်အတွင်းမှာ ပြည်ပဝယ်လက်မရှိတဲ့ ပဲများထက် ဈေးကောင်းနေခဲ့လို့ ဈေးအမြင့်ဆုံးဖြစ်ခဲ့တဲ့ ပဲဖြစ်နေခဲ့ပါတယ်။

**ခင်ဆွေဝင်း**

## ဖေဖော်ဝါရီ ဒုတိယပတ် ပြည်ပဲမျိုးစုံဈေးကွက်မှာ ဆောင်းပဲသစ်မျိုးစုံ ဝင်ရောက်လာပြီး ပြည်ပဝယ်လက် ပဲများ အရောင်းအဝယ်သွက်လျက်ရှိ

ပဲခူးတိုင်းဒေသကြီး၊ ပြည်ပဲမျိုးစုံဈေးကွက်တွင် ဆောင်းပဲသစ်မျိုးစုံ အဝင်များလာခဲ့တာကြောင့် မတ်ပဲ၊ ပဲတီစိမ်း၊ ပဲစင်းငုံ သီးနှံများအပြင် ကုလားပဲ၊ ဘိုကိတ်၊ ပဲလွန်းဖြူ ပဲပုပ်၊ ပဲကြီးသီးနှံများပါ ဝင်ရောက်လာခဲ့ကြပြီဖြစ်ပါတယ်။ ပဲတီစိမ်း သီးနှံမှာ မတ်ပဲ၊ ပဲစင်းငုံ သီးနှံများနှင့်ယှဉ်လျှင် ဝင်ရောက်မှုနည်းသွားပြီဖြစ်ပါတယ်။ ဒါကြောင့် တစ်ရက်အိတ် ၂၀၀ ဝန်းကျင်သာ ဝင်ရောက်ခဲ့ပြီး ပြည်အနီးတစ်ဝိုက် ဒေသများမှဝင်ရောက်ခြင်းဖြစ်ကာ မန္တလေးဝယ်လက်က အဝင်ရှိသမျှ ဝယ်ယူခဲ့ပါတယ်။ ပြီးခဲ့တဲ့ နိုဝင်ဘာလလောက်မှစ၍ ပဲတီစိမ်းသီးနှံအသစ်များ ဈေးကွက်သို့ ဝင်ရောက်ခဲ့ကြကာ ဒီဇင်ဘာ၊ ဇန်နဝါရီလများအတွင်း ပဲအထွက်လှိုင်ခဲ့လို့ ဈေးကွက်မှာ အရောင်းအဝယ်သွက်ခဲ့ပေမယ့် ယခုကာလမှာ ပဲအထွက်ပါးသွားပြီဖြစ်ပါတယ်။ အခြားပဲများ အထွက်လှိုင်လို့ ဝင်ရောက်မှုများချိန်တွင် ပဲတီစိမ်းက တဖြည်းဖြည်း အဝင်လျော့ပေမယ့် ပဲဈေးမှာ တစ်တင်းကျပ် ၂၉၅၀၀ ဖြင့် ဈေးအတက်အကျ သိပ်မဖြစ်ဘဲ အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။

မတ်ပဲသီးနှံမှာ ပေါင်းတလည်၊ ပေါက်ခေါင်း၊ပန်းတောင်းနှင့်ကံမမြို့နယ်များမှ အဝင်ရှိခဲ့လို့ တစ်ရက်အိတ် ၆၀၀ကျော်အထိ ဝင်ရောက်လာပြီဖြစ်ပါတယ်။ ရန်ကုန်ဝယ်လက်က နေ့စဉ် ဝယ်ယူနေပြီး ပဲဈေးမှာ တစ်တင်းကျပ် ၂၉၀၀၀ခန့်အထိ ဈေးကျလာခဲ့တယ်လို့ သိရပါတယ်။ ယခင်တစ်ပတ်က တစ်တင်းကျပ် ၃၂၀၀၀ ရရှိခဲ့ပြီး ပဲအဝင်များလာချိန်မှာ ရန်ကုန်ဝယ်လက်က ဈေးလျှော့ ဝယ်ယူခဲ့တာကြောင့် တဖြည်းဖြည်း ဈေးအေးသွားတာကိုလည်း တွေ့ရပါတယ်။ ပဲသစ်ပေါ်စအချိန် ဇန်နဝါရီလဆန်းပိုင်းက တစ်တင်းကျပ် ၃၇၅၀၀ ရရှိခဲ့ပြီး ပဲဈေးမှာ တဖြည်းဖြည်း ဈေးလျော့နေလို့ ယခင်နှစ် ဖေဖော်ဝါရီလအတွင်းက တစ်တင်းကျပ် ၅၀၀၀၀ ကျပ်ခန့် ရရှိခဲ့တဲ့အတွက် ယခုနှစ်ဈေးမှာ ပဲသစ်အဖွင့် ဈေးထက်ရော၊ ယခင်နှစ်ဈေးထက်ပါ လျော့နည်းခဲ့ကြောင်း သိရပါတယ်။ ယခုတစ်ပတ်အတွင်း ပဲဈေးနှုန်း အေးသွားတဲ့အတွက် ပဲတီစိမ်းနဲ့ မတ်ပဲသီးနှံမှာ ဈေးပြိုင်ရခဲ့ပါတယ်။ ပဲစင်းငုံသီးနှံကတော့ ပဲအထွက်လှိုင်ပြီး အဝင်များလာလို့ ဈေးလျော့လာခဲ့ကာ အဆိုပါ ပဲများထက်လည်း ဈေးလျော့နည်းနေခဲ့ကြောင်း ဈေးကွက်မှသိရပါတယ်။

ယခုတစ်ပတ် ပဲကြီးသီးနှံ အသစ်ဝင်လာပေမယ့်အရောင်းအဝယ်ဖြစ်လောက်အောင် မများခဲ့တာကြောင့် ပဲဟောင်းလက်ကျန်တွေကို ပဲကြော်ဖိုသမားများက ပုံမှန်အဝယ်ရှိကာ တစ်ရက် အိတ် ၂၀၀/၂၅၀ ကျော် အရောင်းအဝယ် ဖြစ်ခဲ့ပါတယ်။ ပဲဈေးမှာ(ရွှေကျွန်း) တစ်တင်းကျပ် ၂၉၀၀၀ မှ ကျပ် ၃၀၀၀၀ ရရှိခဲ့ကြပြီး (ကမ်းနား)ပဲမှာတစ်တင်း ကျပ် ၂၆၅၀၀ ဖြင့် ရွှေကျွန်းပဲထက် ကမ်းနားပဲက အရောင်းအဝယ် ပိုဖြစ်ခဲ့တာကိုလည်း တွေ့ရပါတယ်။ ဘိုကိတ်ပဲသီးနှံမှာ ပဲအဝင်ရှိသော်လည်း စိုက်ပျိုးမှုအနေဖြင့် မတ်ပဲ၊ ပဲစင်းငုံ၊ ပဲတီစိမ်းသီးနှံ များကဲ့သို့ အမြောက်အများ စိုက်ပျိုးမှုမရှိဘဲ ဧကအနည်းငယ်သာ စိုက်ပျိုးခဲ့လို့ အိတ်အနည်းငယ်စီသာ ဝင်ရောက်ခဲ့ပါတယ်။ ရန်ကုန်-ပြည် ရထားလမ်းတစ်လျှောက်မြို့နယ်အချို့မှ ဝယ်ယူသလို လက်လီသမားများလည်း ဝယ်ယူလျက်ရှိပါတယ်။ ပဲဈေးမှာ တစ်တင်းကျပ် ၂၄၅၀၀ ဖြင့် ယခင်တစ်ပတ်ထက် ဈေးပိုခဲ့ပေမယ့် ထောပတ်ပဲ၊ ပဲနီပြား၊ စားတော်ပဲသီးနှံများရဲ့ဈေးကတော့ ယခင်တစ်ပတ်အတိုင်း ဈေးငြိမ်လျက်ရှိပါတယ်။ ထောပတ်ပဲတစ်တင်းကျပ် ၁၆၀၀၀၊ ပဲနီပြားတစ်တင်း ကျပ် ၂၀၀၀၀၊ စားတော်ပဲတစ်တင်းကျပ် ၂၄၀၀၀ နဲ့ ပဲဟောင်း လက်ကျန်များအား ဒေသတွင်းဝယ်လက် လက်လီသမားများ နဲ့ အရောင်းအဝယ်ဖြစ်လျက်ရှိပါတယ်။ ဒါကြောင့် ပြည်ပဲမျိုးစုံဈေးကွက်မှာ ဖေဖော်ဝါရီလ ဒုတိယပတ်အတွင်း မတ်ပဲ၊ ပဲတီစိမ်း၊ ပဲစင်းငုံသီးနှံများ အရောင်းအဝယ်သွက်ခဲ့ကြပြီး ကျန်ပဲများကတော့ လက်လီသာ အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း လေ့လာသိရှိရပါတယ်။ **ခင်ဆွေဝင်း**



## ပြည်ပဲလွန်းဖြူ အရည်အသွေးအလိုက် ဈေးကွာခြားနေ

ပြည်ပဲဈေးကွက်မှာ ဆောင်းပဲသစ်မျိုးစုံဝင်ရောက်လျက်ရှိပြီး မတ်ပဲ၊ ပဲတီစိမ်း၊ ပဲစင်းငုံသီးနှံများအပြင် လက်လီရောင်းဝယ်မှုများတဲ့ ပဲလွန်းဖြူသီးနှံသစ်များလည်း ဝင်ရောက်ခဲ့ပါတယ်။ ပြည်အနီးတစ်ဝိုက်မှလည်း ဝင်ရောက်လျက်ရှိသလို သာယာဝတီခရိုင် မိုးညိုမြို့နယ်ဘက်မှလည်း ဝင်ရောက်လျက်ရှိတာကိုတွေ့ရပါတယ်။ ပဲဈေးနှုန်းမှာ အရည်အသွေးအလိုက် ပဲတစ်တင်းကျပ်၂၄၅၀၀မှကျပ် ၂၈၅၀၀အထိ ဈေးကွာခြားလျက်ရှိပါတယ်။ မိုးညိုဘက်မှ ဝင်ရောက်လာတဲ့ ပဲလွန်းဖြူသီးနှံမှာ ဈေးကောင်းရရှိခဲ့တယ်လို့ သိရပါတယ်။ ဒါကြောင့် ပဲသစ်ပေါ်စ အဖွင့်ဈေးနဲ့လည်း သိပ်မကွာဘဲ ပဲသစ်ပေါ်စအချိန်အဖွင့်ဈေးမှာတစ်တင်း ကျပ်၂၇၀၀၀ရရှိခဲ့ကြောင်း သိရပါတယ်။

**ခင်ဆွေဝင်း**

## ပြည်ပဲပုပ်သစ်ပဲအဝင်နည်းလို့လက်လီအရောင်းအဝယ်ဖြစ်

ဖေဖော်ဝါရီ ဒုတိယပတ်မှာ ပြည်ပဲဈေးကွက်သို့ ပဲပုပ်သစ်များ ဆက်လက်ဝင်ရောက်လျက်ရှိသော်လည်း တစ်ရက်ကို အိတ် ၄၀၊ ၅၀ ခန့်သာ အဝင်ရှိခဲ့ပါတယ်။ ဒါကြောင့် လက်လီသမားတွေသာ အရောင်းအဝယ်ပိုဖြစ် ခဲ့ကြပါတယ်။ ပဲဈေးမှာ တစ်တင်းကျပ် ၂၀၇၀၀ နဲ့ ဈေးငြိမ်နေခဲ့ပြီး ဇန်နဝါရီ လအတွင်းက တစ်တင်းကျပ် ၁၉၅၀၀မှ ကျပ်၂၁၀၀၀အတွင်း အရောင်းအဝယ်ဖြစ်ခဲ့လို့ ဈေးအတက်အကျ သိပ်မဖြစ်ဘဲ ပဲသစ်ပေါ်စ အချိန်ဈေးထက်တော့ ဈေးလျော့သွားခဲ့ပါတယ်။ နှစ်ကုန်ပိုင်း ပဲသစ်ပေါ်စအချိန်တွင် တစ်တင်း ကျပ် ၂၃၀၀၀ ဖြင့် ပဲဟောင်းဈေးထက် ဈေးပိုရခဲ့တယ်လို့သိရပါတယ်။

**ခင်ဆွေဝင်း**

## မုံရွာပဲဈေးကွက်သို့ ပဲကြီးအသစ်မဝင်သေးသော်လည်း လက်ကျန်ပဲများနဲ့သာ အရောင်းအဝယ်ဖြစ်

မုံရွာကုန်စည်ဒိုင်သို့ ပဲကြီးအသစ်ဝင်ရောက်မှုမရှိသေးသော်လည်း လက်ကျန်ပဲရှိ၍ဒေသတွင်းသုံးအနေနဲ့ ပုံမှန်ဝယ်ယူမှုမရှိလို့ နေ့စဉ်အိတ် ၁၀၀ ခန့် အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း သိရပါတယ်။ ပဲကြီးဈေးနှုန်းမှာ ဈေးအတက်အကျသိပ်မရှိဘဲ ဈေးငြိမ်လျက် ယခုတစ်ပတ်ပေါက်ဈေးမှာကျပ်၂၈၅၀၀ မှ၂၈၀၀၀နှုန်းပေါက်လျက်ရှိပြီး ယခင်နှစ်ကာလတူအချိန်ပေါက်ဈေးမှာ ကျပ် ၃၀၀၀၀ မှ ၃၂၀၀၀ နှုန်းပေါက်လျက်ရှိပါတယ်။ ယခုနှစ်ဈေးနှုန်းနှင့် နှိုင်းယှဉ်ပါက တစ်တင်းလျှင်ပျမ်းမျှ ကျပ်၁၅၀၀ မှ ကျပ် ၂၀၀၀ ခန့် လျော့နည်းလျက်ရှိကြောင်းသိရပါတယ်။

**ကြည်ကြည်နွယ်(မုံရွာ)**

## ဖေဖော်ဝါရီဒုတိယပတ်အတွင်း မုံရွာကုန်စည်ဒိုင်ဈေးကွက်သို့ ပဲမျိုးစုံသစ်များ ဝင်ရောက်မှုများလာ

ဖေဖော်ဝါရီ ဒုတိယပတ်အတွင်း မုံရွာကုန်စည်ဒိုင်သို့ ပဲမျိုးစုံသစ်များ ဝင်ရောက်လျက်ရှိရာ ပြည်ပဝယ်လက်ပဲများဖြစ်သော မတ်ပဲ၊ပဲစင်းငုံသီးနှံများအဝင်ရှိသလောက်အရောင်းအဝယ်သွက်နေကြောင်းသိရပါတယ်။ ယခုတစ်ပတ် မတ်ပဲနှင့် ပဲစင်းငုံသီးနှံဝင်ရောက်မှုများလာပြီး ဈေးနှုန်းမှာလည်းအနည်းငယ်ကျဆင်းလာခဲ့ပါတယ်။ မတ်ပဲတစ်တင်းပေါက်ဈေးမှာ(အထွက်တိုး)ကျပ် ၂၆၀၀၀၊ (ကုန်း)ကျပ်၂၉၅၀၀ နှုန်းပေါက်ပြီး နေ့စဉ်အိတ် ၁၅၀၀ခန့်၊ပဲစင်းငုံသီးနှံ(အသစ်) တစ်တင်းကျပ်၂၄၆၀၀ နှုန်းပေါက်လျက် နေ့စဉ်အိတ် ၅၀၀၀ ခန့်၊ ပဲတီစိမ်းသီးနှံကတော့ အဝင်လျော့နည်းလာပြီး တစ်တင်းပေါက်ဈေးမှာ (ကြီး) ကျပ် ၃၀၀၀၀၊ (သေး)ကျပ် ၂၃၉၀၀ ဖြစ်ပြီး နေ့စဉ်(ကြီး/သေး) အိတ် ၉၀၀ ခန့်နဲ့ အရောင်းအဝယ်အသွက်ဆုံး သီးနှံများဖြစ်ကြောင်းသိရပါတယ်။

ဒေသတွင်းသုံးပဲဖြစ်သော ပဲလွန်းဖြူ/ပြာအသစ်များလည်း ဝင်ရောက်လျက်ရှိရာ နေ့စဉ်အိတ် ၃၀၀ ခန့်အဝင်ရှိပြီး၊ ယခုတစ်ပတ်ပေါက်ဈေးမှာ ပဲလွန်းဖြူ ကျပ် ၂၈၀၀၀၊ ပဲလွန်းပြာ ကျပ်၂၅၀၀၀နှုန်းရှိပြီး ဒေသတွင်းသုံးအနေနဲ့ နေ့စဉ်အိတ် ၂၀၀ ခန့် အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း သိရပါတယ်။ ဒေသတွင်းသုံးပဲများဖြစ်သော ပဲကြီး၊ ကုလားပဲမျိုးစုံ၊ စွန်တာနီ၊ ပဲနီလုံးကြား၊ ပဲယင်း၊ ထောပတ်ပဲများမှာလည်း ဒေသတွင်းလုပ်ငန်းသုံးအနေနဲ့ ပုံမှန်ဝယ်ယူမှုရှိလို့ အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်းသိရပါတယ်။ ယခု တစ်ပတ် ပဲကြီး တစ်တင်းပေါက်ဈေးမှာ ၂၈၅၀၀ ကျပ်၊ ကျပ် ၂၈၀၀၀ နှုန်းနဲ့ အိတ် ၁၀၀ ခန့်၊ V2 တစ်တင်းကျပ် ၄၁၅၀၀၊ 929 ကျပ် ၄၁၀၀၀ နဲ့နှစ်မျိုးပေါင်းအိတ် ၈၀၀ခန့်၊ စွန်တာနီတစ်တင်း ကျပ် ၂၀၀၀၀ နှုန်းနဲ့ အိတ် ၂၀၀ ခန့်၊ ပဲလုံးကြားတစ်တင်းကျပ်၂၂၀၀၀နှုန်းနဲ့ အိတ်၁၀၀ခန့်၊ ပဲယင်းတစ်တင်းကျပ် ၁၅၀၀၀ နှုန်းနဲ့ အိတ် ၇၀၀ ခန့်၊ ထောပတ်ပဲတစ်တင်းကျပ်၁၈၀၀၀နဲ့ အိတ်၃၀၀ခန့်၊ မြေထောက်ပဲတစ်တင်း ကျပ် ၂၉၀၀၀ နှုန်းနှင့်အိတ် ၃၀၀ခန့် အသီးသီးအရောင်းအဝယ်ဖြစ်လျက်ရှိကြောင်းသိရပါတယ်။

ဆီထွက်သီးနှံဈေးကွက်မှာ မြေပဲလုံးဆန်ဈေးကွက်ကတော့ ဝယ်လက်အဆွဲရှိလို့ အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်းသိရပါတယ်။ နေ့စဉ်အိတ်၅၀၀ခန့်ဝင်ရောက် လျက်ရှိပြီး ယခုတစ်ပတ် မြေပဲလုံးဆန်တစ်ပိဿာ ဈေးနှုန်းမှာ လုံးဆန်ဖြူ ၂၄၂၅ ကျပ်၊ ဆီဆန်ဖြူ ၁၉၀၀ ကျပ်၊ လုံးဆန်နီကျပ်၂၅၀၀အသီးသီးဈေးနှုန်းဖြစ်ပေါ်လျက်ရှိကာ ယခင်တစ်ပတ်နှင့်နှိုင်းယှဉ်ပါက ဈေးအနည်းငယ်မြင့်နေကြောင်း သိရှိရပါတယ်။ နှမ်းမျိုးစုံဈေးကွက်မှာ နှမ်းဖြူတစ်ပိဿာ ၂၁၆၇ ကျပ်နဲ့ တစ်ရက်အိတ် ၃၀၀ ခန့်၊နှမ်းနက် တစ်ပိဿာ ၂၉၃၃ ကျပ်နဲ့အိတ်၁၅၀ခန့်၊ နှမ်းညို တစ်ပိဿာ ကျပ် ၁၅၀၀ နှုန်းနဲ့ ယခင်တစ်ပတ်ဈေးနှုန်းအတိုင်း ဈေးငြိမ်လျက်အရောင်းအဝယ် ပုံမှန်ဖြစ်လျက်ရှိကြောင်း မုံရွာကုန်စည်ဒိုင်သတင်းရပ်ကွက်မှ သိရှိရပါတယ်။

**ကြည်ကြည်နွယ်(မုံရွာ)**



## ပြည်မြေပဲဆန် ဈေးပြန်မြင့်

ပြည်ဈေးကွက်တွင် ယခုတစ်ပတ်၌ ဆီကြိတ်မြေပဲဆန်ဈေးနှင့် လုံးဆန်အဖြူဈေးအနည်းငယ်မြင့်လာပြီး လုံးဆန်အနီဈေးငြိမ်နေတာတွေ့ရပါတယ်။ ယခုရက်ပိုင်းကံမဘက်မှ မြေပဲဆန်အိတ် ၁၅၀၀ လောက်ဝင်ရောက်ခဲ့ပါတယ်။ ရန်ကုန်၊ မန္တလေးဝယ်လက်များက လုံးဆန်အဖြူကို အဝယ်ရှိနေသဖြင့် ဈေးအနည်းငယ်တက်လာတာတွေ့ရပါတယ်။ ဆီဆန်ဈေးမြင့်လာခြင်းမှာ ထမနဲရာသီဖြစ်တဲ့အတွက် ဆီစက်များက အဝယ်ပြန်လိုက်လာသဖြင့် ဈေးမြင့်လာတာဖြစ်တယ်လို့ သိရပါတယ်။ ယခုတစ်ပတ်မြေပဲဆန်ဈေးမှာ ဆီကြိတ်မြေပဲဆန်တစ်ပိဿာလျှင် ကျပ် ၁၇၀၀၊ လုံးဆန်အနီတစ်ပိဿာလျှင် ကျပ် ၂၁၀၀ နှင့် လုံးဆန်အဖြူတစ်ပိဿာလျှင် ၂၃၇၅ကျပ်ဖြင့် ယခင်တစ်ပတ်ထက် ဈေးအနည်းငယ်မြင့်လာတာတွေ့ရပါတယ်။ ယခင်တစ်ပတ်ထက်ဈေးမြင့်ပေမယ့်ယခင်နှစ်ယခုလိုအချိန်နဲ့ယှဉ်ရင် ဈေးမမြင့်တာတွေ့ရပါတယ်။ ယခင်နှစ်ဈေးမှာ မြေပဲဆီဆန်တစ်ပိဿာလျှင် ကျပ် ၁၉၀၀ နှင့် လုံးဆန်တစ်ပိဿာလျှင် ၂၄၂၀ ကျပ်အထိ ဈေးမြင့်ခဲ့တာတွေ့ရပါတယ်။ ယခုနှစ်မှာ မြေပဲအထွက်နှုန်းများခြင်း၊ အခြားတိုင်းမှလည်း အဝင်များခြင်းကြောင့်ဈေးနှုန်းမှာ ယခင်နှစ်ကလောက် မမြင့်တာဖြစ်တယ်လို့သိရပါတယ်။

**ဝေဝေမင်း**

## သီရိလင်္ကာနိုင်ငံတွင် ပြည်တွင်းဆန်ဈေးနှုန်း မြင့်တက်မှုအား သွင်းကုန်အခွန်နှင့်ထိန်းချုပ်

သီရိလင်္ကာနိုင်ငံသည် ဆန်တင်သွင်းမှုအပေါ် ကောက်ခံသည့် သွင်းကုန်ခွန်အား လျှော့ချလိုက်သဖြင့် ပြည်တွင်းဆန်ဈေးမြင့်တက်မှုကို သက်သာစေပြီး ဆန်စက်လုပ်ငန်းရှင်ကြီးများ၏ ဆန်ဈေးကွက်ထိန်းချုပ်ထားမှုအပေါ်လည်း ကန့်သတ်လိုက်နိုင်ကြောင်းသိရှိရသည်။

သီရိလင်္ကာနိုင်ငံသည် ၂၀၁၆ ခုနှစ်အထိ ဆန်တင်သွင်းမှုအပေါ် တစ်ကီလိုလျှင် သီရိလင်္ကာရူပီး၅၀ သို့မဟုတ် တင်သွင်းမှု၏ ၃၀ ရာခိုင်နှုန်း သွင်းကုန်ခွန် ကောက်ခံသဖြင့် အာရှတွင် အခြားနိုင်ငံများထက် ဆန်ဈေးနှုန်း မြင့်တက်လျက်ရှိသည်။ ထို့ကြောင့် ၂၀၁၇ခုနှစ်၊ ဇန်နဝါရီလ ၁၇ ရက်နေ့မှစ၍ ဆန်တင်သွင်းမှုအပေါ် တစ်ကီလိုလျှင် သီရိလင်္ကာ ရူပီး ၁၅သို့ သွင်းကုန်ခွန်လျှော့ချလိုက်ကြောင်းသိရှိရသည်။

၂၀၁၆ ခုနှစ်က သီရိလင်္ကာနိုင်ငံတွင် မိုးခေါင်မှုကြောင့် ယခုနှစ် ၂၀၁၇ ခုနှစ်တွင် သီရိလင်္ကာ၏ မဟာရာသီ(Maha Season)အတွင်း ဆန်ထွက်ရှိမှုနှုန်းသည် တန်ချိန်နှစ်သိန်းခန့်ကျဆင်းနိုင်ကြောင်းသိရှိရသည်။ Source: Riceonline

**စန္ဒာထွန်း** (TTI)

## ပြည်ပမှတင်သွင်းမှုများကြောင့် အိန္ဒိယပြည်တွင်း ပဲပုပ်ထုတ်လုပ်မှုအား ဂယက်ရိုက်ခတ်

အိန္ဒိယနိုင်ငံ၏ ပြည်တွင်းပဲပုပ်ထုတ်လုပ်မှုပမာဏမှာ မှတ်တမ်းတင်လောက်အောင် မြင့်မားနိုင်သည်ဟု ခန့်မှန်းထားရာ ပြည်ပမှပဲပုပ်အမြောက်အမြား တင်သွင်းထားခြင်းသည် ပြည်တွင်းပဲပုပ်ထုတ်လုပ်မှုအား ထိခိုက်စေနိုင်ကြောင်း၊ ပြီးခဲ့သည့် ခြောက်လအတွင်း အိန္ဒိယနိုင်ငံသို့ ပြည်ပမှ ပဲပုပ်တန်ချိန် ၄၀၀၀၀ ခန့် တင်သွင်းခဲ့ပြီးဖြစ် ကြောင်း၊ ပြီးခဲ့သည့်နှစ်က တန်ချိန် ၂၀၀၀၀သာ တင်သွင်းခဲ့ကြောင်း၊ အိန္ဒိယနိုင်ငံမှတင်သွင်းသည့် ပဲပုပ်အများစုမှာ အဓိကအားဖြင့် အာဖရိကနိုင်ငံများမှဖြစ်ပြီး၊ ပုဂ္ဂလိကကုန်သည်များက တင်သွင်းခဲ့ခြင်းဖြစ်ကြောင်း၊ ယင်းသို့ပြည်ပမှ ပဲပုပ်အမြောက်အမြား တင်သွင်းခဲ့ခြင်းကြောင့် နိုင်ငံအတွင်းရှိ လယ်သမားများအား ခြိမ်းခြောက်လာခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် နိုင်ငံအတွင်းရှိပဲပုပ်ထုတ်လုပ်သည့် တောင်သူလယ်သမားများအား အထောက်အကူပြုစေရန်နှင့် ၎င်းတို့၏ထုတ်ကုန်များအတွက် သင့်တင့်သည့်ဈေးနှုန်းများရရှိစေရန် အစိုးရ၏ ကြားဝင်ဆောင်ရွက်မှုတစ်ရပ်လိုအပ်မည်ဟု Soybean Processors Association of India (SOPA) က ပြောကြားခဲ့သည်။

Soybean Processors Association of India (SOPA) ၏ အချက်အလက်များအရ ၂၀၁၆ ခုနှစ်တွင် အိန္ဒိယနိုင်ငံ၏ ပဲပုပ်ထုတ်လုပ်နိုင်မှုမှာ တန်ချိန်၁၁ ဒသမ ၅ သန်းခန့်အထိရှိကြောင်း၊ ပြီးခဲ့သည့်နှစ်က တန်ချိန်ခုနစ်သန်းသာရှိခဲ့ကြောင်း၊ ယခုနှစ်တွင် ရာသီဥတုအခြေအနေ သင့်တင့်ကောင်းမွန်သည့်အတွက် ပြည်တွင်းပဲပုပ်လုပ်ငန်းအား အထောက်အကူပြုခဲ့ကြောင်း၊ ပြီးခဲ့သည့်နှစ်က မိုးနည်းပြီး ရာသီဥတုဆိုးရွားသည့်အတွက် ထုတ်လုပ်မှုပမာဏကျဆင်းခဲ့ကြောင်း သိရှိရပါ သည်။

**ယဉ်ယဉ်နွယ်၊ စီးပွားရေးသံမှူး**
**မြန်မာသံရုံး၊ နယူးဒေလီမြို့**

## ကယားပြည်နယ် စားသုံးသူရေးရာဦးစီးဌာနတွင် Mobile Training သင်တန်းဖွင့်လှစ်

ကယားပြည်နယ်၊ စားသုံးသူရေးရာဦးစီးဌာန၏ကြီးကြပ်မှုဖြင့် Mobile Training သင်တန်းကို ဖေဖော်ဝါရီလ ၆ ရက်က စားသုံးသူရေးရာဦးစီးဌာန၊ ပြည်နယ်ဦးစီးမှူးရုံးရှိ ကန္ဒရဝတီသင်တန်းခန်းမ၌ ကျင်းပခဲ့သည်။

အဆိုပါသင်တန်းဖွင့်ပွဲတွင် ကယားပြည်နယ်စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ဥက္ကဋ္ဌ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးကိုယ်စား ပြည်နယ်စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးအေးညိုညိုက နှုတ်ခွန်းဆက်စကား ပြောကြားခဲ့ပြီး ကယားပြည်နယ် စားသုံးသူရေးရာဦးစီးဌာနမှ ပြည်နယ်ဦးစီးမှူး ဦးခမ်လျန်စွမ်းက သင်တန်းဖွင့်လှစ်ရခြင်း၏ရည်ရွယ်ချက်များကို ပြောကြားခဲ့သည်။

အဆိုပါသင်တန်းကို ဖေဖော်ဝါရီလ ၈ ရက်အထိ သုံးရက်တိုင်တိုင်သင်ကြားပို့ချပေးခဲ့ပြီး စားသုံးသူရေးရာဦးစီးဌာန၏ မျှော်မှန်းချက်၊ ရည်မှန်းချက်များ၊ UN Guide Line for Consumer Protection နှင့် Gurantee and Warranty, Barcode ဆိုင်ရာအချက်အလက်များ၊ ထုတ်ကုန်လုံခြုံစိတ်ချရမှုဆိုင်ရာများ၊ အာဆီယံစားသုံးသူကာကွယ်ရေးကော်မတီနှင့် အာဆီယံနိုင်ငံများ၏စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာအကြောင်းအရာများအားလည်းကောင်း၊ မူဝါဒလေ့လာရေးနှင့်စီမံကိန်းစာရင်းအင်းဆိုင်ရာအကြောင်းအရာများကိုလည်းကောင်း၊ ကုန်သွယ်ရေးဦးစီးဌာနမှ ကုန်သွယ်ရေးမူဝါဒလုပ်ထုံးလုပ်နည်းများ၊ ဖြေလျှော့ဆောင်ရွက်မှုများနှင့် တစ်ဦးချင်းကုန်သွယ်မှုမှတ်ပုံတင် Individual Trading Card



(ITC) ခွင့်ပြုမှုများကိုလည်းကောင်း၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့က ကုန်သွယ်မှုမြှင့်တင်ရေးဆိုင်ရာအကြောင်းအရာများကိုလည်းကောင်း၊ စိုက်ပျိုးရေးဦးစီးဌာနမှ ဓာတ်မြေဩဇာ၊ပိုးသတ်ဆေးတို့၏ကောင်းကျိုးနှင့်ဆိုးကျိုးများကိုလည်းကောင်း အသီးသီးသင်ကြားပို့ချခဲ့ကြပါသည်။

ယင်းသင်တန်းသို့ စားသုံးသူရေးရာဦးစီးဌာနမှဝန်ထမ်းများ၊ စိုက်ပျိုးရေးဦးစီးဌာနမှဝန်ထမ်းများနှင့် စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာနမှ ဝန်ထမ်းစုစုပေါင်း ၃၇ဦးတက်ရောက်ခဲ့ကြကြောင်း သတင်းရရှိပါသည်။

**ကျော်ဇင်ထွေး(စားသုံးသူ၊ ကယား)**

## ကြက်သွန်နီ

### မြဝတီမှ ကြက်သွန်နီ လျော့နည်းတင်ပို့

မြန်မာ-ထိုင်းနယ်စပ်ရှိ မြဝတီကုန်သွယ်ရေးဇုန်မှ ဇန်နဝါရီ ၂၈ရက်မှ ဖေဖော်ဝါရီ ၃ရက်အတွင်း အမေရိကန်ဒေါ်လာ ၇၂၉၀ တန်ဖိုးရှိ ကြက်သွန်နီ ၂၄ တန်ကျော်တင်ပို့ခဲ့ရာ ယခင်တစ်ပတ်က ၇၄ တန်ကျော် တင်ပို့နိုင်ခဲ့တဲ့အတွက် ယခုတစ်ပတ်ကြက်သွန်နီ တင်ပို့မှု တန် ၅၀ လျော့နည်းခဲ့ပါတယ်။ မြဝတီမှာ ကြက်သွန်နီ တစ်တန်ကို လိုင်စင်ဈေး အမေရိကန်ဒေါ်လာ ၃၀၀ ဖြစ်ပါတယ်။

ကြက်သွန်နီဈေးမှာ တစ်ပိဿာ ကျပ်၁၅၀၀ မှ ၁၅၅၀ အထိ မြင့်တက်လာတာကြောင့် ကြက်သွန်ဖော်ရမယ့် အချိန်မတိုင်မီ အနုများကိုဖော်ပြီး ရောင်းချနေကြပါတယ်။ အဆိုပါ ကြက်သွန်နီတွေက အထားမခံတဲ့အတွက် ပွဲရုံတွေကလည်း ဈေးကွက်ကို အမြန်ရောင်းချနေကြရတယ်လို့ ဘုရင့်နောင်ကြက်သွန်ပွဲရုံမှ သတင်းရရှိပါတယ်။

**မော်မော်အောင်**

### ပြည်ကြက်သွန်နီ အဝင်များ၍ ဈေးပြန်ကျ

ပြည်ဈေးကွက်မှာတော့ ယခုတစ်ပတ်ကြက်သွန်နီဈေးနှုန်း ပြည်လည်ကျဆင်းလာတာတွေ့ရပါတယ်။ ပခုက္ကူ ရေနံချောင်း၊ တောင်တွင်းဘက်မှ ကြက်သွန်နီစိုက်တောင်သူများမှာ ဈေးကောင်းရရှိရေးအတွက် မရင့်မီ အလျင်အမြန်ခူးဆွတ်ရောင်းချနေသောကြောင့် ဈေးကွက်တွင်းသို့ဝင်ရောက်မှုများနေသဖြင့် ဈေးနှုန်းများကျဆင်းရခြင်းဖြစ်ကြောင်း ပြည်ပွဲရုံလုပ်ငန်းရှင်များထံမှသိရပါတယ်။ ပြည်ဈေးကွက်သို့ ယခုတစ်ပတ်ဝင်ရောက်တဲ့ ကြက်သွန်နီများမှာ အစိုဓာတ်များပြီး အရည်အသွေးသိပ်မကောင်းတဲ့အတွက်ဈေးကျပေမယ့် လှောင်လက်သမားများက ဝယ်ယူသိုလှောင်ခြင်း မရှိတာတွေ့ရပါတယ်။ စားသုံးသူများမှာတော့ အစိုဓာတ်များသေးတဲ့အတွက် တစ်နိုင်တစ်ပိုင် လက်လီစိတ်၍သာ ဝယ်ယူနေမှုရှိကြောင်းလည်း သိရပါတယ်။ ဝင်ရောက်မှု အနေနဲ့ ယခုတစ်ပတ်တွင် ပိဿာ ၃၀ ဝင်အိတ် ၂၈၀၀ခန့် ရှိနေပြီး အရောင်းအဝယ်မှာ ဒေသတွင်းဝယ်လက်များနဲ့ ဧရာဝတီ၊ ရခိုင်ပြည်နယ်တို့သို့တင်ပို့မှုအပါအဝင် တစ်နေ့ကို အိတ် ၂၈၀ ခန့်နဲ့ အရောင်းအဝယ်မှာအေးနေပါတယ်။ ဈေးနှုန်းများအနေနဲ့ ပြည်ပွဲရုံများတွင် လက်ကားတစ်ပိဿာကို (ကြီး) ကျပ် ၁၈၀၀-၁၉၀၀၊ (လတ်) ကျပ် ၁၆၀၀-၁၇၀၀၊ (သေး) ကျပ် ၁၄၀၀-၁၅၀၀ တို့နဲ့ ရောင်းဝယ်မှုရှိနေပြီး လက်လီဈေးများတွင် (ရှယ်သန့်) ကျပ် ၂၃၀၀၊ (ကြီး) ကျပ် ၂၀၀၀-၂၁၀၀၊ (လတ်) ကျပ် ၁၈၅၀-၂၀၀၀၊ (သေး) ကျပ် ၁၅၅၀-၁၆၅၀တို့ဖြင့် အသီးသီး ရောင်းဝယ်လျက်ရှိနေကြောင်း သိရပါတယ်။ **ဝင်းလဲ့ဝါ(ပြည်)**



### မုံရွာကြက်သွန်နီ ဈေးနှုန်း ပြန်လည်ကျဆင်း

မုံရွာ(ပွဲရုံ)စားဖိုဆောင်သီးနှံရောင်းဝယ်ရေးရဲ့ကြက်သွန်နီဈေးနှုန်းမှာ ဖေဖော်ဝါရီလဆန်းက ပြန်လည်ကျဆင်းလာတာ တွေ့ရပါတယ်။ မိုးကြက်သွန်နီအသစ်များ ဈေးကွက်အတွင်းသို့ နေ့စဉ် ပိဿာ ၂၀၀၀၀ ခန့် ဝင်ရောက်လာခဲ့သဖြင့် ဈေးအနည်းငယ်ကျဆင်းသွားကြောင်း ကြက်သွန်နီပွဲရုံမှ သိရှိရပါတယ်။ ယခုတစ်ပတ် မုံရွာပွဲရုံများ၏ကြက်သွန်နီဈေးနှုန်းမှာလက်ကား တစ်ပိဿာလျှင်(ကြီး)ကျပ်၁၄၀၀၊ (လတ်)ကျပ် ၁၃၀၀၊ (သေး) ကျပ် ၁၂၀၀ နှုန်းရှိပြီး၊ လက်လီဈေးနှုန်းမှာတစ်ပိဿာလျှင် (ကြီး) ကျပ် ၁၆၀၀၊ (လတ်) ကျပ်၁၅၀၀၊ (သေး) ကျပ် ၁၄၀၀နှုန်းဖြစ်ပါတယ်။ ယခင်တစ်ပတ်က ပွဲရုံဈေးနှုန်းမှာ တစ်ပိဿာလျှင် (ကြီး) ကျပ် ၁၇၀၀၊ (လတ်) ကျပ်၁၆၀၀၊(သေး)ကျပ်၁၅၀၀၊ လက်လီဈေးနှုန်းမှာ တစ်ပိဿာ (ကြီး) ကျပ်၁၈၀၀၊ (လတ်) ကျပ် ၁၇၀၀၊ (သေး) ကျပ် ၁၆၀၀ အသီးသီး ရောင်းဝယ်လျက်ရှိတာကြောင့် ယခင်တစ်ပတ်နှင့်နှိုင်းယှဉ်ပါက ပျမ်းမျှတစ်ပိဿာလျှင် ကျပ် ၃၀၀ ခန့် ဈေးကျဆင်းသွားကြောင်း သိရှိရပါတယ်။

ကြက်သွန်ဖြူဈေးကွက်တွင် ရွှေဘို၊ယင်းမာပင်မြို့နယ်တို့မှ ကြက်သွန်ဖြူအသစ်များဝင်ရောက်လာကြောင်းသိရပါတယ်။ ယခုတစ်ပတ် ကြက်သွန်ဖြူ(ဟောင်း) တစ်ပိဿာဈေးနှုန်းမှာ ပွဲရုံဈေး (ဗမာ) ကျပ် ၅၅၀၀၊ (ရှမ်း) ကျပ် ၄၈၀၀၊ လက်လီတစ်ပိဿာ (ဗမာ) ကျပ် ၆၀၀၀၊ (ရှမ်း) ကျပ် ၅၀၀၀ ဖြစ်တာကြောင့် ယခင်တစ်ပတ်ဈေးနှုန်းအတိုင်း ဈေးငြိမ်လျက်ရှိပြီး အသစ်လက်ကားဈေးနှုန်းမှာ (ဗမာ) ၄၅၀၀ကျပ်၊ (ရှမ်း) ၃၅၀၀ကျပ်၊ လက်လီဈေးနှုန်း (ဗမာ) ကျပ်၄၈၀၀ ၊ (ရှမ်း)ကျပ် ၄၀၀၀ နှုန်းပေါက်လျက် လက်လီအနေနဲ့ အရောင်းအဝယ် ပုံမှန်ဖြစ်လျက်ရှိကြောင်း မုံရွာကြက်သွန်နီပွဲရုံမှသိရပါတယ်။ **ကြည်ကြည်နွယ် (မုံရွာ)**

## မန်ကျည်း

### ဒေသတွင်း မန်ကျည်းမှည့် အသစ်ဝင်ရောက်မှု လှိုင်နေပြီး ဈေးအနည်းငယ်ကျ

စားဖိုဆောင်သီးနှံ မန်ကျည်းမှည့် အသစ်များ ပြည်ပွဲရုံများ (ရခိုင်ပွဲရုံ) သို့ ပြည်ဒေသအနီးတစ်ဝိုက်ဖြစ်တဲ့ ရွှေတောင်၊ ကျီးသဲ၊ ဆင်တဲ စတဲ့ ကျေးရွာများမှ ဝင်ရောက်လာတာကြောင့် ယခင် တစ်ပတ်ထက် ဝင်ရောက်မှုလှိုင်လာတာတွေ့ရပါတယ်။

ဝင်ရောက်လာတဲ့ မန်ကျည်းမှည့်တွေကလည်း အသား ချည်းသက်သက် မဟုတ်သေးဘဲ အစေ့အနည်းငယ်ရောပါနေပါတယ်။ အစေ့ ပါ အနည်းအများပေါ်မူတည်ပြီး ဈေးအနည်းငယ် ကွာဟတာလည်း တွေ့ရပါတယ်။ ယခုတစ်ပတ် (ပွဲရုံဈေး) တစ်ပိဿာလျှင် ကျပ် ၂၄၀၀ မှ ကျပ် ၂၆၀၀ ဖြစ်ပြီး၊ အစေ့ပါ တစ်ပိဿာဈေး ကျပ် ၁၇၀၀ ဖြစ်ပါတယ်။ ဒေသတွင်း ဈေးများတွင် လက်လီတစ်ပိဿာ ကျပ် ၂၈၀၀ နှင့် (အစေ့ပါ)ကျပ် ၂၂၀၀တို့ဖြင့် ရောင်းဝယ်လျက်ရှိနေပါတယ်။ တစ်ပတ်ထက်တစ်ပတ် ဝင်ရောက်မှုများလာပြီး တစ်ပိဿာပေါ်တွင် ကျပ်၄၀၀၊ ၅၀၀ဈေးကျဆင်းလာတာလည်း တွေ့ရပါတယ်။ ဒေသအတွင်း အရောင်းအ ဝယ်သာရှိကြောင်းလည်း သိရပါတယ်။

**နီနီဝင်း**

## ကြက်သွန်ဖြူ

### ပြည်ကြက်သွန်ပွဲရုံများတွင် ရှမ်းကြက်သွန်ဖြူများ ပစ္စည်းပြတ်၍ ဈေးမြင့်

ပြည်ကြက်သွန် (ပွဲရုံများ)တွင် ကြူကုတ်ကြက်သွန်ဖြူအိတ်များသာ ပုံမှန်ဝင်ရောက်လျက်ရှိပြီး ရှမ်းကြက်သွန်ဖြူများကတော့ ရာသီကုန်ပြီး ပစ္စည်းလက်ကျန်ပြတ်လပ်နေကြောင်းသိရပါတယ်။ ဒါကြောင့်လည်း ပြည်ပွဲရုံများတွင် ကုန်သည်လက်ဝယ်ကျန်ရှိနေတဲ့ ရှမ်းကြက်သွန်ဖြူများ ဈေးမြင့်နေရတာဖြစ်တယ်။ အရောင်းအဝယ်လုံးဝအေးနေပြီး ကြူကုတ်စသာ နေ့စဉ် အရောင်းအဝယ်ဖြစ်လျက်ရှိပါတယ်။ ဖေဖော်ဝါရီ(ဒုတိယပတ်)ဈေးနှုန်းတွေကတော့ ကြက်သွန်ဖြူတစ်ပိဿာလျှင်(ရှမ်းစ) ကျပ်၆၄၀၀နှင့် (ကြူကုတ်) ကျပ် ၄၉၀၀၊ ကျပ် ၅၀၀၀ တို့ဖြင့် ပွဲရုံဈေးနှုန်း အမှန်ဖြင့်ရောင်းချလျက်ရှိနေပါတယ်။ ဒေသတွင်းလက်လီဈေးနှုန်းများမှာ (ရှမ်းစ) ကျပ် ၆၈၀၀နှင့် (ကြူကုတ်စ) ကျပ် ၅၃၀၀ တို့ဖြင့် ရောင်းဝယ်လျက်ရှိနေတာတွေ့ရပါတယ်။ ဒေသတွင်း သုံးစွဲမှုအမျိုးမျိုးတို့ကြောင့် ပွဲရုံအတွင်း နေ့စဉ် အရောင်းအဝယ်ရှိပြီး တစ်ပတ်အတွင်း ကြက်သွန်ဖြူအိတ် ၃၀၀ နီးပါး အရောင်းအဝယ်ဖြစ်ကြောင်းလည်း သိရပါတယ်။

**နီနီဝင်း**

### ဟသ်္ာတခရိုင် အတွင်းရှိ လေးမျက်နှာ၊ အင်္ဂပူ၊ ကြံခင်းမြို့နယ်များရှိ ဈေးများတွင် စားသုံးရန် မသင့်သော ကုန်စည်များနှင့် FDA မှ ခွင့်မပြုသောဆေးများ၊ ရက်လွန်ဆေးများရောင်းချမှု ရှိ/မရှိ စစ်ဆေး

ဟသ်္ာတခရိုင်အတွင်းရှိ မြို့နယ်များဖြစ်သည့် လေးမျက်နှာ၊ အင်္ဂပူနှင့် ကြံခင်းမြို့နယ်များမှ သက်ဆိုင်ရာမြို့နယ်ဦးစီးမှူးများ ဦးဆောင်၍စားသုံးသူရေးရာဦးစီးဌာန ဝန်ထမ်းများ၊ မြို့နယ်စည်ပင်သာယာရေး၊ ကျန်းမာရေးဦးစီးဌာန၊ မြန်မာနိုင်ငံပြည်သူ့ရဲတပ်ဖွဲ့နှင့် မီးသတ်တပ်ဖွဲ့ဝင်များ ပါဝင်သည့် ပူးပေါင်းအဖွဲ့သည် ကုန်မျိုးစုံဆိုင်များနှင့် ဆေးဆိုင်များသို့ သွားရောက်ကာ စားသုံးရန်မသင့်သော အစားအစာများ၊ ဆိုးဆေးများပါဝင်သော စားသောက်ကုန်စည်များနှင့်FDA မှ တားမြစ်ထားသော ခွင့်မပြုဆေးများ၊ ရက်လွန်ဆေးများ ရောင်းချခြင်း ရှိ/မရှိ စစ်ဆေးပြီး အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့ကြောင်း သိရသည်။

ဇန်နဝါရီ၃၁ရက်က လေးမျက်နှာမြို့နယ်မှပူးပေါင်းအဖွဲ့သည် အိုင်သပြုဈေးရှိကုန်မျိုးစုံနှင့်ဆေးဆိုင်များသို့လည်းကောင်း၊ အင်္ဂပူမြို့နယ် ပူးပေါင်းအဖွဲ့သည် ထူးကြီးဈေးရှိ ကုန်စုံဆိုင်နှင့် လက်လီလက်ကားဆိုင်များသို့လည်းကောင်း၊ ဖေဖော်ဝါရီ ၁ရက်က ကြံခင်းမြို့နယ်ပူးပေါင်းအဖွဲ့သည် ကြံခင်းမြို့နယ် ဘက်ရဲမြို့မဈေးအတွင်းရှိ ကုန်မျိုးစုံရောင်းချသော ဆိုင်များသို့လည်းကောင်း သွားရောက်စစ်ဆေးခဲ့ကြောင်းသတင်းရရှိသည်။**ကျော်ဌေး(ပုသိမ်)**

## ချင်း



### အဝယ်လိုက်လို့ ပြည်ချင်း ဈေးအနည်းငယ်မြင့်

ယခုတစ်ပတ် ပြည်ဈေးကွက်သို့ အောင်ပန်း၊ တောင်ကြီးဘက်မှချင်းများ ပိဿာ ၃၀ ဝင်အိတ် ၂၀၀ ခန့် အဝင်ရှိကြောင်း သိရှိရပါတယ်။ ယခုအချိန်က တပို့တွဲလ ထမနဲပွဲတော်ချိန်ဖြစ်တဲ့အတွက် အရောင်းအဝယ်သွက်လျက်ရှိကာ တစ်ရက်လျှင် ပိဿာချိန်၇၀၀ခန့် အရောင်းအဝယ်ဖြစ်ခဲ့ပြီး ယခင်တစ်ပတ်ကထက် ချင်းတစ်ပိဿာလျှင်ကျပ် ၁၀၀ခန့်ဈေးမြင့်လာပါတယ်။ ယခုတစ်ပတ်၏ ချင်းဈေးမှာ (ရှယ်) တစ်ပိဿာ ကျပ် ၈၀၀ မှ ၁၂၀၀ (ဂွန်) ကျပ် ၆၀၀ မှ ကျပ် ၇၀၀ တို့ရှိပြီး ရခိုင်ပြည်နယ်နှင့် ဧရာဝတီတိုင်းဒေသကြီးဘက်သို့ စားသုံးမှုအဖြစ် တစ်ရက်ကို ပိဿာချိန် ၂၀၀ မှ ၂၅၀ ခန့်တင်ပို့လျက်ရှိတယ်လို့သိရပါတယ်။

**ဝင်းဝင်းခိုင်**

### မူဆယ်မှ ချင်းခြောက် ပိုမိုတင်ပို့ပြီး စစ်တွေမှ ချင်းစိုလျော့နည်းတင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ် (၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှ ဇန်နဝါရီ ၂၈ရက်မှ ဖေဖော်ဝါရီ ၃ ရက်အတွင်း အမေရိကန်ဒေါ်လာ ၁၇၄၁၂ တန်ဖိုးရှိ ချင်းခြောက် ၁၇ တန်ခွဲ တင်ပို့ခဲ့ရာ ယခင်တစ်ပတ်က တင်ပို့မှုမရှိခဲ့ဘဲ ယခုတစ်ပတ်မှသာ ပြန်လည်တင်ပို့နိုင်ခဲ့တာဖြစ်ပါတယ်။

ချင်းခြောက်တစ်တန်ကို မူဆယ်ကုန်စည်ဒိုင်မှာ (ငွေလဲနှုန်းအရ) ၁၃၄၉၂၂၀ ကျပ်ရှိခဲ့ပါတယ်။ မြန်မာ - ဘင်္ဂလားဒေ့ရှ်နယ်စပ်ရှိ စစ်တွေကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ ၂၂၈၀ တန်ဖိုးရှိ ချင်းစိုသုံးတန် တင်ပို့ခဲ့ရာ ယခင်တစ်ပတ်က ငါးတန်တင်ပို့နိုင်ခဲ့လို့ ယခုတစ်ပတ် စစ်တွေမှ ချင်းစိုလျော့နည်းတင်ပို့ခဲ့တာတွေ့ရပါတယ်။ စစ်တွေမှာ (ငွေလဲနှုန်းအရ) ချင်းစို တစ်တန်ကို ၁၀၂၆၇၆၀ ကျပ်ဈေးရှိတယ်လို့ သိရပါတယ်။

**မော်မော်အောင်**




# အမေရိကန်အစိုးရသစ်နှင့် အမှားမကင်းသည့်လွတ်လပ်စွာကုန်သွယ်မှု

| သိန်းမြင့်ဝေ |

**ဖို့ဒ်ကုမ္ပဏီ၏ ရင်းနှီးမြှုပ်နှံမှုဆုံးဖြတ်ချက်**

အမေရိကန်မော်တော်ကား ထုတ်လုပ်ရောင်းချသည့် ကုမ္ပဏီတစ်ခုဖြစ်သော ဖို့ဒ်ကုမ္ပဏီသည် မက္ကဆီကိုနိုင်ငံတွင် ဆောက်လုပ်ရန် လျာထားသည့် အမေရိကန်ဒေါ်လာ ၁ ဒသမ ၆ ဘီလီယံတန်ဖိုးရှိသော မော်တော်ကားစက်ရုံ စီမံကိန်းကို ရပ်ဆိုင်းလိုက်သည်။ မက္ကဆီကိုနိုင်ငံတွင် ကားစက်ရုံမဆောက်လုပ်တော့ဘဲ အမေရိကန်နိုင်ငံရှိ မီချီဂန်ပြည်နယ်တွင်သာ ဆောက်လုပ်တော့မည်ဖြစ်ပါသည်။ ထိုကဲ့သို့ မီချီဂန် ပြည်နယ်တွင် ကားစက်ရုံဆောက်လုပ်ပါက မီချီဂန်ပြည်နယ်အတွင်း အလုပ်အကိုင်သစ် ၇၀၀ ကို ဖန်တီးနိုင်မည် ဖြစ်ပြီး Ford ကုမ္ပဏီ၏ အရင်းအနှီး အမေရိကန်ဒေါ်လာ သန်း ၇၀၀ လည်း ပြည်နယ်အတွင်းသို့ စီးဝင်လာပါမည်။ မက္ကဆီကိုနိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှု မပြုလုပ်တော့ဘဲ အမေရိကန်တွင်ပင် ရင်းနှီးမြှုပ်နှံခြင်းသည် အရွေးကောက်ခံ အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်၏ စီးပွားရေး ပေါ်လစီကို ကြိုဆိုထောက်ခံသည့်သဘော ဖြစ်သည်။

တစ်နည်းအားဖြင့် ထရမ့်နှင့် အမေရိကန်လွှတ်တော်သစ်တို့က ချမှတ်ကျင့်သုံးမည့် စီးပွားရေး တိုးတက်မှုပေါ်လစီများ (Pro-growth policies) ကို ဖို့ဒ်ကုမ္ပဏီက အားပေးခြင်းဖြစ်သည်။ ထို့ပြင် အစိုးရသစ်လက်ထက်တွင် ဆောင်ရွက်မည့် အခွန်နှင့် စည်းမျဉ်းစည်းကမ်း ပြုပြင်ပြောင်းလဲမှုများ (Tax and regulatory reforms) သည် အမေရိကန်နိုင်ငံ၏ စီးပွားရေးယှဉ်ပြိုင်နိုင်စွမ်း (Competitiveness) ကို မြှင့်တင်ပေးနိုင်ကြောင်း၊ အမေရိကန် စက်မှုလုပ်ငန်းများကိုပြန်လည်ရှင်သန်လာစေနိုင်ကြောင်း၊ အမေရိကန်၏ အဆင့်မြင့် နည်းပညာသုံး ဆန်းသစ်ပြောင်းလဲမှု (High-tech innovation) ကို မြှင့်တင်ပေးရာရောက်ကြောင်း သုံးသပ်မှုများကို တွေ့ရသည်။

**အမေရိကန်တွင် ထုတ်လုပ်ပါ၊ နယ်စပ်ခွန် ပေးဆောင်ပါ**

ပြည်ပနိုင်ငံများတွင် မော်တော်ကား ထုတ်လုပ်ပြီး အမေရိကန်နိုင်ငံတွင် ပြန်လည်ရောင်းချမည်ဆိုပါက အခွန်ပေးဆောင်သင့်ကြောင်း ဒေါ်နယ်ထရမ့်က သူ၏ Twitter စာမျက်နှာတွင် ရေးသားဖော်ပြထားသည်။ ဂျင်နရယ်မော်တာကားကုမ္ပဏီသည် မက္ကဆီကိုနိုင်ငံတွင် မော်တော်ကားများ ထုတ်လုပ်ပြီး နယ်စပ်ဖြတ်ကျော်ခွန် ပေးဆောင်ခြင်းမရှိဘဲ အမေရိကန်ပြည်ထောင်စုသို့ ၎င်းတို့၏ မော်တော်ကားများကို တင်ပို့ရောင်းချနေသည်။ ထို့ကြောင့် ဒေါ်နယ်ထရမ့်က သူ၏ Twitter တွင် "အမေရိကန်တွင် ထုတ်လုပ်ပါ (Make in U.S.A) သို့မဟုတ် နယ်စပ်ခွန်ပေးဆောင်ပါ (Pay big border tax)" ဟူ၍ ရေးသားဖော်ပြထားသည်။ ဖို့ဒ်ကုမ္ပဏီသည် အမေရိကန်နိုင်ငံတွင် အဆင့်မြင့်နည်းပညာသုံး လျှပ်စစ်ယာဉ်နှင့် မော်တော်ယာဉ်များကို ထုတ်လုပ်ပြီး နိုင်ငံအတွက် အလုပ်အကိုင်များကို ဖန်တီးပေးမည်ဖြစ်သည်။

**လွတ်လပ်သော ကုန်သွယ်ရေးနှင့် စိတ်ကူးယဉ်အိပ်မက်**

ဒေါ်နယ်ထရမ့်သည် အမေရိကန်နိုင်ငံတွင် စက်မှုကုန်ထုတ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်မည်ဖြစ်ကြောင်း စက်မှုလုပ်ငန်းရှင်များ (Manufacturers) ကို ပြောကြားထားသည်။ ထရမ့် ပြောကြားခဲ့သည့်အတိုင်း လက်တွေ့အကောင်အထည်ဖော်သွားမည်ဖြစ်သည်။ ၂၀၁၆ ခုနှစ် အမေရိကန်ရွေးကောက်ပွဲကာလတစ်လျှောက်လုံး ရီပတ်ဘလစ်ကန်ပါတီ (Republican party) က လွတ်လပ်သော ကုန်သွယ်ရေး (Free trade) ကို ဒူးထောက်ရှိခိုးကိုးကွယ်ရန် ပြောကြားခဲ့သော်လည်း ထရမ့်က လက်မခံဘဲ ငြင်းဆန်ခဲ့ရုံသာမက ထရမ့်က ပြက်ရယ်ပင်ပြုခဲ့သည်။ အထူးသဖြင့် အမေရိကန်နိုင်ငံ၏ စက်မှုကုန်ချော ထုတ်လုပ်မှုလုပ်ငန်းများကို ထိခိုက်ကျဆင်းစေခဲ့သော နိုင်ငံရေးသမားများကို ပြက်ရယ်ပြုခဲ့သည်။ ထိုမျှသာမက အမေရိကန်အတွက် ကောင်းကျိုးမပြုသော အမေရိကန်ကုမ္ပဏီကြီးများကို အခြားနိုင်ငံများတွင် သွားရောက် ထုတ်လုပ်ခွင့်ပြုခဲ့သည့် နိုင်ငံရေးသမားများကို ထရမ့်က ပြက်ရယ်ပြုခဲ့ပါသည်။

အမေရိကန်သမ္မတဟောင်း ဘီလ်ကလင်တန်က လွတ်လပ်သောကုန်သွယ်ရေးကိုအလွန်အမင်းကျင့်သုံးခဲ့ပြီး ရီပတ်ဘလစ်ကန်များ (Republicans) နှင့်အတူ မြောက်အမေရိက လွတ်လပ်သော ကုန်သွယ်ရေး သဘောတူညီချက် (North American Free Trade Agreement-NAFTA) ကို လက်မှတ်ရေးထိုး ပြဋ္ဌာန်းခဲ့သည်။ ထို့ကြောင့် လွတ်လပ်စွာကုန်သွယ်မှုကိစ္စရပ်သည် အမှန်တရားတစ်ခုဖြစ်လာခဲ့ပြီး လူအများ၏ အရိုအသေပေးခြင်းကို ခံခဲ့ရပြီး ငြင်းခုံဆွေးနွေးအဖြေ ရှာဆုံးဖြတ်ရမည့် မူဝါဒတစ်ခုမဟုတ်ခဲ့ပေ။ လွတ်လပ်သော ကုန်သွယ်ရေး မူဘောင်အရ အမေရိကန်စက်မှု လုပ်ငန်းများကို မကာကွယ်လိုသော ကုန်သည်များ (Free traders) ကို အမေရိကန်နိုင်ငံ၏ ပြင်ပသို့ ပြည်နှင်ဒဏ်ပေးခဲ့ခြင်းဖြစ်သည်။

ထို့ကြောင့် လွတ်လပ်သော ကုန်သွယ်ရေးဟူသည့် စိတ်ကူးယဉ်အိပ်မက် (Free trade utopian) ကိုမြင်မက်ခဲ့ကြသည်။ တစ်နည်းအားဖြင့် ကူးသန်းရောင်းဝယ်ရေးလုပ်ငန်းသည် ကမ္ဘာလုံးဆိုင်ရာ ပဋိပက္ခကို ကာကွယ်ပေးပြီး လူသားတို့၏ ဘဝကို တိုးတက်စေကြောင်း၊ ထို့ကြောင့် ကမ္ဘာ့နိုင်ငံအားလုံးအတူတကွ လက်တွဲပြီး လွတ်လပ်သော ကုန်သွယ်ရေးကို ဖန်တီးကြရမည်ဖြစ်ကြောင်း လက်ခံခဲ့ကြသည်။ ပထမကမ္ဘာစစ်ပြီးချိန်တွင်လည်း အမေရိကန်၏ ၂၈ ယောက်မြောက်ဖြစ်သည့် သမ္မတဟောင်း ဝီလ်ဆင် (Woodrow Wilson) သည် အလားတူ အိပ်မက်မက်ခဲ့ပါသည်။

ကုန်သွယ်ရေးသည် ပြိုင်ပွဲတစ်ခုနှင့် ဆင်တူကြောင်း၊ ပြိုင်ပွဲတစ်ခုတွင် "နိုင်သူ" နှင့် "ရှုံးသူ" ဟူ၍ ရှိစမြဲဖြစ်ကြောင်း သမ္မတအိုဘားမား၏ ကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ (Trade Promotion Authority) ကို ထောက်ခံသောအားဖြင့် ၂၀၁၅ ခုနှစ်၊ ဖေဖော်ဝါရီလအတွင်းပြောကြားခဲ့ကြသည်။ သို့သော်လည်း အမှန်စင်စစ်တွင် ကုန်သွယ်ရေးသည် နှစ်ဖက်စလုံးကို အောင်မြင်စေသော ပူးပေါင်းဆောင်ရွက်မှုအသွင် ဆောင်ပါသည်။ ကုန်သွယ်မှု ပိုမိုပြုလုပ်ခြင်းသည် နိုင်ငံတိုင်းရှိ ပြည်သူများက ပို၍ဝယ်ယူ-ရောင်းချ-ရင်းနှီးမြှုပ်နှံလာခြင်းဖြစ်ပါသည်။ တစ်နည်းအားဖြင့် ပိုမိုကောင်းမွန်သော ကမ္ဘာကြီးကို နိုင်ငံအားလုံးအတူတကွ လက်တွဲတည်ဆောက်ကြခြင်း ဖြစ်သည် ဟူ၍လည်း ပြောဆိုခဲ့ကြသည်။

အထက်ပါအတိုင်း ပြောဆိုခြင်းသည် အဓိပ္ပာယ်မရှိလှပါကြောင်း၊ မည်သည့်နိုင်ငံပင်ဖြစ်စေ အကျိုးရှိမှသာ ဆက်လက်ကုန်သွယ်သင့်ကြောင်း၊ ကုန်သွယ်မှုမှ ကောင်းကျိုးမခံစားရပါက ကုန်သွယ်ရေးပေါ်လစီပြောင်း၍ နည်းလမ်းရှာကြံရမည်ဖြစ်ကြောင်း၊ သို့မဟုတ်ပါက ကုန်သွယ်မှုကို ဖြတ်တောက်ပစ်ရမည်ဖြစ်ကြောင်း လွတ်လပ်စွာကုန်သွယ်မှုကို မထောက်ခံသူများက ပြန်လည်ပြောကြားသည်။ ထို့ပြင် တရုတ်နိုင်ငံက ငွေကြေးကစားနေကြောင်းကိုလည်း ဝေဖန်ထောက်ပြသည်။ ထိုသို့ ငွေကြေးကစားနေခြင်းသည် ကုန် သွယ်ရေးစစ်ပွဲ (Trade wars) ကို ကြောက်ရွံ့သော လွတ်လပ်သော ကုန်သွယ်ရေးကို ထောက်ခံသူများ၏ လက်တုံ့ပြန်မှုကို ဂရုမစိုက်သောကြောင့်သာ ဆောင်ရွက်နေသည်ဟူ၍လည်း ပြောဆိုဝေဖန်ကြသည်။

**အမေရိကန်ကို ချေမှုန်းသူနှင့် တတိယကမ္ဘာ့နိုင်ငံများ**

"အမေရိကန်ရဲ့ ကုန်သွယ်ဖက်နိုင်ငံတွေ (Trading partners) က အမေရိကန်ကို သနားကြင်နာခြင်း မရှိဘဲချေမှုန်းနေပါတယ်။ အဲဒီအချိန်မှာပဲ တတိယကမ္ဘာနိုင်ငံတွေ (Third World nations) က အမေရိကန်ကုမ္ပဏီတွေကို ခယဝပ်တွားနေပြန်ပါတယ်။ နာမည်ကြီး အထက်တန်းဘောလုံးပွဲကို ဦးဆောင်ကြွေးကြော် အားပေးနေသူတွေနဲ့တူနေပါတယ်။ သူတို့က ဘာဖြစ်လို့ အမေရိကန်နိုင်ငံမှာ နေကြတာလဲ၊ သူတို့ကို အမေရိကန်က ဘယ်တော့ မောင်းထုတ်မှာလဲ" စသည်ဖြင့် တတိယကမ္ဘာ့နိုင်ငံက မေးခွန်းထုတ်နေသည်။ ထို့ပြင် သဘာဝ ပတ်ဝန်းကျင် ကာကွယ်ရေး အေဂျင်စီနှင့် လုပ်ငန်းခွင်အန္တရာယ်ကင်း ကျန်းမာရေးဌာန (EPA and OSHA)၏ လုပ်ငန်းဆိုင်ရာ စစ်ဆေးကြည့်ရှုမှုများပြားသောနိုင်ငံတွင် အဘယ်ကြောင့် လာရောက်နေထိုင်ကြပါသနည်း။ အနိမ့်ဆုံး လုပ်ခသတ်မှတ်ချက်နှင့် လုပ်ငန်းခွန် (Corporate tax) မြင့်မားလွန်းသောနိုင်ငံတွင် အဘယ်ကြောင့် လာရောက်နေထိုင်ကြပါသနည်း ဟူ၍လည်း မေးခွန်းထုတ်နေကြသည်။ ထို့ပြင် တတိယကမ္ဘာ့နိုင်ငံများ၏ နွားနို့ကို အလကားနီးနီးရရှိနေသည့်တိုင် အမေရိကန် နွားမကို အဘယ်ကြောင့် ဝယ်ယူလိုကြပါသနည်းဟုလည်း မေးမြန်းနေသည်။

လွတ်လပ်သော ကုန်သွယ်ရေးအတွက် အဓိကအားနည်းချက်မှာ နိုင်ငံများသည် ပင်ကိုအားဖြင့် လူမျိုးစွဲကြီးပြီး ကော်ပိုရေးရှင်းကြီးများသည် ပင်ကိုအားဖြင့် လောဘကြီးကြခြင်းဖြစ်သည်။ ပြဿနာမှာ နိုင်ငံရေးသမားများသည် လွတ်လပ်သော ကုန်သွယ်ရေးအကြောင်း အာဝဇ္ဇန်းရွှင်ရွှင်နှင့် ပြောဆိုခြင်းဖြစ်သည်။ ထို့ပြင် ၎င်းတို့သည် ပကတိအရှိတရားကို မမြင်တော့ဘဲ စိတ်ကူးယဉ်အိပ်မက်ကို စွဲလမ်းနှစ်သက်နေကြတော့သည်။ အမေရိကန်နိုင်ငံရှိ Rushmore တောင်နံရံတွင် ထွင်းထုထားသော အမေရိကန်သမ္မတဟောင်းလေးဦး၏ ရုပ်တုများ (Four men on Mount Rushmore) က ပကတိအခြေအနေ (Reality) ကို သတိပေးပြောကြားနေသည်။

**အမှားမကင်းသည့် လွတ်လပ်စွာ ကုန်သွယ်မှုနှင့် အလုပ်အကိုင်ရရှိမှု အလားအလာ**

"ကျွန်တော်တို့ဟာ နိုင်ငံခြားကုမ္ပဏီတွေကို ခွင့်ပြုခဲ့ပါတယ်။ ကျွန်တော်တို့ဟာ သူတို့ကုန်ပစ္စည်းတွေကို ထောက်ပံ့ကြေးပေးဖို့၊ သူတို့နိုင်ငံတို့ရဲ့ ငွေကြေးတန်ဖိုးတွေကို လျှော့ချဖို့၊ သူတို့ရဲ့ သဘောတူညီချက်တွေကို ဖောက်ဖျက်ဖို့၊ သူတို့က ကျွန်တော်တို့ကို နည်းမျိုးစုံနဲ့ လှည့်စားဖို့အတွက် နိုင်ငံခြားကုမ္ပဏီတွေကို ခွင့်ပြုခဲ့ပါတယ်။ ဒါပေမဲ့ ကျွန်တော်တို့ရဲ့ နိုင်ငံရေးသမားတွေက ဒါတွေကို ဘာမှ မသိခဲ့ပါဘူး" ဟူ၍ ၂၀၁၆ ခုနှစ်၊ ဇွန်လ မဲဆွယ်စည်းရုံးရေးမိန့်ခွန်းတွင် ဒေါ်နယ်ထရမ့်က ပြောကြားခဲ့သည်။ ထရမ့်၏ ပြောကြားချက်များသည် မှန်ကန်ကြောင်း၊ လက်ရှိအချိန်တွင် ပို၍မှန်ကန်ကြောင်း၊ ထရမ့်က ပြည်သူများအား ပကတိအခြေအနေသစ် (New reality) ကို မြင်နိုင်ရန် မျက်စိဖွင့်ပေးခြင်းဖြစ်ကြောင်း၊ လွတ်လပ်သော ကုန်သွယ်ရေးသည်လည်း အမှားမကင်းနိုင်ကြောင်း စသည်ဖြင့် ထရမ့်ကို ထောက်ခံကြသည်။

ပြည်ပနိုင်ငံများသို့ သွားရောက်ရင်းနှီးမြှုပ်နှံသော စက်မှုလုပ်ငန်းများရှိ အလုပ်အကိုင်များ (Manufacturing jobs ) သည် အမေရိကန်နိုင်ငံသို့ ပြန်လည် ရောက်ရှိလာတော့မည်မဟုတ်ပေ။ စက်မှုလုပ်ငန်းသည် အမေရိကန်၏ ကျဆင်းနေသော လုပ်ငန်း (Sunset industry) ဖြစ်သည်။ သို့သော်လည်း သမ္မတ တာဝန်ယူသည့် အချိန်တွင် အဆိုပါစက်မှုလုပ်ငန်းနှင့် အလုပ်အကိုင်များ အမေရိကန်တွင် ပြန်လည် တိုးတက်လာနိုင်သည်။ အဘယ်ကြောင့်ဆိုသော် ထရမ့်သမ္မတတာဝန်မယူရသေးသည့်အချိန်တွင် အမေရိကန်စီးပွားရေး တက်ရိပ်ပြနေသောကြောင့် ဖြစ်သည်။

မည်သို့ပင်ဖြစ်စေကာမူ အမေရိကန်၏ မြန်မြန်ဆုံးဖြတ်သော အပြုအမူ (Ill - advised flirtation) နှင့် အမှားမကင်းသည့် လွတ်လပ်စွာ ကုန်သွယ်မှု (Failed Free trade) တို့ကို စောင့်ကြည့်ရပေဦးမည်။

**Source: americaneconomicalert.org**

# စာတ်ဆီ/ဒီဇယ်

## ဒီတစ်ပတ် ဒီဇယ်အဝင်ပိုပြီး ဓာတ်ဆီအဝင်လျော့

ဇန်နဝါရီ၂၉ ရက်မှ ဖေဖော်ဝါရီ ၄ ရက်အထိ သီတင်းပတ်အတွင်း ကန်ဒေါ်လာ ၆၀၈၈၇၃၄၇ တန်ဖိုးရှိ ဒီဇယ် ၇၉၀၇၈ဒသမ ၄၃၂တန်နဲ့ ကန်ဒေါ်လာ ၂၁၀၀၂၅၇၇ တန်ဖိုးရှိဓာတ်ဆီ ၁၂၅၀၀ ဒသမ ၆၈၉ တန်၊ စုစုပေါင်း၉၁၅၇၉ဒသမ ၁၂၁တန်ကို ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့ပါတယ်။ ယခင်သီတင်းပတ်က ဒီဇယ်တင်သွင်းတန်ချိန် ၆၂၀၀၀ ကျော်နဲ့နှိုင်းယှဉ်ရင် တန်ချိန် ၁၆၉၇၀ ကျော်အဝင်ပိုခဲ့ပြီး ယခင်သီတင်းပတ်ဓာတ်ဆီတင်သွင်းတန်ချိန် ၂၃၅၀၀ ကျော်နဲ့ နှိုင်းယှဉ်ရင် တန်ချိန် ၁၁၀၀၀ ကျော် အဝင်လျော့ခဲ့ပါတယ်။ ဒါကြောင့် ဒီတစ်ပတ်မှာ ဒီဇယ်အဝင်ပိုပြီး ဓာတ်ဆီအဝင်လျော့ခဲ့ပါတယ်။

**ရန်ကုန်ဈေးကွက်မှာ** ဓာတ်ဆီရော၊ ဒီဇယ်ပါ ပုံမှန်အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ပုဂ္ဂလိကစက်သုံးဆီဆိုင်များမှာဒီဇယ်၊ အဆင့်မြင့်ဒီဇယ်၊ အောက်တိန်း (95) နဲ့ (92) ဈေးအနည်းငယ်မြင့်လာတယ်လို့ သိရပါတယ်။ ဒီတစ်ပတ် ပုဂ္ဂလိကစက်သုံးဆီဆိုင်မှာ ရောင်းချနေတဲ့ တစ်လီတာ ဈေးနှုန်းများမှာ ဒီဇယ် ၇၀၅ကျပ်၊ အောက်တိန်း (92) ၇၁၅ ကျပ် ၊ အောက်တိန်း (95) ၇၅၅ကျပ်၊ အဆင့်မြင့်ဒီဇယ် ၇၂၅ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါ တယ်။ ပြင်ပလက်လီဆိုင်များမှာ အရောင်းအဝယ်ဖြစ်နေတဲ့ ပီပါဈေးများမှာ ဖေဖော်ဝါရီ ၆ရက်မှာ ဒီဇယ်ဝယ်ဈေး ကျပ် ၁၄၀၀၀၀၊ ရောင်းဈေး ကျပ်၁၄၅၀၀၀နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ရာ ၉ ရက်တွင် ဝယ်ဈေး ကျပ် ၁၀၀၀ ဈေးမြင့်ခဲ့သော်လည်း ရောင်းဈေး ဈေးငြိမ်ခဲ့တယ်လို့ သိရပါတယ်။ ဖေဖော်ဝါရီ ၆ ရက်မှာ ဓာတ်ဆီဝယ်ဈေး ကျပ် ၁၃၈၀၀၀၊ ရောင်းဈေး ကျပ် ၁၄၂၀၀၀ နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ရာ ဖေဖော်ဝါရီ ၉ ရက်တွင် ဝယ်ဈေး ကျပ် ၁၄၀၀၀၀၊ ရောင်းဈေး ကျပ် ၁၄၅၀၀၀နဲ့ အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရပါတယ်။ ယခင်တစ်ပတ်ဈေးနဲ့နှိုင်းယှဉ်ရင် ဒီဇယ်ရော၊ ဓာတ်ဆီပါ ဈေးအနည်းငယ်မြင့်ခဲ့တယ်လို့သိရပါတယ်။ ပြင်ပလက်လီ တစ်ဂါလံဈေးများမှာ ဒီဇယ်တစ်ဂါလံကျပ် ၃၀၀၀ ၊ ဓာတ်ဆီတစ်ဂါလံကျပ် ၃၁၀၀ နဲ့အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။

**မန္တလေးဈေးကွက်မှာ** ဓာတ်ဆီ၊ ဒီဇယ်က ပုံမှန်အရောင်းအဝယ်ရှိနေပါတယ်။ ပုဂ္ဂလိကဆိုင်များတွင် ဓာတ်ဆီ၊ ဒီဇယ်၊ အဆင့်မြင့်ဒီဇယ်နဲ့ အောက်တိန်းမှာ ဈေးငြိမ်ခဲ့တယ်လို့သိရပါတယ်။ ပုဂ္ဂလိကစက်သုံးဆီဆိုင်မှာ ရောင်းချနေတဲ့ တစ်လီတာဈေးနှုန်းများမှာ ဓာတ်ဆီ တစ်လီတာ ၆၄၅ကျပ်၊ ဒီဇယ် ကျပ် ၇၁၀၊အဆင့်မြင့်ဒီဇယ် ၇၅၅ ကျပ်၊ အောက်တိန်း (92) ၇၅၅ ကျပ်နဲ့ ရောင်းချနေပါတယ်။ ပြင်ပလက်လီဆိုင်များမှာ အရောင်းအဝယ်ဖြစ်နေတဲ့ပီပါ ဈေးများမှာ ဖေဖော်ဝါရီ ၆ ရက်မှာ ဒီဇယ် ဝယ်ဈေးကျပ်၁၄၅၀၀၀၊ ရောင်းဈေး ကျပ် ၁၄၈၀၀၀နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ရာ ၉ ရက်တွင် ဝယ်ဈေး ကျပ်၁၄၈၀၀၀၊ ရောင်းဈေး ကျပ် ၁၅၀၀၀၀ နဲ့အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရပါတယ်။ ဓာတ်ဆီဈေးမှာ ဖေဖော်ဝါရီ၆ရက်တွင်ဝယ်ဈေး ကျပ် ၁၃၃၀၀၀၊ ရောင်းဈေး ကျပ် ၁၃၆၀၀၀ နဲ့အရောင်းအဝယ်ဖြစ်ခဲ့ရာ ဖေဖော်ဝါရီ ၉ ရက်တွင် ဝယ်ဈေး ကျပ်၃၀၀၀၊ ရောင်းဈေး ကျပ်၂၀၀၀ ဈေးမြင့်ပြီး အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရပါတယ်။ ပြင်ပလက်လီဆိုင်များရဲ့ တစ်ဂါလံ ဈေးမှာ ဒီဇယ် ကျပ်၃၁၀၀၊ ဓာတ်ဆီ ကျပ်၂၉၀၀ နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။

**မော်လမြိုင်ဈေးကွက်မှာ** ဓာတ်ဆီ၊ ဒီဇယ်က ပုံမှန်အရောင်းအဝယ်ဖြစ်တယ်လို့သိရပါတယ်။ ဒီတစ်ပတ်ဓာတ်ဆီ၊ ဒီဇယ်နဲ့အောက်တိန်းမှာ ဈေးအနည်းငယ်မြင့်လာတယ်လို့ သိရပါတယ်။ ဒီတစ်ပတ် ပုဂ္ဂလိကဆိုင်မှာ ရောင်းချနေတဲ့ တစ်ဂါလံဈေးများမှာ ဓာတ်ဆီ ကျပ်၃၃၀၀၊ ဒီဇယ် ကျပ် ၃၃၇၅၊ အောက်တိန်း ၃၄၂၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ပြင်ပလက်လီဆိုင်များမှာ ဓာတ်ဆီတစ်ဂါလံ ကျပ် ၃၃၀၀၊ ဒီဇယ် တစ်ဂါလံ ကျပ်၃၄၀၀၊ အောက်တိန်း တစ်ဂါလံ ၃၄၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။

**တောင်ကြီးဈေးကွက်မှာ** ပုဂ္ဂလိကစက်သုံးဆီဆိုင်ရဲ့ ဓာတ်ဆီ၊ ဒီဇယ်မှာ ဈေးငြိမ်နေတယ်လို့ သိရပါတယ်။ ဒီတစ်ပတ် ပုဂ္ဂလိကဆိုင်မှာ ရောင်းချနေတဲ့ တစ်ဂါလံဈေးနှုန်းများမှာ ဓာတ်ဆီတစ်ဂါလံ ၃၄၀၀ကျပ်၊ ဒီဇယ်တစ်ဂါလံ ၃၄၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့သိရပါတယ်။ ပြင်ပ လက်လီဆိုင်များမှာ ဓာတ်ဆီတစ်ဂါလံ ၃၄၀၀ ကျပ်၊ ဒီဇယ်တစ်ဂါလံ ၃၄၀၀ ကျပ်နဲ့အရောင်းအဝယ် ဖြစ်နေတယ်လို့ သိရှိရပါတယ်။

**MIRT-DOT**

# ငွေလဲနှုန်းများ ပြန်လည်မြင့်တက်လာ

ပြီးခဲ့သည့်ရက်သတ္တပတ်များက ကျဆင်းခဲ့သည့် ငွေလဲနှုန်းများသည် ယခုတစ်ပတ်တွင် ပြန်လည်မြင့်တက်လာခဲ့သည်။ တစ်ပတ်အတွင်း ၁၁ ကျပ်မြင့်တက်ခဲ့သဖြင့် ဈေးကွက်အတွင်း လှုပ်လှုပ်ခတ်ခတ်ဖြစ်ခဲ့သည်။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ရက်သတ္တပတ်တစ်ပတ်အဖွင့်ဈေးမှာ ကျပ် ၁၃၅၀ ဖြစ်သော်လည်း ဖေဖော်ဝါရီ ၈ ရက်တွင် ကျပ် ၁၃၆၀ သို့ မြင့်တက်ခဲ့သည်။

ဗဟိုဘဏ်၏ရည်ညွှန်းငွေလဲနှုန်းများ မြင့်တက်ခဲ့သဖြင့် ပုဂ္ဂလိကဘဏ်များနှင့် ပုဂ္ဂလိကငွေလဲစင်တာများ၏ ငွေလဲနှုန်းများလည်းမြင့်တက်ခဲ့ကြောင်း၊ နိုင်ငံတကာတွင်လည်း အမေရိကန်ဒေါ်လာနှင့်လဲလှယ်နှုန်းများ မြင့်တက်လျက်ရှိသဖြင့် ပြည်တွင်း၌ ယခုကဲ့သို့ မြင့်တက်လာရခြင်းဖြစ်ကြောင်း ငွေလဲစင်တာတစ်ခုမှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။ ယခုတစ်ပတ် ငွေလဲနှုန်းသည် အမြင့်ဆုံးဈေးအဖြစ် ဖေဖော်ဝါရီ ၈ ရက်တွင် ကျပ် ၁၃၇၀ အထိ ရောက်ရှိခဲ့ပြီး နောက်ရက်များတွင် အနည်းငယ်ပြန်လည်ကျဆင်းခဲ့သည်။

“ငွေလဲနှုန်းမြင့်တက်လာတဲ့အတွက် ဈေးကစားတာမျိုးတွေ မဖြစ်အောင် ထိန်းပေးဖို့လိုပါတယ်။ နိုင်ငံတကာမှာတက်လို့ ဒီမှာလိုက်တက်တယ်ဆိုပေမယ့် အများကြီးတက်တာမျိုးကတော့ ကုန်သည်တွေအတွက် အဆင်မပြေပါဘူး”ဟု ကုမ္ပဏီလုပ်ငန်းရှင်တစ်ဦးက သုံးသပ်ခဲ့သည်။ ဖေဖော်ဝါရီ ၆ ရက် အမေရိကန် တစ်ဒေါ်လာလျှင် ရောင်းဈေး ၁၃၅၈ ကျပ်၊ ဝယ်ဈေး ၁၃၅၄ ကျပ်ရှိ ခဲ့သော်လည်း ဖေဖော်ဝါရီလ ၁၀ ရက်တွင် ရောင်းဈေး ၁၃၆၉ ကျပ်၊ ဝယ်ဈေး ၁၃၆၆ ကျပ်သို့ မြင့်တက်ခဲ့သည်။

**မယ်သီတာ**

# ပြည်တွင်းရွှေဈေး ကျပ်ကိုးသိန်းအထိ ရောက်ရှိလာ

တရုတ်နှစ်သစ်ကူးကာလတွင် ရွှေအရောင်းအဝယ်များအေးခဲ့ပြီး ဈေးကျဆင်းခဲ့သည့် ပြည်တွင်းရွှေဈေးများသည် ကမ္ဘာ့ရွှေဈေးမြင့်တက်မှုနှင့်အဝယ်လိုက်လာမှုများကြောင့် ဈေးများမြင့်တက်ခဲ့ကာ အမြင့်ဆုံးဈေးအဖြစ် ကျပ်ကိုးသိန်းအထိ ရောက်ရှိခဲ့ကြောင်း ရွှေဈေးကွက်အတွင်းမှသိရှိရသည်။

ထို့ပြင် ယခုရက်ပိုင်းအတွင်း ထွက်ပေါ်လာခဲ့သည့် အခွန်သုံးရာခိုင်နှုန်းကိစ္စကြောင့် ပြည်တွင်း၌ ရွှေဝယ်သူများ ယခင်ကထက်ပိုမိုများပြားလာခဲ့ကြောင်း၊ ရွှေဈေးဆက်လက်မြင့်တက်နိုင်သည်ဟူသည့် သုံးသပ်ချက်ကြောင့်လည်း ရွှေဝယ်သူများ ပိုမိုများပြားလာခဲ့ခြင်းဖြစ်ကြောင်း၊ အခွန် သုံးရာခိုင်နှုန်းစနစ်သည် လာမည့်ဧပြီ ၁ ရက်တွင်စတင်မည်ဖြစ်သဖြင့် ယင်းနေ့မတိုင်မီ ရွှေဝယ်ထားကြခြင်းဖြစ်ကြောင်း ရွှေကုန်သည် တစ်ဦးက သုံးသပ်ခဲ့သည်။

“ကမ္ဘာ့ရွှေဈေးတက်လာတဲ့အချိန်မှာ အခွန်သုံးရာခိုင်နှုန်းကိစ္စကြောင့် အဝယ်တွေလိုက်လာပြီး ဈေးတွေ မြင့်တက်လာရတာဟာ ကောင်းတဲ့လက္ခဏာ မဟုတ်ပါဘူး။ ရွှေဝယ်သူတွေအတွက် ထပ်ဆင့်ရင်းရမယ့်ကိစ္စဖြစ်နေတော့ နောက်ပိုင်းဆိုရင် ဈေးကွက်အေးသွားမယ့်အဖြစ်မျိုးနဲ့ ကြုံလာရနိုင်ပါတယ်”ဟု ရွှေကုန်သည် ဦးစံမြင့်ကဆိုသည်။ ပြည်တွင်းရွှေဈေးကွက်တွင် ဖေဖော်ဝါရီ ၆ ရက်က အခေါက်ရွှေ တစ်ကျပ်သားလျှင် ကျပ် ၈၈၂၀၀၀ ရှိခဲ့ရာမှ ဖေဖော်ဝါရီ ၉ ရက်တွင် ကျပ်ကိုးသိန်းသို့မြင့်တက်ခဲ့သည်။ ဖေဖော်ဝါရီ ၁၁ ရက်တွင် ကျပ် ၈၉၀၀၀၀ သို့ အနည်းငယ်ပြန်လည်ကျဆင်းခဲ့သည်။ ကမ္ဘာ့ရွှေဈေးသည် ဖေဖော်ဝါရီ ၆ ရက်က တစ်အောင်စလျှင် ၁၂၂၄ ဒေါ်လာရှိခဲ့ရာမှ ဖေဖော်ဝါရီ ၉ ရက်တွင် ၁၂၄၁ ဒေါ်လာသို့ မြင့်တက်သွားခဲ့သည်။

**မယ်သီတာ**

### ပထမပုဂ္ဂလိကဘဏ်၏အစုရှယ်ယာဈေးကျဆင်းလာသဖြင့် ပထမပုဂ္ဂလိကဘဏ်က အစုရှယ်ယာရှင်များသို့ ကြေညာချက်တစ်ရပ်ထုတ်ပြန်

ရက်သတ္တနှစ်ပတ်ကြာ ဈေးကျဆင်းလျက်ရှိသည့် ပထမပုဂ္ဂလိကဘဏ်၏ အစုရှယ်ယာဈေးနှုန်းများသည် ကြမ်းခင်းဈေးအောက်သို့ ကျဆင်းလျက်ရှိနေသဖြင့် ပထမပုဂ္ဂလိကဘဏ်လီမိတက်က အစုရှယ်ယာရှင်များသို့ ကြေညာချက်တစ်ရပ်ကို ထုတ်ပြန်ခဲ့ကြောင်း သိရသည်။ အဆိုပါကြေညာချက်တွင် ပထမပုဂ္ဂလိကဘဏ်အနေဖြင့် အစုရှင်များငွေလိုလျှင် ငွေဖော်နိုင်ရန်နှင့် စတော့ရှယ်ယာဈေးကွက်ကို ပံ့ပိုးနိုင်ရန်ဟူသည့် ရည်ရွယ်ချက်များဖြင့် YSX သို့ ဝင်ရောက်ခဲ့ခြင်းဖြစ်ကြောင်း၊ သို့သော် ဈေးကစားလျက်ရှိသည့် စီးပွားရေးသမားတစ်စုကြောင့် ပထမပုဂ္ဂလိကဘဏ်၏ အစုရှယ်ယာဈေးမှာ မူလသတ်မှတ်ထားသည့် ကျပ် ၃၉၀၀၀ မှ ကျပ် ၉၀၀၀ကျဆင်းကာ ကျပ် ၃၀၀၀၀ သို့ရောက်ရှိခဲ့ကြောင်း၊ ဘဏ်အနေဖြင့် ရှယ်ယာဈေးနှုန်း တည်ငြိမ်စေရန် စီစဉ်လုပ်ဆောင်လျက်ရှိပါကြောင်း၊ အစုရှယ်ယာရှင်များအနေဖြင့် ငွေလိုလျှင် ငွေဖော်ရန်ဖြစ်သော်လည်း စီးပွားရေးသမားများ၏ အမြတ်ထုတ်မှုမှ ကင်းဝေးစေရန် အမြတ်အနည်းငယ်ရရှိရုံဖြင့် ရှယ်ယာများ ရောင်းချခြင်းထက် ဈေးနှုန်းတည်ငြိမ်လာစေရေးအတွက် ငွေလိုအပ်ချက်ရှိမှသာ ရောင်းချခြင်းဖြင့် ကူညီပံ့ပိုးပေးကြပါရန် မေတ္တာရပ်ခံပါကြောင်းဖြင့် ဖော်ပြထားသည်။ပထမပုဂ္ဂလိကဘဏ်၏ ရှယ်ယာဈေးနှုန်းများသည် ယခုတစ်ပတ်တွင် ကျပ် ၃၀၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း သိရသည်။

**မယ်သီတာ**

## Currency Exchange Rate

February 10, 2017

Base Currency is United States Dollar - USD

| Currency Unit | Units per USD |
|---|---|
| AUD Australia Dollars | 1.31 |
| BDT Bangladesh Taka | 79.95 |
| CAD Canada Dollars | 1.31 |
| CNY China Yuan Renminbi | 6.88 |
| EUR Euro | 0.94 |
| H KD Hong Kong Dollars | 7.76 |
| I NR India Rupees | 66.83 |
| I DR Indonesia Rupiahs | 13312.90 |
| JPY Japan Yen | 113.62 |
| MYR Malaysia | 4.45 |
| PKR Pakistan Rupees | 104.78 |
| PHP Philippines Pesos | 49.90 |
| RUB Russia Rubles | 58.71 |
| SGD Singapore Dollars | 1.42 |
| KRW South Korea Won | 1148.29 |
| LKR Sri Lanka Rupe | 150.97 |
| THB Thailand Baht | 35.07 |
| GBP United Kingdom Pounds | 0.80 |
| VND VietnamDon | 22710.80 |

*Source:xe.com*

## World Gold Price

February, 2017 (USD/OZ)

| Date | NY | London | Zurich |
|---|---|---|---|
| 6 | 1219 | 1221 | 1221 |
| 7 | 1227 | 1229 | 1229 |
| 8 | 1231 | 1233 | 1233 |
| 9 | 1238 | 1239 | 1240 |
| 10 | 1221 | 1223 | 1224 |

## Domestic Gold Price

Kyats(Thousand)

| Date | Yangon | Mandalay |
|---|---|---|
| 6-2-2017 | 881.50 | 881.30 |
| 7-2-2017 | 887.00 | 887.00 |
| 8-2-2017 | 890.00 | 889.30 |
| 9-2-2017 | 896.00 | 896.20 |
| 10-2-2017 | 889.00 | 889.00 |

## နယ်စပ်ငွေလဲလှယ်နှုန်း

ဖေဖော်ဝါရီလ ၂၀၁၇ (1US$)

| ရက် | တရုတ် (ယွမ်) | ထိုင်း (ဘတ်) | ဘင်္ဂလားဒေ့ရှ် (တာကာ) | အိန္ဒိယ (ရူပီး) |
|---|---|---|---|---|
| 6 | 6 .86 | 35.05 | 79.70 | 67.18 |
| 7 | 6. 88 | 35.04 | 79.85 | 67.40 |
| 8 | 6 88 | 35.02 | 79.90 | 67.01 |
| 9 | 6 .87 | 35.07 | 79.95 | 66.74 |
| 10 | 6.88 | 35.07 | 79.95 | 66.83 |

## World Metal Price (US$)

| Date | Silver/Oz | Zinc/Ton | Aluminium/Ton | Copper/Ton | Platinum/Oz |
|---|---|---|---|---|---|
| 6-February | 17.52 | 2790.82 | 1843.52 | 5866.11 | 1003.00 |
| 7-February | 17.56 | 2794.40 | 1844.64 | 5867.68 | 1004.00 |
| 8-February | 17.63 | 2858.91 | 1854.72 | 5989.76 | 1005.00 |
| 9-February | 17.57 | 2894.98 | 1848.90 | 5920.77 | 1003.00 |
| 10-February | 17.55 | 2903.26 | 1854.94 | 5938.46 | 999.00 |

Source:kitco.com

## Energy NYMEX

10-2-2017

| | Price | Change | Change % |
|---|---|---|---|
| WTI Crude Future (USD/bbl.) | 53.53 | 0.53 | 1.00 |
| Brent Crude Futr (USD/bbl) | 56.27 | 0.64 | 1.15 |
| Gasoline Rbob Fut (Cent/gal) | 159.04 | 2.02 | 1.29 |
| Natural Gas Futr (USD/MMBtu) | 3.05 | -0.09 | -2.83 |
| Heating Oil Futr (Cent/gal) | 165.39 | 1.24 | 0.76 |

## ဘိလပ်မြေ



### ဒီတစ်ပတ်ဘိလပ်မြေအဝင်ပို

ဇန်နဝါရီ ၂၉ ရက်မှ ဖေဖော်ဝါရီ ၄ရက်အထိ သီတင်းပတ်အတွင်း ကန်ဒေါ်လာ ၁၁၁၀၉၂၅တန်ဖိုးရှိ ဘိလပ်မြေ ၁၅၉၃၆ဒသမ ၆၅၅တန်ကို ပင်လယ်ရေကြောင်း ကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့ပါတယ်။ ဒီတစ်ပတ် တရုတ်နိုင်ငံမှ ၂၂၄ တန်၊ မလေးရှားနိုင်ငံမှ ၈၀၂၅ တန်၊ ထိုင်းနိုင်ငံမှ ၇၆၈၇ဒသမ ၆၅၅ တန်ကိုတင်သွင်းခဲ့တယ်လို့သိရပါတယ်။ ယခင်သီတင်းပတ်က တင်သွင်းခဲ့တဲ့ တန်ချိန် ၅၀နဲ့ နှိုင်းယှဉ်ရင် တန်ချိန် ၁၅၀၀၀ ကျော် အဝင်ပိုခဲ့တယ်လို့ သိရပါတယ်။

### ဘိလပ်မြေဈေးကွက် အရောင်းသွက်

ဇန်နဝါရီ ၂၉ ရက်မှ ဖေဖော်ဝါရီ ၄ရက်အထိ သီတင်းပတ်မှာ ပြည်တွင်းကို ရေလမ်းမှ ဘိလပ်မြေ တန်ချိန် ၁၅၉၀၀ ကျော် ဝင်ရောက်ခဲ့တယ်လို့ သိရပါတယ်။ ယခင်တစ်ပတ်ကဝင်ရောက်ခဲ့တဲ့ တန်ချိန် ၅၀နဲ့နှိုင်းယှဉ်ရင် တန်ချိန် ၁၅၀၀၀ ကျော် အဝင်ပိုခဲ့ပါတယ်။ ဒီတစ်ပတ်နယ်စပ်လမ်းမှ ဘိလပ်မြေ အဝင်မှာ တန်ချိန် ၂၅၆၅၀ ကျော်ရှိခဲ့ပြီး ယခင်တစ်ပတ်အဝင်မှာ တန်ချိန် ၃၁၁၂၀ ကျော်ရှိခဲ့တာ ကြောင့် ဒီတစ်ပတ်မှာ တန်ချိန် ၅၄၆၀ ကျော် အဝင်လျော့ခဲ့တယ်လို့ သိရပါတယ်။ ဒါကြောင့် ဒီတစ်ပတ်မှာ ရေလမ်းမှ အဝင်ပိုခဲ့ပြီး နယ်စပ်လမ်းမှ ဘိလပ်မြေ အဝင် လျော့ခဲ့ပါတယ်။

**ရန်ကုန်ဈေးကွက်မှာ** ဘိလပ်မြေအရောင်းအဝယ်သွက်တယ်လို့ သိရပါတယ်။ ဒီတစ်ပတ်ဈေးကွက်ထဲ ဆင်ဘိလပ်မြေ ပစ္စည်းပြတ်နေတယ်လို့ သိရပါတယ်။ မော်လမြိုင်ဆင်က ကျပ် ၁၀၀ ဈေးမြင့်လာပြီး ကျန်ဘိလပ်မြေများက ယခင်ဈေးနဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ အထိုင်ဈေးမှာ ဆင်(ထိုင်း)ကျပ် ၅၇၀၀၊ စိန်(ထိုင်း) ကျပ်၅၈၀၀၊ မော်လမြိုင်ဆင် ကျပ် ၅၄၀၀၊ ကြံ့နှစ်ကောင်(နီ) ကျပ် ၅၃၀၀၊ ကြံ့နှစ်ကောင် (စိမ်း) ကျပ် ၅၀၀၀ နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ ဘုရင့်နောင်ပွဲရုံတန်း အိမ်ဆောက်ပစ္စည်း ရောင်းဝယ်ရေးဆိုင်မှ သိရှိရပါတယ်။

**မော်လမြိုင်ဘိလပ်မြေဈေးကွက်မှာ** အရောင်းအဝယ်ပုံမှန်ရှိတယ်လို့ သိရပါတယ်။ ဒီတစ်ပတ် ကြံ့(မြိုင်ကလေး)ကကျပ်၁၅၀၊ စိန်က ၂၅ကျပ်ဈေးကျခဲ့ပြီး ဆင်က ၇၅ ကျပ်ဈေးမြင့်ခဲ့တယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ် ဖြစ်နေတဲ့ ဈေးမှာ ဆင်(ထိုင်း) ၅၃၇၅ ကျပ်၊ စိန်(ထိုင်း) ၅၃၇၅ ကျပ်၊ ကြံ့ (မြိုင်ကလေး) ကျပ် ၄၅၀၀ နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေးဆိုင်မှ စုံစမ်းသိရပါတယ်။

**တောင်ကြီးဘိလပ်မြေဈေးကွက်မှာ** ပွင့်လင်းရာသီဥတုကြောင့် အရောင်းအဝယ်သွက်ပြီး ဒီတစ်ပတ်မှာလည်း ဈေးငြိမ်နေတယ်လို့သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ စိန်(ထိုင်း) ကျပ်၆၄၀၀၊ အပါချီ ကျပ် ၄၂၀၀၊ ကမ္ဘောဇ ကျပ် ၄၂၀၀၊ နဂါးကျပ် ၄၅၀၀၊ ဆင်(ထိုင်း) ကျပ် ၆၃၀၀ နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေးဆိုင်မှ စုံစမ်းသိရပါတယ်။

**သီတာဝင်း (DOT) စုစည်းသည်**

## ဓာတ်မြေသြဇာ

### မြေသြဇာ ဆက်တိုက်အဝင်လျော့

ဇန်နဝါရီ ၂၉ ရက်မှ ဖေဖော်ဝါရီ ၄ရက်အထိ သီတင်းပတ်အတွင်း ကန်ဒေါ်လာ ၈၄၅၄၂၄တန်ဖိုးရှိမြေသြဇာ ၃၁၆၀ဒသမ ၆၈၉တန်ကိုပင်လယ်ရေကြောင်း ကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့ပါတယ်။ ဒီတစ်ပတ် ကနေဒါနိုင်ငံမှ တန်ချိန်၅၀၀၊ တရုတ်နိုင်ငံမှ ၆၁၉ ဒသမ ၄၈၉တန်၊ အိန္ဒိယနိုင်ငံမှ ၇ ဒသမ ၅၀တန်၊ အီရန်နိုင်ငံမှ ၁၀၄ တန်၊ ဂျပန်နိုင်ငံမှ ၅၄ တန်နဲ့ ထိုင်းနိုင်ငံမှ ၁၈၇၅ ဒသမ၇၀တန် တင်သွင်းခဲ့ပါတယ်။ တင်သွင်းခဲ့တဲ့ အမျိုးအစားများမှာ ပိုတက်၊ အမိုးနီးယားဆာလဖိတ်၊ ဩဂဲနစ်၊ နိုက်တြိုဂျင်၊ ဓာတ်ဆား၊ အာမိုနဲ့ ကွန်ပေါင်းတို့ဖြစ်ပါတယ်။ ယခင်သီတင်းပတ်က တင်သွင်းခဲ့တဲ့ တန်ချိန် ၇၁၃၀ကျော်နဲ့ နှိုင်းယှဉ်ရင်တန်ချိန် ၃၉၇၀ ကျော် တင်သွင်းမှု လျော့နည်းခဲ့တယ်လို့ သိရပါတယ်။

### မော်လမြိုင်နဲ့ မကွေးမှာ မြေသြဇာအရောင်းအေး

ဇန်နဝါရီ ၂၉ ရက်မှ ဖေဖော်ဝါရီ ၄ရက်အထိ သီတင်းပတ်အတွင်း ပြည်တွင်းသို့ ရေလမ်းမှ မြေသြဇာ တန်ချိန် ၃၁၆၀ ကျော် အဝင်ရှိခဲ့ပြီး ယခင်သီတင်းပတ်က တန်ချိန် ၇၁၃၀ ကျော်ဝင်ခဲ့တာကြောင့် ဒီတစ်ပတ်မှာ တန်ချိန် ၃၉၇၀ ကျော် တင်သွင်းမှုလျော့ခဲ့တယ်လို့သိရပါတယ်။ နယ်စပ်လမ်းမှ ယခုတစ်ပတ် မြေသြဇာ အဝင်မှာ တန်ချိန် ၇၈၅၀ ကျော်ရှိခဲ့ပြီး ယခင်တစ်ပတ် အဝင်မှာ တန်ချိန် ၁၇၁၆၀ ကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာ တန်ချိန် ၉၃၁၀ကျော် အဝင်လျော့ခဲ့တယ်လို့သိရပါတယ်။ ဒါကြောင့် ဒီတစ်ပတ်မှာ ရေကြောင်းလမ်းရောနယ်စပ်လမ်းမှပါ မြေသြဇာအဝင်လျော့ခဲ့ပါတယ်။

**မော်လမြိုင်ဈေးကွက်မှာ** ဒီတစ်ပတ် အရောင်းအဝယ်က မရောင်းရသလောက်ကို အေးတယ်လို့ သိရပါ တယ်။ ဒီတစ်ပတ် ပုလဲ-အသေး(ရွှေတုံး၊ ရွှေပျား၊ ရွှေတောင်) က ကျပ် ၂၀၀ဈေး ကျပြီး ကျန်မြေသြဇာများက ယခင်ဈေး နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ ဈေးမှာ ပုလဲ-အသေး ၄၆% (ရွှေတုံး၊ ရွှေပျား၊ ရွှေတောင်-တရုတ်) ကျပ် ၂၁၂၀၀၊ ကွန်ပေါင်း (အစိမ်း) ၁၅း၁၅း၁၅ (ထိုင်း) ကျပ်၃၅၀၀၀၊ ကွန်ပေါင်း (ပန်းရောင်) ကျပ်၃၀၀၀၀၊ ကွန်ပေါင်း ၁၆း၁၆း၈ (မြင်းပျံ-ထိုင်း) ကျပ် ၂၁၀၀၀၊ တီစူပါ၄၆% (သံကွင်း-တရုတ်) ကျပ် ၂၀၅၀၀နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ စုံစမ်းရရှိခဲ့ပါတယ်။

**ရန်ကုန်ဈေးကွက်မှာ** အရောင်းအဝယ်ပုံမှန်ရှိပြီး ဈေးငြိမ်နေတယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ် ဖြစ်နေတဲ့ ဈေးမှာ ယူရီးယား (နေရွက်လှေ-တရုတ်) ကျပ် ၂၂၀၀၀၊ ယူရီးယား (ရွှေတောင်-တရုတ်) ကျပ် ၂၂၀၀၀၊ တီစူပါ (သံကွင်း-တရုတ်) ကျပ် ၂၂၅၀၀၊ ပိုတက်(အိန္ဒိယ) ကျပ် ၂၂၅၀၀၊ ကွန်ပေါင်း ၁၅း၁၅း၁၅ ကျပ် ၃၆၅၀၀ ဈေးရှိတယ်လို့ မြေသြဇာအရောင်းဆိုင်မှ စုံစမ်းသိရှိရပါတယ်။

**တောင်ကြီးဈေးကွက်မှာ** ဒီတစ်ပတ် အရောင်းပုံမှန်ရှိပြီး ယခင်ဈေးနဲ့ အရောင်း အဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်း အဝယ်ဖြစ်နေတဲ့ ဈေးမှာ (ကမ္ဘာလုံး-တရုတ်) ကျပ် ၂၃၀၀၀ ၊ ယူရီးယား(ရွှေတောင်-တရုတ်) ကျပ် ၂၃၀၀၀၊ ယူရီးယား (ပန်းဖူး-တရုတ်) ကျပ် ၂၄၅၀၀၊ တီစူပါ ၂၀% (တရုတ်) ကျပ် ၁၃၀၀၀ ၊ ပိုးသတ်ဆေး ကျပ်၁၉၀၀၀၊ တီစူပါ ၁၅ ပတ်လည် (တရုတ်) ကျပ် ၃၇၅၀၀၊ တီစူပါ ၁၀း၁၀း၅ (တရုတ်) ကျပ်၁၆၀၀၀၊ ဓာတ်ဆား(တရုတ်) ကျပ် ၁၄၀၀၀၊ ပိုတက် (တရုတ်) ကျပ် ၂၃၅၀၀၊ ယူရီးယား (ယူအေအီး) ကျပ် ၁၈၅၀၀၊ မြွားကမ္ဘာ ကျပ် ၁၆၀၀၀ ဈေးနဲ့အရောင်းအဝယ်ဖြစ်တယ်လို့ ဈေးကွက်အတွင်းမှ စုံစမ်းသိရပါတယ်။

**မကွေးဈေးကွက်မှာ** ဒီတစ်ပတ် ယူရီးယားမြေသြဇာက နည်းနည်းအဝယ်လိုက်ပြီး ကျန်မြေသြဇာများက အရောင်းအဝယ်အေးတယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ မြွားကမ္ဘာ-တရုတ်(၁၂း၁၃)အပြာ ကျပ် ၁၆၀၀၀၊ ဆင် ၁၀း၁၀း၅ ကျပ် ၁၅၂၀၀၊ သီးစုံ (ဝါစိမ်းပြာ) ကျပ် ၁၅၅၀၀၊ အာမို ၁၅း၁၅း၁၅ ကျပ် ၃၅၃၀၀၊ အာမို ၁၆း၁၆း၈ ကျပ် ၃၃၃၀၀၊ ယူရီးယား-ပုလဲ (ပန်းဖူး-တရုတ်) ကျပ် ၂၁၃၀၀၊ ယူရီးယား-ပုလဲ(ရွှေတောင်-တရုတ်) ကျပ် ၂၁၃၀၀၊ အာမို ၁၀း၁၀း၅ ကျပ် ၁၆၃၀၀၊ အောင်ကမ္ဘာ ၁၀း၁၀း၅ ကျပ် ၁၈၀၀၀၊ တီစူပါ ကျပ် ၁၅၇၀၀၊ တောင်သူမ ကျပ် ၁၅၁၀၀ နဲ့အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။

## နို့ဆီ /နို့မှုန့်

### ဒီတစ်ပတ် နို့ဆီတန်ချိန် ၃၀၀ ကျော်နဲ့ နို့မှုန့်တန်ချိန် ၆၀၀ ကျော်ဝင်

ဇန်နဝါရီလ ၂၉ ရက်မှဖေဖော်ဝါရီ ၄ ရက်အထိ သီတင်းပတ်အတွင်း ကန်ဒေါ်လာ၄၂၅၉၂၁တန်ဖိုးရှိ နို့ဆီ ၃၀၆ဒသမ ၄၃၂တန်ကို ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှတင်သွင်းခဲ့ပါတယ်။ ဒီတစ်ပတ် မာရီဂိုးနို့ဆီ ၈၇ဒသမ ၅၅၂တန်နဲ့ ဒွန်းနို့ဆီ ၂၁၈ဒသမ ၈၈တန် တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ်က တင်သွင်းခဲ့တဲ့ တန်ချိန် ၅၆၀ ကျော်နဲ့ နှိုင်းယှဉ်ရင် တန်ချိန် ၂၆၀ ကျော် အဝင် လျော့ခဲ့တယ်လို့ သိရပါတယ်။

ဒီတစ်ပတ် နို့မှုန့်အဝင်မှာ ဂျာမနီနိုင်ငံမှ သုညဒသမ ၄၁၀တန်၊ မလေးရှားနိုင်ငံမှ သုညဒသမ ၈၆၄ တန်၊ နယူးဇီလန်နိုင်ငံမှ ၅၂၂ဒသမ ၈၂၅တန်၊ မလေးရှားနိုင်ငံမှ ၉၃ဒသမ ၉၆၄တန်၊ အိုင်ယာလန်နိုင်ငံမှ ၃ ဒသမ၅၇တန်နဲ့ စင်ကာပူနိုင်ငံမှ ၉ဒသမ ၂၃၁ တန်၊ စုစုပေါင်း ၆၃၁ ဒသမ ၂၃၁ တန် တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ်က တင်သွင်းခဲ့တဲ့ တန်ချိန်၁၅၀ကျော်နဲ့ နှိုင်းယှဉ်ရင် တန်ချိန် ၄၉၀ကျော် အဝင်ပိုခဲ့တယ်လို့သိရပါတယ်။ ဒါကြောင့် ဒီတစ်ပတ်မှာ နို့ဆီအဝင်လျော့ပြီး နို့မှုန့်အဝင်ပိုခဲ့ပါတယ်။

### ကုန်သွယ်ရေးစခန်း/ဇုန်အလိုက် ဘိလပ်မြေတင်သွင်းမှုအခြေအနေ

| စဉ် | စခန်းအမည် | ယခုသီတင်းပတ် တင်သွင်းမှုတန်ချိန် ၂၈/၁ မှ ၃/၂ | ယခင်သီတင်းပတ် တင်သွင်းမှုတန်ချိန် ၂၁/၁ မှ ၂၇/၁ | နှိုင်းယှဉ်ချက် (ပို/လို) +/- | |
|---|---|---|---|---|---|
| ၁။ | မူဆယ် | ၁၄၅·၀၀ | ၅၁၂·၅၀ | (-) | ၃၆၇·၅၀ |
| ၂။ | လွယ်ဂျယ် | ၃၈၅·၀၀ | ၁၄၃၉·၀၀ | (-) | ၁၀၅၄·၀၀ |
| ၃။ | ချင်းရွှေဟော် | ၁၀၄·၇၅ | ၅၃၈·၅၀ | (-) | ၄၃၃·၇၅ |
| ၄။ | ကန်ပိုက်တီး | ၂၇၉၆·၀၀ | ၄၅၇၃·၀၀ | (-) | ၁၇၇၇·၀၀ |
| ၅။ | တာချီလိတ် | ၁၀၅၀၀·၀၀ | ၅၂၀၀·၀၀ | (+) | ၅၃၀၀·၀၀ |
| ၆။ | မြဝတီ | ၆၅၈·၁၀ | ၃၀၂·၃၀ | (+) | ၃၅၅·၈၀ |
| ၇။ | ကော့သောင်း | ၇၈၉၀·၀၀ | ၁၅၄၇၂·၀၀ | (-) | ၇၅၈၂·၀၀ |
| ၈။ | မြိတ် | ၃၁၇၅·၀၀ | ၃၀၈၅·၀၀ | (+) | ၉၀·၀၀ |
| | စုစုပေါင်း | ၂၅၆၅၃·၈၅ | ၃၁၁၂၂·၃၀ | (-) | ၅၄၆၈·၄၅ |

မော်မော်အောင်

### ကုန်သွယ်ရေးစခန်း/ဇုန်အလိုက် ဓာတ်မြေသြဇာတင်သွင်းမှုအခြေအနေ

| စဉ် | စခန်းအမည် | ယခုသီတင်းပတ် တင်သွင်းမှုတန်ချိန် ၂၈/၁ မှ ၃/၂ | ယခင်သီတင်းပတ် တင်သွင်းမှုတန်ချိန် ၂၁/၁ မှ ၂၇/၁ | နှိုင်းယှဉ်ချက် (ပို/လို) +/- | |
|---|---|---|---|---|---|
| ၁။ | မူဆယ် | ၃၁၈၇·၆၅၀ | ၁၀၆၀၀·၀၀၀ | (-) | ၇၄၁၂·၃၅ |
| ၂။ | လွယ်ဂျယ် | ၃၅·၂၀၀ | ၆၀·၅၀၀ | (-) | ၂၅·၃၀ |
| ၃။ | ချင်းရွှေဟော် | - | ၁၇၈·၀၀၀ | (-) | ၁၇၈·၀၀ |
| ၄။ | ကန်ပိုက်တီး | - | - | | - |
| ၅။ | မြဝတီ | ၂၁၃၂·၈၂၆ | ၂၀၈၅·၄၄၈ | (+) | ၄၇·၃၇၈ |
| ၆။ | ကော့သောင်း | ၁၀၀·၀၀၀ | ၂၄၃·၀၀၀ | (-) | ၁၄၃·၀၀၀ |
| ၇။ | မြိတ် | - | - | | - |
| ၈။ | ရိဒ် | ၂၄၀၀·၀၀၀ | ၄၀၀၀·၀၀၀ | (-) | ၁၆၀၀·၀၀ |
| | စုစုပေါင်း | ၇၈၅၅·၆၇၆ | ၁၇၁၆၆·၉၄၈ | (-) | ၉၃၁၁·၂၇၂ |

ခင်မိုးသူ

## နှမ်း

# တရုတ်နယ်စပ်မှ နှမ်းလျော့နည်းတင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိ ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းမှ ဇန်နဝါရီ၂၈ရက်မှ ဖေဖော်ဝါရီ ၃ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ သုည ဒသမ ၅၈၈ သန်းတန်ဖိုးရှိ နှမ်းရောင်စုံ၄၇၅တန်ကျော် တင်ပို့ခဲ့ပါတယ်။ တင်ပို့ခဲ့တဲ့နှမ်းရောင်စုံတွေကတော့ နှမ်းနက် ၃၉၆ တန်ကျော်၊ နှမ်းဖြူ၄၈တန်ကျော်နဲ့နှမ်းညို၃၁တန်ဖြစ်ပါတယ်။ ယခင် သီတင်းပတ်က ချင်းရွှေဟော်မှ ၁၂၁၂ တန်ကျော်နဲ့ မူဆယ်မှ ၃၉ တန်ခွဲ စုစုပေါင်း ၁၂၅၂ တန်ကျော် တင်ပို့နိုင်ခဲ့လို့ ယခုတစ်ပတ်မှာ တရုတ်နယ်စပ်မှ နှမ်း တန်ချိန် ၇၇၇ တန်ခန့် လျော့နည်းတင်ပို့ခဲ့တာ တွေ့ရပါတယ်။

မူဆယ်ကုန်စည်ဒိုင်မှာ ဇန်နဝါရီ ၂၁ ရက်မှ ၂၇ ရက် သီတင်းပတ်နဲ့ ဇန်နဝါရီ ၂၈ ရက်မှ ဖေဖော်ဝါရီ ၃ ရက် သီတင်းပတ်ရဲ့နှမ်းဈေးများမှာ ပြောင်းလဲမှုမရှိခဲ့ပါဘူး။

အလားတူ မြန်မာ- ထိုင်းနယ်စပ်ရှိ မြဝတီကုန်သွယ်ရေးဇုန်မှလည်း အမေရိကန်ဒေါ်လာ ၃၆၈၅၅ တန်ဖိုးရှိ နှမ်းနက် ၂၈တန်ကျော်ကို ယခင်တစ်ပတ်အတိုင်း တင်ပို့ ခဲ့တယ်လို့သိရပါတယ်။

**မော်မော်အောင်**

# ပြည်ဆောင်းနှမ်း ဈေးငြိမ်

ယခုတစ်ပတ် ပြည်ဈေးကွက်တွင် နှမ်းမျိုးစုံ ဝယ်လက်ရှိပေမယ့် ဈေးငြိမ်နေတာတွေ့ရပါတယ်။ နယ်စုံမှတစ်နေ့လျှင် အိတ် ၄၀၀ မှ ၅၀၀ ခန့် အဝင်ရှိနေတာဖြစ်လို့ ဈေးကွက်တွင် နှမ်းလက်ကျန်များနေသဖြင့် အဝယ်ရှိသော်လည်း ဈေးငြိမ်နေတာတွေ့ရပါတယ်။ ယခင်နှစ်ကာလတူက နှမ်းနီတစ်တင်းလျှင် ကျပ် ၂၆၀၀၀၊ နှမ်းနက်တစ်တင်းလျှင် ကျပ် ၃၃၀၀၀နှင့် စမုံနက်နှမ်းတစ်တင်းလျှင် ကျပ် ၅၃၀၀၀ ဈေးရှိခဲ့တာ တွေ့ရပါတယ်။ ယခုနှစ်ဈေးမှာ ယခင်နှစ်ဈေးကိုမမီတာတွေ့ရပါတယ်။ ယခုတစ်ပတ်နှမ်းဈေးမှာ နှမ်းနီတစ်တင်းလျှင် ကျပ် ၂၅၀၀၀၊ နှမ်းနက်တစ်တင်းလျှင် ကျပ် ၃၀၀၀၀နှင့် စမုံနက်နှမ်းတစ်တင်းလျှင် ကျပ် ၃၈၀၀၀ ဖြင့်ယခင်တစ်ပတ်အတိုင်း ဈေးငြိမ်နေတာတွေ့ရပါတယ်။ နှမ်းနက်ကို မန္တလေးဝယ်လက်များက တစ်နေ့လျှင်အိတ် ၅၀၀ ခန့်လောက်သာအဝယ်ရှိနေသဖြင့် ဈေးကွက်တွင် အရောင်းအဝယ်ပုံမှန်ဖြစ်လျက်ရှိပါတယ်။

**ဝေဝေမင်း**

## စားအုန်းဆီ

# အာရှတွင် ထုတ်လုပ်မှု ပြန်လည်နာလန်ထူလာသည့်အတွက် စားအုန်းဆီကြမ်းဈေးနှုန်းကျဆင်း

စားအုန်းဆီ သိုလှောင်လက်ကျန် ကျဆင်းလာသည့်အတွက် စားအုန်းဆီကြမ်းဈေးနှုန်းများမှာ ရေတိုတွင် အထိုက်အလျောက် မာနေဦးမည်ဖြစ်ကြောင်း Hallinicshipping news သတင်းတွင် ဖော်ပြသည်။

သို့သော်လည်း စားအုန်းဆီကြမ်း (Crude Palm Oil) ရောင်းလိုအား အခြေအနေပေါ်တွင် မူတည်၍ ယခုနှစ်ဒုတိယသုံးလပတ်ဈေးနှုန်းမှာ မက်ထရစ်တစ်တန်ကို ရင်းဂစ် ၂၆၀၀ ထိ ကျဆင်းလာနိုင်ကြောင်း CIMB Bank Malaysia ၏ ခြံစိုက်ပျိုးရေးဆိုင်ရာ လုပ်ငန်းခေါင်းဆောင် အိုင်ဗီအင်းက ပြောသည်။



လာမည့်လေးလမှ ခြောက်လအတွင်း စားအုန်းဆီဈေးနှုန်းအတက်အကျမှာ အကြောင်းတရားအချို့အပေါ်တွင် မူတည်နေသည်။ ထိုအကြောင်းတရားများထဲတွင် အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်၏ ဇီဝလောင်စာဆီ မူဝါဒ၊ ပဲပုပ်ဆီဈေးနှုန်း၊ ယခုနှစ်အတွင်း တရုတ်နိုင်ငံက ပဲပုပ်ဆီ အသုံးပြုမှုအခြေအနေနှင့် ရာသီဥတုအခြေအနေစသည့်အကြောင်းတရားများပါဝင်ကြောင်း အင်းက ပြောသည်။

အကယ်၍ ထရမ့်က အမေရိကန် ဇီဝလောင်စာဆီမူဝါဒကို ပြန်လည်ပြင်ဆင်မည်ဆိုပါက ထိုပြင်ဆင်မှုကြောင့်စားအုန်းဆီနှင့် ပဲပုပ်ဆီအပါအဝင် ဟင်းရွက်ဆီများ၏ အဓိက ဝယ်လိုအား ရင်းမြစ်ကို ပိတ်ပင်သွားနိုင်သည့်အတွက် ကမ္ဘာတစ်ဝန်းရှိ ဟင်းရွက်ဆီဈေးနှုန်းများကို တိုက်ရိုက်ထိခိုက်နိုင်သည့် မည်ဖြစ်ရာ ဇီဝလောင်စာဆီမူဝါဒက အလွန်အရေးပါသည့် အချက်ဖြစ်ကြောင်း သူမက ပြောသည်။

ထရမ့်မှာ ကြိုတင်ခန့်မှန်းရခက်သူဖြစ်သည့်အတွက် လက်ရှိ ဇီဝလောင်စာဆီ မူဝါဒကို ပြောင်းပြန်လှန်ပစ်မည်ဆိုပါက လယ်ယာစိုက်ပျိုးရေး ကုန်စည်ဈေးနှုန်းများကိုထိခိုက်နိုင်ပြီး ထရမ့်၏အမာခံ မဲဆန္ဒနယ်ဖြစ်သော အနောက်အလယ်ပိုင်းဒေသကို အထိနာစေနိုင်ကြောင်း အင်းက ပြောသည်။

စားအုန်းဆီကြမ်းအပေါ်တွင် ဩဇာသက်ရောက်မှုရှိနိုင်သော အခြားအကြောင်းတရားတစ်ခုမှာ တရုတ် ပဲပုပ်ဈေးနှုန်းဖြစ်ကြောင်းနှင့် တရုတ်ပဲပုပ်ဝယ်လိုအားက ပဲပုပ်ဆီဈေးနှုန်းအတက်အကျကို အဆုံးအဖြတ်ပေးရာတွင် အရေးပါသော အကြောင်းတရားတစ်ခုဖြစ်ကြောင်း သူမက ပြောသည်။

အမေရိကန်ပြည်ထောင်စု အရက်ချက်စက်ရုံထွက်သီးနှံဖတ်အခြောက် (Dried Distellers Grain) များနှင့် ပတ်သက်၍ တရုတ်နိုင်ငံက တန်ပြန်စုပုံခွန်ကို ပြဋ္ဌာန်းထားသည်။ ထိုဘေးထွက်ပစ္စည်းနေရာတွင် ပရိုတိန်းပါဝင်မှု ပိုမိုမြင့်မားသော ပဲပုပ်ဖတ်ဖြင့် အစားထိုးသွားရန် စီစဉ်ထားကြောင်း သူမက ပြောသည်။

အကယ်၍ တရုတ်နိုင်ငံက ပဲပုပ်များကို တိရစ္ဆာန်အတွက် ပိုမိုကြိတ်ခွဲမည်ဆိုပါက ပဲပုပ်ဆီထွက်ရှိမှုလည်း ပိုမိုလာကာ ဈေးနှုန်းများ ကျဆင်းစေနိုင်ကြောင်း အင်းက ပြောသည်။ ဈေးကွက်က ခန့်မှန်းထားသည့်အတိုင်း စားအုန်းဆီကြမ်း ရောင်းလိုအား ပြန်လည်မြင့်တက်ပြီး ပဲပုပ်ဈေးများကျဆင်းပါက စားအုန်းဆီနှင့်ပဲပုပ်ဆီတို့၏ ယှဉ်ပြိုင်မှု စွမ်းရည်ကို ထိန်းထားရန်နှင့် ဈေးကွက်ဝေစုပိုမိုရရှိနိုင်ရန် စားအုန်းဆီကြမ်းဈေးနှုန်းလည်း ကျဆင်းနိုင်သည်။

နောက်ဆုံးအနေဖြင့် လာမည့်လများတွင် စားအုန်းဆီကြမ်းဈေးနှုန်းများ အတက်အကျအတွက် ရာသီဥတုအခြေအနေကလည်း အရေးပါသောကဏ္ဍမှပါဝင်နေကြောင်း အင်းက ပြောသည်။

**ဉာဏ်တင်**

## ပြည်တွင်းဆီဈေးနှုန်းများ (၁၀-၂-၂၀၁၇)

ကျပ်/ပိဿာ

| မြို့အမည် | ပဲဆီ | | | နှမ်းဆီ | | | စားအုန်းဆီ | | |
|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| နေပြည်တော် (ပျဉ်းမနား) | ၄၀၀၀ | ၄၀၀၀ | □ | ၄၀၀၀ | ၄၀၀၀ | □ | ၂၁၅၀ | ၂၁၅၀ | □ |
| ရန်ကုန် | ၄၆၀၀ | ၄၆၀၀ | □ | ၃၃၀၀ | ၃၃၀၀ | □ | ၁၉၂၅ | ၁၉၇၅ | △ |
| မန္တလေး | ၃၀၀၀ | ၃၀၀၀ | □ | ၃၂၀၀ | ၃၂၀၀ | □ | ၂၀၂၀ | ၂၀၅၀ | △ |
| ပဲခူး | ၄၀၀၀ | ၄၀၀၀ | □ | ၄၈၀၀ | ၄၈၀၀ | □ | ၂၀၃၀ | ၂၀၂၀ | ▽ |
| မကွေး | ၃၇၀၀ | ၄၅၀၀ | △ | ၃၅၀၀ | ၃၈၀၀ | △ | ၂၀၅၀ | ၂၂၀၀ | △ |
| မုံရွာ | ၃၆၀၀ | ၃၆၀၀ | □ | ၃၂၀၀ | ၃၂၀၀ | □ | ၂၀၅၀ | ၂၀၈၀ | △ |
| စစ်တွေ | ၆၀၀၀ | ၆၀၀ | □ | ၄၀၀၀ | ၄၀၀၀ | □ | ၂၂၀၀ | ၂၂၀၀ | □ |




## မလေးရှားစားအုန်းဆီ အပတ်စဉ်ပျမ်းမျှ (FOB) ဈေးနှုန်း

၁၀-၂-၂၀၁၇ US$/Ton

| အမျိုးအစား | ဇန်နဝါရီစတုတ္ထပတ် | ဖေဖော်ဝါရီပထမပတ် | နှိုင်းယှဉ်ချက် |
|---|---|---|---|
| RBD P.Oil | ၇၆၅.၅၀ | ၇၆၅.၅၀ | □ |
| RBD P.Olein | ၇၆၅.၅၀ | ၇၆၇.၀၀ | △ |
| RBD P.Stearin | ၇၅၃.၀၀ | ၇၅၃.၀၀ | □ |

*Source: bepi.mpob*

## ပြည်ပမှတင်သွင်းလာသော စားအုန်းဆီများ ရန်ကုန်ဆိပ်ကမ်းအရောက် တစ်ပိဿာအရင်းဈေးတွက်ချက်ပုံ (၁၀- ၂ -၂၀၁၇ )နေ့

| အကြောင်းအရာ | တွက်ချက်နှုန်း | တစ်ပိဿာကုန်ကျစရိတ် (ကျပ်) Cloud Point 8˚CMax |
|---|---|---|
| CIF ဈေး | (CIFx USD)/ 612 | ၁၇၈၈.၈၉ |
| FDA ထောက်ခံစာ | 58 .20/ 612 | ၀.၁၀ |
| သွင်းကုန်လိုင်စင်ကြေး | 50/ 612 | ၀.၀၈ |
| L/C စရိတ် | (1500 x 0.25% x USD)/612 | ၄.၄၇ |
| Bill စရိတ် | (CIF x 0.50% x USD )/612 | ၈.၉၄ |
| စားအုန်းဆီအလျော့ | 0.5% x လက်ကားဈေး | ၉.၈၀ |
| ဆီကန်သိုလှောင်ထိန်းသိမ်းခ | 5/ -1% | ၄.၉၅ |
| ကုန်သွယ်လုပ်ငန်းခွန် | (FOB x USD x 1.2 x 5%)/612 | ၈၆.၆၇ |
| ဆိပ်ကမ်းခွန် | (50000/ 1000)/612 | ၀.၀၈ |
| MITS စစ်ဆေးခ (FDA အပါအဝင်) | | ၀.၆၀ |
| အမြတ်ခွန် | (CIF x 35/-)/ 612 | ၄၆.၀၄ |
| ဆိပ်ကမ်းကပ်ခ | (3x USD )/ 612 | ၆.၆၇ |
| | ရန်ကုန်ဆိပ်ကမ်းအရောက် အရင်းဈေး | ၁၉၅၇.၂၈၃ |

မှတ်ချက်။
၁။ အထက်ပါတွက်ချက်မှုမှာ ၁၀-၂-၂၀၁၇နေ့ (CIF ဈေး Cloud Point 8 ˚C Max ၈၀၅ ဒေါ်လာနှင့် USD ဈေး ၁၃၆၀ကျပ်)ဖြင့် တွက်ချက်ထားခြင်းဖြစ်ပါသည်။
၂။ ၁၀-၂-၂၀၁၇နေ့ ဝယ်ယူပြီးနောက် ၁၀ ရက်ခန့်အကြာ ရန်ကုန်ဆိပ်ကမ်းရောက်ရှိမည့် ဈေးဖြစ်ပါသည်။
၃။ တင်သွင်းလာသော ကုမ္ပဏီ၏ အမြတ်၊ ဆိပ်ကမ်းမှ ဖြန့်ဖြူးမည့်ဈေးကွက်အရောက် သယ်ယူစရိတ်၊ လုပ်သားခ၊ လက်လီဆိုင်များ၏ အမြတ်များ မပါဝင်သေးပါ။
၄။ ငွေလဲနှုန်း တစ်ဒေါ်လာကို ယခင် ၄၅၀ ကျပ်နှင့် တွက်ချက်ပြီး ၂၀၁၂ ခုနှစ် ဧပြီ ၁ ရက်မှစ၍ ဗဟိုဘဏ်မှ နှုန်းရှင်သတ်မှတ်သည့်အတွက် ဒေါ်လာဈေး ၁၃၆၀ ကျပ်ဖြင့် တွက်ချက်ထားပါသည်။
၅။ ကုန်သွယ်လုပ်ငန်းခွန်မှာ ယခင် သုညရာခိုင်နှုန်းဖြစ်ပြီး ယခု ၅ ရာခိုင်နှုန်း ဖြစ်ပါသည်။
၆။ ဆိပ်ကမ်းကပ်ခမှာ ယခင်ကောက်ခံခြင်းမရှိပါ။ ယခုတစ်တန်လျှင် အမေရိကန် ၃ ဒေါ်လာနှုန်းကောက်ခံပါသဖြင့် ထည့်သွင်းတွက်ချက်ပါသည်။



# ပြည်ပဈေးကွက်ဝင် တန်ဖိုးမြှင့်ထုတ်ကုန် မြန်မာ့သနပ်ခါး ဖြစ်လာစေရန် နည်းပညာအကူအညီများ ပံ့ပိုးပေးရန် လိုအပ်လျက်ရှိ

လင်းလင်းသန့်

စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာခရိုင်၊ အရာတော်မြို့နယ်သည် သနပ်ခါးကို စိုက်ပျိုးထုတ်လုပ်၍ မြန်မာနိုင်ငံအနှံ့ ဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိပါသည်။ ရှေးအခါက သနပ်ခါးနဲ့ပတ်သက်ပြီး မကွေးတိုင်းဒေသကြီးမှ ရှင်မတောင် သနပ်ခါး၊ စစ်ကိုင်းတိုင်းဒေသကြီးမှ ရွှေဘိုသနပ်ခါးဟူ၍ မြန်မာနိုင်ငံတစ်နိုင်ငံလုံးတွင် နာမည်ကြီးခဲ့ပါသည်။ ရွှေဘိုသနပ်ခါး၏ အခြေခံမှာ အရာတော်သနပ်ခါးပင်ဖြစ်သည်။ အရာတော်မြို့နယ်အတွင်း နေထိုင်သူအများစုသည် သနပ်ခါးစိုက် တောင်သူများ ဖြစ်ကြပါသည်။

ယခင်က အရာတော်မြို့နယ်တွင် သနပ်ခါးကို စနစ်တကျ စိုက်ပျိုးမှု မရှိခဲ့ပါ။ အလေ့ကျပေါက်သော သနပ်ခါးများကို ခုတ်ယူသုံးစွဲခဲ့ခြင်းဖြစ်ပါသည်။ မြန်မာအမျိုးသမီးများအတွက် နေ့စဉ် မရှိမဖြစ် လိုအပ်သောကြောင့် မြန်မာသနပ်ခါးများ အရောင်းအဝယ်ဖြစ်ထွန်းခဲ့တဲ့အတွက် လွန်ခဲ့သောနှစ်ပေါင်း ၅၀ ကျော်မှစတင်ပြီး အရာတော်မြို့နယ် ဝါးရောင်းအုပ်စုမှ စတင်၍ စနစ်တကျ စိုက်ပျိုးခဲ့ခြင်းဖြစ်ပါသည်။ ၎င်းကာလက စိုက်ပျိုးခဲ့သော သနပ်ခါးများမှာ ၁၅ နှစ်ကျော် နှစ် ၂၀ မှသာ ဈေးကောင်းရ၊ ဈေးကွက်ဝင်သနပ်ခါးများဖြစ်ပါသည်။ သနပ်ခါးကို အိမ်ခြံဝင်း မြေကျယ်သူများအနေဖြင့် နှစ်တောင့်ထွာပတ်လည် ပင်ကြား၊ တန်းကြားစနစ်ဖြင့် ဝင်ငွေရအောင် စိုက်ပျိုးခဲ့ကြခြင်း ဖြစ်ပါသည်။ အချို့သော တောင်သူများအနေဖြင့် မိမိတို့ပိုင်ဆိုင်သည့် ယာမြေများတွင် နှစ်ရှည်ပင်သီးညှပ်အဖြစ် စိုက်ပျိုးခဲ့ကြခြင်းဖြစ်ပါသည်။

ယခုအခါတွင် အရာတော်မြို့နယ်တွင် ရှေးမျိုးများကဲ့သို့ ၁၅ နှစ်၊ နှစ် ၂၀ အထိ စောင့်ရန်မလိုဘဲ ယခုအခါတွင် ငါးနှစ် ခြောက်နှစ်ခန့် နှစ်တိုတိုဖြင့် ဝင်ငွေရသော မျိုးကောင်းမျိုးသန့်များကို စိုက်ပျိုးလျက်ရှိပါသည်။ အရာတော်မြို့နယ်၏ သနပ်ခါးစိုက်ဧကမှာ တစ်သိန်းနီးပါးခန့် ရှိပါသည်။ သနပ်ခါးသည် အနည်းဆုံး ငါးနှစ်ကျော်မှသာ ဝင်ငွေရနိုင်ပါသည်။ သနပ်ခါးပင်သည် မိုးခေါင်သည့်ဒဏ်ကို ခံနိုင်သဖြင့် အများအားဖြင့် အပူပိုင်းဒေသတွင်သာ စိုက်ပျိုးကြသည်။ သနပ်ခါးစိုက်ပျိုးခြင်းဖြင့် ဝင်ငွေများရရှိနိုင်ပြီး၊ နှစ်ရှည်ပင်ဖြစ်၍ တစ်ကြိမ်စိုက်ပျိုးထားခြင်းဖြင့် သားစဉ်မြေးဆက် အသုံးပြုနိုင်ပါသည်။ အရာတော်မြို့နယ်တွင် မျိုးကောင်းမျိုးသန့် သနပ်ခါးပင် စနစ်တကျ စိုက်ပျိုးထုတ်လုပ်၍ သနပ်ခါး စိုက်ပျိုးထုတ်လုပ်ရောင်းချသည့်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်လျက်ရှိပါသည်။ အရာတော်မြို့နယ် သနပ်ခါး စိုက်ပျိုးထုတ်လုပ်ရောင်းချသည့် ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးနှင့် သနပ်ခါးမူပိုင်ခွင့်ရရှိရေး အလုပ်ရုံဆွေးနွေးပွဲကို စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့၏ လမ်းညွှန်မှုဖြင့် ကျင်းပခဲ့ပါသည်။

အရာတော်မြို့နယ်မှ ထွက်ရှိသော သနပ်ခါးများကို စစ်ကိုင်း၊ ရန်ကုန်၊ မန္တလေး၊ ပုသိမ်၊ ပဲခူး၊ ပြည်၊ တောင်ကြီး၊ မိတ္ထီလာမြို့များနှင့် မြန်မာပြည်အနှံ့ တင်ပို့ရောင်းချလျက်ရှိပါသည်။ သနပ်ခါးကို အပင်လိုက်သော်လည်းကောင်း၊ အဖျားဖြတ်၍ အတုံးအဖြစ်လည်းကောင်း၊ သနပ်ခါး၏ အဖျားပိုင်းကို ကြိတ်၍ သနပ်ခါးခဲ၊ သနပ်ခါးအမှုန့်များ ပြုလုပ်၍လည်းကောင်း ဈေးကွက်အတွင်းသို့တင်ပို့ရောင်းချလျက်ရှိပါတယ်။ သနပ်ခါးဈေးနှုန်းများမှာ သနပ်ခါးအပင်၏ အရည်အသွေး၊ အပွေးကောင်း မကောင်းပေါ် မူတည်၍ဈေးနှုန်းအမျိုးမျိုးဖြင့် အရောင်းအဝယ်ပြုလုပ်နေကြောင်း ဝါးရောင်းကျေးရွာမှ သနပ်ခါးစိုက်တောင်သူတစ်ဦးက ပြောပါသည်။

စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာခရိုင်၊ အရာတော်မြို့နယ်ဒေသ၏ ထွက်ကုန်ဖြစ်သော အရာတော် သနပ်ခါးအား ကမ္ဘာ့အသိအမှတ်ပြု Geographical Indication (GI) အမှတ်တံဆိပ်ဖြစ်လာနိုင်စေရန် ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်ဆောင်ရွက်နေကြောင်း အရာတော်သနပ်ခါး စိုက်ပျိုးထုတ်လုပ် ရောင်းချသူများအသင်း ဥက္ကဋ္ဌ ဦးကျော်မိုးက ပြောပါတယ်။

အရာတော်သနပ်ခါးကို တန်ဖိုးမြှင့်ထုတ်ကုန်များထုတ်လုပ်ပြီး ပြည်တွင်းဈေးကွက်သာမက ပြည်ပဈေးကွက်သို့ ထုတ်လုပ်တင်ပို့ရောင်းချနိုင်ရန် သနပ်ခါးနှင့် ပတ်သက်သော အလုပ်အကိုင် အခွင့်အလမ်းများ ညွှန်ကြားပေးခြင်း၊ နည်းပညာအကူအညီများပံ့ပိုးပေးမှုများရှိလာပါက မြန်မာ့သနပ်ခါးသည် ပြည်ပဈေးကွက်ဝင်သည့် တန်ဖိုးမြှင့်ထုတ်ကုန်တစ်ခု ဖြစ်လာနိုင်မည်ဖြစ်ကြောင်း တင်ပြလိုက်ရပါသည်။

# ကုန်သွယ်ရေးနှင့် စီးပွားရေးလုပ်ငန်းများမြှင့်တင်ရေးအထူးလုပ်ငန်းအဖွဲ့နှင့် ကမ္ဘာ့ဘဏ်အဖွဲ့ (International Finance Corporation -IFC) တို့ ပူးပေါင်း၍ အလုပ်ရုံဆွေးနွေးပွဲကျင်းပ

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေးနှင့် စီးပွားရေးလုပ်ငန်းများ မြှင့်တင်ရေး အထူးလုပ်ငန်းအဖွဲ့နှင့် ကမ္ဘာ့ဘဏ်အဖွဲ့ (IFC)တို့ပူးပေါင်း၍ မြန်မာနိုင်ငံတွင် ပုဂ္ဂလိကလုပ်ငန်းရှင်များ စီးပွားရေးလုပ်ငန်းများလုပ်ကိုင်ရာ၌ ပိုမိုလွယ်ကူမှုရှိစေရန်နှင့် ကမ္ဘာ့ဘဏ်မှ ထုတ်ပြန်ကြေညာသည့် Doing Business Report တွင် မြန်မာနိုင်ငံမှရရှိသည့် အဆင့်တိုးတက်ကောင်းမွန်စေရေးအတွက်အလုပ်ရုံဆွေးနွေးပွဲကို ဖေဖော်ဝါရီ ၆ ရက်နှင့် ၇ရက်တို့တွင်နေပြည်တော်၊ Kempinski Hotel ဧရာဝတီခန်းမ၌ ကျင်းပခဲ့ကြောင်းသိရသည်။




အလုပ်ရုံဆွေးနွေးပွဲဖွင့်ပွဲ အခမ်းအနားတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ အမြဲတမ်းအတွင်းဝန် ဦးတိုးအောင်မြင့်နှင့် World Bank Group မှ Trade & Competativeness Regional Manager ဖြစ်သူ Ms. Mona Haddad တို့က အဖွင့်အမှာစကားပြောကြားခဲ့ပါသည်။ အလုပ်ရုံဆွေးနွေးပွဲ ပထမနေ့တွင် Doing Business Unit မှ Mr. Edgar Chavez နှင့် Ms. Dorina Georgieva တို့က Doing Business Indicator ၁၀ခုရှိသည့်အနက် Starting a Business, Dealing with Construction Permits, Registering Property, Getting Credit, Protecting Minority Investors တို့ကို အကဲဖြတ်အဆင့် တွက်ချက်ပုံများအား ရှင်းလင်းပြောကြားခဲ့သည်။ အလုပ်ရုံဆွေးနွေးပွဲ ဒုတိယနေ့တွင် Paying Taxes, Trading Across Borders, Enforcing Contracts, Resolving Insolvency, Getting Electricity တို့ကို အကဲဖြတ်အဆင့် တွက်ချက်ပုံများအား ရှင်းလင်းပြောကြားခဲ့သည်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲတွင် သက်ဆိုင်ရာဝန်ကြီးဌာန အသီးသီးနှင့် အဖွဲ့အစည်းအသီးသီးတို့မှ ပထမနေ့တွင်၅၇ ဦး၊ ဒုတိယနေ့တွင် ၆၈ ဦး တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

ကြယ်ပြာပန်း(MYANTRADE)

➤စာမျက်နှာ ၃ - စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန • • • • မှအဆက်

တယ်ဟုန်ပြည်နယ်ခွဲ ကုန်သည်ကြီးများအသင်းအနေဖြင့် မြန်မာနိုင်ငံကိုယ်စားလှယ်ရုံးခွဲများကို မန္တလေးတိုင်းဒေသကြီး၊ မန္တလေးမြို့၊ ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့နှင့် ရှမ်းပြည်နယ် (မြောက်ပိုင်း) လားရှိုးမြို့တို့တွင် ဖွင့်လှစ်ထားသည်ကို သိရှိရပါကြောင်း၊ ယခု နေပြည်တော်၊ ဇဗ္ဗူသီရိမြို့နယ်တွင် မြန်မာနိုင်ငံ ကိုယ်စားလှယ်ရုံး၊ နေပြည်တော် ရုံးခွဲဖွင့်လှစ်နိုင်ခြင်းအတွက် များစွာဝမ်းမြောက်ဂုဏ်ယူပါကြောင်း၊ နှစ်နိုင်ငံအစိုးရဝန်ကြီးဌာနများနှင့် ကုန်သည်များအချင်းချင်း လွယ်ကူနီးကပ်စွာ ဆက်သွယ်ဆောင်ရွက်နိုင်မှာ ဖြစ်ပါကြောင်း၊ တယ်ဟုန်ပြည်နယ်ခွဲသည် မြန်မာနိုင်ငံ၊ ရှမ်းပြည်နယ်၊ အရှေ့မြောက်ပိုင်းနှင့်နယ်နိမိတ်ချင်းထိစပ်လျက်ရှိရာ အဆိုပါဒေသရဲ့ ကုန်သွယ်ရေး၊ စီးပွားရေးနဲ့ ရင်းနှီးမြှုပ်နှံမှုများအတွက် အလွန် အရေးကြီးသည့်ဒေသဖြစ်ပြီး ဒေသတွင်းပြည်သူ အချင်းချင်း၊ ကုန်သည်အချင်းချင်း၊ အစိုးရဌာနများအချင်းချင်း ပူးပေါင်းဆောင်ရွက်မှုကိုလည်း အလေးထားအားပေး မြှင့်တင်ဖို့လိုပါကြောင်း၊ တယ်ဟုန်ပြည်နယ်ခွဲ ကုန်သည်အသင်းအနေနဲ့ နေပြည်တော်တွင် ယခုကဲ့သို့ လာရောက်ဖွင့်လှစ်သည့်အတွက် မြန်မာ-တရုတ် နှစ်နိုင်ငံကုန်သွယ်ရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး၊ စိုက်ပျိုးရေးနှင့် သတင်းအချက်အလက်ကဏ္ဍများတွင် နီးကပ်စွာပူးပေါင်းဆောင်ရွက်နိုင်မည် ဖြစ်သည့်အပြင် ပွင့်လင်းမြင်သာစွာဖြင့် အသိအမြင်များ အချင်းချင်းဖလှယ်နိုင်သည့် အကျိုးရလဒ်ကောင်းများ ပိုမိုဖြစ်ထွန်းလာမှာဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံး၏ သံရုံးယာယီတာဝန်ခံမှ အမှာစကားပြောကြားပြီးနောက် နေပြည်တော်ကောင်စီ၏ပညာရေးနှင့် ကျန်းမာရေးကဏ္ဍများ အတွက် အလှူငွေကျပ်သိန်း ၂၀၀ ပေးအပ်လှူဒါန်းရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်က လက်ခံရယူပြီး ဂုဏ်ပြုလွှာ ပြန်လည်ပေးအပ်ခဲ့ပါသည်။ ထို့နောက် တာဝန်ရှိသူများက စက်ခလုတ်နှိပ်၍ဖွင့်လှစ်ပေးခဲ့ကြောင်း သတင်းရရှိသည်။ MOC (IR)

မြန်မာသံရုံးများမှ ပေးပို့သော စီးပွားရေးသတင်းများ

# TPP မှ အမေရိကန်နိုင်ငံ နုတ်ထွက်ပြီးနောက် အာရှ-ပစိဖိတ်ကုန်သွယ်မှုလုပ်ငန်းစဉ် နှစ်ခုအား တရုတ်နိုင်ငံက ဆက်လက်တိုးမြှင့် ဆောင်ရွက်မည်

အာရှ-ပစိဖိတ်ဒေသ ၁၂ နိုင်ငံနှင့် လွတ်လပ်သော ကုန်သွယ်မှု ပူးပေါင်းဆောင်ရွက်မှုတစ်ခုဖြစ်သည့် Trans-Pacific Partnership (TPP) မှ နုတ်ထွက်ကြောင်း အမေရိကန်သမ္မတသစ်ဒေါ်နယ်ထရမ့်က ဇန်နဝါရီ ၂၃ ရက်တွင် လက်မှတ်ရေးထိုးခဲ့ပြီးနောက် တရုတ်နိုင်ငံက လက်ရှိညှိနှိုင်းဆောင်ရွက်နေသည့် အာရှပစိဖိတ်ဒေသတွင်း စီးပွားရေးပူးပေါင်းဆောင်ရွက်မှုနှစ်ခုဖြစ်သည့် ဒေသတွင်း ဘက်စုံစီးပွားရေး ပူးပေါင်းဆောင်ရွက်မှု (Regional Comprehensive Economic Partnership - RCEP နှင့် အာရှ-ပစိဖိတ်ဒေသ လွတ်လပ်သော ကုန်သွယ်မှုဇုန် (Free Trade Area of the Asia-Pacific-FTAAP) ကို ဆက်လက်အရှိန်မြှင့်တင် ဆောင်ရွက်မည်ဖြစ်ကြောင်း တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာနက ဇန်နဝါရီ ၂၄ ရက်က ပြောကြားလိုက်ပါသည်။

TPP မှ အဖွဲ့ဝင်နိုင်ငံများ အနေဖြင့် TPP ကို ဆောင်ရွက်ရန် ငါးနှစ်ကြာညှိနှိုင်းခဲ့ရပြီး ၂၀၁၆ခုနှစ် ဖေဖော်ဝါရီလ၌ တရားဝင် အတည်ပြု လက်မှတ်ရေးထိုးခဲ့ပါသည်။

တရုတ်နိုင်ငံအနေဖြင့် အာရှ-ပစိဖိတ်နိုင်ငံများနှင့် ပွင့်လင်း မြင်သာပြီး အပြန်အလှန်အကျိုးဖြစ်ထွန်းစေမည့် ဒေသတွင်း ပူးပေါင်းဆောင်ရွက်မှုများအတွက် လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ဖော်ပြထားပါသည်။

RCEP သည် အာဆီယံ ၁၀ နိုင်ငံအပါအဝင် တရုတ်၊ ဂျပန်၊ သြစတြေးလျ၊ နယူးဇီလန်၊ တောင်ကိုရီးယားနှင့် အိန္ဒိယ ၁၆ နိုင်ငံတို့ ဖြင့် ဖွဲ့စည်းထားသည့် ဘက်စုံစီးပွားရေး ပူးပေါင်းဆောင်ရွက်မှု လုပ်ငန်းစဉ်ဖြစ်ပါသည်။

FTAAP ကို ၂၀၁၄ ခုနှစ် ပေကျင်း၌ ကျင်းပခဲ့သည့် အေပက် ထိပ်သီး အစည်းအဝေး၌ လက်မှတ်ရေးထိုးခဲ့ခြင်းဖြစ်သည်။ အေပက် နိုင်ငံ ၂၁ နိုင်ငံနှင့် လွတ်လပ်သော ကုန်သွယ်မှုဇုန် တည်ထောင်ခြင်းဖြစ်ပြီး ကမ္ဘာ့စီးပွားရေး၏ ၅၇ ရာခိုင်နှုန်းနှင့် ကမ္ဘာ့ကုန်သွယ်မှု၏ ထက်ဝက်ခန့်ရှိပါသည်။

TPP မှ အမေရိကန်နိုင်ငံ နုတ်ထွက်ခြင်းသည် ပြည်တွင်းစီးပွားရေးကို ပြန်လည်အားဖြည့်ခြင်းဖြစ်သည့်အပြင် အမေရိကန်အစိုးရသစ်အနေဖြင့် အာရှနိုင်ငံများအပေါ် အာရုံစိုက်မှုနည်းပါးသည့် လက္ခဏာ တစ်ခုလည်းဖြစ်သည့်အတွက် တရုတ်နိုင်ငံအနေဖြင့် အာရှဒေသတွင်းစီးပွားရေး ပေါင်းစည်းမှုအတွက် အခွင့်အလမ်းကောင်း တစ်ခု သာမက နိုင်ငံတကာကိစ္စရပ်များ၌လည်း အရေးပါသည့် အခန်းကဏ္ဍ၌ ပါဝင်လာဖွယ်ရှိကြောင်း လေ့လာသူတချို့က သုံးသပ် ကြပါသည်။

**သန္တာခိုင်၊ စီးပွားရေးသံမှူး**
**မြန်မာသံရုံး၊ ပေကျင်းမြို့**

# ၂၀၁၇ ခုနှစ်တွင် အကြီးစားစီမံကိန်း ၁၂ ခုအား PPP စနစ်ဖြင့် ထိုင်းနိုင်ငံအကောင်အထည်ဖော်မည်

ထိုင်းအစိုးရသည် အကြီးစား အခြေခံအဆောက်အအုံစီမံကိန်း ၁၂ ခု ကို ယခုနှစ်အတွင်း PPP စနစ်ဖြင့် အကောင်အထည်ဖော်မည်ဖြစ်ရာ စုစုပေါင်း ရင်းနှီးမြှုပ်နှံမှုပမာဏဘတ် ၇၂၀ ဘီလီယံရှိသဖြင့် ၁၉၉၂ ခုနှစ်တွင် ဥပဒေကို ပြဋ္ဌာန်းခဲ့ပြီးနောက်ပိုင်းအစိုးရ၏ ရင်းနှီးမြှုပ်နှံမှုပမာဏအများဆုံးကို PPP စနစ်ဖြင့် အကောင်အထည်ဖော်ခွင့်ရရှိမည်ဟု ဖော်ပြထားပါသည်။

အဆိုပါစီမံကိန်းများတွင် ဘတ်တစ်ဘီလီယံမှ ငါးဘီလီယံအထိ တန်ဖိုးရှိသည့် စီမံကိန်းငါးခုနှင့် ဘတ်ငါးဘီလီယံ ကျော်တန်ဖိုးရှိသည့် စီမံကိန်း ခုနစ်ခု ပါဝင်သည်။ နာခွန်ရာချတ်စီမာ မော်တော်ကားလမ်း၊ အန်ရိုင်- ကန်ချ နာဘူရီ မော်တော်ကားလမ်း၊ ချင်းရိုင် ပြည်နယ်ရှိ ချိုင်ချောင်းခရိုင်၏ အဓိက မော်တော်ကားလမ်းအား အဆင့်မြှင့်တင်ခြင်း၊ နာခွန်ဖနွမ်နယ်စပ် ပို့ဆောင်ရေးစင်တာကို အဆင့်မြှင့်တင်ခြင်း၊ နာခွန်ရာချတ်စီမာခရိုင်ရှိ ရေဆိုးစွန့်စီမံကိန်းအား ဒုတိယအဆင့် အကောင်အထည်ဖော်ခြင်း စသည့် အငယ်စား စီမံကိန်းငါးခု၏ စုစုပေါင်း ရင်းနှီး မြှုပ်နှံမှုပမာဏမှာ ဘတ် ၉ ဒသမ ၁၄ ဘီလီယံရှိပါသည်။

အကြီးစားစီမံကိန်းခုနစ်ခုတွင် ဘတ် ၃၅ ဒသမ ၃ ဘီလီယံတန်ဖိုးရှိသည့် လိမ္မော်ရောင် ရထားလမ်း (Thailand Cultural Center - Taling Chan)၊ ဘတ် ၁၃၁ ဘီလီယံတန်ဖိုးရှိ သည့် ခရမ်းရောင် ရထားလမ်း (Kanchanaphisek Outer Ring Road - Tao Run)၊ ဘတ် ၄၁ ဒသမ ၈ ဘီလီယံ တန်ဖိုးရှိသည့် သုဝဏ္ဏ ဘူမိ လေဆိပ် ရထားလမ်း အဆင့်မြှင့်တင်ခြင်း၊ ဘတ် ၁၅၂ ဘီလီယံတန်ဖိုးရှိ ဗန်ကောက်-ရနောင်း အမြန်ရထား လမ်းစီမံကိန်း၊ ဘတ် ၁၁၁ ဘီလီယံ တန်ဖိုးရှိသည့် ဗန်ကောက် - ဟွာဟင်း အမြန်ရထား လမ်းစီမံကိန်း၊ ဘတ် ၈၀ ဘီလီယံ တန်ဖိုးရှိသည့် Nakhon Pathom - Cha-am မော်တော် ကားလမ်းစသည့် စီမံကိန်းများပါဝင်ပြီး စုစုပေါင်းရင်းနှီး မြှုပ်နှံမှုဘတ်ဘီလီယံ ၁၁၀ ရှိသည်။ ယင်းစီမံကိန်း ၁၂ ခုအား အစိုးရအဖွဲ့သို့ တင်ပြ၍ အတည်ပြုချက်ရယူပြီးနောက် လေလံပွဲကို ကျင်းပမည်ဖြစ်ပါ သည်။

အစိုးရမီးရထားဌာနမှ အကောင် အထည်ဖော်မည့် ဘတ် ၁၅ ဒသမ ၄ ဘီလီယံတန်ဖိုးရှိသည့် ဘန်ဆူးရထား လမ်းပိုင်းတိုးချဲ့စီမံကိန်းသည် အဆိုပါ PPP စီမံကိန်း ၁၂ ခုတွင် မပါဝင်ကြောင်း နှင့် ၂၀၁၆ ခုနှစ်တွင် ဘတ် ၃၃၄ ဘီလီယံတန်ဖိုးရှိသည့်အကြီးစားစီမံကိန်းငါး ခုအား အစိုးရအဖွဲ့သို့ တင်ပြခဲ့ရာ ရထား လမ်းစီမံကိန်းနှစ်ခုကို PPP စနစ်ဖြင့် အကောင်အထည်ဖော်ရန် ခွင့်ပြုချက် ရရှိခဲ့ပါသည်။

**ကျော်သူရ၊ စီးပွားရေးသံမှူး**
**မြန်မာသံရုံး၊ ဗန်ကောက်မြို့**

# အပြည်ပြည်ဆိုင်ရာခရီးသွားများ ဝင်ရောက်မှုမြင့်တက်လာစေရန် ထိုင်းနိုင်ငံက ဗီဇာကင်းလွတ်ခွင့်တိုးမြှင့်မည်

ထိုင်းနိုင်ငံ၊ ခရီးသွားနှင့် အားကစားဝန်ကြီးဌာနသည် အပြည်ပြည်ဆိုင်ရာခရီးသွားဝင်ရောက်မှုကို မြှင့်တင်ရန်အတွက် ယခင်ခွင့်ပြုခဲ့သည့် ဗီဇာကင်းလွတ်ခွင့်ကို သုံးလတိုးမြှင့်ပေးရန် အစိုးရအဖွဲ့သို့ တင်ပြမည်ဖြစ်ကြောင်း ဗန်ကောက်ပို့စ်တွင် ဖော်ပြထားသည်။

အရည်အသွေးနိမ့်ခရီးသွား အစီအစဉ် (Zero-dollar tour) များကို စစ်ဆေးအရေးယူပြီးနောက် ကျဆင်းနေသည့် ခရီးသည် ဝင်ရောက်မှုကို ပြန်လည်မြှင့်တင်ပေးနိုင်ရန်အတွက် ဗီဇာကင်းလွတ်ခွင့်ကာလကို နောက်ထပ်တိုးမြှင့်ပေးရန် စီစဉ်ခြင်းဖြစ်သည်။ ထိုင်းအစိုးရသည် အင်ဒိုရာ၊ ဘူလ်ဂေးရီးယား၊ ဘူတန်၊ တရုတ်၊ ဆိုက်ပရပ်စ်၊ အီသီယိုးပီးယား၊ အိန္ဒိယ၊ ကာဇက်စတန်၊ လပ်ဗီးယား၊ လစ်သူယေးနီးယား၊ မော်လ်ဒိုက်၊ မော်လ်တာ၊ မောရေးသျှ၊ ရိုမေးနီးယား၊ ဆန်မာရီနို၊ ဆော်ဒီအာရေးဗီးယား၊ တရုတ် (တိုင်ပေ)၊ ယူကရိန်းနှင့် ဥဇဘက် ကစ္စတန်စသည့် ၁၉ နိုင်ငံမှ ခရီးသွားများအား ဗီဇာကင်းလွတ်ခွင့်ပေးပြီး ဘတ်တစ်ထောင်ပေးသွင်းရသည့် ဆိုက်ရောက်ဗီဇာဖြင့် လာရောက် လည်ပတ်ခွင့်ပြုခြင်းအား ၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ ၁ ရက်မှ ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၈ ရက်အထိ ခွင့်ပြုထားပြီးဖြစ်ပါသည်။

၂၀၁၆ ခုနှစ်အတွင်းက အရည်အသွေးနိမ့်ခရီးသွားလုပ်ငန်းများကို နှိမ်နင်းပြီးနောက် တရုတ်ခရီးသည်ဝင်ရောက်မှု သိသိသာသာကျဆင်းခဲ့ရာ နိုဝင်ဘာလတွင် ၃၀ ရာခိုင်နှုန်းအထိ ကျဆင်းခဲ့ကြောင်း၊ ယခုလတွင်လည်း တရုတ်ခရီးသည်ဝင်ရောက်မှုသည် ၁၃ ရာခိုင်နှုန်းကျဆင်းနိုင်ကြောင်း၊ ယခင်ခွင့်ပြုခဲ့သည့်နိုင်ငံများအား ဗီဇာ ကင်းလွတ်ခွင့်ကာလကို တိုးမြှင့်ပေးခြင်းဖြင့် ယခုနှစ်အတွင်း အပြည်ပြည် ဆိုင်ရာခရီးသွားဝင်ရောက်မှုသည် ပိုမို တိုးတက်လာမည်ဖြစ်ကြောင်း၊ နိုင်ငံခြားခရီးသွားဝင်ရောက်မှုသည် ဒီဇင်ဘာလကတည်းက တိုးတက်လျက် ရှိပြီး ၂၀၁၆ ခုနှစ်တွင် နိုင်ငံခြားခရီးသည် စုစုပေါင်း ၃၂ ဒသမ ၆ သန်း လာရောက်လည်ပတ်ခဲ့ကြောင်း၊ ယခုနှစ် ဇန်နဝါရီလ ၂၀ ရက်နေ့အထိ နိုင်ငံခြားခရီးသည် ၁ ဒသမ ၈ သန်း ဝင်ရောက်ခဲ့ပြီး ယခင်နှစ်ထက် ခြောက်ရာခိုင်နှုန်း တိုးတက်ခဲ့ကြောင်း ခရီးသွားနှင့် အားကစားဝန်ကြီးဌာန ဝန်ကြီး Mrs. Kobkarm က ပြောကြားခဲ့သည်။

**ကျော်သူရ၊ စီးပွားရေးသံမှူး**
**မြန်မာသံရုံး၊ ဗန်ကောက်မြို့**

# ထိုင်းနိုင်ငံရှိ စိုက်ပျိုးမွေးမြူရေးနှင့် ခရီးသွားလုပ်ငန်းဆိုင်ရာ အသေးစားနှင့်အလတ်စား လုပ်ငန်းရှင်များကို ဘတ် ဘီလီယံ ၂၀ ပံ့ပိုးပေးမည်

ထိုင်းအစိုးရသည် စိုက်ပျိုးရေးနှင့် မွေးမြူရေးနှင့် ခရီးသွားလုပ်ငန်းဆိုင်ရာ အသေးစားနှင့်အလတ်စားစီးပွားရေး လုပ်ငန်း (SMEs) များ ဖွံ့ဖြိုးရေးတိုးတက်ရေးအတွက် ဘတ် ဘီလီယံ ၂၀ ပံ့ပိုးပေးရန် လျာထားကြောင်း တွေ့ရှိရပါသည်။

အစိုးရ၏ ပံ့ပိုးကူညီမှုကြောင့် စိုက်ပျိုးမွေးမြူရေးနှင့် ခရီးသွားလုပ်ငန်းဆိုင်ရာ SMEs အသစ်များသည် ဒေသအလိုက်ဖွံ့ဖြိုးလာစေပြီး ဒေသတွင်း စီးပွားရေးတိုးတက်မှုကို အထောက်အကူပြုမည်ဖြစ်သည်။ စက်မှုဝန်ကြီးဌာနသည် SMEs လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းနှစ်ခုကို အကောင်အထည်ဖော်ရာ၌ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် e-commerce လမ်းကြောင်းမှတစ်ဆင့် ထွက်ကုန်ဖြန့်ဖြူးရေးနှင့် ဈေးကွက်ရရှိရေးအပိုင်းကို တာဝန်ယူဆောင်ရွက်ပေးမည်ဖြစ်ရာ တန်ဖိုးမြှင့်ထုတ်ကုန်များ ပိုမိုတိုးတက်လာမည်ဖြစ်သည်။

စက်မှုဝန်ကြီးဌာနသည် စိုက်ပျိုးရေး SMEs လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းနှင့် Creative Industry Village စသည့် စီမံကိန်းနှစ်ခုကို ရေးဆွဲ၍ အစိုးရအဖွဲ့သို့ တင်ပြမည်ဖြစ်သည်။ စိုက်ပျိုးမွေးမြူရေး လုပ်ငန်းများနှင့် ကျေးလက်ဒေသ၏ ရိုးရာနေအိမ်များသို့ ညအိပ်ညနေလည်ပတ်ခြင်း စသည့် ခရီးသွားလုပ်ငန်းဆိုင်ရာ အစီအစဉ်များကိုလည်း ယင်းစီမံကိန်းများ၌ ထည့်သွင်းရေးဆွဲထားပါသည်။ ရေတိုရေရှည် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များ အနက် အလျင်အမြန်အကောင်အထည်ဖော်သင့်သည်များကို ရွေးချယ်၍ ဦးစားပေးဆောင်ရွက်သွားမည် ဖြစ်သည်။

**ကျော်သူရ၊ စီးပွားရေးသံမှူး**
**မြန်မာသံရုံး၊ ဗန်ကောက်မြို့**

# ကုန်စည်ဒိုင်အသီးသီး၏ လက်ရှိအရောင်းအဝယ်ဖြစ်နေသော ဈေးနှုန်းများနှင့် ဈေးကွက်အခြေအနေ (၁၃-၂-၂၀၁၇)

ဇော်ဝင်း

## မူဆယ်ဈေးကွက်မှာ ပြောင်းဈေးကျ

ယခုတစ်ပတ် မူဆယ်ဈေးကွက်မှာ တရုတ်နှစ်သစ်ကူးပြီး သွားတဲ့အတွက် အရောင်းအဝယ်ပုံမှန် ပြန်ဖြစ်နေပေမယ့် ပြောင်းဈေးကတော့ ယခင်တစ်ပတ်ထက် ဈေးကျခဲ့ကြောင်း သိရပါတယ်။ ပြောင်းဈေးအနေနဲ့ ၅၀ ကီလိုတစ်အိတ်ကို ယခင်တစ်ပတ်က ၆၇ ယွမ်မှ ၇၁ ယွမ် (တစ်တန် ၁၃၄၀ ယွမ်မှ ၁၄၂၀ ယွမ်) ရှိခဲ့ပေမယ့် ယခုတစ်ပတ်မှာတော့ ၆၄ ယွမ်မှ ၆၈ ယွမ် (တစ်တန် ၁၂၈၀ ယွမ်မှ ၁၃၆၀ ယွမ်) အထိဈေးနိမ့်အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ ယခင်တစ်ပတ်က တစ်ဖက်နိုင်ငံသို့ တန်ချိန် ၃၅၉၉၇ တင်ပို့နိုင်ခဲ့ပေမယ့် ယခုတစ်ပတ်မှာတော့ တန်ချိန် ၂၅၀၀၀ ခန့်သာ တင်ပို့နိုင်ခဲ့ကြောင်းလည်း သိရပါတယ်။

××××××××××××××××

## တောင်ကြီးဈေးကွက်မှာ ပြောင်းဈေးအနည်းငယ်ကျ

ယခုတစ်ပတ် တောင်ကြီးဈေးကွက်မှာ ပြောင်းဈေး အနည်းငယ်ကျခဲ့သလို အရောင်းအဝယ်လည်း အနည်းငယ်ကျခဲ့ပါတယ်။ ယခင်တစ်ပတ်က တစ်ပိဿာ ၂၉၅ ကျပ်(တစ်တန် ၁၈၀၆၅၅ ကျပ်) ကနေ ယခုတစ်ပတ်မှာတော့ တစ်ပိဿာ ကျပ် ၂၉၀ (တစ်တန် ၁၇၇၅၉၃ ကျပ်) နဲ့သာဈေးဖွင့် အရောင်းအဝယ် ဖြစ်ခဲ့ပါတယ်။ ယခင်တစ်ပတ်က ပိဿာချိန် ၄၄၀၀၀၀ ကျော် အရောင်းအဝယ်ဖြစ်ခဲ့ပေမယ့် ယခုတစ်ပတ်မှာတော့ ပိဿာချိန် ၃၆၀၀၀၀ ခန့်သာ ရှိတာမို့ ယခင်တစ်ပတ်ထက် အရောင်းအဝယ် ကျခဲ့ကြောင်း သိရပါတယ်။

××××××××××××××××

## ရေစကြိုဈေးကွက်မှာ CP ပြောင်းဈေးတက်

ဒီတစ်ပတ် ရေစကြိုဈေးကွက်မှာ CP ပြောင်းဈေးက ယခင်တစ်ပတ်နဲ့ နှိုင်းယှဉ်ပါက အနည်းငယ်တက်ခဲ့ပါတယ်။ ယခင်တစ်ပတ်က တစ်ပိဿာကို ကျပ် ၃၂၀ (တစ်တန် ၁၉၅၉၆၄ ကျပ်) ရှိခဲ့တဲ့ CP ပြောင်းဈေးနှုန်း ယခုတစ်ပတ်မှာတော့ တစ်ပိဿာကို ၃၃၅ ကျပ် (တစ်တန် ၂၀၅၁၅၀ ကျပ်) နဲ့ ဈေးဖွင့်ခဲ့ပါတယ်။ တစ်နေ့ကို CP ပြောင်း အိတ် ၂၀၀ ခန့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။

××××××××××××××××

## မကွေးဈေးကွက်မှာ ပဲတီစိမ်း၊ ပဲစင်းငုံနီနဲ့ နှမ်းနက်စမုံတို့ ဈေးတက်

ယခုတစ်ပတ် မကွေးဈေးကွက်မှာ ပဲတီစိမ်းကတော့ ယခင်တစ်ပတ်က တစ်ပိဿာ ၁၂၁၀ ကျပ် (တစ်တန် ၇၄၀၉၉၀ ကျပ်) သာရှိခဲ့ရာမှ ယခုတစ်ပတ်မှာ တစ်ပိဿာ ကျပ် ၁၂၄၀ (တစ်တန် ၇၅၉၃၆၃ ကျပ်) နဲ့ ဈေးမြင့် အရောင်းအဝယ်ဖွင့်ခဲ့ပြီး တစ်ပတ်အတွင်း အိတ် ၁၁၀၀ ခန့် အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ ယခင်တစ်ပတ်က တစ်ပိဿာ ၁၁၂၅ ကျပ် (တစ်တန် ၇၅၀၁၇၇ ကျပ်) သာရှိခဲ့တဲ့ ပဲစင်းငုံနီကလည်း ယခုတစ်ပတ်မှာ တစ်ပိဿာ ကျပ် ၁၂၀၀ (တစ်တန် ၇၃၄၈၆၈ ကျပ်)ထိ ဈေးတက်ခဲ့ပြီး တစ်ပတ်အတွင်း အိတ် ၄၅၀၀ ခန့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။ နှမ်းမျိုးစုံ အနေနဲ့ နှမ်းနက်စမုံက ယခင်တစ်ပတ်ထက် ဈေးမြင့်ခဲ့ပြီး တစ်ပိဿာ ကျပ် ၂၈၇၀ (တစ်တန် ၁၇၅၇၅၉ ကျပ်)၊ နှမ်းနီက တစ်ပိဿာ ၂၀၄၅ ကျပ် (တစ်တန် ၁၂၅၂၃၃၇ ကျပ်) နဲ့ နှမ်းဖြူ တစ်ပိဿာ ကျပ် ၂၂၀၀ (တစ်တန် ၁၃၄၇၂၅၈ ကျပ်) အသီးသီး ဈေးဖွင့်ခဲ့ပြီး တစ်ပတ်အတွင်း နှမ်းမျိုးစုံ အိတ် ၆၇၀၀ ခန့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။

××××××××××××××××

## ပခုက္ကူဈေးကွက်မှာ ပဲတီစိမ်း ဈေးငြိမ်ပြီး ပဲစင်းငုံနီဈေးကျ

ယခုတစ်ပတ် ပခုက္ကူဈေးကွက်မှာ ပဲတီစိမ်းဈေးက အပြောင်းအလဲမရှိခဲ့ဘဲ ယခင်တစ်ပတ်ဈေးနှုန်းအတိုင်း တစ်ပိဿာ ကျပ် ၁၂၅၀ (တစ်တန် ၇၆၅၄၈၇ ကျပ်) နဲ့ ဈေးငြိမ်နေခဲ့ကြောင်း သိရပါတယ်။ ပဲစင်းငုံနီကတော့ ယခင်တစ်ပတ်က တစ်ပိဿာ ၁၂၂၅ ကျပ် (တစ်တန် ၇၅၀၁၇၇ ကျပ်) ရှိခဲ့ရာက ယခုတစ်ပတ်မှာတော့ တစ်ပိဿာ ၁၂၁၅ကျပ် (တစ်တန် ၇၄၄၀၅၃၀ ကျပ်) နဲ့ ဈေးနိမ့် အရောင်းအဝယ်ဖွင့်ခဲ့ပြီး တစ်နေ့ အိတ် ၁၃၀၀ ခန့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။ မတ်ပဲကတော့ တစ်ပိဿာ ကျပ် ၁၄၅၀ (တစ်တန် ၈၈၇၉၆၅ ကျပ်) နဲ့ တစ်နေ့အိတ် ၅၀ ခန့် အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ ယခင် တစ်ပတ်က တစ်ပိဿာ ၂၃၇၀ ကျပ် ရှိခဲ့တဲ့ ကုလားပဲဖြူ လုံးကြီးကတော့ ယခုတစ်ပတ်မှာ တစ်ပိဿာ ကျပ် ၂၂၁၀ (တစ်တန် ၁၃၅၃၃၃၈ ကျပ်) နဲ့ ယခင်တစ်ပတ်ထက် ဈေးကျခဲ့ ကြောင်းလည်း သိရပါတယ်။

××××××××××××××××

## အောင်လံဈေးကွက်မှာ ပဲတီစိမ်းဈေး တက်ခဲ့ပြီး ပဲစင်းငုံနီဈေးဆက်လက်ကျ

ယခုတစ်ပတ် အောင်လံဈေးကွက်မှာ ပဲတီစိမ်းဈေး အနည်းငယ်တက်ပြီး ပဲစင်းငုံနီဈေး ဆက်လက်ကျဆင်းခဲ့ကာ နှမ်းမျိုးစုံကတော့ ဈေးငြိမ်နေခဲ့ကြောင်း သိရပါတယ်။ ပဲတီစိမ်း အနေနဲ့ ယခင်တစ်တစ်ပတ်က တစ်ပိဿာ ကျပ် ၁၅၀၀ ရှိခဲ့ရာက ယခုတစ်ပတ်မှာ တော့ ဈေးမြင့်လာပြီး တစ်ပိဿာ ၁၅၇၅ ကျပ် (တစ်တန် ၉၆၄၅၁၄ ကျပ်) နဲ့ တစ်နေ့အိတ် ၁၅၀ ခန့် အရောင်း အဝယ်ဖြစ်ခဲ့ပါတယ်။ ယခင်တစ်ပတ်က တစ်ပိဿာ ကျပ် ၁၂၂၀ နဲ့ ဈေးကျခဲ့ တဲ့ပဲစင်းငုံနီက ယခုတစ်ပတ်မှာလည်း တစ်ပိဿာ ၁၂၀၅ ကျပ်(တစ်တန် ၇၃၇၉၂၉ ကျပ်) နဲ့ ဈေးဆက်လက်ကျ ဆင်းခဲ့ ပေမယ့် တစ်နေ့အိတ် ၁၀၀၀ ခန့် အရောင်းအဝယ်ဖြစ် ခဲ့ကြောင်း သိရပါ တယ်။ နှမ်းမျိုးစုံကတော့ ဈေးနှုန်းပြောင်းလဲမှု မရှိဘဲ ယခင် တစ်ပတ်အတိုင်း ဈေးငြိမ်နေခဲ့ပြီး နှမ်းနီ တစ်ပိဿာ ကျပ် ၁၇၈၀ (တစ်တန် ၁၀၉၀၀၅၄ ကျပ်)၊ သိပ္ပံနှမ်းနက် တစ်ပိဿာ ကျပ် ၂၈၉၀ ကျပ်( တစ်တန် ၁၇၆၉၈၀၇ ကျပ်)၊ နှမ်းနက်တစ်ပိဿာ ၂၃၃၅ ကျပ် (တစ်တန် ၁၄၂၉၉၃၀ ကျပ်)နဲ့ နှမ်းမျိုးစုံ တစ်နေ့အိတ် ၃၈၀ ခန့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း လည်း သိရပါ တယ်။

××××××××××××××××

## ဟသ်ာတဈေးကွက်မှာ မတ်ပဲဈေးဆက်လက်ကျဆင်းခဲ့ပေမယ့် ပဲတီစိမ်းဈေးပြန်တက်ခဲ့

ယခုတစ်ပတ် ဟသ်ာတ ဈေးကွက်မှာ မတ်ပဲဈေး ဆက်လက် ကျဆင်းခဲ့ပါတယ်။ ယခင်တစ်ပတ်က မတ်ပဲ တစ်ပိဿာ ဈေးနှုန်း ၁၆၂၅ ကျပ်အထိ ဈေးကျခဲ့သလို ယခုတစ်ပတ်မှာလည်း တစ်ပိဿာ ၁၅၂၅ ကျပ်(တစ်တန် ၉၃၃၈၉၄ ကျပ်)အထိ ဈေးဆက်လက်ကျဆင်းခဲ့ပါတယ်။ အရောင်းအဝယ်ဖြစ်မှုကတော့ တစ်နေ့မတ်ပဲ အိတ် ၄၀၀၀ ခန့်ရှိခဲ့ကြောင်း သိရပါတယ်။ ပဲတီစိမ်းကတော့ ယခင်တစ်ပတ်ထက် ဈေးမြင့်လာခဲ့ကာ တစ်ပိဿာ ကျပ် ၁၅၅၀ (တစ်တန် ၉၄၉၂၀၄ ကျပ်) ထိ ဈေးမြင့်ခဲ့ပြီး တစ်နေ့ကို အိတ် ၁၃၀၀ ခန့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်းလည်း သိရပါတယ်။ ပဲလွန်းဖြူနဲ့ ပဲလွန်းနီ တို့ကလည်း ဒီတစ်ပတ်မှာ ဈေးမြင့်လာခဲ့ပြီး ပဲလွန်းဖြူ တစ်ပိဿာ ၁၄၇၅ ကျပ် (တစ်တန် ၉၀၃၂၇၅ ကျပ် )နဲ့ တစ်နေ့ကို အိတ် ၅၀၀ ခန့်၊ ပဲလွန်းနီက တစ်ပိဿာ ကျပ် ၂၀၀၀ (တစ်တန် ၁၂၂၄၇၈၀ ကျပ်) နဲ့ တစ်နေ့ကို အိတ် ၅၀၀ ခန့် အသီးသီးအရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။ ရန်ကုန်ဝယ်လက်က ဝယ်ယူမှု ရှိနေတဲ့ ပဲပုပ်ဆီတိုးကလည်း ယခုတစ်ပတ်မှာ ဈေးတက်လာခဲ့ပြီး တစ်ပိဿာ ကျပ် ၁၁၅၀ (တစ်တန် ၇၀၄၂၄၈ ကျပ်) နဲ့ တစ်နေ့အိတ် ၁၀၀၀ ခန့် အရောင်းအဝယ် ဖြစ်ခဲ့ကြောင်းလည်း သိရပါတယ်။

××××××××××××××××

## ဘုရင့်နောင်ဈေးကွက်မှာ မတ်ပဲနဲ့ ပဲစင်းငုံနီ ဈေးဆက်လက်ကျဆင်း

ယခုတစ်ပတ် ဘုရင့်နောင်ဈေးကွက်မှာ မတ်ပဲ၊ ပဲစင်းငုံနီတို့ ဈေးဆက်လက်ကျဆင်းခဲ့ပါတယ်။ ယခင်တစ်ပတ်က မတ်ပဲ FAQ (RC) တစ်တန်ကို ကျပ် ၉၉၀၀၀၀၊ မတ်ပဲ SQ (RC) တစ်တန်ကို ကျပ် ၁၁၄၀၀၀၀ အထိ ဈေးကျဆင်းသလို ယခုတစ်ပတ်မှာလည်း မတ်ပဲ FAQ (RC) တစ်တန် ကျပ် ၉၃၀၀၀၀၊ မတ်ပဲ SQ(RC) တစ်တန်ကျပ် ၁၀၇၁၀၀၀ အထိ ဆက်လက်ဈေးကျခဲ့ကြောင်း သိရပါတယ်။ အလားတူ ပဲစင်းငုံနီက ယခင်တစ်ပတ်မှာ တစ်တန် ကျပ် ၇၈၅၀၀၀ ရှိခဲ့ရာက ယခုတစ်ပတ်မှာတော့ တစ်တန် ကျပ် ၇၇၇၀၀၀ နဲ့ ဈေးအနည်းငယ်ကျဆင်းခဲ့ကြောင်း သိရပါတယ်။

××××××××××××××××

## မန္တလေးဈေးကွက်မှာ မတ်ပဲဈေးကျခဲ့ပြီး ပဲတီစိမ်းဈေးတက်ရိပ်ပြ

ယခုတစ်ပတ် မန္တလေးဈေးကွက်မှာ မတ်ပဲဈေးအနည်းငယ်ကျခဲ့သော်လည်း မတ်ပဲအဟောင်းမှာ ပုံမှန်ဝယ်ယူမှု ရှိကြောင်း သိရပါတယ်။ မတ်ပဲဈေးအနေနဲ့ ယခင်တစ်ပတ်ထက် ဈေးနိမ့်ခဲ့ပြီး မတ်ပဲအသစ်တစ်ပိဿာ ၁၄၆၇ကျပ် (တစ်တန် ၈၉၈၃၇၆ ကျပ်) နဲ့ တစ်နေ့လျှင် အိတ် ၃၅၀ မှ အိတ် ၄၀၀ ကြား အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။ ပဲတီစိမ်း ရွှေဝါနဲ့ ပဲတီစိမ်းကြီး ထိပ်စကို တရုတ်နိုင်ငံသို့ တင်ပို့ရန် ကုန်သည်များက ဝယ်ယူခဲ့ပါတယ်။ ပဲတီစိမ်းရွှေဝါ(အသစ်)က တစ်ပိဿာ ၂၀၉၈ ကျပ် (တစ်တန် ၁၂၈၄၇၉၄ ကျပ်) နဲ့ ယခင်တစ်ပတ်ထက် ဈေးမြင့်ခဲ့ပါတယ်။ ပဲတီစိမ်းကြီးထိပ်စကတော့ ယခင်တစ်ပတ် ဈေးနှုန်းအတိုင်း တစ်ပိဿာ ၁၆၅၃ ကျပ် (တစ်တန် ၁၀၁၂၂၈၀ ကျပ်) နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ ပဲစင်းငုံနီ (အသစ်) တစ်ပိဿာကျပ် ၁၂၀၀ (တစ်တန် ၇၃၄၈၆၈ ကျပ်)၊ ပဲစင်းငုံနီ (အဟောင်း) တစ်ပိဿာ ၁၁၁၇ ကျပ် (တစ်တန် ၆၈၄၀၃၉ ကျပ်) နဲ့ ပဲစင်းငုံနီ (အဟောင်း)မှာ ဝယ်လိုအား ပုံမှန်ရှိနေကြောင်း သိရပါတယ်။ နှမ်းမျိုးစုံအနေနဲ့ နှမ်းဖြူ (ပုံမှန်စ) တစ်ပိဿာ ၂၀၀၀ ကျပ်(တစ်တန် ၁၂၂၄၇၈၀ ကျပ်)၊ နှမ်းဖြူ (ထိပ်စ) တစ်ပိဿာ ၂၂၂၂ ကျပ် (တစ်တန် ၁၃၆၀၇၃၀ ကျပ်)၊ နှမ်းနက် ထိပ်စ တစ်ပိဿာ ၇၇၈ ကျပ် (တစ်တန် ၁၇၀၁၂၁၉ ကျပ်)၊ သိပ္ပံနှမ်းနက် တစ်ပိဿာ ၃၀၆၇ ကျပ် ( တစ်တန် ၁၈၇၈၂၀၀ ကျပ်) တို့ဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ပြီး တရုတ် ဝယ်လက်သမားများက အရည်အသွေး ကောင်းသည့် ထိပ်စများ ကိုသာ ဝယ်လိုအား များခဲ့ကြောင်း သိရပါတယ်။

××××××××××××××××

## မုံရွာဈေးကွက်မှာ မတ်ပဲနဲ့ ပဲစင်းငုံနီဈေးတက်ခဲ့

ယခုတစ်ပတ် မုံရွာဈေးကွက်မှာ မတ်ပဲနဲ့ ပဲစင်းငုံနီတို့ ဈေးအနည်းငယ် ပြန်လည်မြင့်တက်ခဲ့တယ်လို့ သိရပါတယ်။ ယခင်တစ်ပတ်က မတ်ပဲ အသစ် တစ်ပိဿာ ၁၅၁၇ ကျပ် (တစ်တန် ၉၂၈၉၉၅ ကျပ်) သာရှိခဲ့ပေမယ့် ယခုတစ်ပတ်မှာတော့ တစ်ပိဿာ ၁၅၂၅ ကျပ် (တစ်တန် ၉၃၃၈၉၄ ကျပ်) နဲ့ ဈေးဖွင့်ခဲ့ပြီး ရန်ကုန်ဝယ်လက်နဲ့ မန္တလေးဝယ်လက်များက နေ့စဉ်အိတ် ၁၅၀၀ ခန့် ဝယ်ယူခဲ့ကြောင်း သိရပါတယ်။ ပဲစင်းငုံနီကိုတော့ ရန်ကုန် ဝယ်လက်များက ဝယ်ယူခဲ့ပြီး အသစ်ထက်အဟောင်းကို ဝယ်လို အားများခဲ့ကြောင်း သိရပါတယ်။ ဈေးနှုန်းအနေနဲ့ ယခင်တစ်ပတ်က ပဲစင်းငုံနီ (အသစ်)က တစ်ပိဿာကျပ် ၁၂၄၀ (တစ်တန် ၇၅၉၃၆၃ ကျပ်) ရှိခဲ့ပြီး ယခုတစ်ပတ်မှာတော့ တစ်ပိဿာ ၁၂၄၅ ကျပ် (တစ်တန် ၇၆၂၄၂၅ ကျပ်) နဲ့ ဈေးအနည်းငယ်တက်ခဲ့ ကြောင်း သိရပါတယ်။ ပဲတီစိမ်း အသေးကလည်း အဝင်နည်းလာတာကြောင့် အရောင်းအဝယ် သွက်ခဲ့ပေမယ့် ယခင်တစ်ပတ်ထက် ဈေးနိမ့်ပြီး တစ်ပိဿာ ကျပ် ၁၂၀၀ (တစ်တန် ၇၃၄၈၆၈ ကျပ်) တစ်နေ့အိတ် ၉၀၀ ခန့် အရောင်းအဝယ်ဖြစ်ကြောင်း သိရပါတယ်။ နှမ်းမျိုးစုံအနေနဲ့ နှမ်းဖြူထိပ်စက ယခင်တစ်ပတ်ဈေးနှုန်းအတိုင်း တစ်ပိဿာ ၂၁၆၇ ကျပ် (တစ်တန် ၁၃၂၇၀၄၉ ကျပ်)နဲ့ တစ်နေ့ အိတ် ၃၀၀ ခန့်၊ နှမ်းနက်ကတော့ တစ်ပိဿာ ၂၉၃၃ ကျပ် (တစ်တန် ၁၇၉၆၁၃၉ ကျပ်) နဲ့ ယခင်တစ်ပတ်ထက်ဈေး မြင့်ခဲ့ပြီး တစ်နေ့ အိတ် ၁၅၀ ခန့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။

# ပိုလ်တထောင်မြို့နယ်၊ အမျိုးသားစီမံခန့်ခွဲမှုပညာဒီဂရီကောလိပ်တွင် စားသုံးသူ အကာအကွယ်ပေးရေးအကြောင်း သိကောင်းစရာများ ဟောပြောပွဲကျင်းပ

စားသုံးသူရေးရာဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဦးမင်းသိန်းနှင့် တာဝန်ရှိသူဝန်ထမ်းများ၊ ရန်ကုန်တိုင်း ကျန်းမာရေးဦးစီးဌာနတို့ ပူးပေါင်း၍ ဖေဖော်ဝါရီလ ၉ ရက်က ဗိုလ်တထောင်မြို့နယ်၊ အမျိုးသားစီမံခန့်ခွဲမှုပညာ ဒီဂရီကောလိပ် အစည်းအဝေးခန်းမ၌ စားသုံးသူအကာ အကွယ်ပေးရေးအကြောင်း သိကောင်းစရာများ ဟောပြောပွဲကို ကျင်းပခဲ့ပါတယ်။

ဟောပြောဆွေးနွေးပွဲတွင် အမျိုးသားစီမံခန့်ခွဲမှုပညာ ဒီဂရီကောလိပ်မှ ပါမောက္ခဌာနမှူး ဒေါက်တာ သင်းသင်းမြင့်က အဖွင့်အမှာစကားပြောကြားပြီး ဗိုလ်တထောင်မြို့နယ်၊ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးမှူး ဒေါက်တာ ဇင်မင်းမင်းလတ်က ဆိုးဆေးပါသော အစားအသောက်များကိုစားသုံးမိပါက အသက်အန္တရာယ်ကို ထိခိုက်နိုင်ကြောင်း၊ သန့်ရှင်းသောအစားအစာများကိုသာ စားသောက်ရေးတို့ကိုအသေးစိတ် ဟောပြောဆွေးနွေးခဲ့ပါတယ်။

စားသုံးသူရေးရာ ဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံးမှ ဦးစီးအရာရှိ ဒေါ်ဝါဝါခိုင်က ကုန်စည်နှင့် ဝန်ဆောင်မှုများကို ဝယ်ယူသုံးစွဲရာတွင် စံချိန်စံညွှန်းနှင့် မကိုက်ညီသော ပစ္စည်းများကို အသိသတိဖြင့် ဝယ်ယူရမှာဖြစ်ကြောင်း၊ ကြော်ငြာအားကောင်းသောပစ္စည်းများကို သတိပြု၍ ဝယ်ယူသုံးစွဲသင့်ကြောင်း၊ စားသုံးသူပြည်သူများ ကုန်စည်၊ ဝန်ဆောင်မှုများ သုံးစွဲရာတွင် နစ်နာမှုရှိလျှင် တိုင်ကြားနိုင်ကြောင်းနှင့် ရန်ကုန်တိုင်းစားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့မှ ညှိနှိုင်းဖြေရှင်းပေးခဲ့သော တိုင်ကြားမှုများကိုလည်းကောင်း၊ စားသုံးသူကာကွယ်ရေးကို တစ်ဦးတစ်ယောက်ထဲလုပ်၍မရဘဲ ဌာနဆိုင်ရာများ၊ အစိုးရမဟုတ်တဲ့ အသင်းအဖွဲ့များ၊ စီးပွားရေး လုပ်ငန်းရှင်များ၊ စားသုံးသူပြည်သူများ ပူးပေါင်းပါဝင်မှသာ အောင်မြင်စွာဆောင်ရွက်နိုင်မည်ဖြစ်ကြောင်းတို့ကို PowerPoint များဖြင့် ဟောပြောဆွေးနွေးသွားပါတယ်။

စားသုံးသူရေးရာ ဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဦးမင်းသိန်းက အာဆီယံ(၁၀)နိုင်ငံတွင် ကမ္ဘောဒီးယားနိုင်ငံမှလွဲ၍ ကျန် ကိုးနိုင်ငံမှာ စားသုံးသူအကာအကွယ်ပေးရေးဥပဒေ ပြဋ္ဌာန်းပြီးဖြစ်ကြောင်း၊ မိမိတို့နိုင်ငံတွင် စားသုံးသူပြည်သူများကို အကာအကွယ်ပေးရန် စားသုံးသူအကာအကွယ် ပေးရေးဥပဒေပြဋ္ဌာန်းထားရှိပြီးဖြစ်ကြောင်း၊ ကုန်စည်၊ ဝန်ဆောင်မှုနှင့်ပတ်သက်၍ နစ်နာဆုံးရှုံးမှုရှိလျှင် တိုင်ကြား နိုင်ရန် ပြည်နယ်/တိုင်းဒေသကြီးများတွင် စားသုံးသူရေးရာဦးစီးဌာန၊ ပြည်နယ်/တိုင်း၊ ခရိုင်ရုံးများ ဖွင့်လှစ်ထားရှိပြီးဖြစ်သည့်အပြင် ခရိုင်အဆင့်အထိ စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ ဖွဲ့စည်းထားရှိပြီးဖြစ်ကြောင်း၊ တိုင်ကြားရာတွင်လည်း လိုအပ်သောအချက်အလက်၊ အထောက်အထားများကိုပါ တင်ပြပေးပါက လွယ်ကူလျင်မြန်စွာ ဖြေရှင်းပေးနိုင်မှာဖြစ်ကြောင်း ဆွေးနွေးပြောကြားသွားခဲ့ပါတယ်။

ဟောပြောဆွေးနွေးပွဲသို့ ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံးမှ အရာထမ်း၊ အမှုထမ်းများ၊ မြို့နယ်ပြည်သူ့ ကျန်းမာရေးဦးစီးဌာနမှူး၊ အမျိုးသားစီမံခန့်ခွဲမှုပညာဒီဂရီကောလိပ်မှ ပါမောက္ခဌာနမှူး၊ မော်ကွန်းထိန်းနှင့် ကထိကများ၊ လက်ထောက် ကထိကများ၊ ကျောင်းသား/သူများ စုစုပေါင်း ၃၀၀ ဦးခန့် တက်ရောက်ခဲ့ပါတယ်။

အလားတူ ဖေဖော်ဝါရီပထမပတ်အတွင်း ရန်ကုန်တိုင်းဒေသကြီး ဦးစီးမှူးရုံး၏ ကြီးကြပ်မှုအောက်ရှိ အရှေ့ပိုင်းခရိုင်တွင် ရှစ်နေရာ၊ အနောက်ပိုင်းခရိုင်တွင်လေးနေရာ၊ တောင်ပိုင်းခရိုင်တွင် (၁၃)နေရာ၊ မြောက်ပိုင်းခရိုင်တွင် (၂၂)နေရာတို့တွင် စားသုံးသူအကာအကွယ်ပေးရေးအကြောင်း သိကောင်းစရာ ဟောပြောဆွေးနွေးပွဲများနှင့် ကွင်းဆင်းအသိပညာပေးခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိပါတယ်။

**တင်မမ (စားသုံးသူ)**



# ဝေါမြို့နယ်အတွင်းရှိ ကျေးရွာများနှင့် အခြေခံပညာမူလတန်းလွန်ကျောင်းများ၌ စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲများကျင်းပ

ပဲခူးတိုင်းဒေသကြီး၊ စားသုံးသူရေးရာဦးစီးဌာန၊ တိုင်းဒေသကြီးဦးစီးမှူး၏ ကြီးကြပ်မှုဖြင့် ဝေါမြို့နယ် အတွင်းရှိ ကျေးရွာများနှင့် အခြေခံပညာမူလတန်းလွန်ကျောင်းများ၌ စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲများ ကျင်းပခဲ့ပါသည်။

ပဲခူးတိုင်းဒေသကြီးဦးစီးမှူးရုံးမှ ဒုတိယဦးစီးမှူး ဦးသိန်းဆွေနှင့် ဝန်ထမ်းများ၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ဝေါမြို့နယ်တာဝန်ခံ ဦးမြင့်သိန်းတို့ ပူးပေါင်း၍ ဇန်နဝါရီလ ၂၇ ရက်က ဝေါမြို့နယ်၊ ကမ်းကြီးဆိပ်ကျေးရွာရှိ အခြေခံပညာမူလတန်းလွန်ကျောင်းတွင်လည်းကောင်း၊ ဝေါမြို့နယ်၊ သပြေကန်ကျေးရွာရှိအခြေခံပညာ မူလတန်းလွန်ကျောင်းတွင်လည်းကောင်း၊ ဇန်နဝါရီလ ၃၀ ရက်က ဝေါမြို့နယ်၊ မှုံကတုံး ကျေးရွာရှိ အခြေခံပညာမူလတန်းလွန်ကျောင်းတွင်လည်းကောင်း စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာ အသိပညာပေး ဟောပြောပွဲများ ကျင်းပပြုလုပ်ခဲ့ကြပါသည်။

အဆိုပါ ဟောပြောပွဲများတွင် ပဲခူးတိုင်းဒေသကြီးဦးစီးမှူးရုံးမှ ဒုတိယဦးစီးမှူး ဦးသိန်းဆွေက လူတိုင်း ဘေးဥပဒ် အန္တရာယ်ကင်းရှင်းစွာ စားသုံးနိုင်ခွင့်ရနိုင်ရန် စားသုံးသူအကာအကွယ်ပေးရေးလုပ်ငန်းများသည် အလွန်အရေးကြီးကြောင်း၊ စားသုံးသူအကာအကွယ်ပေးရေးလုပ်ငန်းများအား မျှော်မှန်းချက်/ရည်ရွယ်ချက်များဖြင့် လုပ်ကိုင်လျက်ရှိကြောင်း၊ စားသုံးသူအကာအကွယ်ပေးရေးဥပဒေသည် စားသုံးသူများ၏ အခွင့်အရေးနှင့် တာဝန်များကိုသာမက စီးပွားရေးလုပ်ငန်းရှင်များကိုပါ စီးပွားရေး ကျင့်ဝတ်များနှင့်အညီ ထုတ်လုပ်မှုအလေးပေးပြီး စားသုံးသူများကို အကာအကွယ်ပေးထားသော ဥပဒေဖြစ်ကြောင်း၊ အစား အသောက်များ/ အသုံးအဆောင်များကို အညွှန်းများအတိုင်း အာမခံချက်များအတိုင်း စနစ်တကျ သုံးစွဲပြီး နစ်နာဆုံးရှုံးမှုများဖြစ်လာပါက စားသုံးသူများမှ သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ခရိုင်နှင့် မြို့နယ်ရုံးများတွင်ရှိသော စားသုံးသူရေးရာဦးစီးဌာန၊ စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့များသို့ လူကိုယ်တိုင်ဖြစ်စေ၊ စာဖြင့်ဖြစ်စေ တိုင်ကြားနိုင်ကြောင်းနှင့် စားသုံးသူများမှ မိမိတို့၏ နစ်နာဆုံးရှုံးမှုများအတွက် တိုင်ကြားလာမှုများကိုလည်း စားသုံးသူ အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့မှ တာဝန်ရှိသူများက စေ့စပ်ညှိနှိုင်းဖြေရှင်းပေးမည်ဖြစ်ကြောင်း အသိပညာပေး ဟောပြောခဲ့ပါသည်။

ဟောပြောပွဲများသို့ ကျေးရွာများမှ ကျောင်းအုပ်ဆရာ/ဆရာမကြီးများ၊ ဆရာ/ဆရာမများ၊ ကျောင်းသား/သူများ၊ ကျေးရွာ အုပ်ချုပ်ရေးမှူးနှင့် ကျေးရွာသူ/သားများ စုစုပေါင်း ၆၃၃ ဦး တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိပါသည်။

**မေဇူလိုင်(ပဲခူး)**

# ထိုင်းနိုင်ငံနှင့် မြန်မာနိုင်ငံတို့ နှစ်နိုင်ငံတစ်ခုတည်းသော ခရီးသွားဒေသဖြစ်ရေး တွန်းအားပေး ကြိုးပမ်းဆောင်ရွက်

ထိုင်းနိုင်ငံနှင့် မြန်မာနိုင်ငံတို့သည် နှစ်နိုင်ငံ တစ်ခုတည်းသော ခရီးသွားဒေသဖြစ်ရေး ပူးပေါင်းဆောင်ရွက်မှု အစီအစဉ်အရ ၂၀၂၀ ခုနှစ်တွင် နှစ်နိုင်ငံခရီးသွားဦးရေ ၁ ဒသမ ၅ သန်းအထိ ရောက်ရှိလာရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

နှစ်နိုင်ငံအကြား ခရီးသွားလုပ်ငန်းတိုးမြှင့်နိုင်ရေးအတွက် မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ်နှင့် ထိုင်းနိုင်ငံခရီးသွားအာဏာပိုင်အဖွဲ့(TAT)တို့သည် ဖေဖော်ဝါရီလ ၃ ရက်နေ့က နားလည်မှုစာချွန်လွှာ (MoU)လက်မှတ်ရေးထိုးခဲ့ကြကြောင်း သိရသည်။ အဆိုပါလက်မှတ်ရေးထိုးပွဲအခမ်းအနားတွင် ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ် Somkid Jatusripitak က မြန်မာနိုင်ငံအနေဖြင့် သဘာဝယဉ်ကျေးမှု ရေခံမြေခံကောင်းများကို ပိုင်ဆိုင်ထားသည့်အတွက် ခရီးသွားကဏ္ဍတွင် အလားအလာရှိသော နိုင်ငံတစ်နိုင်ငံအဖြစ် ရပ်တည်နေပါကြောင်း၊ ထိုင်းနိုင်ငံအနေဖြင့်မြန်မာနိုင်ငံအပါအဝင် ကမ္ဘောဒီးယား၊ လာအို၊ ဗီယက်နမ်နိုင်ငံတို့နှင့် ခရီးသွား ဈေးကွက်ပူးတွဲတိုးမြှင့်နိုင်ရေး၊ အထူးသဖြင့် ဖူးခက်-ရနောင်း-မြိတ်နှင့် ချင်းမိုင်-မန္တလေး-ပုဂံလေကြောင်း ခရီးစဉ်များ ပူးတွဲပုံသန်းနိုင်ရေးအတွက်အစီအစဉ်များအား လေ့လာတင်ပြရန် အစိုးရက TAT ကို တာဝန်ပေးထားပါကြောင်း ပြောကြားခဲ့ပါသည်။

၂၀၁၆ ခုနှစ်အတွင်းက မြန်မာနှင့် ထိုင်းနှစ်နိုင်ငံအကြား ခရီးသွားဦးရေမှာ ၄၉၀၀၀၀ စီရှိကြောင်း သိရသည်။ ၂၀၁၅ ခုနှစ်က မြန်မာနိုင်ငံသို့ နိုင်ငံခြားခရီးသွားဦးရေ ၄ ဒသမ ၆၈ သန်းဝင်ရောက်ခဲ့ပြီး၊ ၂၀၁၆ ခုနှစ်တွင် ၂ ဒသမ ၉ သန်းသာဝင်ရောက်ခဲ့သည့်အတွက် ၂၀၁၆ ခုနှစ်တွင် ၃၈ ရာခိုင်နှုန်း လျော့နည်းခဲ့ကြောင်း သိရသည်။ ၂၀၁၅ ခုနှစ်က မြန်မာနိုင်ငံသို့ ဝင်ရောက်ခဲ့တဲ့ ခရီးသွားဦးရေအနက် လေကြောင်းလိုင်းမှ ခရီးသွားဦးရေ တစ်သန်းကျော် ဝင်ရောက်ခဲ့ရာ ထိုင်းနိုင်ငံမှ ခုနစ်သိန်းဖြင့် အများဆုံး ဝင်ရောက်ခဲ့ပြီး တရုတ်နိုင်ငံက ဒုတိယ၊ ဂျပန်နှင့် တောင်ကိုရီးယားတို့က တတိယနှင့်စတုတ္ထအများဆုံး ဝင်ရောက်လာခဲ့ခြင်းဖြစ်သည်။

၂၀၁၆ ခုနှစ်တွင် ထိုင်းနိုင်ငံသို့ လာရောက်လည်ပတ်သည့် နိုင်ငံခြားခရီးသွား ဦးရေ ၃၂ သန်းဝင်ရောက်ခဲ့သည့်အတွက် ခရီးသွားလုပ်ငန်းကဏ္ဍတွင်အောင်မြင်မှုရရှိနေသည့် ထိုင်းနိုင်ငံအနေဖြင့် မြန်မာနိုင်ငံမှ ဒေသတွင်း ဧည့်လမ်းညွှန်များအား ထိုင်းဘာသာစကား သင်ကြားပေးရေးနှင့် မြန်မာနိုင်ငံမှ ခရီးသွားလုပ်ငန်းရှင်များအား ခရီးသွားလုပ်ငန်းကဏ္ဍ စီမံအုပ်ချုပ်မှု သင်တန်းများ ဖွင့်လှစ်ပေးရန် မြန်မာနိုင်ငံမှ တာဝန်ရှိသူများက တောင်းဆိုထားကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

ဒုတိယဝန်ကြီးချုပ်က မြန်မာနိုင်ငံမှ တာဝန်ရှိသူများအနေဖြင့် ဒေသတွင်းခရီးသွားလုပ်ငန်းမှ ဝင်ငွေ ရရှိစေရန် တိုင်းရင်းသားမျိုးနွယ်စုများ၏ ဒေသထွက်ကုန်များအား ပိုမိုဖွံ့ဖြိုးတိုးတက်အောင် လုပ်ဆောင်ရန် လိုအပ်ပါကြောင်း၊ ထို့အပြင် ခရီးသွားကဏ္ဍနှင့် ပတ်သက်သည့်သတင်းအချက်အလက်များအား ကူညီပံ့ပိုးပေးနိုင်မည့် တရားဝင်ဝက်ဘ်ဆိုက်များလည်း ထူထောင်သင့်ကြောင်း အကြံပြုပြောကြားခဲ့သည်။

မြန်မာနိုင်ငံအနေဖြင့် နိုင်ငံခြားသားခရီးသွားအများစု သွားရောက်လည်ပတ်သည့် နေရာများအား စနစ်တကျ ထိန်းသိမ်းမှု အားနည်းခြင်းနှင့် စီမံခန့်ခွဲမှု အားနည်းမှုများကြောင့် ထိုင်းနိုင်ငံ၏ အတွေ့အကြုံများအား လေ့လာပြီး အရည်အသွေးရှိသော ခရီးသွားဧည့်သည်များ ပိုမိုလာရောက်နိုင်ရေးကို ဦးစားပေး ဆောင်ရွက်သင့်ကြောင်းလည်း ၎င်းမှ ထပ်မံ ပြောကြားခဲ့သည်။

**ခင်စုစုလှိုင် (CJ)**

## မြဝတီကုန်သွယ်ရေးစခန်းတွင် ဇန်နဝါရီလအတွင်း လျာထားချက်ထက် ကျော်လွန်ဆောင်ရွက်

မြဝတီကုန်သွယ်ရေးစခန်းသည် ဇန်နဝါရီလအတွင်း ပို့ကုန်အမေရိကန်ဒေါ်လာ ၁၀ သန်း၊ သွင်းကုန်အမေရိကန်ဒေါ်လာလေးသန်း လျာထားတဲ့အတွက် ကုန်သွယ်မှုတန်ဖိုး အမေရိကန်ဒေါ်လာ ၁၄ သန်း ဆောင်ရွက်ရန် လျာထားခဲ့ပါတယ်။ မြဝတီကုန်သွယ်ရေးစခန်းရဲ့ ဇန်နဝါရီလအတွင်း အမှန်ပို့ကုန်ဆောင်ရွက်နိုင်မှုမှာ အမေရိကန်ဒေါ်လာ ၁၃ ဒသမ ၅၄၁ သန်း၊ သွင်းကုန်ဆောင်ရွက်နိုင်မှုမှာ အမေရိကန်ဒေါ်လာ ၆ ဒသမ ၄၂၆ သန်းဖြစ်၍ ကုန်သွယ်မှုပမာဏ ဆောင်ရွက်နိုင်မှုမှာ အမေရိကန်ဒေါ်လာ ၁၉ ဒသမ ၉၆၇ သန်း ဆောင်ရွက်နိုင်ခဲ့ပါတယ်။ ဒါကြောင့် လျာထားချက်အပေါ် ၁၄၂ ဒသမ ၆၂ ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်တဲ့အတွက် လျာထားချက်ထက် ကျော်လွန်ဆောင်ရွက်နိုင်တယ်လို့ သိရပါတယ်။ မြဝတီကုန်သွယ်ရေးစခန်းရဲ့ ဇန်နဝါရီလ ကုန်သွယ်မှုသည် ယခင်နှစ်ကာလတူထက် ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၅ ဒသမ ၅၄၉ သန်းနဲ့ အနီးစပ်ဆုံး ကာလထက်ပါ အမေရိကန်ဒေါ်လာ ၂ ဒသမ ၅၀၆ သန်းပိုမိုကြောင်း ကုန်သွယ်မှု စာရင်းများအရ သိရပါတယ်။

မြဝတီကုန်သွယ်ရေးစခန်းရဲ့ဇန်နဝါရီလ ကုန်သွယ်မှုမှာ အနီးစပ်ဆုံးကာလထက်ရော ယခင်နှစ်ကာလတူထက်ပါ ပိုမိုရခြင်းမှာ ရေထွက်ကုန်ပစ္စည်းများဖြစ်တဲ့ ငါးမျိုးစုံ၊ ရေငန်ပုစွန်၊ သဲကဏန်း၊ အေးခဲအသားလွှာတို့ ပိုမိုတင်ပို့နိုင်ခြင်းနဲ့ သွင်းကုန်ပိုင်းတွင်လည်း ဒီဇယ်ဆီ၊ ဓာတ်ဆီသယ်ယူသည့် ဘောတွဲဆိုလှောင်ကန်၊ သံပေပါခွံနဲ့ ဟင်းသီးဟင်းရွက်ဆီ၊ အချိုရည်၊ ဆပ်ပြာမှုန့်၊ အအေးခန်းသုံး လည်ရှည်ဖိနပ်၊ နို့ဆီ၊ ပါကင်တိပ်တို့ ပိုမို တင်သွင်းနိုင်ခြင်းကြောင့် ဖြစ်တယ်လို့ သိရပါတယ်။

မြဝတီကုန်သွယ်ရေးစခန်းရဲ့ ဇန်နဝါရီလအတွင်း အများဆုံးတင်ပို့နိုင်တဲ့ ပို့ကုန် ပစ္စည်းများကတော့ ငါးမျိုးစုံ၊ ငါးမှုန့်၊ ပုစွန်၊ ကင်းမွန်၊ ကဏန်း၊ ရော်ဘာ MSR 20၊ ရော်ဘာ RSS 3၊ သဲကဏန်းတို့ဖြစ်ပြီး အများဆုံးတင်သွင်းခဲ့တဲ့ သွင်းကုန်ပစ္စည်းများကတော့ ဒီဇယ်၊ ဘိလပ်မြေ၊ ဟင်းချက်ဆီ၊ သံချောင်း၊ အချိုရည်၊ သုတ်ဆေး၊ ငါးဖမ်းပိုက်၊ ကြွေပြားတို့ဖြစ်တယ်လို့ သတင်း ရရှိပါတယ်။ **ခင်မိုးသူ**

## ဘင်္ဂလားဒေ့ရှ်နယ်စပ်မှ ငါးနီတူခြောက်နဲ့ ငါးစုံလေးခြောက် တန် ၁၄၀ ကျော်တင်ပို့

မြန်မာ-ဘင်္ဂလားဒေ့ရှ် နယ်စပ်ရှိ ကုန်သွယ်ရေးစခန်းများမှ ဇန်နဝါရီလ ၂၈ ရက်မှ ဖေဖော်ဝါရီလ ၃ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ သုညဒသမ ၁၂၃ သန်း တန်ဖိုးရှိ ငါးနီတူခြောက်နဲ့ ငါးစုံလေးခြောက် ၁၄၁ တန်ကို တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်က ၁၇၁ တန် တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ်မှာ တန် ၃၀ ခန့်လျော့နည်း တင်ပို့ခဲ့တယ်လို့ သိရပါတယ်။ ယခုတစ်ပတ်မှာ ဘင်္ဂလားဒေ့ရှ်နယ်စပ်မှ ငါးနီတူခြောက် ပိုမိုတင်ပို့ခဲ့သော်လည်း ငါးစုံလေးခြောက်များ လျော့နည်းတင်ပို့ခဲ့တဲ့အတွက် ဖြစ်တယ်လို့ သိရပါတယ်။

စစ်တွေကုန်သွယ်ရေးစခန်းမှ ငါးနီတူခြောက်နဲ့ ငါးစုံလေးခြောက်များ အပြင် အမေရိကန်ဒေါ်လာ သုညဒသမ ၀၁၇ သန်း တန်ဖိုးရှိ မန်ကျည်းစေ့၊ ဆီးယိုထုတ်၊ ချင်း(အစို)၊ ဆီးဖတ်တို့ကို ၁၁၁ တန်နဲ့ မောင်တောကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ သုညဒသမ ၀၂၈ သန်း တန်ဖိုးရှိ လဲမှို့၊ ငါးသလောက်၊ ပုစွန်၊ ငါးကုန်းညှိခြောက်၊ ဝါးကြီး တို့ကို ၂၇ တန် တင်ပို့နိုင်တယ်လို့ သတင်းရရှိပါတယ်။ **ခင်မိုးသူ**

## မူဆယ်မှ ရေထွက်ကုန် တင်ပို့မှု တန်ချိန်ရော တန်ဖိုးပါ လျော့နည်း

မူဆယ်(၁၀၅) မိုင် ကုန်သွယ်ရေးဇုန်မှ ဇန်နဝါရီ ၂၈ ရက်မှ ဖေဖော်ဝါရီ ၃ ရက်အတွင်း အမေရိကန်ဒေါ်လာ သုညဒသမ ၉၁၀ သန်း တန်ဖိုးရှိ ရေထွက်ကုန်တန် ၃၆၀ ကျော်ကို တရုတ်နိုင်ငံသို့ တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်က အမေရိကန်ဒေါ်လာ ၁ ဒသမ ၈၅၃ သန်းတန်ဖိုးရှိ ရေထွက်ကုန် တန်ချိန် ၈၇၀ ကျော်တင်ပို့ခဲ့လို့ ယခုတစ်ပတ်မှာ အမေရိကန်ဒေါ်လာ သုည ဒသမ ၉၄၃ သန်း၊ တန်ချိန်အားဖြင့် ၅၀၉ တန်ကျော် လျော့နည်းတင်ပို့ခဲ့ပါတယ်။

ယခုသီတင်းပတ်က ငါးပူတင်း အရေခွံခြောက်၊ ငါးလိပ်ကျောက်အရေခွံခြောက်နဲ့ ငါးခြောက်ပိုမိုတင်ပို့ခဲ့ပေမယ့် ငါးမြစ်ချင်းစီဖောင်း၊ ငါးမျိုးစုံ၊ ငါးဆားနယ်၊ ကဏန်း၊ ငါးလေးခြောက် တင်ပို့မှု လျော့နည်းခဲ့တာကြောင့် ယခင်တစ်ပတ်ထက် တန်ချိန်ရော၊ တန်ဖိုးပါ လျော့နည်းရတာ ဖြစ်ပါတယ်။ တစ်ဖက်နိုင်ငံ ယွမ်ဈေးအနေဖြင့် ငါးရှဉ့်ဈေးရော၊ ကဏန်းဈေးပါ ယခုတစ်ပတ်အတွင်း ပြောင်းလဲမှုမရှိဘူးလို့ မူဆယ် ရေထွက်ကုန်ဒိုင်မှ သတင်းရရှိပါတယ်။ **မော်မော်အောင်**

## ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းရဲ့ ဇန်နဝါရီ ကုန်သွယ်မှု အမေရိကန်ဒေါ်လာ သန်း ၄၀ ကျော် ဆောင်ရွက်နိုင်ခဲ့



မြန်မာ-တရုတ်နယ်စပ်ရှိ ချင်းရွှေဟော် ကုန်သွယ်ရေးစခန်းမှ ၂၀၁၇ ဇန်နဝါရီအတွင်း ပို့ကုန် အမေရိကန်ဒေါ်လာ ၃၉ ဒသမ ၉၆၂ သန်း၊ သွင်းကုန် အမေရိကန်ဒေါ်လာ ၃ ဒသမ ၆၉၄ သန်း ဆောင်ရွက်နိုင်ခဲ့တဲ့အတွက် ကုန်သွယ်မှု ပမာဏ အမေရိကန်ဒေါ်လာ ၄၃ ဒသမ ၆၅၆ သန်း ဆောင်ရွက်နိုင်ခဲ့ပါသည်။

ယမန်နှစ်ကာလတူနှင့် နှိုင်းယှဉ်ပါက ပို့ကုန်တွင် အမေ ရိကန်ဒေါ်လာ ၁၀ ဒသမ ၅၈၉ သန်း ပိုမိုပြီး သွင်းကုန်တွင် အမေရိကန်ဒေါ်လာ သုည ဒသမ ၅၀၄ သန်း လျော့နည်းခဲ့ပါသည်။ ကုန်သွယ်မှုပမာဏကို ကြည့်ပါက ၂၀၁၆ ဇန်နဝါရီ ကုန်သွယ်မှုပမာဏမှာ အမေရိကန်ဒေါ်လာ ၃၃ ဒသမ ၅၇၁ သန်း ဖြစ်တာကြောင့် ၂၀၁၇ ဇန်နဝါရီမှာ ၃၀ ဒသမ ၀၈၅ သန်း ပိုမို ဆောင်ရွက်နိုင်ခဲ့ပါသည်။ ယခုနှစ်တွင် ငရုတ်သီးခြောက်၊ နှံစားပြောင်း၊ ဆန်၊ ပဲနီကြား၊ နှမ်း၊ စွန်တာနီပြာ တင်ပို့မှု လျော့နည်းခဲ့သော်လည်း မြေပဲဆန်၊ ပဲမျိုးစုံ၊ ပြောင်း၊ ဝဥ၊ ရော်ဘာ၊ ငါးရှဉ့်၊ ကဏန်း၊ ရေငန်ငါး၊ သကြားဖြူ Re-export သကြားနှင့် ဆံပင်တို့ပိုမိုတင်ပို့နိုင်ခဲ့၍လည်းကောင်း၊ သွင်းကုန်ပိုင်းတွင် ယခင်နှစ်ထက် ဓာတ်မြေဩဇာ၊ နန်းကြိုး၊ ဝရိန်ချောင်း၊ အိမ်ရိုက်သံ၊ အချိုမှုန့်၊ ဂက်စ်နှင့် ဘိလပ်မြေတို့ တင်သွင်းမှု လျော့နည်းခဲ့ခြင်းကြောင့်လည်းကောင်း ပို့ကုန်တွင် ယခင်နှစ်ထက် ပိုမိုပြီး သွင်းကုန်တွင် လျော့နည်းရခြင်းဖြစ်ပါသည်။

အနီးစပ်ဆုံး ၂၀၁၆ ဒီဇင်ဘာနှင့် နှိုင်းယှဉ်ပါက ပို့ကုန်တွင် အမေရိကန်ဒေါ်လာ ၁၂ ဒသမ ၆၆၆ သန်း လျော့နည်းပြီး သွင်းကုန်တွင် အမေရိကန်ဒေါ်လာ သုညဒသမ ၄၈၀ သန်း ပိုမိုခဲ့ပါသည်။ ၂၀၁၇ ဇန်နဝါရီတွင် ပဲလွန်းဖြူ ကုလားပဲ၊ မြေထောက်ပဲ၊ မတ်ပဲ၊ မြေပဲတောင့်၊ နှမ်းအခွံချွတ်၊ သကြားနှင့် ရေထွက်ကုန် ပိုမိုတင်ပို့ခဲ့သော်လည်း ပဲတီစိမ်း၊ ပဲကြီး၊ ပဲယင်း၊ ပဲနီကြား၊ မြေပဲဆန်၊ စွန်တာနီပြာ၊ နှမ်း၊ ရော်ဘာ၊ ဆန်၊ ပြောင်း၊ နှံစားပြောင်း၊ ကြက်ဆူ၊ ဆံပင်နှင့် Re-export သကြား တင်ပို့မှု လျော့နည်းခဲ့၍ ပို့ကုန်မှာ ဒီဇင်ဘာထက်လျော့နည်းခဲ့ရခြင်းဖြစ်သည်။ သွင်းကုန်ပိုင်းတွင် နန်းကြိုး၊ အိမ်ရိုက်သံ၊ ဝရိန်ချောင်း၊ အထပ်သား တင်သွင်းမှု လျော့နည်းခဲ့သော်လည်း အဓိက သွင်းကုန်ဖြစ်တဲ့ ဘိလပ်မြေ၊ အချိုမှုန့်၊ တိပ်၊ မြေဆီ၊ ဆပ်ပြာ၊ ပဲပုပ်စေ့ဆီ၊ နေကြာစေ့နှင့် စက်ပစ္စည်း တင်သွင်းမှု ပိုမိုခဲ့၍ သွင်းကုန်မှာ ပိုမိုရခြင်း ဖြစ်ပါသည်။

ဇန်နဝါရီ ကုန်သွယ်မှု လျာထားချက်မှာ အမေရိကန်ဒေါ်လာ ၄၅ သန်းဖြစ်ပြီး အမှန်ဆောင်ရွက်နိုင်မှုမှာ အမေရိကန်ဒေါ်လာ ၄၃ ဒသမ ၆၅၆ သန်းဖြစ်သဖြင့် ၉၇ ရာခိုင်နှုန်းကျော်အထိ ဆောင်ရွက်နိုင်ခဲ့ပါသည်။

ချင်းရွှေဟော် ကုန်သွယ်ရေးစခန်းမှ ဇန်နဝါရီလအတွင်း တင်ပို့ခဲ့သည့် ပို့ကုန်ပစ္စည်းများမှာ လယ်ယာထွက်ကုန်ပဲ အမျိုးမျိုး၊ ငရုတ်သီးခြောက်၊ ကောက်ညှင်းဆန်၊ ဆန်၊ နှံစားပြောင်း၊ ပြောင်းဖူးစေ့၊ နှမ်းရောင်စုံ၊ ကွမ်းသီး၊ ကြက်ဆူစေ့၊ ရေထွက်ကုန် ကဏန်း၊ ငါးရှဉ့်၊ ရေငန်ငါး၊ စက်မှုကုန်ချော သကြားဖြူနှင့် အခြားအုပ်စုမှ ဆံပင်၊ ပလပ်စတစ်ဖြတ်စ၊ Re-export သကြားနှင့် မြေပဲဆန်တို့ တင်ပို့နိုင်ခဲ့ပြီး သွင်းကုန်ပစ္စည်းများမှာ ဘိလပ်မြေ၊ ဓာတ်မြေဩဇာ၊ ဝရိန်ချောင်း၊ သွပ်နန်းကြိုး၊ သံမှို၊ ပီနန်အိတ်(ပလပ်စတစ်)၊ အစွန်းချွတ်ဆေး၊ Packing Tape၊ တူနှင့် အချိုမှုန့်တို့ တင်သွင်းလာခဲ့ကြောင်း သိရပါသည်။ **မော်မော်အောင်**

## ဇန်နဝါရီလအတွင်း ကော့သောင်းကုန်သွယ်ရေးစခန်းမှ လျာထားချက်ထက် ကျော်လွန်ဆောင်ရွက်

ဇန်နဝါရီလအတွင်း ကော့သောင်းကုန်သွယ်ရေးစခန်း အနေဖြင့် ဇန်နဝါရီလအတွင်းလျာထားချက်ထက် ကုန်သွယ်မှုပမာဏ ကျော်လွန်ဆောင်ရွက်နိုင်ခဲ့ကြောင်း ကော့သောင်းကုန်သွယ်ရေးစခန်းမှ သိရှိရပါတယ်။ ကော့သောင်းကုန်သွယ်ရေးစခန်းမှ ပို့ကုန် အမေရိကန်ဒေါ်လာ ၃ သန်းနှင့် သွင်းကုန်အမေရိကန်ဒေါ်လာ ၇ သန်း လျာထားတဲ့အတွက် ကုန်သွယ်မှုတန်ဖိုး ၁၀ သန်း ဆောင်ရွက်ရန် လျာထားခဲ့ပါတယ်။ ပို့ကုန်ဆောင်ရွက်နိုင်မှုမှာ အမေရိကန်ဒေါ်လာ ၈ ဒသမ ၃၀၂ သန်း၊ သွင်းကုန်ဆောင်ရွက်နိုင်မှုမှာ အမေရိကန်ဒေါ်လာ ၅ ဒသမ ၀၆၀ သန်း ဖြစ်၍ ကုန်သွယ်မှုပမာဏ အမေရိကန် ၁၃ ဒသမ ၃၆၂ သန်း ဆောင်ရွက်နိုင်ခဲ့တယ်လို့ သိရပါတယ်။ ဒါကြောင့် လျာထားချက်အပေါ် ၁၃၃ ဒသမ ၆၁ ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်တဲ့အတွက် လျာထားချက်ထက် ကျော်လွန်အောင် ဆောင်ရွက်နိုင်တယ်လို့ သိရပါတယ်။

ဇန်နဝါရီလ ကုန်သွယ်မှုကို ယခင်နှစ်ကာလတူနဲ့ နှိုင်းယှဉ်ပါက ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ သုည ဒသမ ၄၁၉ သန်း ပိုမိုခဲ့ကြောင်း ကာလတူထက် ပိုမိုရခြင်းမှာ ယခင်နှစ်က တင်ပို့နိုင်ခြင်းမရှိတဲ့ ရော်ဘာစိမ်း RSS-3၊ အုန်းသီး၊ အုန်းခွံနဲ့ ကော့သောင်းဒေသရဲ့ အဓိကပို့ကုန်ပစ္စည်းများဖြစ်တဲ့ ရေထွက်ကုန်များ ပိုမိုတင်ပို့နိုင်ခြင်းကြောင့် ဖြစ်တယ်လို့ သိရပါတယ်။

ကော့သောင်းဒေသတွင် အဓိကပို့ကုန်ပစ္စည်းများဖြစ်တဲ့ ရေထွက်ကုန်ပစ္စည်းများ မှန်မှန်ကန်ကန် တင်ပို့နိုင်ရေးအတွက် ခရိုင်ငါးလုပ်ငန်းဦးစီးဌာနနဲ့ ညှိနှိုင်းပေါင်းစပ်ဆောင် ရွက်ခြင်း၊ သွင်းကုန်ပစ္စည်းများ မှန်မှန်ကန်ကန် တင်သွင်းရေး တာဝန် ယူဆောင်ရွက်လျက်ရှိတဲ့ အကောက်ခွန် OSS အဖွဲ့နဲ့ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ခြင်း၊ လစဉ်ကုန်သွယ်မှုမြှင့်တင်ရေး အစည်းအဝေးများတွင် ကုန်သည်လုပ်ငန်းရှင်များအား ကုန်သွယ်မှုတိုးတက်ရေး ပူးပေါင်းဆောင်ရွက်ကြရန် ဆွေးနွေးခြင်းတို့ကြောင့် လျာထားချက်ထက် ကျော်လွန် ဆောင်ရွက်နိုင်ခြင်းဖြစ်တယ်လို့ သိရပါတယ်။

ကော့သောင်းကုန်သွယ်ရေးစခန်းရဲ့ ဇန်နဝါရီလအတွင်း အများဆုံး တင်ပို့နိုင်ခဲ့တဲ့ ပို့ကုန်ပစ္စည်းများကတော့ ငါးမျိုးစုံ၊ ကင်းမွန်၊ ရော်ဘာစိမ်း RSS-3၊ အခြားရေထွက်ပစ္စည်းများ၊ ပုစွန်၊ ကဏန်း၊ အုန်းသီး၊ ဆီအုန်းကြိတ်ဖတ်ကုန်ကြမ်း၊ ရေဘဝဲ၊ အုန်းသီးအခွံတို့ ဖြစ်ပြီး အများဆုံးတင်သွင်းတဲ့ သွင်းကုန်ပစ္စည်းများကတော့ ဘိလပ်မြေ၊ ဆေးဝါးပစ္စည်းများ၊ ရေနံထွက်ပစ္စည်းများ၊ ဓာတ်မြေဩဇာများ၊ ဓာတုပစ္စည်းများ၊ သံနှင့် သံမဏိ၊ ဆောက်လုပ်ရေးပစ္စည်းများ၊ ငါးဖမ်းပိုက်ကွန်များ၊ ပလပ်စတစ်ကုန်ကြမ်းပစ္စည်းများ၊ ဆပ်ပြာနဲ့ ဆပ်ပြာမှုန့်၊ မီးဖိုချောင်သုံး ပစ္စည်းများ ဖြစ်တယ်လို့ သတင်းရရှိပါတယ်။ **ခင်မိုးသူ**

# ရေရှည်တည်တံ့သော ဒေသရင်းမြစ် ဇီဝထွက်ကုန်များ ကုန်သွယ်မှုမြှင့်တင်ရေးစီမံချက် စတင် ဆောင်ရွက်ခြင်းအခမ်းအနားကို ရန်ကုန်မြို့တွင် ကျင်းပ

မြန်မာနိုင်ငံ၏ ဇီဝမျိုးကွဲထုတ်ကုန်များနှင့်စပ်လျဉ်း၍ ရေရှည်တည်တံ့သော ဒေသရင်းမြစ် ဇီဝထုတ်ကုန်များ ကုန်သွယ်မှုမြှင့်တင်ရေးစီမံချက်အား စတင်ဆောင်ရွက်ခြင်း အခမ်းအနားကို ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၃ ရက်တွင် ရန်ကုန်မြို့၊ ဗိုလ်တထောင်ဘုရားလမ်းရှိ Orchid ဟိုတယ်၌ ကျင်းပခဲ့သည်။

အဆိုပါ စီမံချက်ကို ၂၀၁၆ ခုနှစ်မှ ၂၀၂၀ ခုနှစ်အတွင်း အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်သည်။ ဦးစားပေးအကောင်အထည်ဖော်ဆောင်ရွက်လိုသည့် မြန်မာ နိုင်ငံ၏ ဒေသရင်းမြစ် ဇီဝထွက်ကုန်ခြောက်မျိုးအဖြစ် လက်ဖက်၊ လျှော်ဖြူ၊ ဖာလာ၊ သနပ်ခါး၊ ပန်းနှမ်းနှင့်ဇီးဆန်တို့ကို ရွေးချယ်ထားခဲ့ပြီး ကနဦးစစ်တမ်း ကောက်ယူခြင်းအဆင့်ကို ဆောင်ရွက်နိုင်ခဲ့ပြီးဖြစ်ကြောင်း သိရှိရသည်။ ဆွေးနွေးပွဲအခမ်းအနားတွင် ဇီဝထွက်ကုန်များ ကုန်သွယ်ခြင်းဆိုင်ရာ လုပ်ငန်းစဉ်တွင် တွေ့ကြုံရမည့် အဟန့်အတားများဖော်ထုတ်ခြင်း၊ တန်ဖိုးကွင်းဆက် တစ်လျှောက်အားနည်းချက်နှင့် အားသာချက်များ ဖော်ထုတ်ခြင်းတို့အပြင် ကနဦးရွေးချယ်ထားသည့် ထုတ်ကုန်များနှင့် ထပ်မံ ထည့်သွင်းရွေးချယ်ရန် လိုအပ်နေသော ထုတ်ကုန်များကို ဖော်ထုတ်ခဲ့ကြပါသည်။

အရှေ့တောင်အာရှဒေသ နိုင်ငံများဖြစ်သည့် မြန်မာ၊ လာအိုနှင့် ဗီယက်နမ်နိုင်ငံများအတွင်းရှိ ဇီဝမျိုးကွဲစုံလင်မှုအား ထိန်းသိမ်းစောင့်ရှောက်ရန်နှင့် ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်း ဖွံ့ဖြိုးလာစေရန် ရည်ရွယ်၍ သဘာဝအခြေခံ ဇီဝထွက်ကုန်များ ကုန်သွယ်မှုမြှင့်တင်ရေး လုပ်ငန်းစဉ်ကို ဆွစ်ဇာလန်နိုင်ငံအစိုးရမှ ငွေကြေးထောက်ပံ့ပြီး၊ ဆွစ်ဇာလန်နိုင်ငံအခြေပြုသည့် အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းဖြစ်သော HELVETAS မှ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် စီမံချက်တစ်ရပ်ဖြစ်ကြောင်း သိရသည်။

စီမံချက်ဆောင်ရွက်နေမှုများနှင့် စပ်လျဉ်း၍ https://myanmar.helvets.org တွင် အသေးစိတ် ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း သိရှိရပါသည်။ ဆွေးနွေးပွဲအခမ်းအနားသို့ ဆွစ်ဇာလန်သံရုံးမှ တာဝန်ရှိသူများ၊ HELVETAS Myanmar၊ HELVETAS Lao, HELVETAS Vietnam တို့၏ ဌာနေ ကိုယ်စားလှယ်များ၊ လက်ဖက်တောင်သူများ၊ သနပ်ခါးစိုက် တောင်သူများ၊ လျှော်ဖြူစိုက်ပျိုးထုတ်လုပ်သူများ၊ ဇီးသီး စိုက်ပျိုးထုတ်လုပ်သူများ၊ သစ်သီးဝလံစိုက်ပျိုးထုတ်လုပ်သူများနှင့် သက်ဆိုင်ရာ အသင်းအဖွဲ့တို့မှ ကိုယ်စားလှယ်များ အပါအဝင် စုစုပေါင်း ၄၀ ဦးခန့် တက်ရောက်ခဲ့ကြောင်း သတင်းရရှိပါသည်။

**မြတ်မြတ်စိုးမိုး (Myantrade)**

# တာချီလိတ်တံတားအမှတ် (၁)မှ ခြောက်လအတွင်း ရှမ်းပြည်နယ်အစိုးရ ဘဏ္ဍာရန်ပုံငွေ ကျပ်သိန်းပေါင်း ၁၈၀၀ ကျော်ရရှိ




နိုင်ငံတော်အစိုးရ၏ လမ်းညွှန်မှုအရ တရားမဝင်ကုန်သွယ်မှု လျှော့နည်းကျဆင်းရေး၊ ရသင့်သည့်အခွန်အပြည့်အဝ ရရှိစေရေးတို့အတွက် ရှမ်းပြည်နယ်(အရှေ့ပိုင်း)ရှိ နယ်စပ်ဝင်ပေါက်များကို ရှမ်းပြည်နယ် အစိုးရက ကြီးကြပ်ဆောင်ရွက်ခဲ့ရာ တာချီလိတ်-မယ်ဆိုင် ချစ်ကြည်ရေးတံတား အမှတ်(၁)မှ တစ်ပိုင်တစ်နိုင် ကုန်စည် တင်သွင်းမှုအပေါ် တံတားဖြတ်သန်းခအဖြစ် ကုန်ပစ္စည်းတန်ဖိုး၏ သုံးရာခိုင်နှုန်း ကောက်ခံရရှိငွေမှာ စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သည့် ၂၀၁၆ ခုနှစ်၊ ဩဂုတ်လ မှ ၂၀၁၇ခုနှစ်၊ ဇန်နဝါရီလအထိ ခြောက်လအတွင်း ကျပ်သိန်းပေါင်း ၁၈၀၀ ကျော်ရရှိကြောင်းသိရသည်။

အဆိုပါ ခြောက်လအတွင်း အများဆုံးရရှိငွေမှာ ၂၀၁၆ ခုနှစ်၊ အောက်တိုဘာလက ကျပ် ၃၇၈သိန်းကျော်ရရှိခဲ့ပြီး အနည်းဆုံး ရရှိငွေမှာ ၂၀၁၇ခုနှစ်၊ ဇန်နဝါရီလက ကျပ်သိန်းပေါင်း ၂၅၀ ကျော်ဖြစ်ကြောင်း၊ အောက်တိုဘာလ ၂၃ ရက်က ရှမ်းပြည်နယ် (အရှေ့ပိုင်း) တွင် နိုင်ငံရေး မတည်ငြိမ်မှုများဖြစ်ပေါ်ခဲ့ပြီး နောက်ပိုင်းတွင် ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလအထိ ဝင်ငွေ ဆက်တိုက်ကျဆင်းခဲ့ကြောင်း၊ ရှမ်းပြည်နယ်အစိုးရ၏ နယ်စပ်ဝင်ပေါက်များကြီးကြပ်ရေး ကိုယ်စားလှယ်၏ ပြောပြချက်အရ သိရသည်။

ယခင်က တာချီလိတ်မြို့ရှိမြန်မာ-ထိုင်းချစ်ကြည်ရေး တံတား အမှတ်(၁)မှ တစ်ပိုင်တစ်နိုင် ကုန်ပစ္စည်းအပေါ် သုံးရာခိုင်နှုန်း ကောက်ခံရရှိငွေမှာ တရားဝင် အတည်ပြုချက် စာရင်းများအရ ၂၀၁၃ ခုနှစ်တွင် ၁၈၈ ဒသမ ၃ သန်း၊ ၂၀၁၄ ခုနှစ်တွင် ၂၀၅ ဒသမ ၄ သန်း၊ ၂၀၁၅ ခုနှစ်တွင် ၂၃၀ ဒသမ ၃ သန်း နှစ်အလိုက် အသီးသီး ရရှိခဲ့သဖြင့် လက်ရှိရှမ်းပြည်နယ်အစိုးရ၏ ကြီးကြပ်ဆောင်ရွက်မှု ခြောက်လတာ ကာလအတွင်းရရှိခဲ့သည့် ပြည်နယ်ဘဏ္ဍာ ရန်ပုံငွေမှာ ယခင်ကထက် များစွာ တိုးတက်ခဲ့ကြောင်း သိရသည်။

**မင်းအောင်(တောင်ကြီး)**

# ဆီထွက်သီးနှံပို့ကုန်များကို တိုင်းတာသတ်မှတ်သည့် အပင်ပိုးမွှားရောဂါကင်းရှင်းရေး တားမြစ်ချက်များဆိုင်ရာ တောင်သူအဆင့် အလုပ်ရုံဆွေးနွေးပွဲကျင်းပ



အရည်အသွေးနှင့် အစားအစာ ဘေးအန္တရာယ် ကင်းရှင်းရေးရှုထောင့်အရ ဆီထွက် သီးနှံပို့ကုန်များကို တိုင်းတာသတ်မှတ်သည့် အပင်ပိုးမွှားရောဂါကင်းရှင်းရေး တားမြစ်ချက်များဆိုင်ရာ တောင်သူအဆင့်အလုပ်ရုံဆွေးနွေးပွဲကို ဇန်နဝါရီလ ၂၃ ရက်က စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့၊ မြို့တော်ခန်းမ၌ ကျင်းပပြုလုပ်ခဲ့ရာ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနဝန်ကြီး ဦးကမ်ဇာမုံ၊ စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာနနှင့် မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့မှ အရာထမ်း၊ အမှုထမ်းများ၊ စစ်ကိုင်းတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းမှ တာဝန်ရှိသူများ၊ တိုင်းဒေသကြီးမြို့နယ် ဆီထွက်သီးနှံစိုက်ပျိုးထုတ်လုပ်သူများအသင်းမှ တာဝန်ရှိသူများ၊ ကုန်သည်ပွဲစားများ၊ တောင်သူများ စုစုပေါင်း ၁၃၀ ဦးခန့် တက်ရောက်ခဲ့သည်။ အဆိုပါဆွေးနွေးပွဲတွင် စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနဝန်ကြီး ဦးကမ်ဇာမုံက အဖွင့်အမှာစကားပြောကြားခဲ့သည်။

ထို့နောက် နိုင်ငံတကာကုန်သွယ်မှုဗဟိုဌာနမှ အရည်အသွေးနှင့် စီမံခန့်ခွဲမှု ကျွမ်းကျင်ပညာရှင် Dr.W.M.Hancock နှင့် Ludovica Ghizzoni တို့က ဆီထွက် သီးနှံပို့ကုန်များကို အရည်အသွေးနှင့် အစားအစာ ဘေးကင်းရေးရှုထောင့်မှ တိုင်းတာသတ်မှတ်သည့် အပင်ပိုးမွှားရောဂါကင်းရှင်းရေး တားမြစ်ချက်များ၊ စိုက်ပျိုးရေးကျင့်စဉ်ကောင်းများ သိရှိနားလည်ရေးနှင့် အကောင်အထည်ဖော်ရေး၊ အပြည်ပြည်ဆိုင်ရာ အပင်ပိုးမွှားရောဂါတားမြစ်ချက်များ ကိုက်ညီမှုအကျိုးကျေးဇူး၊ စိုက်ပျိုးရေး ကျင့်စဉ်ကောင်းများ၏ အရေးပါမှု၊ ဆီထွက်သီးနှံတောင်သူများအတွက် အခွင့်အလမ်းများအကြောင်း ရှင်းလင်းဆွေးနွေးခဲ့သည်။ ထို့ပြင် ဒေါက်တာ ဒေါ်သစ်သစ်လွင်က အပင်ပိုးမွှားရောဂါဆိုင်ရာ တားမြစ်ချက်များအရ မြန်မာ့ဆီ ထွက်သီးနှံပို့ကုန်ဆိုင်ရာ စိန်ခေါ်မှုများနှင့် စီမံကိန်းမှဆောင်ရွက်မည့် နည်းလမ်းများကိုလည်းကောင်း၊ စိုက်ပျိုးရေးဦးစီးဌာန၊ သုတေသနပညာရှင်က စိုက်ပျိုးရေး ကျင့်စဉ်ကောင်းစနစ်ကို မြန်မာနိုင်ငံတွင် လက်တွေ့အကောင်အထည်ဖော်ဆောင် ရွက်နေမှုများကိုလည်းကောင်း၊ ဆီထွက်သီးနှံစိုက်ပျိုးထုတ်လုပ်သူများအသင်း ဥက္ကဋ္ဌ ဦးထွန်းထွန်းဦးက အပင်ပိုးမွှားရောဂါဆိုင်ရာ တားမြစ်ချက်များနှင့် ကိုက်ညီသည့် မြန်မာ့ဆီထွက်သီးနှံပို့ကုန်များအတွက် အခွင့်အလမ်းများ ခေါင်းစဉ်ဖြင့် လည်းကောင်းအသီးသီး ဆွေး နွေးခဲ့ကြပါသည်။ ထို့နောက် တောင်သူများ၊ စိုက်ပျိုးရေးအကြံပေးများ၊ ကုန်သည် များ၊ ဌာနဆိုင်ရာများ အစုဖွဲ့စည်းပြီး အချင်းချင်း မိတ်ဆက်ခြင်း အစုဖွဲ့လိုက် ဆွေးနွေးခြင်း၊ အဖွဲ့လိုက် ဆွေးနွေးတင်ပြခြင်းနှင့် ဆီထွက်သီးနှံထုတ်လုပ်သူများ အစုအဖွဲ့ ဖွဲ့စည်းခဲ့ကြကြောင်း သိရှိရပါသည်။ **ကြည်ကြည်နွယ်(မုံရွာ)**

# မြန်အောင်မြို့တွင် သစ်သီးဝလံအခြေခံ စားသောက်ကုန်ထုတ်လုပ်နည်း သင်တန်းဖွင့်လှစ်

ဧရာဝတီတိုင်းဒေသကြီး တိုင်းအသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် သစ်သီးဝလံအခြေခံ စားသောက်ကုန် ထုတ်လုပ်နည်း သင်တန်းကို မြန်အောင်မြို့တွင် ဖေဖော်ဝါရီလ ၉ ရက်က ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

မြန်မာ့ရိုးရာမုန့်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းများ ရရှိစေရန်သာမက မိသားစုဝင်ငွေတိုးပွား၍ ဆင်းရဲနွမ်းပါးမှုကို တစ်ဖက်တစ်လမ်းမှ လျှော့ချနိုင်ပြီး ပြည်သူလူထုအတွင်း အခြေခံစားသောက်ကုန်ထုတ်လုပ်နည်းများကို စနစ်တကျတတ်မြောက်၍ စီးပွားဖြစ် လုပ်ကိုင်စားသောက်နိုင်ရန် ရည်ရွယ်၍ အဆိုပါသင်တန်းကို ဖွင့်လှစ်ရခြင်းဖြစ်ကြောင်း တိုင်းဒေသကြီး အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဒုတိယ ညွှန်ကြားရေးမှူး ဦးစိုးနိုင်ထူးက ပြောကြားခဲ့သည်။

အဆိုပါသင်တန်းတွင် သဘာဝသစ်သီးဖျော်ရည်မျိုးစုံ၊ သစ်သီးယိုမျိုးစုံ၊ ဂျယ်လီမျိုးစုံ၊ သစ်သီးဝိုင်မျိုးစုံ၊ တော်ဖီနှင့်ယိုမျိုးစုံ၊ သစ်သီးဆားရေစိမ်နှင့် ဆော့စ်ပြုလုပ်နည်းများကို သင်ကြားပို့ချပေးမည်ဖြစ်ပြီး၊ သစ်သီးများ၏သဘာဝနှင့် ၎င်းတို့တွင်ပါဝင်သည့် အာဟာရဓာတ်များအကြောင်းကိုပါ သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါသင်တန်းသို့ သင်တန်းသား၊ သင်တန်းသူ၅၀ဦး တက်ရောက်ခဲ့ကြပြီး သင်တန်းကာလမှာ ရက်သတ္တတစ်ပတ်ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။ အလားတူ ပုသိမ်မြို့တွင်လည်း ဖေဖော်ဝါရီလ တတိယပတ်အတွင်း ဖွင့်လှစ်သွားနိုင်ရန် စီစဉ်လျက်ရှိကြောင်း သတင်းရရှိသည်။

**မင်းမင်းဦး (ပုသိမ်)**

# ကုန်သွယ်မှုဖွံ့ဖြိုးတိုးတက်ရေး အစီအစဉ် (Trade Development Programme-TDP) စီမံကိန်းကော်မတီ၏ စတုတ္ထအကြိမ်မြောက် အစည်းအဝေး ကျင်းပ



တင်တင်နွဲ့ (WTO)

ကုန်သွယ်မှု ဖွံ့ဖြိုးတိုးတက်ရေး အစီအစဉ် (Trade Development Programme-TDP)၏ စတုတ္ထအကြိမ် စီမံကိန်းကော်မတီ အစည်းအဝေးကို ဖေဖော်ဝါရီလ ၇ ရက်က နေပြည်တော် ရှိ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန၊ ရုံးအမှတ်(၃)၊ ညီလာခံခန်းမ၌ ကျင်းပပြုလုပ်ခဲ့ပါသည်။

အဆိုပါ စတုတ္ထအကြိမ် စီမံကိန်းကော်မတီအစည်းအဝေးသို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ကုန်သွယ်ရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်၊ ဦးရန်နိုင်ထွန်း၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမင်းမင်း၊ စီမံကိန်းမှ အကျိုးခံစားရသည့် ဆက်စပ်ဝန်ကြီးဌာနများမှ ကော်မတီအဖွဲ့ဝင်များ၊ EU, GIZ နှင့် ဂျာမန်သံရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပါသည်။ ထို့အပြင် TDP စီမံ ကိန်းအကောင်အထည်ဖော် ဆောင်ရွက်မှု အကဲဖြတ်ရေးအဖွဲ့တို့ တက်ရောက်ခဲ့ကြပါသည်။

ကုန်သွယ်မှုဖွံ့ဖြိုးတိုးတက်ရေး အစီအစဉ် (Trade Development Programme-TDP) ၏ အဓိက ရည်မှန်းချက်မှာ ကုန်သွယ်မှု ဖွံ့ဖြိုးတိုးတက်စေခြင်းဖြင့် မြန်မာနိုင်ငံ၏ လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်စေရန်ဖြစ်ပါသည်။ ကုန်သွယ်မှုဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ် (Trade Development Programme-TDP) သည် လတ်တလော ဆောင်ရွက်နေသည့် ကုန်သွယ်မှုကဏ္ဍ ပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်များအတွက် သာမက နိုင်ငံတစ်ဝန်းဖွံ့ဖြိုး တိုးတက်ရေးလုပ်ငန်းစဉ်များ အတွက်ပါ များစွာ အထောက်အကူဖြစ်စေသည့် စီမံကိန်းတစ်ခုလည်းဖြစ်ကြောင်း စီမံကိန်းကော်မတီ ဥက္ကဋ္ဌဖြစ်သူ ညွှန်ကြားရေးမှူးချုပ် ဦးရန်နိုင်ထွန်းက ပြောကြားခဲ့ပါသည်။

ယခု အစီအစဉ်သည်မြန်မာနိုင်ငံ၏ ကုန်သွယ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနအပါအဝင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဌာန၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီး ဌာန၊ ပညာရေးဝန်ကြီးဌာန၊ စီမံကိန်းနှင့်ဘဏ္ဍာရေး ဝန်ကြီးဌာန (အကောက်ခွန်ဦးစီးဌာန) စသည့် အကျိုးခံစားခွင့်ရှိသည့် ဝန်ကြီးဌာနများမှ ဆောင်ရွက်လျက်ရှိသည့် ကုန်သွယ်မှုနှင့် ဆက်နွယ်နေသော လုပ်ငန်းများနှင့် ပါဝင်ဆောင်ရွက်နေသူများ အားလုံး၏ စွမ်းဆောင်ရည်မြှင့်တင်ရေးကို အထူးအလေးပေး အကောင်အထည်ဖော် ဆောင်ရွက်နေသော စီမံကိန်းဖြစ်ကြောင်း သိရှိရပါသည်။

အစည်းအဝေးတွင် ပြီးခဲ့သည့် ကာလများက ဆောင်ရွက်ချက်များအား ပြန်လည်သုံးသပ်ခြင်း၊ စီမံကိန်းလုပ်ငန်းများကို ရင်းရင်းနှီးနှီး ဆွေးနွေးညှိနှိုင်းခြင်း၊ ပူးပေါင်းဆောင်ရွက်ခြင်း၊ ပွင့်လင်းမြင်သာရှိမှု၊ တာဝန်ယူမှုတို့ဖြင့် ဆက်လက် အကောင်အထည်ဖော်ဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များကို ဆွေးနွေးခဲ့ကြပါသည်။

မြန်မာနိုင်ငံ၏ ကုန်သွယ်မှုဖွံ့ဖြိုးတိုးတက်ရေးအတွက် ဥရောပသမဂ္ဂ (EU) နှင့် ဂျာမနီနိုင်ငံတို့၏ ပူးပေါင်းကူညီ ထောက်ပံ့မှုဖြင့် TDP အစီအစဉ်ကို သုံးနှစ်စီမံကိန်း (၂၀၁၅ ခုနှစ်မှ ၂၀၁၇ ခုနှစ်အထိ)အဖြစ် ၂၀၁၅ ခုနှစ်၊ မတ်လ ၁ ရက်တွင် စတင် အကောင်အထည် ဖော်ဆောင်ရွက်ခဲ့ပါသည်။ ယခုအခါ စီမံကိန်းကာလအား ၂၀၁၈ ခုနှစ်အထိ တိုးမြှင့်ဆောင်ရွက်သွားရန် သက်ဆိုင်ရာအဖွဲ့အစည်းများအကြား သဘောတူ ပြီးဖြစ်ပါသည်။ အဓိကအားဖြင့် နိုင်ငံပိုင်နှင့် ပုဂ္ဂလိကကဏ္ဍနှစ်ရပ်လုံးတွင် ကုန်သွယ်မှု မူဝါဒ ဖွံ့ဖြိုးတိုးတက်ရေးနှင့် အကောင်အထည်ဖော်ရေးအတွက် စွမ်းဆောင်ရည်မြင့်မားစေရန် ရည်ရွယ်၍ ဆောင်ရွက်လျက်ရှိပါသည်။

စီမံကိန်းအတွက် ဥရောပသမဂ္ဂနှင့် ဂျာမနီနိုင်ငံ၊ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုနှင့်ဖွံ့ဖြိုးတိုးတက် ရေးဝန်ကြီးဌာနတို့မှ ပူးပေါင်းထောက်ပံ့သည့် ယူရိုငွေ ၁၀ ဒသမ ၅ သန်းဖြင့် အီးယူက အဓိက အလှူရှင်အဖြစ် ဦးဆောင်ပြီး Deutsche Gesellschaft fur International Zusammenarbeit (GIZ) က အဓိက အကောင်အထည်ဖော် ဆောင်ရွက်ပေးသည့်အဖွဲ့ (Implementation Body) အဖြစ် ဆောင်ရွက်လျက်ရှိပါသည်။ နေပြည်တော်ရှိ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန၊ ရုံးအမှတ်(၃)တွင်လည်းကောင်း၊ ရန်ကုန်မြို့ရှိ မြန်မာကုန်သွယ်မှုစင်တာနှင့် ငါးလုပ်ငန်းဦးစီးဌာနတို့တွင်လည်းကောင်း၊ GIZ ရုံးခန်းများ ဖွင့်လှစ်၍ နိုင်ငံတကာနှင့်ပြည်တွင်းမှ ကာလတို၊ ကာလရှည် ကျွမ်းကျင်သူများကိုပါ ငှားရမ်းခန့်အပ်ပြီး စီမံကိန်း လုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိပါသည်။

မြန်မာနိုင်ငံ၏ ကုန်သွယ်မှုဖွံ့ဖြိုးတိုးတက်ရေးအတွက် TDP စီမံကိန်းလုပ်ငန်းများအား အကောင်အထည် ဖော်ဆောင်ရွက်လျက်ရှိရာတွင် ကုန်သွယ်မှုမူဝါဒနှင့် ပုဂ္ဂလိက ကဏ္ဍဖွံ့ဖြိုး တိုးတက်မှု၊ ကုန်သွယ်မှုလွယ်ကူလျင်မြန် ချောမွေ့စေရေးနှင့် အကောက်ခွန်ကဏ္ဍ၊ အစားအသောက် ဘေးကင်း လုံခြုံမှု၊ အမျိုးသားအဆင့်အရည်အသွေးဆိုင်ရာ အခြေခံအဆောက် အဦများ ဖွံ့ဖြိုးတိုးတက်ရေးစသည်ဖြင့် အဓိကကဏ္ဍ (၄)ခုခွဲခြား၍ ဆောင်ရွက် လျက်ရှိပါသည်။

TDP စီမံကိန်းမှ ဆောင်ရွက်ချက်များအနက် စီမံကိန်းတွင်ပါဝင်သည့် ဝန်ကြီးဌာနများတွင် လုပ်ငန်းပိုင်းဆိုင်ရာ စွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်းများ၊ အင်္ဂလိပ်စာကျွမ်းကျင်မှုသင်တန်းများကို ဖွင့်လှစ်ကာ ဝန်ကြီးဌာနများ၏ ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြု ဆောင်ရွက်ပေးလျက်ရှိသည်။ စားသုံးသူအကာအကွယ်ပေးရေး၊ ယှဉ်ပြိုင်မှု၊ ဈေးကွက်လေ့လာဆန်းစစ်ခြင်း၊ HS and Tariff Classification ကုန်သွယ်မှုမြှင့်တင်ရေး၊ အခြေခံကွန်ပျူတာနှင့် လိုင်စင်စနစ်စသည့် ကုန်သွယ်မှုဆိုင်ရာ သင်တန်းများနှင့် အစားအသောက် ဘေးကင်းလုံခြုံမှု၊ Sanitary and Phytosanitary စံချိန်စံညွှန်းများနှင့် စပ်လျဉ်း၍ ဘာသာရပ်ဆိုင်ရာ သင်တန်းများကိုလည်း ဖွင့်လှစ်ပို့ချပေးခြင်းဖြင့် ကုန်သွယ်မှုကဏ္ဍတွင် ပါဝင်ပတ်သက်လျက်ရှိသည့် ဌာနအသီးသီးရှိ ဝန်ထမ်းများနှင့် ပုဂ္ဂလိကကဏ္ဍတို့၏ စွမ်းဆောင်ရည်ကို မြှင့်တင်ပေးလျက်ရှိပါသည်။ ထို့အပြင် သက်ဆိုင်ရာဘာသာရပ်များ အလိုက် အသိပညာပေး အလုပ်ရုံဆွေးနွေးပွဲများ၊ ကဏ္ဍအလိုက် မူဝါဒများနှင့် စပ်လျဉ်း၍ အစည်းအဝေးများ၊ ဆွေးနွေးပွဲများကိုလည်း ပံ့ပိုးကူညီကျင်းပပေးလျက်ရှိပါသည်။

အီးယူကသတ်မှတ်
စံညွှန်းများနှင့်အညီ အီ
မြန်မာကုန်စည်များ တိုး
အတွက် သတင်းအချက်
အပ်သော အကူအညီများ
- EU Trade Helpdesk ကို
ပွားရေးနှင့် ကူးသန်းရော
ဌာန၊ ရန်ကုန်တိုင်းဒေသ
ထားပြီး ဖြစ်ပါသည်။

စီမံကိန်းလုပ်ငန်း
အကောင်အထည်ဖော် ‌
ကုန်သွယ်မှု မူဝါဒရေးဆွဲ
အထည်ဖော်ဆောင်ရွက်
ခြင်း စသည့် စွမ်းရည်များ
တင်ပို့/တင်သွင်းမှုလုပ်
ချောမွေ့စေခြင်း၊ မြန်မ
ရောဂါနှင့် ပိုးမွှား ကင်းစ
မီလာစေခြင်း၊ အပြည်

# CMP ကဏ္ဍ
# ပို့ကုန်ပမာဏ

ရှင်မင်းအုံ (တန့်ဆည်)

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနအနေဖြင့် ချမှတ်ထားသော မျှော်မှန်းချက်ငါးရပ်အနက် “ဈေး ကွက်စီးပွားရေးစနစ်နှင့်အညီ ပုဂ္ဂလိက အခန်းကဏ္ဍဖွံ့ဖြိုးတိုးတက်အောင် အားပေး မြှင့်တင်ဆောင်ရွက်ရန်” ဟူသော မျှော်မှန်းချက်နှင့်အညီ ပုဂ္ဂလိက ကဏ္ဍဖွံ့ဖြိုးတိုးတက်စေရေးအတွက် အားပေးမြှင့်တင်လျက်ရှိပါတယ်။

ဒီမိုကရေစီအစိုးရသစ်လက်ထက် မြန်မာနိုင်ငံရဲ့ကုန်သွယ်မှု အခြေအနေဟာ ဖေဖော်ဝါရီလပထမပတ်ထိ ပို့ကုန် အမေရိကန်ဒေါ်လာသန်း ၉၅၂၀ ခန့်၊ သွင်းကုန် အမေရိကန်ဒေါ်လာ ၁၃၅၄၀ သန်းဖြစ်တဲ့အတွက် ကုန်သွယ် မှုပမာဏ အမေရိကန်ဒေါ်လာ ၂၃၀၆၀ သန်း ဆောင်ရွက်နိုင်တာကို တွေ့ရှိရပါတယ်။

ယခု ကုန်သွယ်မှုကဏ္ဍကို ကြည့်ရင် နိုင်ငံပိုင်ကဏ္ဍရဲ့ ကုန်သွယ်မှုဟာ ၁၆ ရာခိုင်နှုန်းသာရှိပြီး ပုဂ္ဂလိကကဏ္ဍရဲ့ ကုန်သွယ်မှုဟာ ၈၄ ရာခိုင်နှုန်းရှိကြောင်း တွေ့ရှိရပါတယ်။ အထူးသဖြင့် ပို့ကုန် ပိုင်းမှာ နိုင်ငံပိုင်ကဏ္ဍမှ တင်ပို့မှုဟာ ၃၃ ရာခိုင်နှုန်းရှိပြီး အထူးသဖြင့် သဘာဝဓာတ်ငွေ့နဲ့ ကျောက်စိမ်းတင်ပို့မှုတို့ ဖြစ်တယ်ဆိုတာကို တွေ့ရှိရပြီး ပုဂ္ဂလိက ကဏ္ဍတင်ပို့မှုမှာ အဓိကအားဖြင့် CMP စနစ်နဲ့ တင်ပို့တဲ့ ပစ္စည်းတွေကတော့ တန်ဖိုးအနေနဲ့ အမေရိကန်ဒေါ် လာ ၁၈၅၅ သန်း၊ လယ်ယာထွက်ကုန်က အမေရိကန်ဒေါ်လာ ၂၃၁၅ သန်းနဲ့ Re-export စနစ်နဲ့တင်ပို့တဲ့ သကြား၊ စက်သုံးဆီစတဲ့ပစ္စည်းတွေနဲ့ အခြားရေ ထွက်ပစ္စည်း၊သစ်တောထွက်ပစ္စည်း၊ သတ္တုတွင်းထွက်ပစ္စည်းတွေ တင်ပို့တာဖြစ်ကြောင်း တွေ့ရှိရပါတယ်။

ပုဂ္ဂလိကကဏ္ဍမှာ အဓိက တင်ပို့တဲ့ CMP စနစ်နဲ့ပို့တဲ့ပစ္စည်းတွေက ချုပ်ပြီးအဝတ်အထည်၊ ဖိနပ်၊ အိတ် အမျိုးမျိုး၊ လျှပ်စစ်ပစ္စည်း၊ ရေထွက်ပစ္စည်းတွေဖြစ်ပါတယ်။ ယခု CMP ပို့ကုန်တွေကိုကြည့်မယ်ဆိုရင် ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်ကစပြီး တစ်နှစ်ပြီး တစ်နှစ် တိုးတက်တင်ပို့လျက်ရှိရာ ယခုနှစ်ဟာ စီးပွားရေးအခွင့်အလမ်းများ ပိုမို ရရှိလာတာနဲ့အမျှ CMP ပို့ကုန်များ တိုးတက်လာတာကို တွေ့ရှိရမှာဖြစ်ပါတယ်။

## ဝါ

# မူဆယ်မှ ဝါဂွမ်းတင်ပို့ပြီး မောင်တောမှ လဲမှို့တင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ် (၁၀၅) မိုင် ကုန်သွယ်ရေးဇုန်မှ ဇန်နဝါရီ ၂၈ ရက်မှ ဖေဖော်ဝါရီ ၃ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန် ဒေါ်လာ ၄၄၅၅၀၀ တန်ဖိုးရှိ ငွေချည်-၆-ဝါဂွမ်း ၂၀၂ တန်ခွဲ တင်ပို့ခဲ့ပါတယ်။ ယခင်သီတင်းပတ်က ၂၂၇ တန်ခွဲ တင်ပို့ခဲ့လို့ ယခုတစ်ပတ်မှာ တရုတ်နိုင်ငံသို့ ဝါ ၂၅ တန်လျော့နည်း တင်ပို့ခဲ့ပါတယ်။

အလားတူ မြန်မာ-ဘင်္ဂလားဒေ့ရှ် နယ်စပ်ရှိ မောင်တောကုန်သွယ်ရေးစခန်းမှလည်း အမေရိကန်ဒေါ်လာ ၇၅၄၈ တန်ဖိုးရှိ လဲမှို့(အစေ့ပါ) ၉ တန် နီးပါး တင်ပို့ခဲ့တာ တွေ့ရပါတယ်။ ဇန်နဝါရီလအတွင်းက မောင်တောမှ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ လဲမှို့ ၁၉ တန် တင်ပို့ခဲ့တယ်လို့ သိရပါတယ်။

မော်မော်အောင်

## ပြောင်း

# တရုတ်နယ်စပ်ရော ထိုင်းနယ်စပ်ကပါ ပြောင်းတင်ပို့

မြန်မာ - တရုတ်နယ်စပ်ရှိ မူဆယ်၊ လွယ်ဂျယ်၊ ချင်းရွှေဟော် ကုန်သွယ်ရေးစခန်းများမှ ဇန်နဝါရီ ၂၈ ရက်မှ ဖေဖော်ဝါရီ ၃ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၂ ဒသမ ၉၁၈ သန်းတန်ဖိုးရှိ ပြောင်းဖူးစေ့ ၁၇၃၇၈ တန်ကျော် တင်ပို့ခဲ့ပါတယ်။ စခန်းအလိုက်တင်ပို့မှုမှာ မူဆယ်မှ ၁၅၁၉၅ တန်ကျော်၊ လွယ်ဂျယ်မှ ၉၈၅ တန်နဲ့ ချင်းရွှေဟော်မှ ၉၉၇ တန်ကျော်ဖြစ်ပါတယ်။ ယခင်သီတင်းပတ်က အဆိုပါစခန်းသုံးခုမှ ပြောင်းတန်ချိန် ၂၄၉၄၀ တန်ကျော်တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ်မှာပြောင်း ၇၅၆၂ တန်လျော့နည်းတင်ပို့ခဲ့တာ တွေ့ရပါတယ်။

မူဆယ်ကုန်စည်ဒိုင်မှာ ဇန်နဝါရီ ၂၁ ရက်မှ ၂၇ ရက်အထိ သီတင်းပတ်နဲ့ ဇန်နဝါရီ ၂၈ ရက်မှ ဖေဖော်ဝါရီ ၃ ရက်အထိ သီတင်းပတ်အတွင်း ပြောင်းတစ်တန်ကို ၂၂၅၂၄၃ ကျပ်ဖြင့် ဈေးငြိမ်လျက်ရှိပါတယ်။ ပြောင်းသယ်ယူစရိတ်မှာ တစ်ပိဿာကျပ် ၇၀ မှ ၈၅ ကျပ်ရှိ၍ ပြောင်းကားစီးရေ ၆၀၀ စီးဝင်ရောက်ခဲ့ပါတယ်။

အလားတူမြန်မာ - ထိုင်းနယ်စပ်ရှိ တာချီလိတ် ကုန်သွယ်ရေးစခန်းမှလည်း အမေရိကန်ဒေါ်လာ ၂၂၈၇၁ တန်ဖိုးရှိပြောင်းတန် ၁၀၀ တင်ပို့ခဲ့တယ်လို့ သိရပါတယ်။

မော်မော်အောင်

# တစ်သျှူးငှက်ပျော ပို့မိုတင်ပို့

ဇန်နဝါရီလ ၂၈ ရက်မှ ဖေဖော်ဝါရီလ ၃ ရက်အတွင်း မြန်မာ-တရုတ်နယ်စပ်ရှိ လွယ်ဂျယ်နဲ့ ကန်ပိုက်တီး ကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ သုညဒသမ ၉၂၅ သန်းတန်ဖိုးရှိ တစ်သျှူးငှက်ပျော ၂၇၁၄ တန်ကျော် တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်က အဆိုပါစခန်းနှစ်ခုမှ တစ်သျှူးငှက်ပျော ၁၇၁၀ တန် တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ်အတွင်း တရုတ်နိုင်ငံသို့ တစ်သျှူး ငှက်ပျောတန် တစ်ထောင်ကျော် ပိုမိုတင်ပို့နိုင်ခဲ့သလို မြန်မာ-ထိုင်းနယ်စပ်ရှိ တာချီလိတ် ကုန်သွယ်ရေးစခန်းမှ ယခင်တစ်ပတ်က အပို့မရှိခဲ့တဲ့ တစ်သျှူးငှက်ပျောကို ယခုတစ်ပတ်မှာ အမေရိကန်ဒေါ်လာ ၉၈၃၇ တန်ဖိုးရှိ တစ်သျှူးငှက်ပျော တန် ၃၀ တင်ပို့ခဲ့ပါတယ်။

တစ်သျှူးငှက်ပျောကို ဝိုင်းမော်မြို့နယ်တစ်ခုတည်းတွင် စိုက်ဧကပေါင်း တစ်သောင်းခွဲခန့် စိုက်ပျိုးကြောင်း၊ ကချင်ပြည်နယ်မှ ထွက်ရှိတဲ့ တစ်သျှူးငှက်ပျောများကို တရုတ်နိုင်ငံသို့ ကားကြီးများဖြင့် တိုက်ရိုက်တင်ပို့နေကြကြောင်း ကန်ပိုက်တီးစခန်းမှ သိရပါတယ်။

မော်မော်အောင်

# ပဲရဆေးကုန်ကြမ်း ပိုမိုတင်ပို့

ဇန်နဝါရီလ၂၈ ရက်မှ ဖေဖော်ဝါရီလ ၃ ရက်အတွင်း မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ် (၁၀၅) မိုင်ကုန်သွယ်ရေးဇုန်မှ အမေရိကန်ဒေါ်လာ သုညဒသမ ၅၁၀ တန်ဖိုးရှိ ပဲရဆေးကုန်ကြမ်း အမယ် ၁၃ မျိုး၊ တန်ချိန်အားဖြင့် ၄၆၉ တန်ကျော်ကို တရုတ်နိုင်ငံသို့ တင်ပို့ခဲ့ပါတယ်။ ယခင်ရက်သတ္တပတ်က ၂၅၄ တန် တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ် မူဆယ်မှ ပဲရဆေးတန် ၂၀၀ ကျော် ပိုမိုတင်ပို့ခဲ့ပါတယ်။ တင်ပို့ခဲ့တဲ့ ပဲရဆေးအမယ်များမှာ ကွမ်းသီးခွံ၊ မုတ်ခါး၊ နနွင်းတက်၊ စမုံနက်၊ ချင်းခြောက်၊ တောချင်း၊ ဆီးဆန်၊ နေလဲစေ့၊ ကြောင်ပန်းစေ့၊ မိကျောင်းကွမ်းဖတ်စေ့၊ မာလာဥခေါင်း၊ ချဉ်ပေါင်ဖာလာနဲ့ ဒရင်ကောက်မြစ်တို့ ဖြစ်ပါတယ်။

မော်မော်အောင်

## ရော်ဘာ

# ဇန်နဝါရီလအတွင်း ပင်လယ်ရေကြောင်း ကုန်သွယ်မှုမှ ရော်ဘာပိုမိုတင်ပို့

ဇန်နဝါရီ ၂၈ ရက်မှ ဖေဖော်ဝါရီ ၃ ရက်အထိ ရက်သတ္တပတ်အတွင်း မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ် (၁၀၅) မိုင်ကုန်သွယ်ရေးဇုန်နဲ့ ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းတို့မှ အမေရိကန်ဒေါ်လာ ၃ ဒသမ ၆၂၈ သန်းဖိုးရှိ ရော်ဘာအဆင့်စုံ ၂၄၇၁ တန်တင်ပို့နိုင်ခဲ့သဖြင့် ယခင်တစ်ပတ်ကထက် ၇၃ တန်ပိုမိုတင်ပို့ နိုင်ခဲ့ပါတယ်။ မူဆယ် (၁၀၅) မိုင်ကုန်သွယ်ရေးဇုန်မှ ရော်ဘာ တင်ပို့မှုမှာ RSS-1 ၅၁ တန်၊ RSS-3 ၉၇၅ တန်၊ RSS-5 ၅၅၅ တန်၊ MSR-20 ၈၈ တန်ကျော်၊ MSR-50 ၃၅၃ တန်၊ ချင်းရွှေဟော် ကုန်သွယ်ရေးစခန်းမှ RSS-3 ၄၂၀တန်နဲ့ လွယ်ဂျယ်ကုန်သွယ်ရေးစခန်းမှ ရော်ဘာ ၂၇ တန်ကျော် တင်ပို့ခဲ့ပါတယ်။ ဇန်နဝါရီ တစ်လအတွင်း အမေရိကန်ဒေါ်လာ ၂၀ ဒသမ ၄၃၁ သန်းဖိုးရှိ ရော်ဘာတန် ၁၃၅၀၀ ကျော် တင်ပို့ခဲ့ပါတယ်။ အနီးစပ်ဆုံး ဒီဇင်ဘာလနဲ့ နှိုင်းယှဉ်ပါက ဒီဇင်ဘာလက ၂၀၇၁၄ တန် တင်ပို့ခဲ့တဲ့အတွက် ဇန်နဝါရီလမှာ ၇၂၁၄ တန် လျော့နည်းတင်ပို့ခဲ့ပါတယ်။ ဇန်နဝါရီလအတွင်း တရုတ်နှစ်သစ်ကူးပွဲတော်ကြောင့် အရောင်းအဝယ်ပါးခဲ့တဲ့အတွက် လျော့နည်းရခြင်းဖြစ်ပါတယ်။

ယခုတစ်ပတ် မူဆယ်ကုန်စည်ဒိုင်ရဲ့ ရော်ဘာဈေးမှာ ယခင်တစ်ပတ်အတိုင်း ပြောင်းလဲမှုမရှိကြောင်း သိရပါတယ်။ RSS-3 တစ်တန်ကို ကျပ် ၂၆ ဒသမ ၁၉ သိန်းနဲ့ RSS-5 တစ်တန်ကို ကျပ် ၂၅ ဒသမ ၂၂ သိန်းရှိပါတယ်။

ဇန်နဝါရီ ၂၉ ရက်မှ ဖေဖော်ဝါရီ ၄ ရက်အထိ သီတင်းပတ်အတွင်း ပင်လယ်ရေကြောင်း ကုန်သွယ်မှုမှာ အမေရိကန်ဒေါ်လာ ၁ ဒသမ ၃၈၇ သန်းဖိုးရှိ ရော်ဘာအဆင့်စုံ တန် ၈၂၀ ကျော်ကို တင်ပို့ခဲ့ရာ မလေးရှားနိုင်ငံသို့ RSS-3 ၂၀၅တန်နဲ့ MSR 20 ၁၈၅ တန်၊ စင်ကာပူနိုင်ငံသို့ MSR 20 ၈၁ တန်ခန့်နဲ့ MSR 10 ၂၀၁ တန်ကျော်၊ ဩစတြေးလျနိုင်ငံသို့ RSS3 ၁၄၈ တန် တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်က ရော်ဘာ ၈၀၅ တန် တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ်မှာ ၁၅ တန်ပိုမိုတင်ပို့နိုင်ခဲ့ပါတယ်။ ဇန်နဝါရီ လအတွင်းမှာ အမေရိကန်ဒေါ်လာ ၆ ဒသမ ၂၈၁ သန်းဖိုးရှိ ရော်ဘာအဆင့်စုံ ၄၁၄၇ တန် တင်ပို့ခဲ့ပါတယ်။ အနီးစပ်ဆုံး ဒီဇင်ဘာလက ရော်ဘာ ၃၁၁၃ တန်ခန့် တင်ပို့ခဲ့တဲ့အတွက် ယခုလမှာ ၁၀၃၄ တန် ပိုမိုတင်ပို့နိုင်ခဲ့ပါတယ်။

ယခုတစ်ပတ် နိုင်ငံတကာ ရော်ဘာပေါက်ဈေး တစ်တန်လျှင် ဒေါ်လာ ၂၀၀ ကျော် ဈေးကျကြောင်း သိရှိရပါတယ်။ နိုင်ငံတကာမှာ ဈေးကျတဲ့အတွက် ပြည်ပပို့မယ့် မြန်မာ့ ရော်ဘာဈေးလည်း တစ်တန်ကို ဒေါ်လာ ၂၀၀ ကျကြောင်း မြန်မာနိုင်ငံရော်ဘာစိုက်ပျိုးထုတ်လုပ်သူများအသင်းရဲ့ ဈေးနှုန်းထုတ်ပြန်ချက်အရ သိရှိရပါတယ်။

| | |
|---|---|
| RSS 1 | တစ်တန်လျှင်ဒေါ်လာ ၂၄၀၀-၂၅၀၀၊ |
| RSS 2 | တစ်တန်လျှင်ဒေါ်လာ ၂၃၅၀-၂၄၅၀၊ |
| RSS 3 | တစ်တန်လျှင်ဒေါ်လာ ၂၃၀၀-၂၄၀၀၊ |
| RSS 4 | တစ်တန်လျှင်ဒေါ်လာ ၂၂၅၀-၂၃၅၀၊ |
| RSS 5 | တစ်တန်လျှင်ဒေါ်လာ ၂၂၀၀-၂၃၀၀၊ |
| MSR 3L | တစ်တန်လျှင်ဒေါ်လာ ၂၅၅၀-၂၆၅၀၊ |
| MSR 10 | တစ်တန်လျှင်ဒေါ်လာ ၂၃၀၀-၂၄၀၀၊ |
| MSR 20 | တစ်တန်လျှင်ဒေါ်လာ ၂၂၅၀-၂၃၅၀၊ |
| MSR 50 | တစ်တန်လျှင်ဒေါ်လာ ၂၁၅၀-၂၂၅၀၊ |
| Crepe Rubber | တစ်တန်လျှင်ဒေါ်လာ ၂၁၀၀-၂၂၀၀ |

ယဉ်ယဉ်အေး

# မူဆယ်မှ သကြားပိုမိုတင်ပို့သလို မြဝတီမှလည်း သကြားပိုမိုတင်သွင်း

မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ် (၁၀၅) မိုင် ကုန်သွယ်ရေးဇုန်မှ ဇန်နဝါရီ ၂၈ ရက်မှ ဖေဖော်ဝါရီ ၃ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန် ဒေါ်လာ ၂၄ ဒသမ ၄၅၅ သန်း တန်ဖိုးရှိ Re-export သကြား ၃၉၉၈၄ တန်ခွဲ တင်ပို့ခဲ့ ပါတယ်။ ယခင်သီတင်းပတ်က ၃၀၁၂၇ တန်ကျော် တင်ပို့ခဲ့လို့ ယခုတစ်ပတ် မူဆယ်မှတစ်ဆင့် တရုတ်နိုင်ငံသို့ သကြား ၉၈၅၆ တန်ကျော် ပိုမိုတင်ပို့နိုင်ခဲ့ပြီး ချင်းရွှေဟော်မှ ယခုတစ်ပတ် သကြားအပို့မရှိတာ တွေ့ရပါတယ်။



မူဆယ်ကုန်စည်ဒိုင်မှာ ဇန်နဝါရီ ၂၁ ရက်မှ ၂၇ ရက် သီတင်းပတ်အတွင်း သကြားတစ်တန် ကျပ် ၉၇၀၀၀၀ ရှိရာမှ ဇန်နဝါရီ ၂၈ ရက်မှ ဖေဖော်ဝါရီ ၃ ရက် သီတင်းပတ်မှာ ကျပ် ၉၆၂၂၄၀ သို့ ဈေးအနည်းငယ်ကျဆင်းခဲ့ကြောင်း၊ တစ်ဖက်နိုင်ငံတွင် ၅၀ ကီလိုတစ်အိတ်လျှင် ယွမ် ၂၄၈-၂၄၉ ယွမ်ဈေးရှိကြောင်း သိရပါတယ်။

မြန်မာ-ထိုင်းနယ်စပ်ရှိ မြဝတီကုန်သွယ်ရေးဇုန်မှ ယခုတစ်ပတ်တွင် အမေရိကန်ဒေါ်လာ ၃ ဒသမ ၀၅၂ သန်း တန်ဖိုးရှိ Re-export သကြား ၅၅၄၈ တန်ခွဲ တင်သွင်းခဲ့ရာ ယခင်တစ်ပတ်က ၃၉၇၆ တန်ခွဲနဲ့ နှိုင်းယှဉ်ပါက ၁၅၇၂ တန် ပိုမိုတင်သွင်းလာခဲ့တယ်လို့ သတင်းရရှိပါတယ်။

မော်မော်အောင်

# အိန္ဒိယနယ်စပ်မှ ကွမ်းသီးတင်ပို့မှုလျော့ကျ

မြန်မာ-အိန္ဒိယ နယ်စပ်ရှိ ကုန်သွယ်ရေးစခန်းများမှ ဇန်နဝါရီလ ၂၈ ရက်မှ ဖေဖော်ဝါရီ ၃ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ သုညဒသမ ၄၈၁ သန်းတန်ဖိုးရှိ ကွမ်းသီး ၅၉၀ တန်တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်က ၇၉၂ တန် တင်ပို့တဲ့အတွက် ယခုတစ်ပတ်မှာ ၂၀၂ တန် လျော့နည်းတင်ပို့ခဲ့တယ်လို့ သိရပါတယ်။ ယခုတစ်ပတ်မှာ တမူးကုန်သွယ်ရေးစခန်းမှ တင်ပို့နိုင်ခြင်းမရှိဘဲ ရိဒ်ကုန်သွယ်ရေးစခန်းမှသာ တင်ပို့ခဲ့တဲ့အတွက် လျော့နည်းရခြင်းဖြစ်တယ်လို့ သိရပါတယ်။

တမူးကုန်သွယ်ရေးစခန်းမှ ကွမ်းသီးတင်ပို့ခြင်း မရှိပေမယ့် အမေရိကန်ဒေါ်လာ သုညဒသမ ၃၅၅ သန်းတန်ဖိုးရှိ နန့်ဖာလုံအမယ်စုံ၊ စီးကရက်၊ မျောက်ငုံသီး၊ ဆီးသီး၊ ပန်းသီးတို့ကို ၁၀၇ တန် တင်ပို့နိုင်တယ်လို့ သတင်းရရှိပါတယ်။



ခင်မိုးသူ

## UMG IdeaLab & Beexprss တို့၏လုပ်ငန်းများအား မိတ်ဆက်ပွဲ ကျင်းပ




UMG IdeaLab & Beexprss တို့၏ လုပ်ငန်းများအား မိတ်ဆက်သည့်အခမ်းအနားကို ဖေဖော်ဝါရီ ၇ ရက်က ရန်ကုန်မြို့ရှိ နိုဗိုတယ်ဟိုတယ် မက်စ်တွင် ကျင်းပခဲ့သည်။

အဆိုပါ လုပ်ငန်းမိတ်ဆက်ပွဲတွင် UMG Idea Lab အနေဖြင့် နည်းပညာတက္ကသိုလ်(မှော်ဘီ)နှင့် နည်းပညာတက္ကသိုလ်(သန်လျင်)တို့အား နည်းပညာရပ်ပိုင်းဆိုင်ရာ အကူအညီပေးရေးသဘောတူစာချုပ်Education Co-operation Agreement များကို လက်မှတ်ရေးထိုးခဲ့ကြသည်။

"ကျောင်းက ကျောင်းသားတွေကို နည်းပညာ အကူအညီပေးဖို့ရှိတယ်။ နောက်ပြီး Internship ပေးဖို့လည်း အစီအစဉ်ရှိတယ်။ ကျောင်းသားတွေ Project လုပ်တဲ့အခါမှာ သူတို့က အကူအညီပေးမယ်။ လူငယ်တွေရဲ့ အိုင်ဒီယာတွေကိုယူပြီး သူတို့အကောင်အထည်ဖော်တဲ့အခါ ကူညီဆောင်ရွက်ပေးမယ်ဆိုပြီး လက်မှတ်ထိုးထားတာပါ" ဟု နည်းပညာတက္ကသိုလ်(သန်လျင်) မှ ဌာနမှူး ဒေါက်တာဒေါ်ထားထားလွင်က ပြောကြားခဲ့သည်။

UMG IdeaLab အနေဖြင့် လုပ်ငန်းသစ်ရှစ်ခုအား ပြုစုပျိုးထောင်ပေးထားပြီးဖြစ်သည်။ My Doctor, hokeba, sidejob, beexprss, bcarry, win kyat, Hladal နှင့် Course တို့သည် UMG IdeaLab မှ ပြုစုပျိုးထောင်ပေးခဲ့သည့်လုပ်ငန်းများဖြစ်ကြောင်း သိရသည်။

UMG IdeaLab ၏ လုပ်ငန်းခွဲတစ်ခုဖြစ်သည့် Beexprss သည် ကုန်ပစ္စည်းများကို အလွယ်တကူသယ်ယူပို့ဆောင်ပေးသည့် လုပ်ငန်းတစ်ခုဖြစ်ပြီး Bee Point များထားရှိကာ လုပ်ငန်းများ လုပ်ဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။

၂၀၁၇ ခုနှစ် နှစ်ကုန်ပိုင်းတွင် Bee Point ပေါင်း ၂၀၀၀ အထိရရှိလာစေရန်ရည်မှန်းထားကြောင်း သိရသည်။ Beexprss သည် ကုန်ပစ္စည်းများကို အနီးဆုံး Bee Point သို့ရောက်ရှိစေရန်နည်းပညာကိုအသုံးပြု၍ လုပ်ဆောင်မည့် စီးပွားရေးလုပ်ငန်းတစ်ခု ဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံရှိ ပြည်သူများအနေဖြင့် Beexprss ၏ ကိုယ်စားလှယ်အဖြစ် သော်လည်းကောင်း၊ အသေးစိတ်အချက်အလက်များအား သိရှိလိုလျှင်သော်လည်းကောင်း www.beexprss.com.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။ **မယ်သီတာ**

## နယ်သာလန်အခြေစိုက် Friesland Campina က မြန်မာနိုင်ငံတွင် ဖြန့်ချိပေးမည့် ကိုယ်စားလှယ်သစ်များအား ခန့်အပ်

နယ်သာလန်နိုင်ငံအခြေစိုက် ကမ္ဘာ့အကြီးဆုံး နို့ထွက်ပစ္စည်းထုတ်လုပ်ရေး လုပ်ငန်းစုတစ်ခုဖြစ်သည့် Royal Friesland Campina ကုမ္ပဏီသည် မြန်မာနိုင်ငံတစ်ဝန်းတွင် ၎င်း၏ကုန်ပစ္စည်းများအား ဖြန့်ချိနိုင်ရန်အတွက် ဒေသတစ်ခုချင်းစီအလိုက် ကိုယ်စားလှယ်များအား ခန့်အပ်ခဲ့ကြောင်း FrieslandCampina ၏ သတင်းထုတ်ပြန်ချက်များအရ သိရသည်။

နယ်သာလန်နိုင်ငံအခြေစိုက် FrieslandCampina သည် ထိပ်တန်းနို့ထွက်ပစ္စည်းအမှတ်တံဆိပ်များဖြစ်သည့် Dutch Lady, My Boy, Falcon, Ship, Foremost နှင့် Yomost တို့ကို မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် ဖြန့်ချိရေးစနစ်သစ်ဖြင့် စတင်ဖြန့်ချိလျက်ရှိကြောင်း သိရသည်။

Friesland Campina ၏ ပြည်တွင်းအရောင်းမန်နေဂျာတစ်ဦးဖြစ်သူ ဦးဇော်ထွန်းဦးက "ကျွန်တော်တို့ရဲ့ ဖောက်သည်တွေကို ပိုမိုကောင်းမွန်တဲ့ ဝန်ဆောင်မှုတွေ ပေးနိုင်ဖို့အတွက် နိုင်ငံတွင်းက နာမည်ကောင်းရှိတဲ့ ဖြန့်ချိရေးသမားတွေနဲ့အထူးသီးသန့် ပူးပေါင်းဆောင်ရွက်မှုကို ပြုလုပ်သွားမှာဖြစ်ပါတယ်။ ကုမ္ပဏီအနေနဲ့ ၂၀၁၇ခုနှစ် အတွင်းမှာ ဖြန့်ချိရေးပါတနာအသစ် ၁၂ ဦးခန့်အပ်ခဲ့ပြီး ထပ်တိုးပြီး ခန့်အပ်သွားဖို့ အစီအစဉ်တွေလည်း ရှိပါတယ်။ ကျွန်တော်တို့ ခန့်အပ်ထားတဲ့ဖြန့်ချိသူတွေကလွဲပြီး Friesland Campina က ကုန်ပစ္စည်းတွေကို အခြားမည်သူ့ကိုမှ ဖြန့်ဖြူးရောင်းချခွင့် မပေးသေးပါဘူး" ဟု ပြောကြားခဲ့သည်။

Friesland Campina သည် မြန်မာနိုင်ငံတွင် နို့ဆီ၊ နို့စိမ်းမှ အာဟာရဖြည့် ကြာရှည်ခံနွားနို့အထိ နို့ထွက်ပစ္စည်းအမျိုးအစားများစွာကို ထုတ်လုပ်ဖြန့်ဖြူးရောင်းချလျက်ရှိသည်။

ထပ်မံတိုးချဲ့လိုက်သည့် ဖြန့်ချိရေးစနစ်သစ်သည် ကုန်ပစ္စည်းများကို နေရာ မရွေးဝယ်ယူနိုင်ရန်၊ မည်သည့်နေရာတွင် ဝယ်ယူသည်ဖြစ်စေ ဈေးနှုန်းမှန်ကန်မှုရှိစေရန်နှင့် ပစ္စည်းပြတ်လပ်မှုမရှိစေရန်အတွက် ဝန်ဆောင်မှုပေးမည့်အပြင် စားသုံးသူများအနေဖြင့် မြန်မာနိုင်ငံတစ်ဝန်းရှိ လက်လီအရောင်းဆိုင် များ၊ စူပါမားကက်များတွင်ပါ အလွယ်တကူဝယ်ယူရရှိနိုင်ရန် စီစဉ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**မယ်သီတာ**

## Vietjet က မြန်မာကျပ်ငွေ ၃၀၀ မှ စတင်သည့် အထူးလျှော့ဈေး လက်မှတ်စောင်ရေ ငါးသိန်းရောင်းချခဲ့

ဗီယက်နမ်လေကြောင်းလိုင်းတစ်လိုင်းဖြစ်သည့် Vietjet လေကြောင်းလိုင်းသည် မြန်မာကျပ်ငွေ ကျပ် ၃၀၀ မှ စတင်သည့် အထူးလျှော့ဈေးလက်မှတ်စောင်ရေ ငါးသိန်းကို ဖေဖော်ဝါရီ ၈ ရက်နှင့် ၁၀ ရက်အတွင်း ရောင်းချပေးခဲ့ကြောင်း Vietjet ၏ သတင်းထုတ်ပြန်ချက်များအရ သိရသည်။

အဆိုပါအစီအစဉ်သည် မတ် ၁ ရက်မှ ၃၁ ရက်အတွင်း အစိုးရရုံးပိတ်ရက်များမှလွဲ၍ ဗီယက်နမ်နိုင်ငံ ပြည်တွင်းမြို့များသို့ သွားရောက်နိုင်ကြောင်း သိရသည်။

Vietjet အနေဖြင့် တရုတ်နှစ်သစ်ကူး ပိတ်ရက်များမှဆက်၍ နိုင်ငံအတွင်းတွင် ပွဲတော်များနှင့် လှုပ်ရှားမှုအစီအစဉ်များ ဆက်တိုက်ရှိနေမည်ဖြစ်ကြောင်း သိရသည်။ ထို့ကြောင့် Vietjet ၏ ပရိုမိုးရှင်းလက်မှတ်အစီအစဉ်များသည် တစ်နှစ်ပတ်လုံးရှိနေမည်ဖြစ်ရာ ခရီးသွားများအတွက် ခရီးသွားစရိတ်အား တစ်နှစ်ပတ်လုံး သက်သာအဆင်ပြေစေမည်ဖြစ်သည်။

Vietjet ဖြင့် ခရီးသွားလိုသူများအနေဖြင့် သတ်မှတ်ထားသည့် ပရိုမိုးရှင်းကာလအတွင်း နံနက် ၁၁ နာရီခွဲမှ နေ့လယ် ၁ နာရီခွဲအချိန်အတွင်း vietjetair ဝက်ဘ်ဆိုက်မှတစ်ဆင့် လက်မှတ်ဝယ်ယူသူခရီးသည်များအတွက် အခမဲ့ ခရီးစဉ်လက်မှတ်များကို မဲဖောက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

Vietjet သည် စိတ်ဝင်စားဖွယ် ပျော်စရာခရီးသွားရာသီအတွင်း အထူးပရိုမိုးရှင်းများ၊ ဖျော်ဖြေတင်ဆက်မှုများ ပြုလုပ်ခြင်းဖြင့် လူကြိုက်များထင်ရှားသည်။ မြင့်မားသော ဝန်ဆောင်မှု အရည်အသွေး၊ အထူးသက်သာသော ဈေးနှုန်းများနှင့် ရွေးချယ်စရာများပြားသော လက်မှတ်အမျိုးအစားများဖြင့် Vietjet သည် ခရီးသည်များအား ပျော်ရွှင်ဖွယ်ရာ ဝေဟင်ခရီးစဉ်များကို ပေးအပ်နေသည့်အပြင် တက်ကြွဖော်ရွေ ဝန်ဆောင်မှုကောင်းသည့် လေယာဉ် မောင်/မယ်များ၊ ထိုင်ခုံများ၊အရသာကောင်းမွန်သည့် လေယာဉ်တွင်း အစားအသောက်များနှင့် ထူးခြားသည့် ပျော်ရွှင်ဖွယ်ရာ အစီအစဉ်များကိုလည်း စီစဉ်ထားရှိကြောင်း သိရသည်။

**မယ်သီတာ**

## ဆီးချိုနှင့် အိုမင်းရင့်ရော်မှု ရောဂါဖြစ်ပွားမှုတို့ကို လျှော့ချပေးနိုင်ရန်နှင့် ဖန်ပြွန်သန္ဓေသားကုထုံးများဆိုင်ရာ ကျန်းမာရေးဆွေးနွေးပွဲကျင်းပ မြန်မာနိုင်ငံတွင် Life Science Center တစ်ခု ဖွင့်လှစ်မည်

LifeSci Center (Thailand) မှ အမှုဆောင်အရာရှိချုပ် Mr.Chad Teo ဦးဆောင်သော ကျန်းမာရေး စင်တာနှင့် ထိုင်းစီးပွားရေးသံမှူးရုံး (ရန်ကုန်)မှ စီးပွားရေးအတိုင်ပင်ခံပုဂ္ဂိုလ် Mr.Pakainay Leng-EE တို့ပါဝင်သော အဖွဲ့တို့သည် ဆီးချိုနှင့် အိုမင်းရင့်ရော်မှုရောဂါ ဖြစ်ပွားမှုတို့ကို လျှော့ချပေးနိုင်ရန်နှင့် ဖန်ပြွန်သန္ဓေသားဆိုင်ရာ ကုထုံးများနှင့်ပတ်သက်၍ ကျန်းမာရေးပညာပေးဆွေးနွေးပွဲကို ဖေဖော်ဝါရီ ၇ ရက်က UMFCCI တွင် ကျင်းပခဲ့သည်။

အဆိုပါဆွေးနွေးပွဲသို့ UMFCCI မှ ဒုတိယဥက္ကဋ္ဌ ဒေါက်တာမောင်မောင်လေးနှင့် ဗဟိုအလုပ်မှုဆောင် ဒေါက်တာသင်းနွယ်ဝင်းတို့ ပါဝင်တက်ရောက်ခဲ့ကြသည်။

အဆိုပါ ကျန်းမာရေးဆွေးနွေးပွဲတွင် မြန်မာနိုင်ငံမှ ဆီးချိုရောဂါဝေဒနာရှင်များနှင့် အိုမင်းရင့်ရော်မှုကိုလျှော့ချနိုင်ရန် အကြံပေးဆွေးနွေးခဲ့သည်။ ထို့ပြင် သားသမီးယူရန်ခက်ခဲသော မိခင်များအတွက် IVF နည်းပညာများဖြင့် မျိုးဆက်သစ်များရရှိနိုင်ရန် ကျန်းမာရေးစောင့်ရှောက်မှုများ ရရှိနိုင်မည့် ကုထုံးအကြောင်းကို ထည့်သွင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

ဖန်ပြွန်သန္ဓေသား ရယူလိုသော မိခင်များအတွက် LifeSci Center က မြန်မာနိုင်ငံတွင် ပထမဦးစွာ ကျန်းမာရေးဆွေးနွေးမှုများ၊ ကြိုတင်ပြင်ဆင်မှုများပြုလုပ်ပြီး နိုင်ငံရပ်ခြားသို့သွားရောက်ကာ သန္ဓေသားကို အောင်မြင်စွာထည့်သွင်းရမည်ဖြစ်ကြောင်း၊ ထို့နောက် ကိုယ်ဝန်ဆောင်အဖြစ် ပြန်လာကာ မြန်မာနိုင်ငံတွင်ပင် ကျန်းမာစွာ မွေးဖွားနိုင်သည်အထိ ကျန်းမာရေးစောင့်ရှောက်မှုများ ပြုလုပ်ပေးမည်ဖြစ်ကြောင်း အဆိုပါဆွေးနွေးပွဲမှသိရသည်။

ထို့ပြင် ကျန်းမာရေးစောင့်ရှောက်မှုများ ပေးနိုင်ရန်အတွက် မြန်မာနိုင်ငံ သားဖွားနှင့် မီးယပ်အထူးကုဆရာဝန်များကို ထိုင်းနိုင်ငံတွင် နှစ်နှစ်မျှ နည်းပညာများ မျှဝေသင်ကြားပေးမည်ဖြစ်သည်။ ထိုင်းနိုင်ငံ LifeSci Center ၏ IVF နည်းပညာသည် အမေရိကန်နှင့် ဥရောပနိုင်ငံများကဲ့သို့ အောင်မြင်မှုရရှိနေသည့် နည်းပညာတစ်ခုဖြစ်ပြီး အောင်မြင်မှုနှုန်းထားကို နှိုင်းယှဉ်နိုင်ပါကြောင်း Mr.Chad Teo က ပြောကြားခဲ့သည်။

အဆိုပါကုထုံးများကို မြန်မာနိုင်ငံတွင် တွင်ကျယ်စွာကုသပေးနိုင်မည်ဆိုလျှင် မြန်မာနိုင်ငံမှ လူနာများအနေဖြင့် နိုင်ငံရပ်ခြားသို့ သွားရောက်ကုသစရာ မလိုတော့ဘဲ စရိတ်သက်သာစွာဖြင့် မိမိနိုင်ငံတွင်သာ ကုသသွားနိုင်မည်ဖြစ်ပါသည်။

၎င်းကုထုံးများနှင့် ပတ်သက်၍ လာရောက်ဆွေးနွေးလိုပါက ဆက်သွယ်နိုင်ရန်အတွက် မြန်မာနိုင်ငံတွင် Life Science Center တစ်ခုဖွင့်လှစ်မည်ဖြစ်ပြီး အများပြည်သူများ ကျယ်ကျယ်ပြန့်ပြန့်သိရှိစေရန် မီဒီယာများမှတစ်ဆင့် ကြော်ငြာပေးသွားမည်ဖြစ်ကြောင်း သိရှိရသည်။ **မယ်သီတာ**

# The Lake Suites အဆင့်မြင့် အိမ်ရာအရောင်းပြပွဲ ကျင်းပမည်

ဗီယက်နမ်နိုင်ငံအခြေစိုက် HAGL Myanmar ကုမ္ပဏီ၏စီမံကိန်း အပိုင်း(၂) တွင်ပါဝင်သည့် The Lake Suites အဆင့်မြင့်အိမ်ရာတိုက်ခန်းများ အရောင်းပြပွဲကို ဖေဖော်ဝါရီ ၁၅ ရက်မှ ၂၄ ရက်အထိ ရန်ကုန်မြို့ မြန်မာပလာဇာတွင် ကျင်းပသွားမည် ဖြစ်ကြောင်း သိရသည်။ အဆိုပါ The Lake Suites အိမ်ရာကို ရန်ကုန်မြို့ ကမ္ဘာအေးဘုရားလမ်းပေါ်ရှိ မြန်မာပလာဇာ၊ မြန်မာစင်တာနှင့် ကြယ်ငါးပွင့်အဆင့်ရှိ Melia ဟိုတယ်နှင့် မြေတစ်ဆက်တည်းတွင် ထပ်မံတည်ဆောက်သွားမည်ဖြစ်သည်။ ယင်း The Lake Suites အိမ်ရာသည် အဆင့်မြင့်မြို့ပြအိမ်ရာအဆောက်အဦဖြစ်ပြီး အထပ် ၃၀ အမြင့်ရှိ အဆောက်အဦသုံးလုံးဖြင့် ဖွဲ့စည်းတည်ဆောက်သွားမည်ဖြစ်သည်။

အဆိုပါအိမ်ရာတွင် အခန်းပေါင်း ၆၀၀ ကျော်ပါဝင်ပြီး ကားစီးရေ ၉၀၀ ကျော်ရပ်နားနိုင်မည့် မြေအောက်ကားပါကင် နှစ်ထပ်အပြင် စီမံကိန်းအတွက် သီးသန့်တည်ဆောက်ထားသော အထပ်မြင့်ကားပါကင်ကိုပါ တွဲဖက်အသုံးပြုနိုင်မည်ဖြစ်သည်။ ထို့ကြောင့် ကားစီးရေ ထောင်နှင့်ချီ၍ ရပ်နားနိုင်မည့် ကျယ်ဝန်းသော ကားပါကင်များပါဝင်မည်ဖြစ်ကြောင်း သိရသည်။

ယနေ့ခေတ်မြို့ပြလူနေမှုစနစ်၏ အဓိကလိုအပ်ချက်များဖြစ်သော တည်နေရာအချက်အချာကျမှု၊ လုံခြုံမှု၊ ပြီးပြည့်စုံသောဝန်ဆောင်မှု စသည့်အချက်များပေါ်တွင် မူတည်၍ The Lake Suites သည်အချက်အချာကျသော နေရာ၊ နိုင်ငံတကာအဆင့်အတန်းမီ လုံခြုံရေးစနစ်အပါအဝင်၊ ထူးခြားသော လျှင်ဒဏ်ခံဒီဇိုင်းတို့ဖြင့်ပါ တည်ဆောက်သွားမည်ဖြစ်သည့်အတွက် ဝယ်ယူသူတို့အကြိုက်တွေ့စေမည့် နေရာတစ်နေရာဖြစ်လာကြောင်း The Lake Suites မှ အရောင်းတာဝန်ခံ မမေစုအောင်ဆန်းကပြောကြားသည်။

ထို့အပြင် မိသားစုများတစ်နေရာတည်းမှာ အပန်းဖြေနိုင်စေရန် မြက်ခင်းစိမ်းနှင့်ပန်းဥယျာဉ်၊ ရေကူးကန်၊ တင်းနစ်ကစားကွင်း၊ ကလေးကစားကွင်း၊ အသားကင်စားရန် သီးသန့်နေရာတို့ကိုပါ ထည့်သွင်းတည်ဆောက်သွားမည်ဟု ၎င်းက ထပ်မံပြောကြားခဲ့သည်။

အဆိုပါ The Lake Suites အိမ်ရာသည် ရန်ကုန်မြို့တော်အင်္ဂါရပ်နှင့်အညီ အဆောက်အအုံဆောက်လုပ်မှု စိစစ်ရေးကော်မတီမှစစ်ဆေးပြီးသောကြောင့် ကျန်ရှိသည့် လုပ်ငန်းစဉ်များအတိုင်း ဆက်လက်ဆောင်ရွက်ခွင့်ကိုရရှိခဲ့သော အဆောက်အအုံ ၁၂၃ခု တွင်တစ်ခုအပါအဝင်ဖြစ်ပြီး အိမ်ရာဝယ်ယူလိုသူတို့အနေနှင့် စိတ်အေးချမ်းသာစွာဖြင့် လာရောက်လေ့လာဝယ်ယူနိုင်ရန်အတွက် ယခုကဲ့သို့ အရောင်းပြပွဲကို ကျင်းပခဲ့ခြင်းဖြစ်ပြီး ၂၀၁၇ ခုနှစ်အတွင်း ဝယ်ယူသူများအားလုံးအတွက် အထူးလျှော့ဈေးအစီအစဉ်များလည်း ထည့်သွင်းစီစဉ်ဆောင်ရွက်ထားကြောင်း HAGL Myanmar ၏ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးမန်နေဂျာ မဇင်မာသက်မွန်ကပြောသည်။

**မယ်သီတာ**

# ချစ်သူများနေ့ကို မြန်မာပလာဇာတွင် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်

ဖေဖော်ဝါရီ ၁၄ ရက်တွင်ကျရောက်မည့် ချစ်သူများနေ့ကို မြန်မာပလာဇာတွင် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

မြန်မာပလာဇာအနေဖြင့် ချစ်သူများနေ့တွင် မိမိ၏ချစ်သူ၊ မိသားစုများ၊ သူငယ်ချင်းများနှင့်အတူ ချစ်ခြင်းတရားကို အတူတကွဝေမျှနိုင်စေရန်အတွက် မြန်မာပလာဇာမှ ထူးခြားသောအစီအစဉ်များဖြင့် စိတ်ချမ်းမြေ့ပျော်ရွှင်ဖွယ်ရာ ဆင်နွှဲနိုင်ရန် ပြင်ဆင်ထားရှိမည်ဖြစ်ကြောင်း သိရသည်။

မြန်မာပလာဇာ၏ ချစ်သူများနေ့အစီအစဉ်တွင် ချစ်ခြင်းသင်္ကေတများဖြစ်သည့် ပန်းအလှအပြင်အဆင်များ၊ အချစ်စာတိုများ ရေးသားနိုင်မည့် ပို့စ်ကတ်လှလှလေးများ၊ အမှတ်တရ ဓာတ်ပုံရိုက်ကူးနိုင်မည့် Photo Booth၊ မိုးပျံပူပေါင်း လှလှလေးများ၊ ချစ်သူခုံတန်းလေးများကို ပြင်ဆင်ထားပြီး ချော့ကလက်နှင့်မုန့်များကိုလည်း မည်သူမဆို အခမဲ့ရယူနိုင်မည့်အစီအစဉ်များကိုလည်း ထည့်သွင်းထားကြောင်း သိရသည်။

ထို့ပြင် ဖျော်ဖြေမှုအစီအစဉ်များကိုလည်း ထည့်သွင်းထားရာ တေးသံရှင် အိမ့်ချစ်နှင့်လီယိုတို့၏ ဖျော်ဖြေတင်ဆက်မှု၊ DJ တီးဝိုင်းများ၏ တီးခတ်ဖျော်ဖြေမှု၊ စိတ်လှုပ်ရှားဖွယ်ရာ ဂိမ်းကစားနည်းများအပြင် ကာရာအိုကေသီဆိုနိုင်မည့် အစီအစဉ်များကိုလည်း ထည့်သွင်းထားကြောင်း သိရသည်။ အဆိုပါအစီအစဉ်များကို ချစ်သူများနေ့တွင် နေ့လယ် ၂ နာရီမှ ည ၈ နာရီအထိ ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**မယ်သီတာ**

# အိမ်ခြံမြေကဏ္ဍ

| စဉ် | အိမ်/အခန်း | တည်နေရာ | အကျယ်အဝန်း | ပါဝင်ပုံ | ဈေးနှုန်း | သီးခြားအချက် | ဆက်သွယ်ရန် |
|---|---|---|---|---|---|---|---|
| ၁။ | တိုက်ခန်း | သဃ်န်းကျွန်းမြို့နယ်၊ စံပြဈေးအနီး | ၇၅၀ စတုရန်းပေ | (၄) လွှာ၊ အခန်းဖွဲ့ | ၃၅၀ သိန်း | လမ်းမဂုတ် | ၀၉/၂၅၀၃၇၆၃၇၉ |
| ၂။ | တိုက်ခန်း | တောင်ဥက္ကလာပမြို့နယ်၊ ရတနာလမ်း | ၁၁၀၀ စ/ပေ | MB (၁)ထပ်၊ BR (၁)ခန်း၊ (၃) လွှာ | ၁၃၀၀ သိန်း | လမ်းမကြီးနီး ရပ်ကွက်သန့် | ၀၉/၉၇၆၂၁၁၁၂၃ |
| ၃။ | ကွန်ဒို တိုက်ခန်း | ဒဂုံမြို့နယ်၊ ပိုလ်ရာညွှန့်လမ်း | ၁၈၀၀ စ/ပေ | MB (၂)BR (၁) ခန်း | ၂၈၀၀ သိန်း | ၅လွှာ ဓာတ်လှေကားပါ | ၀၉/၉၇၆၂၁၁၁၂၃ |
| ၄။ | လုံးချင်း အိမ် | ဒဂုံမြို့သစ်(မြောက်) (၄၁) ရပ်ကွက်၊ လမ်းမကြီးလမ်းသွယ် | မြေ ၂၆၀၀ စ/ပေ အိမ် ၂၄၀၀ စ/ပေ | RC (၂) ထပ်၊ MB (၃) ခန်း၊ BR(၁)ခန်း | ၃၂၀၀ သိန်း | ရပ်ကွက်သန့်၊ လမ်းသန့် | ၀၉/၅၁၁၇၂၆၂ |
| ၅။ | မြေ | ဒဂုံမြို့သစ်(မြောက်) ပင်လုံအိမ်ရာအနီး | ၄၈၀၀ စ/ပေ | မြေသီးသန့် | ၂၅၀၀ သိန်း | | ၀၉/၅၁၁၇၂၆၂ |
| ၆။ | တိုက်ခန်း | မင်္ဂလာတောင်ညွန့်၊ ဗိုလ်မင်းရောင်လမ်းသွယ် | ၆၀၀ စ/ပေ | (၇)လွှာ | ၂၈၀ သိန်း | တိုက်သစ် | ၀၉/၉၇၆၂၁၁၁၂၃ |
| ၇။ | လုံးချင်းအိမ် | သဃ်န်းကျွန်းမြို့နယ်၊ သုမင်္ဂလာအိမ်ရာ | မြေ ၆၄၀၀ စ/ပေ အိမ် ၂၄၀၀ စ/ပေ | RC (၂) ထပ်၊ MB (၃) ခန်း | ၂၅ သိန်း | ၁ လ အငှားနှုန်း အသင့်နေ | ၀၉/၅၁၁၇၂၆၂ |
| ၈။ | အိမ်/မြေ | ပြင်ဦးလွင်မြို့ ပြည်တော်သာ(၄) လမ်း | (၃၀ x ၅၀) ပေ | RC (၁) ထပ် | ၁၃၅၀ သိန်း | ရပ်ကွက်သန့် လမ်းသန့် | ၀၉/၅၁၁၇၂၆၂ |
| ၉။ | မြေ | ပြင်ဦးလွင်မြို့၊ ညောင်နီကျေးရွာ | မြေ | မြေသီးသန့် | ၁၈၀ သိန်း | အုတ်ခတ်ပြီး | ၀၉/၅၁၁၇၂၆၂ |

# Myanmar Online Creation က Application သုံးမျိုးကို စတင်မိတ်ဆက်




Myanmar Online Creation ကုမ္ပဏီက ဖန်တီးထားသည့် Application သုံးခုကို ဖေဖော်ဝါရီ ၉ ရက်က စတင် မိတ်ဆက်လိုက်ပြီဖြစ်ကြောင်း သိရသည်။

Myanmar Online Creation က မိတ်ဆက်ခဲ့သည့် App: သုံးမျိုးမှာ OnlyInBurma, LolBurma နှင့် Lan Gyaung တို့ဖြစ်ကြောင်း သိရသည်။

အဆိုပါ App: သုံးခုအနက် OnlyInBurma App: သည် ရန်ကုန်မြို့တွင်း၌ ဖြစ်ပျက်နေသည့် သတင်းများ၊ ကျင်းပမည့်ပွဲများကို ဖတ်ရှုနိုင်မည့် သတင်း App: တစ်ခုဖြစ်သည်။

အလားတူ LolBurma App: သည် မိမိတို့၏တစ်နေ့တာပျော်ရွှင်စရာအခိုက်အတန့်များကို ဝေမျှရင်း အမေရိကန်ဒေါ်လာ ၁၀၀ ရယူနိုင်မည့် ပျော်ရွှင်စရာ App: တစ်ခုဖြစ်သည်။

ထို့ပြင် Lan Gyaung App: သည် ရန်ကုန်မြို့အတွင်း မိမိသွားလိုရာနေရာ၊ ရှာလိုရာနေရာများ ဥပမာအားဖြင့် စားသောက်ဆိုင်၊ အလှအပနှင့် ကျန်းမာရေး၊ မော်တော်ယာဉ်စသည့် အချက်အလက်များအား လွယ်ကူလျင်မြန်စွာရှာဖွေပေးမည့်App:ဖြစ်ကြောင်း သိရသည်။

အဆိုပါ App: သုံးမျိုးကို ဖေဖော်ဝါရီ ၁၆ ရက်တွင် စတင်အသုံးပြုနိုင်မည်ဖြစ်ကြောင်း သိရသည်။

"မြန်မာနိုင်ငံမှာ Information တွေက တစ်နေရာထဲမှာ ရှိမနေဘူး။ ဒီ App: ကတော့ သတင်းတွေကို တစ်နေရာထဲမှာ ဖတ်လို့ရနိုင်အောင် လုပ်ပေးထားတဲ့ App: ဖြစ်ပါတယ်။ LolBurma ဆိုတာက မိမိမှာရှိတဲ့ ဗီဒီယိုဖိုင်တွေကို တင်လို့ရသလို သူများတွေတင်ထားတဲ့ ဗီဒီယိုဖိုင်တွေ၊ movie ဖိုင်တွေကို အလွယ်တကူ ကြည့်လို့ရနိုင်မှာဖြစ်ပါတယ်။ ကိုယ်တင်လိုတဲ့ ဗီဒီယိုဖိုင်တွေကိုလည်း အလွယ်တကူတင်လို့ ရနိုင်မှာဖြစ်ပါတယ်။ Lan Gyaung App: ကတော့ Google Map ရဲ့ နည်းပညာကို အခြေခံပြီး ရေးဆွဲထားတာ ဖြစ်ပါတယ်။ တစ်ဆိုင်ချင်း၊ တစ်နေရာချင်း သေသေချာချာ စိစစ်ပြီး ရေးဆွဲထားတာပါ။ လာမယ့်နှစ်အတွင်းမှာ သုံးစွဲသူပေါင်း ငါးသန်းအထိ ရောက်ရှိလာလိမ့်မယ်လို့ယုံကြည်ပါတယ်။ သုံးတဲ့သူတွေ ကောင်းကောင်းသုံးနိုင်အောင် ကြိုးစားလုပ်ဆောင်သွားမှာ ဖြစ်တဲ့အပြင် သုံးတဲ့သူတွေအနေနဲ့လည်း ဒီ App: တွေကို အသုံးပြုပေးကြဖို့ Lauching အခမ်းအနားကိုလည်း စီစဉ်ထားပါတယ်"ဟု Myanmar Online Creation မှ အမှုဆောင်အရာရှိချုပ်ဖြစ်သူ ဦးအုန်းဝင်းက ပြောကြားခဲ့သည်။

**မယ်သီတာ**

# ရန်ကုန်မြို့ တစ်ပတ်အတွင်း မော်တော်ယာဉ်ဈေးနှုန်းများ

| စဉ် | အမျိုးအစား/MDL | အက္ခရာ | ဈေးနှုန်း | မှတ်ချက် |
|---|---|---|---|---|
| ၁။ | တိုယိုတာဝှရ် (၂၀၀၄) | 7F | ၁၉၀ သိန်း | 2.0 ဓာတ်ဆီ |
| ၂။ | ဘယ်လ်တာ (၂၀၁၁) | ယာယီ | ၁၆၀ သိန်း | 1.3 ဓာတ်ဆီ/နယ်လိုင်စင် |
| ၃။ | မာဇဒါဒီမီယို (၂၀၀၉) | 3G | ၁၁၀ သိန်း | 1.3 ဓာတ်ဆီ |
| ၄။ | တိုယိုတာနွတ်ချ် (၂၀၀၃) | 9H | ၂၁၀ သိန်း | 1.8 ဓာတ်ဆီ |
| ၅။ | အာစီအာ (၂၀၁၀) | ယာယီ | ၃၂၅ သိန်း | 1.8 ဓာတ်ဆီ/နယ်လိုင်စင် |
| ၆။ | ကလူဂျာ (၂၀၀၂) | 5F | ၂၇၅ သိန်း | 2.4 ဓာတ်ဆီ |
| ၇။ | တိုယိုတာပန်းဂတ် (၂၀၁၁) | ယာယီ | ၄၇၀ သိန်း | 2.4 ဓာတ်ဆီ |
| ၈။ | ခရောင်းဆလွန်း (၂၀၀၃) | 9F | ၂၁၅ သိန်း | 2.4 ဓာတ်ဆီ |
| ၉။ | ပရိုဘောက် (၂၀၀၉) | ယာယီ | ၁၄၅ သိန်း | 1.5 ဓာတ်ဆီ၊ နယ်လိုင်စင် |
| ၁၀။ | အပ်ကား(နှစ် ၂၀) | - | ၉၆ သိန်း | အသင့်အတင့် |

## ရှမ်းပြည်နယ်ရင်းနှီးမြှုပ်နှံမှုပြပွဲ (Shan State Investment Fair 2017) ကျင်းပ

ရှမ်းပြည်နယ်ရင်းနှီးမြှုပ်နှံမှုပြပွဲ (Shan State Investment Fair 2017) ကို ဖေဖော်ဝါရီ ၁၀ ရက်က ရှမ်းပြည်နယ်၊ တောင်ကြီးမြို့၌ကျင်းပခဲ့သည်။ အဆိုပါပြပွဲကို ရှမ်းပြည်နယ်အစိုးရအဖွဲ့၊ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင် (MIC) နှင့် JICA တို့ပူးပေါင်း၍ ကျင်းပခဲ့ခြင်းဖြစ်သည်။

အဆိုပါအခမ်းအနားတွင် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အခွင့်အလမ်းများစာတမ်းဖတ်ပွဲနှင့် Business Matching ကိုထည့်သွင်းကျင်းပခဲ့ရာစာတမ်းဖတ်ပွဲတွင် ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဦးအောင်နိုင်ဦးက ရင်းနှီးမြှုပ်နှံမှုဆိုင်ရာမူဘောင်များနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြပြီးခရီး သွားလုပ်ငန်းကဏ္ဍ၊ လယ်ယာစိုက်ပျိုးရေးကဏ္ဍ၊ အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးရေးကဏ္ဍအသီးသီးမှ သက်ဆိုင်ရာ ပညာရှင်တို့ကစာတမ်းများကို ဖတ်ကြားခဲ့ကြပါသည်။

Business Matching တွင် လယ်ယာထွက် စားသောက်ကုန်ထုတ်လုပ်ခြင်း၊ ခရီးသွားလုပ်ငန်း၊ လက်မှုပစ္စည်း၊ သတ္တုတူးဖော်ရေးလုပ်ငန်း၊ အထည်အလိပ်လုပ်ငန်း၊ အခြေခံအဆောက်အအုံကဏ္ဍ၊ ထောက်ပံ့ပို့ဆောင်ရေးလုပ်ငန်း စသည်ဖြင့် ကဏ္ဍ ၁၁ ခုမှ လုပ်ငန်းရှင်များက လာရောက်တွေ့ဆုံဆွေးနွေးခဲ့ကြပါသည်။

အဆိုပါအခမ်းအနားကို ပြည်တွင်းပြည်ပရင်းနှီးမြှုပ်နှံသူများအနေဖြင့် အခွင့်အလမ်းအသစ်များရရှိစေပြီး ရှမ်းပြည်နယ်အတွင်း ရင်းနှီးမြှုပ်နှံမှုများ တိုးမြှင့်စေရန်နှင့် ရှမ်းပြည်နယ်အတွင်းရှိ ပြည်တွင်းစီးပွားရေး လုပ်ငန်းရှင်များနှင့် နိုင်ငံခြား ရင်းနှီးမြှုပ်နှံသူများအကြား ချိတ်ဆက်ဆောင်ရွက်မှုများ မြှင့်တင်စေရန်ရည်ရွယ်၍ ကျင်းပခြင်းဖြစ်ကြောင်း သိရှိရပါသည်။

အဆိုပါအခမ်းအနားသို့ တက်ရောက်လာသည့် နိုင်ငံတကာ စီးပွားရေးလုပ်ငန်းရှင်များအဖွဲ့သည် တောင်ကြီးမြို့ရှိ စီးပွားရေးစင်တာ၊ အေးသာယာဝိုင်၊ ညောင်ရွှေမြို့ရှိဝိုင်လုပ်ငန်းများ၊ ဟဲဟိုးရှိ ဟင်းသီးဟင်းရွက်အခြောက်ထုတ်လုပ်ငန်း၊ သရက်ခြံနှင့် ခရမ်းချဉ်သီးစိုက်ခင်းများသို့ သွားရောက်လေ့လာကြပြီးနည်းပညာများကို ဖလှယ်ကြမည်ဖြစ်ကြောင်း သိရှိရပါသည်။

အဆိုပါပြပွဲသို့ ကုမ္ပဏီလုပ်ငန်း ၁၇ ခုနှင့် ဝန်ကြီးဌာနခြောက်ခုတို့က ပြခန်း ပေါင်း၂၃ခန်းဖြင့် ပြသခဲ့ကြသည်။

ပြပွဲတွင် ကျင်းပခဲ့သည့် စာတမ်းဖတ်ပွဲနှင့်Business Matchingသို့ နိုင်ငံတကာသံတမန်အဖွဲ့များ၊ ဂျပန်လုပ်ငန်းရှင်များ၊ ထိုင်းစီးပွားရေးလုပ်ငန်းရှင်များနှင့် တရုတ်လုပ်ငန်းရှင်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်တို့မှကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းများနှင့် မြန်မာစီးပွားရေးလုပ်ငန်းရှင်များ စုစုပေါင်း ၃၆၀ ဦးတက်ရောက်ခဲ့ကြကြောင်း သတင်းရရှိပါသည်။

**မြတ်မြတ်စိုးမိုး (Myantrade)**

## စားသုံးသူအခွင့်အရေးနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ပြခန်းဖွင့်လှစ်




ပဲခူးတိုင်းဒေသကြီး (အရှေ့)၊ ညောင်လေးပင်မြို့နယ်၊ စားသုံးသူရေးရာဦးစီးဌာနသည် စစ်တောင်းသံစဉ် လူမှုကွန်ရက်အဖွဲ့နှင့်ပူးပေါင်း၍ ညောင်လေးပင်မြို့နယ်၊ လုဒ်မယ်တော်သခင်မပွဲတော် ပွဲဈေးတန်း၌ စားသုံးသူအခွင့်အရေးနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာပြခန်းအား ဖေဖော်ဝါရီ ၉ ရက်မှ ၁၁ ရက်အထိ ပြသခဲ့ကြောင်း သိရသည်။

အဆိုပါ ဖွင့်ပွဲအခမ်းအနားသို့ ညောင်လေးပင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ မြို့နယ် အုပ်ချုပ်ရေးမှူးဦးသိန်းဇော်ကံ၊ မြို့နယ်ဌာနဆိုင်ရာအကြီးအကဲများ၊ မြန်မာနိုင်ငံစားသုံးသူကြိုတင်ကာကွယ်ရေး အသင်းနှင့် မြို့နယ်လူမှုရေးအသင်းအဖွဲ့များမှ တာဝန်ရှိသူများ စုစုပေါင်း ၈၀ ဦးခန့် တက်ရောက်ခဲ့ပါသည်။ ထို့ပြင် ညောင်လေးပင်မြို့နယ်၊ စားသုံးသူရေးရာ ဦးစီးဌာနမှ မြို့နယ်တာဝန်ခံနှင့် ဝန်ထမ်းများသည် မြန်မာနိုင်ငံစားသုံးသူ ကြိုတင်ကာကွယ်ရေးအသင်း၊ မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ မြို့နယ်လူမှုရေးအသင်းအဖွဲ့များနှင့် ပူးပေါင်း၍ ပွဲဈေးတန်းအတွင်း ရောင်းချနေသော ဈေးဆိုင်များတွင် စားသုံးရန်/သုံးစွဲရန်မသင့်သောအစားအသောက်များ ရောင်းချနေမှုရှိ/မရှိကို ကွင်းဆင်းကြည့်ရှုပြီး အန္တရာယ်ကင်းသော အစားအသောက်များသာ ရောင်းချရန် အသိပညာပေး ဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိပါသည်။

**ကျော်ဆန်းဝင်း(ပဲခူး)**

## ပုသိမ်မြို့တွင် Winner Economic Enterprise Service Co.,Ltd မှ ကုန်စည်ပြပွဲ ကျင်းပမည်

ပုသိမ်မြို့၊ ကမ်းနားလမ်းရှိ မြို့တော်ခန်းမတွင် Winner Economic Enterprise Service Co,.Ltd ၏ ကုန်စည်ပြပွဲကို ဖေဖော်ဝါရီလ ၁၂ ရက်မှ ၁၆ ရက်အထိ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ကုန်စည်ပြပွဲတွင် ရန်ကုန်မြို့မှ ကုမ္ပဏီလုပ်ငန်းရှင်များက ၎င်းတို့၏ စက်ရုံထုတ်ပစ္စည်းများကို ပြခန်းပေါင်း ၁၀၀ ခန့်ဖြင့် လာရောက်ပြသကြမည်ဖြစ်သည်။

အဆိုပါ ပြပွဲတွင် လယ်ယာသုံးစက်ပစ္စည်းများ၊ မော်တော်ယာဉ်များ၊ စားသောက်ကုန်အမျိုးမျိုး၊ ဆေးဝါးအမျိုးမျိုး၊ လျှပ်စစ်ပစ္စည်းအမျိုးမျိုး၊ ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများ၊ အလှကုန်နှင့် အခြားကုန်စည်အမျိုးမျိုး နောက်ဆုံးပေါ် ကုန်ပစ္စည်းများကို ပြသရောင်းချသွားမည်ဖြစ်ကြောင်း ပြပွဲ ခင်းကျင်းပြသသည့် ကုမ္ပဏီမှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

**မင်းမင်းဦး (ပုသိမ်)**

## မွန်ပြည်နယ် ပုဂ္ဂလိကစီးပွားရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေး ဆွေးနွေးပွဲကျင်းပ

မွန်ပြည်နယ်အတွင်းရှိ ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းများ တိုးတက်လာစေရန်အတွက် ရန်ကုန်မြို့ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI) မှ တာဝန်ရှိပုဂ္ဂိုလ်များသည် မွန်ပြည်နယ်ကုန်သည်များနှင့် စက် မှုလက်မှုလုပ်ငန်းရှင်များအသင်း (MSCCI) မှ အဖွဲ့ဝင်များနှင့် မွန်ပြည်နယ်အတွင်းရှိ စီးပွားရေးလုပ်ငန်းရှင်များအား တွေ့ဆုံ၍ မွန်ပြည်နယ်အတွင်းရှိ ပုဂ္ဂလိကကဏ္ဍများ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရေး ဆွေးနွေးပွဲကို ဖေဖော်ဝါရီ ၇ ရက်က မော်လမြိုင်မြို့ ကုန်သည်စက်မှုလက်မှုအသင်းခန်းမ၌ ပြုလုပ်ခဲ့ပါသည်။

အဆိုပါ ဆွေးနွေးပွဲတွင် UMFCCI အထွေထွေအတွင်းရေးမှူး ဦးအောင်ကြည်စိုးက ပုဂ္ဂလိကကဏ္ဍလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ခေါင်းစဉ်ဖြင့်လည်းကောင်း၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ အမျိုးသားပို့ကုန်မဟာဗျူဟာမှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်ငယ်ငယ်လွင်က ထွန်းသစ်စ မြန်မာနိုင်ငံအတွက် ပို့ကုန်ဦးဆောင်သော စဉ်ဆက်မပြတ် တိုးတက်မှုနှင့် ကြွယ်ဝမှုဆီသို့ ခေါင်းစဉ်ဖြင့် လည်းကောင်း ဆွေးနွေးခဲ့ကြောင်း သိရှိရပါသည်။ အဆိုပါ ဆွေးနွေးပွဲသို့ UMFCCI နှင့် MSCCI မှ တာဝန်ရှိသူများ၊ မွန်ပြည်နယ်အတွင်းရှိ စီးပွားရေးလုပ်ငန်းရှင်များ၊ စိတ်ပါဝင်စားသူများ စုစုပေါင်း ၇၀ဦးခန့် တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။

**မိုးမိုး (မွန်)**

## ပြည်နယ်နှင့် တိုင်းဒေသကြီး အသီးသီးရှိ Consumer Complaint Center (CCC) များ၏ Contact Points များ

(၁) ရန်ကုန်တိုင်းဒေသကြီး — ၂၂၈/၂၄၀၊ ဒုတိယထပ်၊ ကမ်းနားလမ်းနှင့်ရွှေဘုံသာလမ်းထောင့်၊ ရန်ကုန်မြို့။
Fax:01-254023,
Ph:01-250270,254019
email: ygnmapt@gmail.com

(၂) ပဲခူးတိုင်းဒေသကြီး(အနောက်) — ရတနာမာန်အောင်ဘုန်းကြီးကျောင်းအနီး၊ ပြည်မြို့။
Fax : 053-28220,
Ph : 053-28032,28020

(၃) ပဲခူးတိုင်းဒေသကြီး(အရှေ့) — အောင်မြေသာရပ်ကွက်၊ ပိုလန်ဝင်း၊ ပဲခူးမြို့။
Ph : 052-2221844, 2221108, 2221036

(၄) ဧရာဝတီတိုင်းဒေသကြီး — ပုသိမ်မြို့။
Fax : 042-21811,
Ph: 042-24520,24522
email: yiyinaingwin@gmail.com

(၅) မန္တလေးတိုင်းဒေသကြီး — မန္တလေးမြို့။
Fax : 02-36340,
Ph: 02-36342,36339
email: mdymapt@gmail.com

(၆) ရခိုင်ပြည်နယ် — စစ်တွေမြို့။
Fax:043-23426,Ph:043-23426

(၇) မကွေးတိုင်းဒေသကြီး — အစိုးရရပ်ကွက်၊အနော်ရထာလမ်း၊မကွေးမြို့။
Fax : 063-23199,
Ph : 063-23196,23197

(၈) ရှမ်းပြည်နယ်(တောင်ပိုင်း) — အရှေ့မြို့ပတ်လမ်း၊ ရေအေးကွင်းရပ်ကွက်၊ အမှတ်(၅)ဈေးမြောက်ဘက်၊ တောင်ကြီးမြို့။
Ph:081-2121615, Fax:081-2121627,
email:dtptaunggyi@gmail.com

(၉) ရှမ်းပြည်နယ်(အရှေ့ပိုင်း) — ရပ်ကွက်(၁)၊ နောင်ရေး၊ ကျိုင်းတုံမြို့။
Fax:084-21034,Ph:084-21034

(၁၀) ရှမ်းပြည်နယ်(မြောက်ပိုင်း) — အမှတ်(၉)၊ လေယာဉ်ကွင်းလမ်း၊ ထပရတပ်ရင်း(၆၂၆)နှင့် မျက်နှာချင်းဆိုင်၊ လားရှိုးမြို့။
Fax:082-23493,Ph:082-23039

(၁၁) ကရင်ပြည်နယ် — ဘားအံမြို့။
Fax:058-21666,Ph:058-21041

(၁၂) တနင်္သာရီတိုင်းဒေသကြီး — ကမ်းနားလမ်း၊ ဆိပ်ငယ်ရပ်ကွက်၊ မြိတ်မြို့။
Fax:059-41012,Ph:059-41012

(၁၃) ကချင်ပြည်နယ် — အမှတ်(၁၉၉)၊ မြို့သစ်ရပ်ကွက်၊ မြစ်ကြီးနားမြို့။
Fax:074-22459,Ph:074-22459

(၁၄) ကယားပြည်နယ် — (၈/၉)လမ်းကြား၊ ကန္တာရဝတီလမ်းနှင့် သီရိဒေါလမ်းကြား၊ နောင်ယား(က)ရပ်ကွက်၊ လွိုင်ကော်မြို့။
Fax:083-21005,Ph:083-21005

(၁၅) မွန်ပြည်နယ် — အမှတ်(၄)ကမ်းနားလမ်း၊ ရွှေတောင်ရပ်၊ ဘုရင့်ရုံရှေ့၊ မော်လမြိုင်မြို့။
Fax:057-24728, Ph:057-24318

(၁၆) စစ်ကိုင်းတိုင်းဒေသကြီး — သာစည်လမ်း၊ ဒေါနခြံရပ်၊ မီးရထားသံလမ်းနှင့် ဗိုလ်ချုပ်ကြေးရုပ်ကြား၊ မုံရွာမြို့။
Fax : 071-23630,
Ph:071-23630,22924

## (၇) နေ့ သားသမီးများအတွက်
## စီးပွားရေး အကြံပေး ဟောကိန်း
### ၁၃-၂-၂၀၁၇ မှ ၁၉-၂-၂၀၁၇ ရက်နေ့ထိ
### ဒေါ်မြတ်မြတ်အေး
### (မြန်မာနိုင်ငံ ဝေဒသုတေသနအဖွဲ့)



**တနင်္ဂနွေသားသမီးများအတွက်** လုပ်ငန်းခွင်အတွင်းမှာ လုပ်သမ္ဘကံကောင်းတတ်၍ ကူညီမစမည့်သူများပေါ်လာလိမ့်မည်။ ရွှေ ငွေ၊ ကျောက်မျက်ရတနာများလုပ်ကိုင်ပါကအကျိုးပေးတတ်ပါသည်။ ထိုက်သင့်သော အကျိုးအမြတ်များရရှိနေတတ်ပါသည်။ ပညာရေးတွင် မှတ်ဉာဏ်အတွေးအခေါ် ဇဝနဉာဏ်ရှိသော်လည်း၊ ဝီရိယအားနည်းမှုတို့နှင့် ကိုယ့်ကိုယ်ကိုအထင်ကြီးမှုတို့ကြောင့် နှစ်ခါပြန်ကြိုးစားယူရတတ်ပါသည်။ ကျန်းမာရေး၊ အချစ်ရေးတို့တွင် သင့်တင့်မှုရှိနေမည်။

**ယတြာ။ ။ဘုရားရေသပ္ပာယ်၍ထီးလှူပါ။**



**တနင်္လာသားသမီးများအတွက်** ဝါဂွမ်း၊ ပိုးထည်၊ ချည်ထည်နှင့် အထည်အလိပ်လုပ်ငန်းများ အကျိုးပေးအောင်မြင်တတ်ပါသည်။ ပညာရေးတွင် အချိန်ဇယားဆွဲ၍ ဘာသာရပ်ဆိုင်ရာ သင်ခန်းစာများကို ဆရာကောင်းများထံ တပည့်ခံ၍ ကြိုးစားမှု များကြောင့် ပညာရေးတွင် အောင်မြင်မှုရလာတတ်ပါသည်။ ကျန်းမာရေးအနေဖြင့် ရာသီအပြောင်းအလဲတွင်ဖြစ်တတ်သော ဝေဒနာခံစားရတတ်သည်။ အချစ်ရေးကံကောင်းနေမည်။

**ယတြာ။ ။သံဃာတော်နှင့် သီလရှင်အား ဆွမ်းနှင့်ဆွမ်းဆန်စိမ်း လောင်းလှူပါ။**



**အင်္ဂါသားသမီးများအတွက်** ပြန်လည်ဦးမော့လာပြီဖြစ်သော စီးပွားရေးလုပ်ငန်းများတွင် အဆင်ပြေမှုများဖြစ်ပေါ်နေတတ်သည်။ မည်သည့်ပညာရပ်မဆိုတတ်မြောက်အောင်မြင်နိုင်စွမ်းရှိနေမည်။ ကျန်းမာရေး အနည်းငယ်ဂရုစိုက်သင့်သည်။ နှလုံးနှင့်ပတ်သက်သော ရောဂါများ သတိပြုသင့်ပါသည်။ အချစ်ရေးတွင် ရိုးသားဖြောင့်မတ်ခြင်း၊ သစ္စာရှိခြင်းရှိနေမည်။

**ယတြာ။ ။ဘုရားတွင်ရောင်တော်ဖွင့်၍အနေကဇာတင်ပါ။**



**ဗုဒ္ဓဟူးသားသမီးများအတွက်** ကာလဒေသကိုလေ့လာ၍ လည်းကောင်း၊ လူအများသုံးစွဲနိုင်၍ အကျိုးသက်ရောက်မှု ဖြစ်စေသော ထုတ်ကုန်ပစ္စည်းများကိုထုတ်လုပ်ဖြန့်ချိ၍လည်းကောင်း၊ စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်မှုပြုရတတ်ပါ သည်။ အောင်မြင်မှုများ ရရှိတတ်သည်။ ပညာရေးတွင် ကြိုးစားမှုပြုရတတ် သည်။ ကျန်းမာရေးအနေဖြင့် လေရောဂါဖြစ်တတ်သည်။ အချစ်ရေးတွင် သစ္စာရှိခြင်း၊ ရိုးသားဖြောင့်မတ်ခြင်း၊ ရိုသေဂါရဝရှိခြင်းတို့နှင့် ပြည့်စုံသောချစ်သူရရှိလိမ့်မည်။

**ယတြာ။ ။မိဘ၊ ဆရာသမားကို ရိုသေစွာကန်တော့ပါ။**



**ကြာသပတေးသားသမီးများအတွက်** ကျွမ်းကျင်သူများ၏ အကူအညီပေးမှုကြောင့်လည်းကောင်း၊ မိမိကိုယ်တိုင်အပင်ပန်းခံ၍ ကြိုးစားအားထုတ်မှုတို့ကြောင့် လည်းကောင်း စီးပွားရေးလုပ်ငန်းများ တိုးတက်အောင်မြင်မှုများရရှိလာတတ်ပါသည်။ ပညာရေးတွင် အပင်ပန်းခံ၍ ကြိုးစားအားထုတ်မှုရှိ နေမည်။ ကျန်းမာရေးအနေဖြင့် အဆုတ်အားနည်းသော ဝေဒနာခံစားရတတ်ကိုသတိရသင့်ပါသည်။ အချစ်ရေးတွင်အကျိုးတူစီးပွားဖက်နှင့်ကြုံရတတ် သည်။

**ယတြာ။ ။မွေးနံဂြိုလ်တိုင်ဘုရားတွင် ရေချမ်း၊ ဆီမီး၊ အမွှေးတိုင်ကပ်လှူပါ။**



**သောကြာသားသမီးများအတွက်** မိမိနေထိုင်ရာ ပတ်ဝန်းကျင်တွင် အဆင်ပြေအောင်ပေါင်းသင်းဆက်ဆံမှုပြုတတ်သောကြောင့် စီးပွားရေးတွင်အောင်မြင်မှုများရရှိလာလိမ့်မည်။ အလှကုန်ပစ္စည်းများထုတ်လုပ်ရောင်းချခြင်း၊ ငွေကြေးလဲလှယ်ခြင်းလုပ်ငန်းများ အကျိုးရှိနေတတ်ပါသည်။ ပညာရေးနှင့်ပတ်သက် ၍ ဆေးပညာများနှင့်အကျိုးပေးနေတတ်ပါသည်။ အချစ်ရေး၊ လူမှုရေးလုပ်ငန်းများ သင့်တင့်ကောင်းမွန်နေမည်။ ကျန်းမာရေးအနေဖြင့် လေဖြတ်ခြင်းဝေဒနာသတိရှိပါ။

**ယတြာ။ ။သက်ကြီးရွယ်အိုတို့အား အာဟာရကျွေးလှူဒါန်းပါ။**



**စနေသားသမီးများအတွက်** စီးပွားရေးလုပ်ငန်းရပ်တို့ကိုလုပ်ကိုင်ဆောင်ရွက်ရာတွင် သစ်တစ်ပင်ကောင်းငှက်တစ်သောင်းနား၍ရသည်ဟူသောစကားကို လက်ခံယုံကြည်၍ကြိုးစားမှုများကို ပြုနေရတတ်ပါသည်။ ဟိုတယ်၊ မိုတယ်နှင့်လူနေတိုက်ခန်းများ အကျိုးဆောင်လုပ်ငန်းများ အကျိုးပေးနေတတ်ပါသည်။ ကျန်းမာရေးအနေဖြင့် အိပ်ရေးပျက်မှု၊ စိတ်ဖိစီးမှုကြောင့် ရောဂါရရှိတတ်သည်ကိုသတိရှိသင့်ပါသည်။ လူမှုရေးတွင် အိမ်ထောင်ရှိခဲ့ဖူးသူ၊ အိမ်ထောင်ရှိသူတို့နှင့် သံယောဇဉ်ငြိတွယ်တတ်သောသဘောရှိနေတတ်ပါသည်။

**ယတြာ။ ။အပေါင်းအသင်းများကို မုန့်လုံးရေပေါ်ကျွေးပါ။**

## ပုသိမ်မြို့တွင် စပါးခွံဓာတ်ငွေ့စက်နှင့် ဘွိုင်လာစက်များအစား လျှပ်စစ်ဓာတ်အားဖြင့် အစားထိုးသုံးစွဲနိုင်ရေး ဆွေးနွေးပွဲကျင်းပ

ပုသိမ်မြို့တွင် သဘာဝပတ်ဝန်းကျင် ညစ်ညမ်းမှုကို ထိန်းသိမ်း၍ရေဆိုးစွန့်ပစ်မှုများမှ ကာကွယ်နိုင်ရန်နှင့် ရေရှည်တွင် ကျန်းမာရေးထိခိုက်မှုမရှိစေရေးတို့အတွက် စပါးခွံဓာတ်ငွေ့သုံးဓာတ်အားပေးစက်များနှင့် ဘွိုင်လာစက်များအစား လျှပ်စစ်ဓာတ်အားဖြင့် အစားထိုးတပ်ဆင်သုံးစွဲနိုင်ရေးအတွက် ဆွေးနွေးပွဲကို ဖေဖော်ဝါရီလ ၅ရက်က ပုသိမ်မြို့ရှိ ဧရာဝတီတိုင်းဒေသကြီး ဆန်စက်လုပ်ငန်းရှင်များအသင်းရုံးတွင် ကျင်းပခဲ့ပါသည်။

အဆိုပါ အခမ်းအနားတွင် မြန်မာနိုင်ငံဆန်စက်လုပ်ငန်းရှင်များအသင်း(ဗဟို)မှ ဥက္ကဋ္ဌ ဦးတင်ဝင်းနှင့်ဒုတိယဥက္ကဋ္ဌ ဦးတင်အောင်တို့က စပါးခွံဓာတ်ငွေ့၊ ဘွိုင်လာစက်တို့ဖြင့် လည်ပတ်ရာတွင် ဖြစ်ပေါ်လာနိုင်သည့် နောက်ဆက်တွဲအားသာချက်၊အားနည်းချက်များ၊ လျှပ်စစ်ဓာတ်အားဖြင့်လည်ပတ်ရာတွင် ရရှိလာမည့် အားသာချက်အားနည်းချက်များကို ရှင်းလင်းပြောကြားခဲ့သည်။ အဆိုပါ ဆွေးနွေးပွဲသို့ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်ပေါင်း ၂၆မြို့နယ်မှ ဆန်စက်ပိုင်ရှင်များ၊ပုသိမ်မြို့ပေါ်မှ ဆန်စက်ပိုင်ရှင်များ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **ထွန်းထွန်း(ပုသိမ်)**

## ယင်းမာပင်မြို့နယ်၊ လည်ငေါက်ကျေးရွာတွင် ဆန်စက်/ဆီစက် လုပ်ငန်းရှင်များနှင့် တွေ့ဆုံဆွေးနွေးပညာပေး



စစ်ကိုင်းတိုင်းဒေသကြီး၊ စားသုံးသူရေးရာဦးစီးဌာန၊ ယင်းမာပင်ခရိုင် ဦးစီးမှူးရုံးမှ ဒုတိယခရိုင်ဦးစီးမှူး ဦးဇော်မင်းသိန်းနှင့်အဖွဲ့သည် ဇန်နဝါရီလ ၃၀ ရက်က ယင်းမာပင်မြို့နယ်၊ လည်ငေါက်ကျေးရွာ၌ ထုတ်ကုန်လုံခြုံစိတ်ချရမှုနှင့်ပတ်သက်၍ ဆန်စက်၊ ဆီစက် လုပ်ငန်းရှင်များနှင့်တွေ့ဆုံဆွေးနွေးပညာပေးခဲ့ပါသည်။

တွေ့ဆုံဆွေးနွေးပွဲတွင် ယင်းမာပင်ခရိုင်၊ ဒုတိယဦးစီးမှူးက လုပ်ငန်းရှင်များကို စားသုံးသူရေးရာဦးစီးဌာန၏ဖွဲ့စည်းပုံ၊ စားသုံးသူအကာအကွယ်ပေးရေးဥပဒေအကြောင်း၊ စားသုံးသူ၏အခွင့်အရေးနှင့်တာဝန်များ၊ စီးပွားရေးလုပ်ငန်းရှင်များ၏အခွင့်အရေးနှင့်တာဝန်များ၊ တားမြစ်ချက်များအကြောင်း၊ လုပ်ငန်းရှင်များအနေဖြင့် မိမိတို့ထုတ်ကုန်ကို ဘေးအန္တရာယ်လုံခြုံစိတ်ချမှုရှိသည့်ထုတ်ကုန်ဖြစ်အောင် ဆောင်ရွက်ရန်လိုအပ်ကြောင်း၊ စားသုံးသူအကာအကွယ်ပေးရေးတစ်ရပ်အနေဖြင့် စားသုံးသူဘက်မှ အမှန်တကယ် နစ်နာဆုံးရှုံးမှုရှိလျှင် ခရိုင်စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ကို တိုင်တန်းနိုင်ကြောင်း၊စီးပွားရေးလုပ်ငန်းရှင်များက မိမိတို့၏ထုတ်ကုန်များကို မြန်မာစာဖြင့်ဖြစ်စေ၊ မြန်မာစာနှင့်အခြားဘာသာဖြင့် တွဲလျက်ဖြစ်စေ သက်ဆိုင်ရာအချက်အလက်များကို ဖော်ပြရန် လိုအပ်ကြောင်း ရှင်းလင်းဆွေးနွေးခဲ့ပါသည်။

ထို့နောက် တက်ရောက်လာကြသည့် ဆန်စက်၊ ဆီစက် လုပ်ငန်းရှင်များအား စီးပွားရေးလုပ်ငန်းရှင်၏ အခွင့်အရေးနှင့် တာဝန်များ၊ တားမြစ်ချက်များပါဝင်သည့် လက်ကမ်းစာစောင်များနှင့် လုံခြုံစိတ်ချမှု မရှိသည့် တားမြစ်စားသောက်ကုန်စာရင်းများကို ဖြန့်ဝေပေးခဲ့ကြောင်းသတင်းရရှိပါသည်။

**သူဇာကျော် (ပုလဲ)**

## ရေဦးမြို့အ・ထ・က(၁)တွင် စားသုံးသူအကာအကွယ်ပေးရေး ဟောပြောပွဲကျင်းပ၍ ကျောင်းမုန့်ဈေးတန်းစစ်ဆေး

စားသုံးသူရေးရာဦးစီးဌာန၊ ရွှေဘိုခရိုင် ဦးစီးမှူးနှင့် တာဝန်ရှိသူများ၊ ရေဦးမြို့နယ်မှ တာဝန်ခံနှင့်မိတ်ဖက်အဖွဲ့အသီးသီးမှ တာဝန်ရှိသူများသည် ဖေဖော်ဝါရီလ ၃ ရက်က ရေဦးမြို့ အ. ထ. က(၁) အတွင်းရောင်းချလျက်ရှိသည့် ကျောင်းမုန့်ဈေးဆိုင်များအား သွားရောက်စစ်ဆေးခဲ့ကြောင်း သိရသည်။

ထို့နောက် မိတ်ဖက်အဖွဲ့သည် ကျောင်းဝင်းအတွင်းရှိ ကံ့ကော်ဆောင်ခန်းမတွင် စားသုံးသူအကာအကွယ်ပေးရေး ဟောပြောပွဲကို ကျင်းပခဲ့သည်။ အဆိုပါဟောပြောပွဲတွင် မိတ်ဖက်အဖွဲ့အသီးသီးမှတာဝန်ရှိသူများက စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာ သိကောင်းစရာများနှင့် ပတ်သက်၍လည်းကောင်း၊ စာဖတ်ခြင်း၏အကျိုးကျေးဇူးများကိုလည်းကောင်း၊ အန္တရာယ်ရှိ အစားအသောက်များနှင့် လူသုံးကုန်ပစ္စည်းများ၏ဆိုးကျိုးများနှင့် အန္တရာယ်များအကြောင်းတို့ကိုလည်းကောင်း ဟောပြောဆွေးနွေးခဲ့ကြကြောင်းသိရသည်။

ယင်းဟောပြောပွဲသို့ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ၊ ကျောင်းမုန့်ဈေးတန်းရောင်းချသူများ တက်ရောက်ခဲ့ကြသည်။

အလားတူ ရေဦးမြို့နယ် စားသုံးသူရေးရာဦးစီးဌာန တာဝန်ခံ ဦးဆောင်သည့်အဖွဲ့သည် ဖေဖော်ဝါရီလ ၁ ရက်တွင် ကန်ပေါက် အ. မ. က(မူလွန်)တွင်လည်းကောင်း၊ဝသဲ အ. လ. က(ခွဲ)တွင်လည်းကောင်း စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာဟောပြောပွဲများကိုကျင်းပခဲ့ကြောင်း သတင်းရရှိပါသည်။ **အောင်ညွန့်(ရေဦး)**

## မော်လမြိုင်ကျွန်းမြို့နယ်၊ အ . မ . က တွင် စားသုံးသူအသိပညာပေးဟောပြောပွဲ ကျင်းပ

စားသုံးသူရေးရာဦးစီးဌာန၊ မော်လမြိုင်ကျွန်းမြို့နယ် ဦးစီးမှူး ဦးခင်မောင်ကျော်နှင့်ဝန်ထမ်းများ၊ မိတ်ဖက် အဖွဲ့အစည်းအသီးသီးမှ တာဝန်ရှိပုဂ္ဂိုလ်များပူးပေါင်း၍ ဖေဖော်ဝါရီလ ၇ရက်က မော်လမြိုင်ကျွန်းမြို့နယ်၊ အေ ၉ လမ်းရှိ အ. မ. က တွင် စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေး ဟောပြောပွဲကို ကျင်းပခဲ့ပါတယ်။

ဟောပြောပွဲသို့ ဆရာ/ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် မိဘများ၊ ကျောင်းမုန့်ဈေးတန်း ရောင်းချသူများ စုစုပေါင်း ၂၆၂ ဦးတက်ရောက်ခဲ့ကြပါတယ်။

ဟောပြောပွဲအပြီးမှာ မိတ်ဖက်အဖွဲ့ဝင်များသည် ကျောင်းမုန့်ဈေးတန်းသို့ သွားရောက်၍ စားသုံးရန်မသင့်သော အစားအစာများ၊ FDA မှ တားမြစ်ထားသော စားသောက်ကုန်များ၊ ဆိုးဆေးများအသုံးပြုထားတဲ့မုန့်များရောင်းချနေခြင်း ရှိ၊မရှိကို စစ်ဆေး၍ အသိပညာပေးဆွေးနွေးခဲ့ကာ လက်ကမ်းစာစောင်များအား ဖြန့်ဝေပေးခဲ့ကြောင်း သတင်းရရှိပါတယ်။ **မင်းမင်းဦး (ပုသိမ်)**



## မြို့ကြီးများ၏ ၁၃-၂-၂၀၁၇ မှ ၁၇-၂-၂၀၁၇ နေ့အထိ မိုးလေဝသခန့်မှန်းချက်

| မြို့ | တနင်္လာ(၁၃-၂-၂၀၁၇) | အင်္ဂါ(၁၄-၂-၂၀၁၇) | ဗုဒ္ဓဟူး(၁၅-၂-၂၀၁၇) | ကြာသပတေး(၁၆-၂-၂၀၁၇) | သောကြာ(၁၇-၂-၂၀၁၇) |
|---|---|---|---|---|---|
| နေပြည်တော် | နေသာ ၃၄°C/၉၃°F | နေသာ ၃၄°C/၉၃°F | နေသာ ၃၄°C/၉၃°F | နေသာ ၃၄°C/၉၃°F | နေသာ ၃၅°C/၉၅°F |
| ရန်ကုန်မြို့ | နေသာ ၃၃°C/၉၂°F | နေသာ ၃၃°C/၉၁°F | နေသာ ၃၃°C/၉၁°F | နေသာ ၃၄°C/၉၃°F | နေသာ ၃၅°C/၉၅°F |
| မန္တလေးမြို့ | နေသာ ၃၃°C/၉၂°F | နေသာ ၃၃°C/၉၂°F | နေသာ ၃၃°C/၉၁°F | နေသာ ၃၃°C/၉၁°F | နေသာ ၃၄°C/၉၃°F |
| မြစ်ကြီးနား | နေသာ ၃၀°C/၈၆°F | နေသာ ၃၀°C/၈၆°F | နေသာ ၂၉°C/၈၅°F | နေသာ ၂၉°C/၈၄°F | နေသာ ၂၉°C/၈၄°F |
| လားရှိုး | နေသာ ၂၈°C/၈၃°F | နေသာ ၂၈°C/၈၃°F | နေသာ ၂၇°C/၈၀°F | နေသာ ၂၇°C/၈၁°F | နေသာ ၂၈°C/၈၂°F |
| ကျိုင်းတုံ | နေသာ ၂၇°C/၈၀°F | နေသာ ၂၈°C/၈၂°F | နေသာ ၂၇°C/၈၀°F | နေသာ ၂၈°C/၈၂°F | နေသာ ၂၉°C/၈၅°F |
| လွိုင်ကော် | နေသာ ၂၈°C/၈၃°F | နေသာ ၂၈°C/၈၃°F | နေသာ ၂၈°C/၈၂°F | နေသာ ၂၈°C/၈၃°F | နေသာ ၂၉°C/၈၅°F |
| တောင်ကြီး | နေသာ ၂၅°C/၇၇°F | နေသာ ၂၅°C/၇၇°F | နေသာ ၂၄°C/၇၆°F | နေသာ ၂၄°C/၇၆°F | နေသာ ၂၆°C/၇၈°F |
| မော်လမြိုင် | နေသာ ၃၄°C/၉၃°F | နေသာ ၃၄°C/၉၃°F | နေသာ ၃၄°C/၉၃°F | နေသာ ၃၅°C/၉၅°F | နေသာ ၃၆°C/၉၇°F |
| ဘားအံ | နေသာ ၃၄°C/၉၄°F | နေသာ ၃၄°C/၉၄°F | နေသာ ၃၄°C/၉၄°F | နေသာ ၃၆°C/၉၆°F | နေသာ ၃၇°C/၉၈°F |
| တောင်ငူ | နေသာ ၃၃°C/၉၂°F | နေသာ ၃၃°C/၉၂°F | နေသာ ၃၃°C/၉၂°F | နေသာ ၃၄°C/၉၃°F | နေသာ ၃၅°C/၉၅°F |
| မုံရွာ | နေသာ ၃၃°C/၉၁°F | နေသာ ၃၃°C/၉၁°F | နေသာ ၃၂°C/၉၀°F | နေသာ ၃၃°C/၉၁°F | နေသာ ၃၃°C/၉၁°F |
| ပုသိမ် | နေသာ ၃၄°C/၉၃°F | နေသာ ၃၄°C/၉၃°F | နေသာ ၃၄°C/၉၃°F | နေသာ ၃၄°C/၉၄°F | နေသာ ၃၄°C/၉၄°F |
| မြိတ် | နေသာ ၃၂°C/၈၉°F | နေသာ ၃၃°C/၉၁°F | နေသာ ၃၃°C/၉၁°F | နေသာ ၃၃°C/၉၂°F | နေသာ ၃၄°C/၉၄°F |
| စစ်တွေ | နေသာ ၃၂°C/၉၀°F | နေသာ ၃၃°C/၉၁°F | နေသာ ၃၃°C/၉၁°F | နေသာ ၃၃°C/၉၂°F | နေသာ ၃၄°C/၉၃°F |
| မကွေး | နေသာ ၃၃°C/၉၂°F | နေသာ ၃၃°C/၉၂°F | နေသာ ၃၃°C/၉၂°F | နေသာ ၃၃°C/၉၂°F | နေသာ ၃၄°C/၉၃°F |
| ဖလမ်း | နေသာ ၂၃°C/၇၄°F | နေသာ ၂၃°C/၇၄°F | နေသာ ၂၃°C/၇၃°F | နေသာ ၂၃°C/၇၃°F | နေသာ ၂၄°C/၇၅°F |

## ပါကစ္စတန်နိုင်ငံ ကမ်းခြေဒေသတွင် အင်အားပြင်းထန်သည့်ငလျင်လှုပ်ခတ်

ပါကစ္စတန်နိုင်ငံ၏ ကမ်းခြေဒေသဖြစ်သည့် Pasni မြို့၏ကမ်းခြေဒေသတွင် ဖေဖော်ဝါရီ ၈ ရက်က အင်အားရစ်ချ်တာစကေး ၆ ဒသမ ၃ အဆင့်ရှိ အင်အားပြင်းထန်သည့် ငလျင်တစ်ခု လှုပ်ခတ်ခဲ့ကြောင်း စီအန်န်အေသတင်းဌာနက ရေးသားဖော်ပြခဲ့သည်။

မြေငလျင်လှုပ်ခတ်မှုကြောင့် ကြီးကြီးမားမား ပျက်စီးဆုံးရှုံးမှုမရှိခဲ့သည့်အပြင် လူသေဆုံးမှုလည်းမရှိခဲ့ကြောင်း အဆိုပါသတင်းတွင် ဖော်ပြထားသည်။

အဆိုပါငလျင်သည် မြို့တော် Turbat မြို့၏ တောင်ဘက် ကီလိုမီတာ ၉၀ အကွာနှင့် မြေအောက်အနက် ၁၀ ကီလိုမီတာကို ဗဟိုပြု၍ လှုပ်ခတ်ခဲ့ခြင်းဖြစ်သည်ဟု အမေရိကန်ဘူမိတိုင်းတာရေးအေဂျင်စီက ထုတ်ဖော်ပြောကြားခဲ့သည်။

ငလျင်လှုပ်ခတ်ခဲ့သည့် Pasni မြို့သည် လူဦးရေ လေးသိန်းခန့် နေထိုင်ကြသည့်မြို့တစ်မြို့ဖြစ်သည်။ ငလျင်လှုပ်ခတ်မှုကြောင့် မြို့ပေါ်ရှိ အချို့သောအိမ်များမှာ အနည်းငယ်ပျက်စီးခဲ့သည်မှအပ ကြီးကြီးမားမား ပျက်စီးဆုံးရှုံးမှုမရှိခဲ့ဟု ဆိုသည်။

အဆိုပါငလျင် လှုပ်ခတ်ပြီးနောက် နှစ်ရက်အကြာ ဖေဖော်ဝါရီ ၁၀ ရက်တွင် အင်အားရစ်ချ်တာစကေး ၅ ဒသမ ၈ အဆင့်ရှိအင်အားအသင့်အတင့်ရှိသည့် ငလျင်တစ်ခုလှုပ်ခတ်ခဲ့သေးသည်။

ယင်းငလျင်လှုပ်ခတ်မှုကို အိန္ဒိယနိုင်ငံ မြို့တော်ဒေလီမှ ပြည်သူများ သိရှိခံစားခဲ့ရသည်ဟု ဆိုသည်။ ပါကစ္စတန်နိုင်ငံသည် ငလျင်လှုပ်ခတ်သည့်စက်ကွင်းအတွင်းကျရောက်နေသည့် နိုင်ငံတစ်နိုင်ငံဖြစ်ရာ အင်အားအသင့်အတင့်ရှိသော ငလျင်များ မကြာခဏ လှုပ်ခတ်လေ့ရှိသည့်နိုင်ငံတစ်နိုင်ငံဖြစ်သည်။

အဆိုပါဒေသတွင် ပြီးခဲ့သည့် ၂၀၁၃ ခုနှစ်က တစ်ရက်အတွင်း ငလျင်နှစ်ကြိမ် လှုပ်ခတ်ခဲ့မှုကြောင့် လူပေါင်း ၁၂၀၀ ကျော်သေဆုံးခဲ့ရသည်။

အလားတူ ၂၀၀၅ ခုနှစ် အောက်တိုဘာလ ၈ ရက်က လှုပ်ခတ်ခဲ့သည့် ငလျင်ကြောင့် လူပေါင်း ၄၀၀ ကျော် သေဆုံးခဲ့ကာ လူအများအပြား ငလျင်ဘေးဒဏ်ကို ခံစားခဲ့ရသည်။

အဆိုပါငလျင်သည် အင်အားရစ်ချ်တာစကေး ၇ ဒသမ ၆ အဆင့်ရှိပြီး အင်အားပြင်းထန်သည့် ငလျင်ဖြစ်ကြောင်း၊ ယင်းငလျင်ကြောင့် လူပေါင်း ၇၃၀၀၀ ကျော် သေဆုံးခဲ့ပြီး လူပေါင်း ၃ ဒသမ ၅သန်းကျော် အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ရသည်။

**မယ်သီတာ**



## ဖိလစ်ပိုင်နိုင်ငံတောင်ပိုင်းတွင် အင်အားပြင်းငလျင်လှုပ်ခတ် လူခြောက်ဦး သေဆုံး ၁၀၀ ကျော် ဒဏ်ရာရရှိ

ဖိလစ်ပိုင်နိုင်ငံတောင်ပိုင်း မင်ဒါနာအိုကျွန်းပေါ်ရှိ ဆူရီဂိုအာမြို့တွင် ဖေဖော်ဝါရီ ၁၀ ရက် ညနေပိုင်းက အင်အားရစ်ချ်တာစကေး ၆ ဒသမ ၇ အဆင့်ရှိ အင်အားပြင်းထန်သည့်ငလျင်လှုပ်ခတ်ခဲ့ကြောင်း ရိုက်တာသတင်းဌာနက ရေးသားဖော်ပြခဲ့သည်။

ငလျင်လှုပ်ခတ်မှုကြောင့် အနည်းဆုံး လူခြောက်ဦးသေဆုံးပြီး လူ ၁၂၀ ကျော်ဒဏ်ရာရရှိခဲ့ကြောင်း၊ သေဆုံးသူအရေအတွက်နှင့် ဒဏ်ရာရရှိသူအရေအတွက် ထပ်မံတိုးမြင့်လာနိုင်ကြောင်း အဆိုပါသတင်းတွင် ဖော်ပြထားသည်။

အင်အားပြင်းငလျင် လှုပ်ခတ်ခဲ့သော်လည်း ဆူနာမီလှိုင်းဖြစ်ပေါ်နိုင်သည့် သတိပေးချက်များ ထုတ်ပြန်ထားခြင်းမရှိဟု ဆိုသည်။ ငလျင်သည် ဆူရီဂိုအာမြို့၏ အနောက်မြောက်ဘက် ၈ မိုင်အကွာ၊ မြေအောက်အနက် ၆ မိုင်အကွာကို ဗဟိုပြု၍လှုပ်ခတ်ခဲ့ခြင်းဖြစ်သည်။

ငလျင်လှုပ်ခတ်မှုကြောင့် ဆူရီဂိုအာမြို့တွင် အဆောက်အအုံများ ပြိုကျခဲ့ကာ အပျက်အစီးများအောက်တွင် လူပေါင်း ၁၂၀ ကျော် ပိတ်မိနေကြောင်း၊ လူခြောက်ဦး သေဆုံးခဲ့ပြီဖြစ်ကြောင်း ဆူရီဂိုအာမြို့မှ တာဝန်ရှိသူတစ်ဦးက ထုတ်ဖော်ပြောကြားခဲ့သည်။

ကယ်ဆယ်ရေး တပ်ဖွဲ့များသည် ပြိုကျနေသည့် အပျက်အစီးများ၏အောက်တွင် ပိတ်မိနေသည့်ပြည်သူများအား လိုက်လံရှာဖွေကာ ကယ်တင်လျက်ရှိသည်ဟုဆိုသည်။ ဆူရီဂိုအာမြို့ရှိ အဝေးပြေးလမ်းမကြီး၏ နေရာတိုင်းတွင် ပျက်စီးမှုများဖြစ်ပေါ်နေပြီး အဆိုပါလမ်းမကြီးအား ပိတ်ထားခဲ့ရသည်။

ထို့ပြင် ဆူရီဂိုအာမြို့ရှိ Anao-aon လမ်းမကြီးမှာ အောက်သို့ နိမ့်ကျကာ ပျက်စီးသွားခဲ့သဖြင့် အဆိုပါလမ်းမကြီးအား ပိတ်ထားခဲ့ရသည်။

ဖိလစ်ပိုင်နိုင်ငံတွင် ၁၉၉၀ ပြည့်နှစ်က လှုပ်ခတ်ခဲ့သည့် အင်အားရစ်ချ်တာစကေး ၇ဒသမ ၇ ရှိသည့် ငလျင်ကြောင့် လူပေါင်း ၂၀၀၀ နီးပါး သေဆုံးခဲ့ရသည်။

ဖိလစ်ပိုင်နိုင်ငံသည် မီးတောင်စက်ကွင်းအတွင်း ကျရောက်နေသည့် နိုင်ငံတစ်နိုင်ငံဖြစ်ရာ အင်အားပြင်းငလျင်များ မကြာခဏလှုပ်ခတ်လျက်ရှိသည့်နိုင်ငံတစ်နိုင်ငံဖြစ်သည်။ **မယ်သီတာ**

# ကရင်ပြည်နယ်အတွင်းရှိ ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆွေးနွေးပွဲကျင်းပ

ကရင်ပြည်နယ်အတွင်းရှိပုဂ္ဂလိကကဏ္ဍများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆွေးနွေးပွဲတစ်ရပ်ကို ဖေဖော်ဝါရီ ၆ ရက်က ကရင်ပြည်နယ်၊ ဘားအံမြို့ရှိ ဇွဲကပင်ခန်းမတွင် ကျင်းပခဲ့သည်။

အဆိုပါဆွေးနွေးပွဲသို့ ကရင်ပြည်နယ်အစိုးရအဖွဲ့လျှပ်စစ်နှင့် စက်မှုဝန်ကြီးဌာန ပြည်နယ် ဝန်ကြီးဦးစိုးလှိုင်နှင့် ပြည်နယ်အဆင့် ဌာနဆိုင်ရာအကြီးအကဲများ၊ ပြည်ထောင်စု မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI) မှတာဝန်ရှိသူများနှင့် ကရင်ပြည်နယ်ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များ အသင်းမှ တာဝန်ရှိသူများ၊ ညီနောင်အသင်းများမှ တာဝန်ရှိသူများ၊ ကုန်သည်လုပ်ငန်းရှင်များ၊ အခြားဖိတ်ကြားထားသော ပုဂ္ဂိုလ်များ တက်ရောက်ခဲ့ကြပါသည်။

အဆိုပါဆွေးနွေးပွဲတွင် UMFCCI အထွေထွေအတွင်းရေးမှူးချုပ် ဦးအောင်ကြည်စိုး၊ မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးမြင့်စိုး၊ မြန်မာနိုင်ငံ စားသောက်ကုန်လုပ်ငန်းရှင်များအသင်း အတွင်းရေးမှူး ဦးရဲမြင့်မောင်၊ မြန်မာနိုင်ငံရော်ဘာ လုပ်ငန်းရှင်များအသင်း အထွေထွေအတွင်းရေးမှူး ဦးနိုင်မြင့်တို့က ကဏ္ဍအလိုက် ဆောင်ရွက်နေမှု အခြေအနေများ၊ ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်သွားမည့်အစီအစဉ်များ၊ ဒေသခံလုပ်ငန်းရှင်များ၏အခက်အခဲများနှင့် ပတ်သက်၍ ပံ့ပိုးကူညီပေးနိုင်သည်များအား ရှင်းလင်းဆွေးနွေးပါသည်။

ထို့နောက် ကရင်ပြည်နယ်ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဦးစောဟန်အေးနှင့် ညီနောင်အသင်းအဖွဲ့များမှ တာဝန်ရှိသူများက ကဏ္ဍအလိုက် ဆွေးနွေးတင်ပြခဲ့သည်။ ထို့ပြင် UMFCCI မှ ညှိနှိုင်းရေးမှူးက Myanmar Economic Forum ဆောင်ရွက်ခဲ့မှုများအား ဆွေးနွေးခဲ့ပြီး စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မြန်မာ့ကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့မှ ဒုတိယ ညွှန်ကြားရေးမှူး ဒေါ်ငယ်ငယ်လွင်က အမျိုးသားပို့ကုန်မဟာဗျူဟာ (National Export Strategy) အကြောင်းကို ဆွေးနွေးခဲ့သည်။ ကရင်ပြည်နယ် စားသုံးသူရေးရာ ဦးစီးဌာန ပြည်နယ်ဦးစီးမှူး၊ ဦးတင့်ဆန်းက အသင်းအဖွဲ့များ အားကောင်းခိုင်မာရေး၊ ဌာနဆိုင်ရာများနှင့် ပေါင်းစပ် အကောင်အထည်ဖော်ရေးနှင့် ကရင်ပြည်နယ်အတွင်း ခရီးသွားကဏ္ဍမြှင့်တင်ရေးအတွက် NES တွင် ထည့်သွင်း အကူအညီပေးရေး ကိစ္စများကို ဆွေးနွေးခဲ့ပြီး တက်ရောက်လာသည့် ဌာနဆိုင်ရာများနှင့် လုပ်ငန်းရှင်များကလည်း ကရင်ပြည်နယ်၏ ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးရေး ပေါင်းစပ်ဆောင်ရွက်ရမည့်အချက်များ၊ ဦးစားပေးဆောင်ရွက်သင့်သည်များ တင်ပြဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိပါသည်။

**စောလွင်မင်းထွန်း (စားသုံးသူ)**

## စစ်ကိုင်းတိုင်းဒေသကြီးရဲ့ မိုးစိုက်ကြက်သွန်နီ အခြေအနေမကောင်းသော်လည်း ဆောင်းစိုက်သီးနှံ အခြေအနေကောင်းမည်ဟု ခန့်မှန်း

စစ်ကိုင်းတိုင်းဒေသကြီးမှာ ယခုနှစ်မိုးကြက်သွန်နီကို ဧက ၂၂၉၀ ကျော် စိုက်ပျိုးခဲ့ရာ အပင်နှင့် ဥဖြစ်ထွန်းချိန် သီတင်းကျွတ်ကာလအတွင်းမှာ ရက်ပေါင်း ၂၀ ကျော် မိုးဆက်တိုက်ရွာသွန်းခဲ့တဲ့အတွက် ယခင်နှစ်ထက် အောင်ဧကနှင့် အထွက်နှုန်းလျော့နည်းခဲ့ပြီး စိုက်ပျိုးသီးနှံအားလုံးရဲ့ သုံးပုံတစ်ပုံခန့်သာ ထွက်ရှိခဲ့ကြောင်း မုံရွာမြို့နယ် ကျွဲရဲကျေးရွာရှိ ကြက်သွန်စိုက်တောင်သူတစ်ဦးထံမှ သိရပါတယ်။

"ကျွန်တော်တို့ရွာမှာ မိုးစိုက်ကြက်သွန်နီအပျက်များခဲ့ပြီး တချို့ဆိုရင် အားလုံးနီးပါးအရှုံးပေါ်ခဲ့ပါတယ်။ ကြက်သွန်နီအထွက်မှာလည်း ယခင်နှစ်က ထွက်ရှိတာရဲ့ သုံးပုံတစ်ပုံ (တစ်ဧက ပိဿာ ၇၀၀ မှ ပိဿာ ၁၀၀၀) လောက်သာထွက်ရှိခဲ့လို့ များများစိုက်တဲ့သူက များများရှုံးသလို၊ နည်းနည်းစိုက်သူကလည်း နည်းနည်းရှုံးခဲ့ပါတယ်"လို့ မုံရွာမြို့နယ် မြေနဲကျေးရွာရှိ မိုးကြက်သွန်နီ ၁၀ ဧကခန့် စိုက်ပျိုးခဲ့တဲ့ တောင်သူဦးအောင်ထူးက ပြောပြပါတယ်။

စစ်ကိုင်းတိုင်းဒေသကြီးမှာ ယခုနှစ် ဆောင်းစိုက်ကြက်သွန်နီကို စိုက်ဧက ၃၈၆၁၈ ကျော်စိုက်ပျိုး၍ ကာလတူထက်ဧက ၃၀၀၀ ကျော် ပိုမိုစိုက်ပျိုးနိုင်ခဲ့ပါတယ်။ ဆောင်းကြက်သွန်နီ အပင်များဖြစ်ထွန်းအောင်မြင်ကြောင်း၊ ရာသီဥတုက ကြက်သွန်နီအကြိုက်ဖြစ်နေပြီး မိုးလည်းမရွာလို့ ယခုနှစ် ဆောင်းစိုက်ကြက်သွန်နီက ယခင်နှစ်ထက် အထွက်ပိုနိုင်ကြောင်း ဦးအောင်ထူးက ခန့်မှန်းပြောကြားခဲ့ပါတယ်။

**အောင်မင်း(တန့်ဆည်)**

## တရုတ်နှင့် ထိုင်းဝယ်လက်များကြောင့် လျှော်ဖြူဈေးမြင့်တက်

တရုတ်နှင့်ထိုင်းနိုင်ငံတို့မှ ဝယ်လက်များကြောင့် လျှော်ဖြူစေး (ဆေးကုလားမ)ဈေးမှာ တစ်နှစ်ထက်တစ်နှစ် မြင့်တက်လာကြောင်း၊ မြင်းမူမြို့နယ်၊ ဂွေးပင်တောရွာမှ ကုန်သည်ဦးသိန်းဇော်က ပြောကြားခဲ့ပါတယ်။

ဒေသတွင်း လျှော်ဖြူတစ်ပိဿာပေါက်ဈေးမှာ (A) အဆင့် (အဖြူမှန်ကြည်) ကျပ် ၃၅၀၀၀၊ ကျပ် ၄၀၀၀၀၊ (B) အဆင့်ကြက်သွေးရောင်ကျပ် ၂၅၀၀၀၊ ကျပ် ၃၀၀၀၀၊ (C) အဆင့် (အနောက်) ကျပ် ၁၅၀၀၀၊ ကျပ် ၂၀၀၀၀ ဈေးအသီးသီးရှိပြီး ယခင်နှစ်ထက် တစ်ပိဿာ ကျပ် ၁၅၀၀၀ ခန့် ဈေးမြင့်တက်ခဲ့ပါတယ်။

လျှော်ဖြူစေးကို ပရဆေးလုပ်ငန်းများ၊ စက်မှုလုပ်ငန်းများ၊ ရက်ကန်းနဲ့ အထည်အလိပ်လုပ်ငန်းများတွင် အသုံးပြုကြောင်း၊ ပြည်ပဝယ်လိုအားမှာလည်း တစ်နှစ်ထက်တစ်နှစ် မြင့်တက်လာကြောင်း လျှော်ဖြူစေးကုန်သည်များထံမှ သိရှိရပါတယ်။

လျှော်ဖြူပင်များကို စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိမြို့နယ် ၁၄ မြို့နယ်၌ စီးပွားဖြစ်စိုက်ပျိုးလျက်ရှိရာ ဧက ၂၇၀၀ ခန့်ရှိပြီဖြစ်ကြောင်း ခြံလုပ်ငန်းရှင်များထံမှ သိရှိရပါတယ်။

**အောင်မင်း(တန့်ဆည်)**

## မုံရွာမြို့နယ် ကျွန်းရွာသစ်ကျေးရွာနှင့် ထနောင်းတော(တောင်) ကျေးရွာ အ.မ. က တို့တွင် စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာ ဟောပြောပွဲများကျင်းပ

မုံရွာမြို့နယ် စားသုံးသူရေးရာဦးစီးဌာန၊ မြို့နယ်တာဝန်ခံနဲ့ တာဝန်ရှိသူများသည် မုံရွာမြို့နယ် ကျွန်းရွာသစ်ကျေးရွာနဲ့ ထနောင်းတော(တောင်) ကျေးရွာ အ. မ. က တို့တွင် စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာ ဟောပြောဆွေးနွေးပွဲများကို ကျင်းပခဲ့ပါတယ်။



မြို့နယ်တာဝန်ခံနဲ့အဖွဲ့သည် ဖေဖော်ဝါရီ ၈ ရက်က မုံရွာမြို့နယ်၊ ကျွန်းရွာသစ်ကျေးရွာ အခြေခံပညာ မူလတန်းကျောင်းတွင် ဆရာ၊ ဆရာမ၊ ကျောင်းသား၊ ကျောင်းသူနဲ့ ဒေသခံပြည်သူ ၁၄၆ ဦးကိုလည်းကောင်း၊ ထနောင်းတော (တောင်) ရွာ အခြေခံပညာ မူလတန်းကျောင်းတွင် ဆရာ၊ ဆရာမ၊ ကျောင်းသား၊ ကျောင်းသူနဲ့ ဒေသခံပြည်သူ ၁၄၅ ဦးတို့ကိုလည်းကောင်း စားသုံးသူ အကာအကွယ်ပေးရေးဆိုင်ရာ အသိပညာပေးဆွေးနွေးဟောပြောပွဲများကို ကျင်းပခဲ့ကြပါတယ်။

အဆိုပါဆွေးနွေးဟောပြောပွဲများတွင် အဖွဲ့ခေါင်းဆောင် မုံရွာခရိုင်ဦးစီးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးမြင့်အောင်၊ ဒုတိယခရိုင်ဦးစီးမှူး ဒေါ်သန်းသန်းတင်၊ တိုင်းဒေသကြီးဦးစီးမှူးရုံးမှ ဒေါ်ဒေလီနဲ့ မုံရွာမြို့နယ်တာဝန်ခံတို့က မိမိဌာနရဲ့ သမိုင်းကြောင်းနဲ့ တာဝန်များ၊ စားသုံးသူရေးရာ အကာအကွယ်ပေးရေး ဥပဒေပါ တာဝန်နဲ့အခွင့်အရေးများ၊ လိုက်နာရမယ့် ဝတ္တရားများ၊ ဈေးကွက်ထဲရှိ အန္တရာယ်ဖြစ်စေတဲ့ စားသောက်ကုန်များ၊ FDA မှ ထုတ်ပြန်ထားတဲ့ စားသုံးရန်မသင့်သော စားသောက်ကုန်များ၊ စားသုံးရန် ခွင့်မပြုတဲ့ ဓာတုဆိုးဆေးများ၊ တာရှည်ခံဆေးများအသုံးပြုထားတဲ့ စားသောက်ကုန်များ၊ သက်တမ်းလွန်မုန့်များနဲ့ ပြန်ကြော်ဆီများရဲ့ အန္တရာယ်တို့ကို အသေးစိတ် ဟောပြော ဆွေးနွေးခဲ့ကြတယ်လို့ သိရပါတယ်။

ဒါ့အပြင် ဟောပြောပွဲတက်ရောက်လာကြတဲ့ ဒေသခံတောင်သူများက ဓာတ်မြေဩဇာနဲ့ ပိုးသတ်ဆေး ဝယ်ယူအသုံးပြု ခြင်းဆိုင်ရာ လိုက်နာသင့်တဲ့ အချက်အလက်များကိုလည်း စိတ်ပါဝင်စားစွာ အပြန်အလှန် ရှင်းလင်းဆွေးနွေးခဲ့ကြတယ်လို့ သိရှိရပါတယ်။

**ထွန်းလှိုင်(မုံရွာ)**

## တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့နယ်ရှိ ကျောင်းများတွင် စားသုံးသူ အကာအကွယ်ပေးရေးအကြောင်း သိကောင်းစရာများ ဟောပြောဆွေးနွေးပွဲကျင်းပ

စားသုံးသူရေးရာ ဦးစီးဌာန၊ တနင်္သာရီတိုင်းဒေသကြီး ဦးစီးမှူးရုံးမှ ဒုတိယ တိုင်းဒေသကြီးဦးစီးမှူးနှင့် တာဝန်ရှိသူများသည် ဖေဖော်ဝါရီ ၆ ရက်က ထားဝယ်မြို့ အ. ထ. က (၁) ပညာရည်မွန်ခန်းမနှင့် အ. ထ. က(ခွဲ) အ. လ. က(၂) ဝဲကျွန်းရပ်၊ ပြည်သာငြိမ်ခန်းမ၌လည်းကောင်း၊ ဖေဖော်ဝါရီ ၇ ရက်က အ. ထ. က (၃) ပညာဗိမာန်ခန်းမနှင့် အ. ထ. က(၄) ဝဲကျွန်းရပ် မြရတနာခန်းမ၌လည်းကောင်း၊ ဖေဖော်ဝါရီ ၈ ရက်က အ. ထ. က(၅)တပ်ကျောင်းခန်းနှင့် မြောင်းပုလဲရပ် အ. ထ. က(၆) ခန်းမ၌လည်းကောင်း စားသုံးသူ အကာအကွယ်ပေးရေး အကြောင်း အသိပညာပေး ဟောပြောဆွေးနွေးပွဲများ ကျင်းပခဲ့ပါသည်။



ဟောပြောဆွေးနွေးပွဲ တွင် တနင်္သာရီတိုင်းဒေသကြီး ဒုတိယတိုင်းဦးစီးမှူးဦးကျော်စိုးရီက စားသုံးသူရေးရာဦးစီးဌာန စတင်ပေါ်ပေါက်လာပုံ၊ တနင်္သာရီတိုင်းဒေသကြီးခရိုင်သုံးခုတွင် စားသုံးသူအကာအကွယ်ပေးရေး လုပ်ငန်းများ ဆောင်ရွက် ထားရှိမှု အခြေအနေများကို လည်းကောင်း၊ ဦးစီးမှူးဦးကျော်မင်းက နေ့စဉ် ဝယ်ယူသုံးစွဲနေသည့် ကုန်စည်နှင့် ဝန်ဆောင်မှုများကို ရွေးချယ်ဝယ်ယူရာတွင် အသုံးပြုနိုင်သည့်နည်းလမ်းများ၊ စားသုံးသူ အကာအကွယ်ပေးရေး လုပ်ငန်းများ အောင်မြင်ရန် အစိုးရဌာနများ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ စားသုံးသူပြည်သူများအားလုံး အမျိုးသားရေး တာဝန်တစ်ရပ်အနေဖြင့် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ရန် လိုအပ်ကြောင်းကိုလည်းကောင်း၊ ဒုတိယဦးစီးမှူး ဒေါ်ကြည်ကြည်ဇင်က ကျောင်းသား၊ ကျောင်းသူများအနေဖြင့် ကျန်းမာရေးနှင့် ကိုက်ညီသည့် အစားအသောက်များကို ရွေးချယ်ဝယ်ယူစားသုံးကြရန်ကိုလည်းကောင်း အသီးသီး ရှင်းလင်း ဆွေးနွေးခဲ့ပါသည်။

အဆိုပါ ဟောပြောဆွေးနွေးပွဲတွင် စားသုံးသူ အကာအကွယ်ပေးရေးဆိုင်ရာ လက်ကမ်း စာစောင်များ ဖြန့်ဝေပေးခဲ့ပြီး ဆရာ၊ ဆရာမ၊ ကျောင်းသား၊ ကျောင်းသူစုစုပေါင်း ၃၀၃၄ ဦး တက်ရောက်ခဲ့ကြောင်း သတင်းရရှိပါသည်။

**ထားဝယ်သား**

# ကာတာနိုင်ငံတွင်ကျင်းပမည့် ၂၀၂၂ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲအတွက် တစ်ပတ်လျှင် အမေရိကန်ဒေါ်လာ သန်း ၅၀၀ သုံးစွဲလျက်ရှိသည်ဟုဆို

ကာတာနိုင်ငံတွင် ကျင်းပမည့် ၂၀၂၂ ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲအတွက် အခြေခံအဆောက်အဦများ တည်ဆောက်ရေးအတွက် တစ်ပတ်လျှင် အမေရိကန်ဒေါ်လာသန်း ၅၀၀ အထိ အကုန်အကျခံကာ ဆောက်လုပ်လျက်ရှိကြောင်း ကာတာနိုင်ငံ ဘဏ္ဍာရေးဝန်ကြီးက ပြောကြားခဲ့သည်။

၂၀၂၂ ကာတာ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲအတွက် အခြေခံအဆောက်အုံများဖြစ်သည့် ကားလမ်းများ၊ ရထားလမ်းများ၊ ဆေးရုံများနှင့် ဘောလုံးကွင်းအသစ်များကိုတည်ဆောက်လျက်ရှိရာ သုံးနှစ်မှ လေးနှစ်အတွင်း ပြီးစီးအောင် တည်ဆောက်မည်ဟု ခန့်မှန်းထားကြောင်း ၎င်းက ပြောကြားခဲ့သည်။ ကာတာနိုင်ငံသည် ကမ္ဘာ့ဖလားပြိုင်ပွဲကျင်းပနိုင်ရန်အတွက် အခြေခံအဆောက်အဦ လိုအပ်ချက်များအား ဖြည့်ဆည်းရာတွင် ဘီလီယံ ၂၀၀ အထိ သုံးစွဲသွားမည်ဖြစ်သည်။

သို့သော် ယင်းကဲ့သို့ သုံးစွဲမှုနှင့်ပတ်သက်၍ ၂၀၂၂ ကမ္ဘာ့ဖလားပြိုင်ပွဲသည် ဈေးအကြီးဆုံးသော ကမ္ဘာ့ဖလားပြိုင်ပွဲတစ်ပွဲဖြစ်သည်ဟူသော ပြောကြားမှုများကိုမူ ဘဏ္ဍာရေးဝန်ကြီး မစ္စတာအီမာဒီကငြင်းဆိုထားကြောင်း ဘီဘီစီ သတင်းတစ်ရပ်တွင် ဖော်ပြထားသည်။

ဘရာဇီးနိုင်ငံ၌ ၂၀၁၄ ခုနှစ်ကကျင်းပခဲ့သည့် ကမ္ဘာ့ဖလားပြိုင်ပွဲတွင် အမေရိကန်ဒေါ်လာ ၁၁ ဘီလီယံသုံးစွဲခဲ့ပြီး ၂၀၁၈ ခုနှစ်တွင် ရုရှားနိုင်ငံ၌ ကျင်းပမည့် ကမ္ဘာ့ဖလားပြိုင်ပွဲအတွက် အမေရိကန်ဒေါ်လာ ၃၂၀ သန်းမှ ၁၀ ဒသမ ၇ ဘီလီယံအထိ သုံးစွဲသွားမည်ဖြစ်သည်ဟု အဆိုပါသတင်းတွင် ဖော်ပြထားသည်။

အဆိုပါ အသုံးစရိတ်များနှင့်ပတ်သက်၍ အီမာဒီက ဘရာဇီးနိုင်ငံသည် အသုံးစရိတ် နည်းပါးခဲ့သည့်အတွက် ဘောလုံးကွင်းများ ပြုပြင်တည်ဆောက်ရာတွင် အချိန်မီပြီးစီးရေးအတွက် ရုန်းကန်ခဲ့ရကြောင်း၊ ကာတာနိုင်ငံအနေဖြင့်မူ အဆိုပါ အခြေခံအဆောက်အဦများတည်ဆောက်ရေးအတွက် ကန်ထရိုက်စာချုပ်များ ချုပ်ဆိုလျက်ရှိရာ ၉၀ ရာခိုင်နှုန်းကျော်မှာ ချုပ်ဆိုပြီးစီးပြီဖြစ်ကြောင်း၊ နောက်နှစ်နှစ်အတွင်း လုပ်ငန်းပမာဏသုံးပုံနှစ်ပုံခန့်ပြီးစီးမည်ဖြစ်ကြောင်း ဒိုဟာတွင်ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲတွင် ပြောကြားခဲ့သည်။

"ဒါဟာ ကျွန်တော်တို့အတွက် လုံလောက်တဲ့ အချိန်ကောင်းတစ်ခုပါ။ ကျွန်တော်တို့နိုင်ငံတွင်းကို ပြည်ပကပြိုင်ပွဲဝင်နိုင်ငံတွေ ရောက်လာမှ ဆေးသုတ်နေတဲ့မြင်ကွင်းမျိုးကို ကျွန်တော်တို့မလိုလားပါဘူး။ အားလုံးပြီးစီးနေအောင် ပြင်ဆင်ထားမှာပါ"ဟု အီမာဒီက ပြောကြားခဲ့သည်။

ထို့ပြင် ကမ္ဘာပေါ်တွင် ရေနံနှင့်သဘာဝဓာတ်ငွေ့ဈေးနှုန်းများ အလွန်အမင်းကျဆင်းနေခြင်းကြောင့် ကာတာအစိုးရက နိုင်ငံတော်ဘဏ္ဍာငွေမှ ပံ့ပိုးပေးနေခြင်းအား ဖြတ်တောက်ရန် စီစဉ်ခဲ့ခြင်းကို ကာကွယ်ခဲ့ရကြောင်း အီမာဒီက ထပ်မံပြောကြားခဲ့သည်။

ကာတာနိုင်ငံသည် ကမ္ဘာ့ဖလားပြိုင်ပွဲကျင်းပရေးအတွက် အခြေခံအဆောက်အဦများ တည်ဆောက်ရာတွင် လိုအပ်သည့် လုပ်သားများကို တောင်အာရှဒေသမှ အများဆုံးခေါ်ယူခဲ့ခြင်းဖြစ်သည်။ တောင်အာရှဒေသမှ ရွှေ့ပြောင်းလုပ်သားပေါင်း တစ်သိန်းကျော်ခန့်ကို စာချုပ်ချုပ်ဆိုခေါ်ယူခဲ့ခြင်းဖြစ်သည်။ တောင်အာရှဒေသသည် ရွှေ့ပြောင်းလုပ်သားများနှင့်ပတ်သက်၍ လူ့အခွင့်အရေးဆိုင်ရာ ပြဿနာများနှင့် ရင်ဆိုင်နေရသည့်ဒေသဖြစ်သည်။




# တားမြစ်ဆေးဝါးသုံးစွဲမှုဖြင့် အိုလံပစ်ချန်ပီယံဟောင်း ဟာပါနယ်လ်ဆင်ကို သုံးလပိတ်ပင်

အမေရိကန် မီတာ ၁၀၀ လက်ဆင့်ကမ်း အပြေးချန်ပီယံဟောင်း ဒွန်းဟာပါနယ်လ်ဆင်ကို တားမြစ်ဆေးဝါးသုံးစွဲမှုဖြင့် သုံးလပိတ်ပင်လိုက်ကြောင်း ဘီဘီစီ သတင်းတစ်ရပ်တွင် ဖော်ပြထားသည်။

အသက် ၃၂ နှစ်အရွယ်ရှိ ဟာပါနယ်လ်ဆင်သည် သွေးပေါင်ချိန်မြင့်တက်နေခြင်းအတွက် ဟိုက်ဒရိုကလိုရိုသီဇိုက်ဆေးကိုသုံးစွဲနေရကြောင်း၊ သို့သော် ၎င်းအား ဆေးစစ်ခဲ့ရာတွင် တားမြစ်ဆေးသုံးစွဲထားသည်ကို တွေ့ရှိရသဖြင့် ယခုကဲ့သို့သုံးလပိတ်ပင်ရခြင်းဖြစ်ကြောင်း အဆိုပါသတင်းတွင် ဖော်ပြထားသည်။

အဆိုပါဖြစ်ရပ်နှင့်ပတ်သက်၍ သွေးပေါင်ချိန် မြင့်တက်ခြင်းအတွက်သောက်သည့်ဆေးသည် တားမြစ်ဆေးအုပ်စုတွင်မပါဝင်သဖြင့် ယခုကဲ့သို့ ဆေးစစ်ဆေးမှုကျခဲ့ခြင်းအတွက် ကမ္ဘာ့တားမြစ်ဆေးသုံးစွဲမှု ထိန်းချုပ်ရေးအဖွဲ့ကို နားမလည်နိုင်ကြောင်း ဟာပါနယ်လ်ဆင်က ထုတ်ဖော်ပြောကြားခဲ့သည်။

ဟာပါနယ်လ်ဆင်သည် ၂၀၀၈ခုနှစ်က တရုတ်နိုင်ငံ ပေကျင်းတွင်ကျင်းပခဲ့သည့် ပေကျင်းအိုလံပစ်ပြိုင်ပွဲ၏ မီတာ ၁၀၀ လက်ဆင့်ကမ်းပြိုင်ပွဲတွင် ရွှေတံဆိပ်ဆုရရှိခဲ့ပြီး ၂၀၁၂ ခုနှစ်က အင်္ဂလန်နိုင်ငံ၊ လန်ဒန်မြို့တွင်ကျင်းပခဲ့သည့် လန်ဒန်အိုလံပစ်ပြိုင်ပွဲတွင် ငွေတံဆိပ်ဆုရရှိခဲ့သည်။

ဟာပါနယ်လ်ဆင် သောက်သုံးခဲ့သည့် ဟိုက်ဒရိုကလိုရိုသီဇိုက်ဆေးသည် ဆီးဆေးတစ်မျိုးပင်ဖြစ်ကြောင်း၊ ဆီးဆေးသည် ဆီးကို ပိုမိုများပြားစေအောင်ပြုလုပ်ပေးသည့်ဆေးပင်ဖြစ်ကြောင်း၊ ယင်းသည် ကစားသမားတစ်ဦး၏ ပုံပန်းသဏ္ဌာန်နှင့် သွင်ပြင်လက္ခဏာကို မည်သို့မျှ တိုးပွားမလာနိုင်ကြောင်း ဟာပါနယ်လ်ဆင်က ပြောကြားခဲ့သည်။

သို့သော် ကမ္ဘာ့တားမြစ်ဆေးသုံးစွဲမှု ထိန်းချုပ်ရေးအဖွဲ့ကမူ တားမြစ်ဆေးသုံးစွဲမှုကို ရှောင်ရှားနိုင်ရန်အတွက် အဆိုပါဆီးဆေးကို သောက်သုံးနေခြင်းဖြစ်သကဲ့သို့ကိုယ်အလေးချိန်ကို ခေတ္တလျှော့ချရန်အတွက်လည်း သောက်သုံးနေကြခြင်းဖြစ်သည်ဟုဆိုသည်။

# အကယ်ဒမီများတွင် သင်ယူမည့် ကစားသမားများအား ဒေသအသီးသီးရှိ မြို့နယ် ၅၂ မြို့နယ်မှ ဝါသနာရှင်လူငယ်များကို အခြေခံရွေးချယ်သွားမည်



လာမည့်ဖေဖော်ဝါရီလ ၁၇ ရက်တွင်ဖွင့်လှစ်မည့် အမျိုးသားဘောလုံးအကယ်ဒမီ(ရန်ကုန်)နှင့် မြန်မာဘောလုံးအကယ်ဒမီ (မန္တလေး)တို့တွင် ဘောလုံးနှင့်အတန်းပညာတို့ကို သင်ယူမည့် လူငယ်မျိုးဆက်သစ် ကစားသမားများအား ရွေးချယ်ခေါ်ယူရာတွင် မြန်မာနိုင်ငံအတွင်းရှိ မြို့နယ် ၅၂ မြို့နယ်မှ ဝါသနာရှင် လူငယ်များကို အခြေခံ၍ ရွေးချယ်သွားမည်ဖြစ်ကြောင်း သိရသည်။

ဝါသနာရှင် လူငယ်ဘောလုံးသမားများ ရွေးချယ်ရေးနှင့်ပတ်သက်သည့် ညှိနှိုင်းအစည်းအဝေးကို ဖေဖော်ဝါရီ ၉ ရက်က မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ရုံးတွင် ကျင်းပခဲ့သည်။

အဆိုပါ ညှိနှိုင်းဆွေးနွေးပွဲတွင် မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်က "အကယ်ဒမီအတွက် ကစားသမား ရွေးချယ်တဲ့နေရာမှာ သေသေချာချာ ဂရုစိုက်ပြီးလုပ်ဖို့ လိုတယ်။ နိုင်ငံတစ်ဝန်းလုံးက အကယ်ဒမီကိုရောက်လာတဲ့ကစားသမားတွေဟာ တစ်ချိန်ချိန်မှာ နိုင်ငံလက်ရွေးစင်အတွက်ရော၊ ဘောလုံးလောကတစ်ခုလုံးအတွက်ပါ အားထားရပါလိမ့်မယ်။ ဘောလုံးပညာအပြင် ကျောင်းပညာရေးကိုပါ ဘောလုံးပညာနဲ့ပူးတွဲသင်ကြားမှုတွေ ပြုလုပ်သွားဖို့ ကျကျနန လုပ်ဆောင်သွားဖို့လိုပါတယ်။ လူရွေးချယ်တဲ့ နေရာမှာလည်း ရုပ်သံအထောက်အထားတွေနဲ့ ကြည့်ပြီး ဘယ်ကစားသမားကို ဘာကြောင့်ရွေးတယ်၊ ဘာကြောင့် မရွေးဘူးဆိုတာကို ပွင့်လင်းမြင်သာအောင် လုပ်ဆောင်သွားမယ်"ဟု ပြောကြားခဲ့သည်။

အဆိုပါဆွေးနွေးပွဲတွင် အခြေခံကောင်းမွန်ပြီး အလားအလာရှိသည့် လူငယ်များအား နိုင်ငံဒေသ အသီးသီးရှိမြို့နယ်ပေါင်း ၅၂ မြို့နယ်ကို အခြေခံ၍ စနစ်တကျရွေးချယ်ရေး၊ အကယ်ဒမီတွင်အတန်းပညာ၊ ဘောလုံးပညာ သင်ကြားရေး၊ နိုင်ငံတကာနှင့်ရင်ပေါင်တန်းစေမည့် ကာယ၊ဉာဏ ကြံ့ခိုင်ဖွံ့ဖြိုးသော ကစားသမားများ ပေါ်ထွက်လာစေရေးအတွက် အစားအသောက် အာဟာရ ပြောင်းလဲကျွေးမွေးရေး၊ အသက်အရွယ် အပိုင်းအခြားအလိုက် ရွေးချယ်ရာတွင် အသက် ၁၁ နှစ်အောက်မှစ၍ ရွေးချယ်သွားရေး၊ ရွေးချယ်မှုပြုလုပ်မည့် မြို့နယ်များစာရင်းနှင့် လူရွေးချယ်မှုပြုလုပ်မည့် အစီအစဉ် အသေးစိတ်ကို သတင်းမီဒီယာများ၊ ဆိုရှယ်မီဒီယာများမှတစ်ဆင့် တစ်နိုင်ငံလုံးရှိ ပြည်သူလူထုသိရှိစေရန် ကြိုတင်ထုတ်ပြန်ကြေညာမှုများ ပြုလုပ်ရေးတို့ကို အသေးစိတ် ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

ရွေးချယ်ခံရသည့် ကစားသမားများသည် အမျိုးသားဘောလုံးအကယ်ဒမီ(ရန်ကုန်)နှင့် မြန်မာဘောလုံးအကယ်ဒမီ(မန္တလေး)တို့တွင် ပညာသင်ကြားရမည်ဖြစ်ပြီး ကစားသမားကောင်း လူရည်ချွန်များဖြစ်လာစေရန် အားထုတ် ကြိုးပမ်းရမည်ဖြစ်ကြောင်း မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်၏ သတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

# ရှမ်းယူနိုက်တက် ယူ-၁၉အသင်း ကစားသမားများ စာချုပ် ချုပ်ဆို

မြန်မာနေရှင်နယ်လိဂ်-၁ အသက် ၁၉နှစ် အောက် လူငယ်ပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်မည့် ရှမ်းယူနိုက်တက်ယူ-၁၉အသင်းအတွက် လူငယ်ကစားသမားများအား စာချုပ် ချုပ်ဆိုခေါ်ယူလိုက်ပြီဖြစ်ကြောင်း ရှမ်းယူနိုက်တက်အသင်း၏ သတင်းထုတ်ပြန်ချက်များအရ သိရသည်။

ရှမ်းယူနိုက်တက်ယူ-၁၉အသင်းအတွက် စာချုပ်ချုပ်ဆိုပွဲကို ဖေဖော်ဝါရီ ၇ ရက်က ကျင်းပခဲ့ခြင်းဖြစ်သည်။

ယင်းကဲ့သို့ စာချုပ်ချုပ်ဆိုခဲ့ခြင်းနှင့်ပတ်သက်၍ ရှမ်းယူနိုက်တက် ယူ-၁၉ အသင်း၏ နည်းပြချုပ်ဖြစ်သူ ဦးမင်းသူက "ကစားသမားတွေကို အသက်မှန်အောင် မှတ်ပုံတင်၊ မွေးစာရင်း၊ အိမ်ထောင်စု စာရင်းတွေကို သေသေချာချာ တိုက်ဆိုင်စစ်ဆေးပြီး ရွေးချယ်ထားတယ်။ အရပ်အမောင်းကောင်းတဲ့ ကစားသမားလေးတွေကို ဦးစားပေးရွေးချယ် ထားတယ်။ အခုရွေးချယ်ထားတဲ့ကလေး ၃၁ ယောက်ရှိပါတယ်။ ရွေးချယ်ထားတဲ့ကလေးတွေကို ယူ-၁၉ကနေ ယူ-၂၁၊ ယူ-၂၁ ကနေ အသင်းကြီးအတွက် အားကိုးလို့ရမယ့် ကစားသမားတွေဖြစ်တဲ့အထိ ကျွန်တော်တို့နည်းပြအဖွဲ့က ပျိုးထောင်ပေးသွားမှာပါ"ဟု ပြောကြားခဲ့သည်။

ရှမ်းယူနိုက်တက်အသင်းသည် အဆိုပါ လူငယ်ကစားသမားများအား ကနဦးအနေဖြင့် တစ်ရာသီစာ စာချုပ်ချုပ်ဆိုခဲ့ခြင်းဖြစ်ပြီး ကစားသမားတစ်ဦးချင်းစီ၏ အရည်အချင်းကိုကြည့်၍ စာချုပ်သက်တမ်းများ တိုးမြှင့်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

# ပြင်ဦးလွင်တပ်နယ်ရှိ ကျောင်းများနှင့် တပ်များတွင် စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေး ဟောပြောပွဲကျင်းပ

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီးဦးစီးမှူးရုံးမှ တာဝန်ရှိသူများသည် ဖေဖော်ဝါရီ ၁ ရက်က ပြင်ဦးလွင်မြို့ရှိ စစ်တက္ကသိုလ်အတွင်း အောင်ဇေယျ မိုးလုံလေလုံခန်းမ၌ စစ်တက္ကသိုလ်၊ တပ်မတော်အုပ်ချုပ်မှု ကျောင်း (ပြင်ဦးလွင်) နှင့် တပ်မတော်လျှပ်စစ်နှင့် စက်မှုအင်ဂျင်နီယာကျောင်းမှ အရာရှိ၊ အရာခံ၊ အကြပ်၊ စစ်သည်၊ ရဲမေများအားလည်းကောင်း၊ တပ်မတော် သိပ္ပံနှင့်နည်းပညာသုတေသနဌာန မိုးလုံလေလုံအားကစားခန်းမ၌ တပ်မတော်သိပ္ပံနှင့်နည်းပညာသုတေသနဌာန၊ အမှတ်(၁)အသံလွှင့်တပ်များမှ အရာရှိ၊ အရာခံ၊ အကြပ်၊ စစ်သည်၊ ရဲမေများအား လည်းကောင်း၊ ဖေဖော်ဝါရီ ၂ ရက်တွင် အမှတ်(၁)တပ်မတော်ဆေးရုံ(ခုတင်-၇၀၀) ဇီဝကခန်းမအတွင်း၌ အမှတ်(၁) တပ်မတော်ဆေးရုံ (ခုတင်-၇၀၀)၊ တပ်မတော် ဆက်သွယ်ရေး နှင့် အီလက်ထရွန်နစ်ကျောင်း၊ အမှတ်(၁)အလုပ်ရုံ တပ်စု(လျှပ်/စက်)မှ အရာရှိ၊ အရာခံ၊ အကြပ်၊ စစ်သည်၊ ရဲမေများအား လည်းကောင်း၊ တပ်မတော်နည်းပညာတက္ကသိုလ်၊ ရန်ကြီးအောင်ခန်းမ အတွင်း၌ တပ်မတော်နည်းပညာတက္ကသိုလ်၊ တပ်မတော်အင်ဂျင်နီယာကျောင်း၊ အမှတ်(၉၅၈)ဆောက်လုပ်ရေးတပ်ခွဲ (အင်ဂျင်နီယာ)မှ အရာရှိ၊ အရာခံ၊ အကြပ်၊ စစ်သည်၊ ရဲမေများအား လည်းကောင်း စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲကို ကျင်းပခဲ့ပါတယ်။

အဆိုပါဟောပြောပွဲတွင် စားသုံးသူရေးရာဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီးဦးစီးမှူးရုံး၊ စားသုံးသူရေးရာဌာနခွဲ တာဝန်ခံဦးဇော်မင်းနှင့် ဦးဝင်းထွန်းဦးတို့က စားသုံးသူများ၏ အခွင့်အရေးများနှင့် စီးပွားရေးလုပ်ငန်းရှင်များ၏ လိုက်နာရမည့် ကျင့်ဝတ်များကို လည်းကောင်း၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၊ ဦးစီးအရာရှိ ဒေါက်တာစိုင်းဘုန်းမြင့်ကျော်က အစားအသောက်များတွင် စားသုံးရန်မသင့် ဆိုးဆေးသုံးစွဲမှုနှင့်စပ်ဆေးများ၏ အန္တရာယ်များကို လည်းကောင်း၊ စိုက်ပျိုးရေးဦးစီးဌာန၊ ပြင်ဦးလွင်ခရိုင်တာဝန်ခံဦးအောင်သူက ဟင်းသီးဟင်းရွက်များတွင် ပိုးသတ်ဆေးဓာတ်ကြွင်းများ ကျန်ရှိနေမှုများကိုလည်းကောင်း အသီးသီး ဟောပြောဆွေးနွေးခဲ့ကြောင်း သတင်းရရှိခဲ့တယ်။

**တင်ချစ်ကောင်း(စားသုံးသူမန္တလေး)**

# မန္တလေးခရိုင် စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၁/၂၀၁၇) ကျင်းပ



မန္တလေးခရိုင် စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့၏ လုပ်ငန်းညှိနှိုင်း အစည်းအဝေး (၁/၂၀၁၇)ကို မန္တလေးခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ အစည်းအဝေးခန်းမတွင် ဇန်နဝါရီ ၁၂ ရက်က ကျင်းပပြုလုပ်ခဲ့ပါတယ်။

အဆိုပါ လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် စားသုံးသူ အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ ဥက္ကဋ္ဌ၊ မန္တလေးခရိုင် အထွေထွေ အုပ်ချုပ်ရေးမှူး ဦးဝင်းဇော်နိုင်က အဖွင့်အမှာစကား ပြောကြားရာတွင် စားသုံးသူ အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့၏ လုပ်ငန်းတာဝန်များ၊ ရည်မှန်းချက်များ၊ စားသုံးသူများ နစ်နာဆုံးရှုံးမှု မရှိသလောက် လျော့နည်းနိုင်ရေးနှင့် စီးပွားရေး လုပ်ငန်းရှင်များအနေဖြင့် ကျင့်ဝတ်သိက္ခာရှိပြီး စားသုံးသူအကျိုးစီးပွားကို အလေးထားသည့် စီးပွားရေးလုပ်ငန်းရှင်များ ဖြစ်လာစေရေးအတွက် စားသုံးသူ အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ကလည်း ထိန်းကျောင်းကြပ်မတ်သွားရမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ဆက်လက်၍ စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ အတွင်းရေးမှူး စားသုံးသူရေးရာဦးစီးဌာန၊ မန္တလေးခရိုင်ဦးစီးမှူး ဒေါ်မျိုးသီတာက မန္တလေးခရိုင်၊ စားသုံးသူရေးရာဦးစီးဌာန မိတ်ဖက်ဆက်စပ်ဌာနဆိုင်ရာများ ပူးပေါင်း၍ (၁/၂၀၁၆)လုပ်ငန်းညှိနှိုင်းအစည်းအဝေး ဆုံးဖြတ်ချက်ဖြစ်သည့် မြို့နယ်ပညာရေးမှူးများ၊ ကျောင်းအုပ်ဆရာ/ဆရာမများ၊ ကျောင်းမုန့်ဈေးတန်း ကြီးကြပ်မှုအဖွဲ့နှင့် ကျောင်းမုန့်ဈေးတန်းရောင်းချသူများအား တစ်နေရာတည်းတွင် စုစည်း၍ မြို့နယ်ခုနစ်မြို့နယ်အတွင်း အကောင်အထည်ဖော်ဆောင်ရွက်ပြီးစီးမှု အခြေအနေနှင့် ဆက်လက်ပြီး ဇန်နဝါရီလအတွင်း အသိပညာပေး ဟောပြောဆွေးနွေးပွဲများ ကျင်းပပြုလုပ်မည့် အခြေအနေ၊ ကွင်းဆင်းစစ်ဆေးခြင်း၊ လုပ်ငန်းရှင်များနှင့် တွေ့ဆုံခြင်း၊ စားသုံးသူကာကွယ်ရေးအသင်းအဖွဲ့ ဖွဲ့စည်းထားရှိမှု အခြေအနေများနှင့် ခရိုင်စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ဝင်များမှ စားသုံးသူ အကာအကွယ်ပေးရေး လုပ်ငန်းများ ထိရောက်အောင်မြင်စွာ ဆောင်ရွက်နိုင်ရေးအတွက် ဝိုင်းဝန်းဆွေးနွေး အကြံပြုပေးကြပါရန် ဆွေးနွေးပြောကြားခဲ့ပါသည်။

ဆက်လက်၍ တက်ရောက်လာသော ခရိုင်ပြည်သူ့ကျန်းမာရေး ဦးစီးဌာန၊ ခရိုင်ဥပဒေချုပ်ရုံး၊ ခရိုင်ပညာရေးမှူးရုံး၊ ခရိုင်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ ခရိုင်စိုက်ပျိုးရေးဦးစီးဌာန၊ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ (သန့်ရှင်းရေးဌာန)၊ အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနတို့မှ စားသုံးသူ အကာအကွယ်ပေးရေးအတွက် လုပ်ငန်းနယ်ပယ်အလိုက် ရှေ့ဆက်လက် ဆောင်ရွက်သင့်သည့်ကိစ္စရပ်များကို ဝိုင်းဝန်းအကြံပြု ဆွေးနွေးခဲ့ကြကြောင်း သိရပါသည်။

**သီတာအေး (မန္တလေး)**

# အမှတ်(၂၂) ခြေမြန်တပ်မဌာနချုပ်နှင့် လက်အောက်ခံတပ်ရင်းတပ်ဖွဲ့များတွင် စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေးဆွေးနွေး



ကရင်ပြည်နယ်စားသုံးသူရေးရာဦးစီးဌာနမှ ပြည်နယ်ဦးစီးမှူး ဦးဆောင်သော အရာထမ်း၊ အမှုထမ်းများသည် အဖွဲ့လေးဖွဲ့ခွဲ၍ စားသုံးသူ အကာအကွယ်ပေးရေး အသိပညာပေး ဆွေးနွေးဟောပြောပွဲများကို ဇန်နဝါရီ ၃၁ ရက်မှ ဖေဖော်ဝါရီ ၂ရက်အထိ အမှတ်(၂၂)ခြေမြန်တပ်မဌာနချုပ်နှင့် လက်အောက်ခံတပ်ရင်းများတွင် ဆွေးနွေးဟောပြောခဲ့ကြောင်း သတင်းရရှိပါသည်။

ပြည်နယ်ဦးစီးမှူး ဦးတင့်ဆန်း ဦးဆောင်သော အဖွဲ့သည် ဇန်နဝါရီ ၃၁ရက်တွင် အမှတ်(၂၂)ခြေမြန်တပ်မဌာနချုပ်တွင် လည်းကောင်း၊ ဦးစီးမှူး ဒေါ်ခင်ဒေဝီထွန်း ဦးဆောင်သောအဖွဲ့သည် ဖေဖော်ဝါရီ ၂ ရက်နှင့် ဖေဖော်ဝါရီ ၃ ရက်တို့တွင် အမှတ် (၂၀၁) နှင့် (၂၀၃) ခြေမြန်တပ်ရင်းများတွင် လည်းကောင်း၊ ဦးစီးအရာရှိ ဒေါ်အေးအေးနွယ်ဦးဆောင်သောအဖွဲ့သည် ဖေဖော်ဝါရီ ၆ ရက်တွင် အမှတ် (၂၀၅)ခြေမြန်တပ်ရင်းတွင် လည်းကောင်း၊ လက်ထောက်ညွှန်ကြားရေးမှူး ဦးလှဝင်း ဦးဆောင်သောအဖွဲ့သည် ဖေဖော်ဝါရီ ၇ ရက်နှင့် ဖေဖော်ဝါရီ ၈ ရက်တို့တွင် အမှတ်(၂၀၄)နှင့် (၂၀၂) ခြေမြန်တပ်ရင်းတို့တွင်လည်းကောင်း ဆွေးနွေးဟောပြောခဲ့ကြသည်။ အဆိုပါဆွေးနွေးပွဲများတွင် ကရင်ပြည်နယ် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနမှ အရာထမ်း၊ အမှုထမ်းများလည်း အလှည့်ကျလိုက်ပါ ဆွေးနွေးခဲ့ကြကြောင်း သိရပါသည်။

ဆွေးနွေးပွဲများတွင် စားသုံးသူအကာအကွယ်ပေးရေး ဥပဒေ၊ စားသုံးသူအကာအကွယ်ပေးရေး၏ အဓိပ္ပာယ်နှင့် အနှစ်သာရ၊ အာဆီယံနိုင်ငံများနှင့် မြန်မာနိုင်ငံအတွင်း ဆောင်ရွက်နေမှုများ၊ ကုန်စည်နှင့် ဝန်ဆောင်မှုများအပေါ် လုပ်ငန်းရှင်များ၏ တာဝန်များ၊ စားသုံးသူ၏ ရပိုင်ခွင့်များ၊ တရားမဝင်ကုန်သွယ်မှုများနှင့် လုံခြုံ စိတ်ချရမှုမရှိသောကုန်စည်များ၊ အစားအသောက်နှင့် ဆေးဝါးများအကြောင်း အကျယ်တဝင့် ဆွေးနွေးခဲ့ကြပြီး၊ တပ်ရင်းမှူးများအပါအဝင် အရာရှိ အရာခံစစ်သည်များ၊ မိသားစုဝင်များကလည်း စိတ်ပါဝင်စားစွာ တက်ရောက်ခြင်း၊ ပြန်လည်ဆွေးနွေးမေးမြန်းခြင်းများ ဆောင်ရွက်ကြကြောင်း၊ လက်ကမ်းစာစောင်များ ဥပဒေစာအုပ်များလည်း ဝေငှခဲ့ကြကြောင်း သတင်းရရှိပါသည်။

ထို့ပြင် မြဝတီ၊ ကော့ကရိတ်၊ ဖာပွန်ဒေသတို့ရှိ အခြေချစစ်ဗျူဟာနှင့် တပ်ရင်းတပ်ဖွဲ့များတွင်လည်းဆွေးနွေးဟောပြောသွားမည်ဖြစ်ကြောင်း သိရှိရသည်။

**စောလွင်မင်းထွန်း(ကရင်ပြည်နယ်)**

# မွန်ပြည်နယ်တွင် ထုတ်ကုန်လုံခြုံစိတ်ချရမှုနှင့် ဈေးကွက်စောင့်ကြည့်စစ်ဆေးခြင်းဆိုင်ရာ ဆင့်ပွားသင်တန်း ဖွင့်လှစ်ပို့ချ

ထုတ်ကုန်လုံခြုံစိတ်ချရမှုနှင့် ဈေးကွက်စောင့်ကြည့်စစ်ဆေးခြင်းဆိုင်ရာ အသိပညာပေးသင်တန်းကို ဇန်နဝါရီလ ၁၇ နှင့် ၁၈ ရက်တို့တွင် စားသုံးသူရေးရာဦးစီးဌာန၊ နေပြည်တော်၌ သင်တန်းပို့ချပေးခဲ့ရာ မွန်ပြည်နယ် စားသုံးသူရေးရာဦးစီးဌာနမှ ဒုတိယကြီးကြပ်ရေးမှူး ဦးမြတ်မျိုးလွင်နှင့် ဒုတိယဦးစီးမှူး ဒေါ်ဇင်မာချောစုကြည်တို့ သင်တန်းတက်ရောက်ခဲ့ပြီး ဆင့်ပွားသင်တန်းများကို ဇန်နဝါရီ ၂၀ရက်နှင့် ၂၁ ရက်တို့တွင် သထုံခရိုင်မှ သင်တန်းသား/သင်တန်းသူ ၂၇ ဦးအား သထုံခရိုင်ရုံးတွင် ပြည်နယ်ဦးစီးမှူး ဦးစိုးသန်းအေးဦးစီး၍ ဒုတိယဦးစီးမှူး ဒေါ်ဇင်မာချောစုကြည်က ဆင့်ပွားသင်တန်းပို့ချခဲ့ပြီး အဆိုပါနေ့တွင်ပင် မော်လမြိုင်ခရိုင်မှ သင်တန်းသား/သင်တန်းသူ ၃၂ ဦးအားပြည်နယ် ဦးစီးမှူးရုံးတွင် ဒုတိယပြည်နယ်ဦးစီးမှူး ဦးခင်အောင်သွင်ဦးစီး၍ ဒုတိယကြီးကြပ်ရေးမှူး ဦးမြတ်မျိုးလွင်က ဆင့်ပွားသင်တန်း ပို့ချခဲ့ပါသည်။

အဆိုပါဆင့်ပွားသင်တန်းတွင် စားသုံးသူရေးရာ ဦးစီးဌာန၌ ဘယ်လ်ဂျီယံနိုင်ငံ Ministry of Economic Affairs နှင့် Head of Department of Safety and International Consultant on Product Safety and market Surveillance ဖြစ်သူ Mr. Jan Deconinck ပို့ချခဲ့သော ထုတ်ကုန်လုံခြုံစိတ်ချရမှုနှင့် ဈေးကွက်စောင့်ကြည့်စစ်ဆေးခြင်းနှင့်ပတ်သက်၍ အခြေခံမူ၊ ဈေးကွက် လက်တွေ့ဆောင်ရွက်မှု၊ အပြန်အလှန်အတွေ့အကြုံဖလှယ်မှု၊ ထုတ်ကုန်လုံခြုံ စိတ်ချရမှုမရှိဟု သံသယရှိသော စားသောက်ကုန်များအား နမူနာယူ၍ အဆင့်ဆင့်စစ်ဆေးခြင်း၊ သတင်းအချက်အလက် ရယူစုဆောင်းခြင်း၊ ဆောင်ရွက်မှုအားလုံးအား အစီရင်ခံစာ ရေးသားနည်း၊ စစ်ဆေးရေးမှူးတစ်ယောက်တွင် ရှိရမည့် အရည်အချင်းနှင့် ၎င်း၏ လုပ်ဆောင်ချက်များ စသည်တို့အား ဆင့်ပွားပို့ချခဲ့ကြောင်း သတင်းရရှိပါသည်။

**မိုးမိုး(မွန်)**

# ဖျာပုံမြို့နယ်ရှိ ကနိကျေးရွာ အ-ထ-ကနှင့် (၁၉) ရပ်ကွက် ဘုန်းတော်ကြီးသင်ပညာရေးကျောင်းတို့တွင် ကျောင်းမုန့်ဈေးတန်း စစ်ဆေးခြင်းနှင့် စားသုံးသူအသိပညာပေးဟောပြောပွဲများကျင်းပ



ဖျာပုံမြို့နယ်စားသုံးသူရေးရာဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးစိုးမင်းထိုက်နှင့် တာဝန်ရှိသူများသည် ဇန်နဝါရီ ၂၆ ရက်က ကနိကျေးရွာ အ. ထ. က ရှိ ကျောင်းမုန့်ဈေးတန်း ကြီးကြပ်ရေးအဖွဲ့နှင့် ကျောင်းမုန့်ဈေးတန်း စားသုံးသူရေးရာအဖွဲ့များပါဝင်သော ပူးပေါင်းအဖွဲ့ဖြင့် ကျောင်းမုန့်ဈေးတန်းအား ကွင်းဆင်းစစ်ဆေးခဲ့ကြပြီး ထိုကျောင်းတွင် စားသုံးသူ အကာအကွယ်ပေးရေး အသိပညာပေး ဟောပြောပွဲကို ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါ ဟောပြောပွဲအား ကျောင်းအတွင်း၌ နှစ်နေရာခွဲ၍ ဟောပြောခဲ့ရာ ကျောင်းဆရာ၊ ဆရာမများ၊ ကျောင်းသားကျောင်းသူများ၊ ဈေးသည်များ စုစုပေါင်း ၆၃၈ ဦးတို့အား အထက်တန်း ကျောင်းသားများအခန်းတွင် မြို့နယ် ဦးစီးမှူးနှင့် ဌာနခွဲမှူးတို့က လည်းကောင်း၊ ဒုတိယမြို့နယ် ဦးစီးမှူးနှင့် လက်ထောက် ကြီးကြပ်ရေးမှူးတို့က မူလတန်းနှင့် အလယ်တန်းအခန်းတွင် လည်းကောင်း အသီးသီး ဟောပြောခဲ့ကြပါသည်။ ယင်းကဲ့သို့ ဟောပြောရာတွင် စားသုံးသူ အကာအကွယ်ပေးရေး ဥပဒေပါ အကြောင်းအရာများ၊ ဝန်ဆောင်မှုလုပ်ငန်းများ၊ စားသုံးသူ၏ အခွင့်အရေးနှင့် တာဝန်များ၊ စီးပွားရေးလုပ်ငန်းရှင်များ၏ အခွင့်အရေးနှင့် တာဝန်များ၊ နိုင်ငံတော်မှ တားမြစ်ထားသည့် အစားအစာများအကြောင်း၊ ဆိုးဆေးလေးမျိုး အကြောင်းတို့ကို ဟောပြောခဲ့ကြပြီး တက်ရောက်လာသူများ၏ မေးမြန်းချက်များအား အပြန်အလှန်ဆွေးနွေးခဲ့ကြောင်းသိရသည်။

ထို့ပြင် ဖျာပုံမြို့နယ် စားသုံးသူရေးရာဦးစီးဌာနမှ မြို့နယ်ဦးစီးမှူးနှင့် ဒုတိယမြို့နယ်ဦးစီးမှူး ဦးဆောင်သော ဝန်ထမ်းအဖွဲ့များသည် ၁၉ ရပ်ကွက်ရှိ ဘုန်းတော်ကြီးသင် ပညာရေးကျောင်းတွင် ဖေဖော်ဝါရီ ၃ ရက်က ကျောင်းမုန့်ဈေးတန်း စစ်ဆေးခြင်းနှင့် စားသုံးသူ အသိပညာပေးဟောပြောပွဲကို ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါဟောပြောပွဲတွင် ကျောင်းရှိ မူလတန်း၊ အလယ်တန်းကျောင်းသားများ နားလည်စေရန် နမူနာမုန့်များပြသခြင်းဖြင့်လည်းကောင်း၊ ရုပ်ပုံကားချပ်များပြသ၍ လည်းကောင်း၊ အစားအစာများ ရွေးချယ်စားသောက်ပုံများအားပြသ၍ ဟောပြောခဲ့ကြပြီး တက်ရောက်လာသူများအား လက်ကမ်းစာစောင်များ၊ ဆန်းစစ်ချက်များ ကောက်ယူပြီး နိုင်ငံပိုင်သတင်းစာမှ ထုတ်ပြန်ကြေညာထားသည့် အစားအစာများ၊ အလှကုန်ပစ္စည်းများ၊ စားဆီများ စသည့် တားမြစ်ထားသည့် အချက်အလက်စာအုပ်အား ကျောင်းအုပ်ဆရာမကြီး ဒေါ်စန်းစန်းရီအား ပေးအပ်ခဲ့သည်။

ထိုအခမ်းအနားသို့ ကျောင်းဆရာမများ၊ ကျောင်းသားများ၊ ဈေးသည်များ စုစုပေါင်း ၂၆၆ ဦး တက်ရောက်ကြောင်း သတင်းရရှိပါသည်။

**မင်းဇော်မွန်(ဖျာပုံ)**

# ကသာမြို့ပေါ်ရှိ ဈေးများတွင် စားသုံးရန်မသင့်သော သက်တမ်းလွန်ကုန်ပစ္စည်းများနှင့် ငရုတ်သီးအရောင်တင်မှုန့်များစစ်ဆေး

ကသာခရိုင် စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့၏ ဦးဆောင်မှုဖြင့် ဖေဖော်ဝါရီ ၂ ရက်က ကသာမြို့ ပတ္တမြားဈေးနှင့် အထက(၂) ကျောင်းဈေး၊ ဖေဖော်ဝါရီ ၃ ရက်က သီရိခေမာဈေးနှင့် မြို့မဈေးကြီးတို့တွင် စားသုံးရန်မသင့်သော သက်တမ်းလွန် ကုန်ပစ္စည်းများနှင့်ငရုတ်သီး အရောင်တင်မှုန့်တို့အား ဝင်ရောက်စစ်ဆေးခဲ့ရာ အမှတ်တံဆိပ်မပါငရုတ်သီးအကြမ်းမှုန့်၊ အီတလီခေါက်ဆွဲထုပ်၊ အမဲသားဘူး၊ ကြက်အူချောင်း၊ Sprite အချိုရည်၊ Orange Fayuan အချိုရည်၊ Disko နို့စိမ်းဘူး စသည့်သက်တမ်းလွန် အစားအစာများကို သိမ်းဆည်းခဲ့သည်။ ထို့နောက် ထုတ်ကုန်လုံခြုံစိတ်ချမှုရှိရေးအတွက် နမူနာစစ်ဆေးရန် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနမှ ပြည့်ပြည့် ငါးပိထောင်း၊ ငရုတ်ဆီ၊ ဇာမဏီဆော့ချဉ်၊ မာလာအစပ်များ၊ ရွှေသာစည် ငရုတ်သီးအကြမ်းမှုန့်၊ အောင်ချမ်းသာငရုတ်သီးမှုန့်၊ သီးစုံဖျော်ရည်၊ ချိုချဉ်၊ ဆီးသီးပီကေ အစိမ်းရောင်တို့အား နမူနာ စစ်ဆေးရန် ဝယ်ယူခဲ့ပြီး ကျောင်းဈေးတန်းတွင် တရုတ်စာတမ်းပါ အစပ်ချောင်း၊ အစပ်ပြားနှင့် တရုတ်မုန့်များမရောင်းချရန် ကျောင်းအုပ်ဆရာမကြီးနှင့် ကျောင်းဈေးသည်များအား အသိပညာပေးပြောကြားခဲ့ပြီး ဈေးဆိုင်ပေါင်း ၂၃ ဆိုင်၊ ကျောင်းဈေးဆိုင် ၆ ဆိုင် စုစုပေါင်း ၃၉ ဆိုင်ကို ဝင်ရောက်စစ်ဆေးခဲ့ပါသည်။

အဆိုပါ စစ်ဆေးရေးအဖွဲ့တွင် စားသုံးသူရေးရာဦးစီး ဌာနမှ ခရိုင်ဦးစီးမှူးနှင့် ဝန်ထမ်းများ၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ မြို့နယ်ရဲတပ်ဖွဲ့၊ ကျန်းမာရေးဦးစီးဌာန၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ စည်ပင် သာယာရေးအဖွဲ့၊ မြစ်မခသတင်းမီဒီယာအဖွဲ့များ ပါဝင်ကြောင်း သတင်းရရှိပါသည်။

**လှလှခိုင်(ကသာ)**



# စစ်ကိုင်းမြို့နယ်ရှိ ကံကြီးကုန်း အ·လ·က(ခွဲ) နှင့် ပဒူ အ·ထ·က(ခွဲ)တို့တွင် စားသုံးသူ အကာအကွယ်ပေးရေး ဟောပြောပွဲများ ကျင်းပ

စစ်ကိုင်းတိုင်းဒေသကြီး၊ စားသုံးသူရေးရာဦးစီးဌာန၊ စစ်ကိုင်းခရိုင်ရုံးမှ ခရိုင်ဦးစီးမှူး ဦးမြင့်စိုးဦးဆောင်သည့် ဝန်ထမ်းများသည် ဖေဖော်ဝါရီ ၈ ရက်က စစ်ကိုင်းမြို့နယ်၊ ကံကြီးကုန်း အ. လ. က(ခွဲ)နှင့် ပဒူ အ. ထ. က(ခွဲ)တို့တွင် စားသုံးသူ အကာအကွယ်ပေးရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲကို ကျင်းပခဲ့သည်။ အဆိုပါဟောပြောပွဲများသို့ ကံကြီးကုန်း အ. လ. က(ခွဲ)မှ ဆရာ၊ ဆရာမများ၊ ကျောင်းသားကျောင်းသူများနှင့် ကျောင်းဈေးသည်များ စုစုပေါင်း ၂၄၆ ဦး၊ ပဒူ အ. ထ. က (ခွဲ)မှ ဆရာ၊ ဆရာမများ၊ ကျောင်းသားကျောင်းသူများနှင့် ကျောင်းဈေးသည်များ စုစုပေါင်း ၈၄၁ ဦး တက်ရောက်ခဲ့ကြသည်။

အဆိုပါဟောပြောပွဲများတွင် ဒုတိယဦးစီးမှူး ဦးခင်မောင်ဝင်းက ဌာန၏ သမိုင်းအကြောင်းနှင့် အန္တရာယ်ရှိ စားသုံးဆီများအကြောင်း၊ ဒုတိယဦးစီးမှူး ဒေါ်ကေသီအောင်က ကုန်စည်များ ဝယ်ယူအသုံးပြုရာတွင် သတိပြုရမည့်အချက်များနှင့် စားသုံးသူများ အမှန်တကယ် နစ်နာဆုံးရှုံးမှုများရှိပါက တိုင်ကြားသူ၏ ကိုယ်ရေးအချက်အလက်၊ တိုင်ကြားခံရသော စီးပွားရေးလုပ်ငန်းရှင်၏ အချက်အလက် ပြည့်စုံစွာဖြင့် တိုင်ကြားနိုင်ကြောင်း၊ တိုင်ကြားရမည့်ပုံစံများကို ရှင်းလင်းဟောပြောခဲ့ပြီး၊ အကြီးတန်းစာရေး ဒေါ်ခင်စောဝင်းက ကင်ဆာဖြစ်စေသည့် အစားအသောက်များနှင့် အမှုအကျင့်များ၊ အန္တရာယ်ရှိ ဟင်းချိုမှုန့်အကြောင်း သိကောင်းစရာများကို အကျယ်တဝင့် အသိပညာပေး ရှင်းလင်းဆွေးနွေးဟောပြောခဲ့ကြပြီး စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာ လက်ကမ်းစာစောင်များလည်း ဖြန့်ဝေပေးခဲ့ကြောင်း သတင်းရရှိပါသည်။

**ခင်စောဝင်း၊ ခင်လေးနွယ်(စစ်ကိုင်း)**

# ခမရ (၅၀၇)၊ ခလရ (၆၈) နှင့် နောင်မွန်ရွာ အထကတို့တွင် စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေးဟောပြော

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ လားရှိုးမြို့၊ စားသုံးသူရေးရာဦးစီးဌာနမှ ဒုတိယပြည်နယ်ဦးစီးမှူး ဦးဇော်မင်းသန်းနှင့် အဖွဲ့သည် ဇန်နဝါရီ ၂၄ ရက်က လားရှိုးမြို့၊ အမှတ်(၅၀၇)ခြေမြန်တပ်ရင်းတွင်လည်းကောင်း၊ ဇန်နဝါရီ ၂၆ ရက်က လားရှိုးမြို့၊ အမှတ်(၆၈)ခြေလျင်တပ်ရင်းတွင်လည်းကောင်း စားသုံးသူအကာအကွယ်ပေးရေးနှင့် ပတ်သက်၍ စားသုံးသူတို့၏အခွင့်အရေးနှင့် စီးပွားရေးလုပ်ငန်းရှင်တို့၏ တာဝန်များ/တားမြစ်ချက်များ၊ စားသုံးရန်မသင့်သောအစား အသောက်များ/ဆိုးဆေးများအကြောင်း၊ ကြွပ်ကြွပ်အိတ်/ပလပ်စတစ်နှင့်တစ်ခါသုံးဖော့ဘူးများ၊ တစ်ဖက်နိုင်ငံမှလာသော မြောင်းဆီ/ဝက်ဆီများအကြောင်း စသည်တို့ကို အသိပညာပေးဟောပြောဆွေးနွေးပြီး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ပါသည်။

ထို့နောက် အဆိုပါအဖွဲ့သည် ဇန်နဝါရီ ၂၅ ရက်တွင် နောင်မွန်ရွာ၊ အခြေခံပညာအထက်တန်းကျောင်းရှိ နှင်းဆီခန်းမ၌ ဆရာ/ဆရာမများ၊ ကျောင်းဈေးသည်များနှင့် ကျောင်းသား/သူ ၃၆၀ ဦးတို့အားလည်းကောင်း၊ နောင်မွန်ရွာ၊ မဟာကုသလာရာမ ကျောင်းတိုက်ဘုန်းတော်ကြီးသင် ပညာရေးကျောင်းသို့ သွားရောက်ကာ လူပုဂ္ဂိုလ် ၆၅ ဦး၊ သံဃာတော် ကိုးပါးနှင့် ရှင်သာမဏေ ၅၅ ပါးတို့အား လည်းကောင်း စားသုံးသူအကာအကွယ်ပေးရေးနှင့်ဥပဒေ အကြောင်းများ၊ စားသုံးရန်မသင့်သော မုန့်များ၊ ထုတ်လုပ်ရက်စွဲ/ကုန်ဆုံးရက်စွဲမုန့်များ၊ အေးခဲအသားများ၊ ပင်လယ်စာများအကြောင်းတို့ကို အသိပညာပေးဟောပြောဆွေးနွေးခဲ့ပါသည်။

**အောင်ကျော်မြင့်(လားရှိုး)**

# လပွတ္တာမြို့နယ်တွင် စားသုံးသူအသိပညာပေးဟောပြောပွဲပြုလုပ်

လပွတ္တာမြို့နယ် စားသုံးသူရေးရာဦးစီးဌာန၊ မြို့နယ်ဦးစီးမှူး ဦးအောင်မြင့်ဦးနှင့် ဝန်ထမ်းများသည် လူမှုဝန်ထမ်းဦးစီးဌာန၊ ကျန်းမာရေးဦးစီးဌာန၊ စည်ပင်သာယာရေးဦးစီးဌာနတို့ ပူးပေါင်းလျက် ဖေဖော်ဝါရီ ၂ ရက်က လပွတ္တာမြို့နယ်၊ အမှတ်(၇)ရပ်ကွက်၊ မူလွန်ကျောင်းသို့ သွားရောက် ပြီးဌာနဆိုင်ရာနှင့် ဆရာ/ဆရာမများ၊ ကျောင်းသား/ကျောင်းသူ ၂၀၀ဦးတို့အား သက်တမ်းလွန်မုန့်များ၊ ဆိုးဆေးပါသော အစားအစာများ၊ အရောင်ချွတ်ဆေး၊ တာရှည်ခံဆေးများပါတဲ့ အစားအစာများအား သတိပြု ရွေးချယ်စားသောက်နိုင်ရန်နဲ့ စားသုံးသူအကာအကွယ်ပေးရေးအကြောင်း သိကောင်းစရာများ၊ စားသုံးသူဥပဒေ၊ စီးပွားရေးလုပ်ငန်းများအတွက် တားမြစ်ချက်များ၊ ရက်လွန်ဆေးဝါးများနဲ့ FDA မှ တားမြစ်ထားသော အစားအသောက်၊ လူသုံးကုန်များအကြောင်းဟောပြောဆွေးနွေး၍ ဟောပြောပွဲပြီးဆုံးချိန်တွင် ကျောင်းမုန့်ဈေးတန်းသို့သွားရောက်ပြီး စားသုံးရန်မသင့်သော အစားအစာများ၊ ခွင့်မပြုမုန့်များ၊ ဆိုးဆေးပါသော အစားအစာများရောင်းချမှုမရှိစေရန်လည်း အသိပညာပေး ဆွေးနွေးခဲ့ကြောင်း သိရပါတယ်။

**မင်းမင်းဦး(ပုသိမ်)**

# ကမ္ဘောဇကုန်သွယ်မှု ဗဟိုဌာနဖွင့်ပွဲနှင့် ပြည်ပပို့ကုန်အလားအလာရှိသော ဒေသထွက်ကုန်များ ကုန်စည်ပြပွဲကျင်းပ

ကမ္ဘောဇကုန်သွယ်မှုဗဟိုဌာန ဖွင့်ပွဲနှင့် ပြည်ပပို့ကုန် အလားအလာ ရှိသော ဒေသထွက်ကုန်များ ကုန်စည် ပြပွဲဖွင့်ပွဲ အခမ်းအနားကို ရှမ်းပြည် နယ်၊ တောင်ကြီးမြို့၌ဖေဖော်ဝါရီလ ၁၁ ရက်က တောင်ကြီးမြို့၊ အရှေ့မြို့ ပတ်လမ်းရှိ အဆိုပါ ကုန်သွယ်မှုဗဟို ဌာနတွင် ကျင်းပခဲ့သည်။ ဖွင့်ပွဲ အခမ်းနားသို့ ရှမ်းပြည်နယ်အစိုးရ၊ လျှပ်စစ်စွမ်းအင်နှင့် စက်မှုဝန်ကြီး ဦးဆွေသိန်းနှင့် မြန်မာကုန်သွယ်မှု မြှင့်တင်ရေးအဖွဲ့၏ ဒုတိယ ညွှန်ကြား ရေးမှူးချုပ် ဒေါ်နော်မူတာကပေါ တို့က တက်ရောက် ဖဲကြိုးဖြတ် အဖွင့် အမှာစကားပြောကြားကာ အခမ်း အနားကို ဖွင့်လှစ်ပေးခဲ့ပါသည်။




ထို့နောက် အလုပ်ရုံဆွေးနွေးပွဲကို ဆက်လက်ကျင်းပခဲ့ရာ မြန်မာကုန် သွယ်မှုမြှင့်တင်ရေးအဖွဲ့မှ ညွှန်ကြား ရေးမှူး ဦးမျိုးသူက ကုန်သွယ်မှုမြှင့် တင်ရေးအတွက် ဆောင်ရွက်ချက်များ ကို ရှင်းလင်းတင်ပြခဲ့ပြီး SME လုပ် ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး၊ ပင်းတယ လက်ဖက်နှင့် ဈေးကွက်အလားအလာ၊ ရှာငံကော်ဖီနှင့် ဈေးကွက်အလား အလာတို့ကို သက်ဆိုင်ရာခေါင်းစဉ် အလိုက် စာတမ်းရှင်အသီးသီးတို့က ဖတ်ကြားခဲ့သည်။ ထို့နောက် ကမ္ဘောဇ ကုန်သွယ်မှု ဗဟိုဌာနဖွင့်ပွဲနှင့် အတူ ပြည်ပပို့ကုန် အလားအလာရှိသော ဒေသထွက်ကုန်များ ကုန်စည်ပြပွဲကို ကျင်းပခဲ့သည်။ အဆိုပါကုန်စည်ပြပွဲ တွင် ဒေသထွက်ကုန်စည်များကို လုပ် ငန်းရှင်အသီးသီးက ပြခန်းပေါင်း ၁၈ ခန်းဖြင့် ပါဝင်ပြသခဲ့သည်။

မြန်မာ့ပို့ကုန်လုပ်ငန်းများကို ဒေသတွင်းသာမက နိုင်ငံတကာ ဈေးကွက်များတွင်ပါ ပါဝင်ယှဉ်ပြိုင် နိုင်ရေး ကူညီပံ့ပိုးဆောင်ရွက်ပေး ရန်နှင့် မြန်မာထုတ်ကုန်များအား Made in Myanmar အမှတ်တံဆိပ် တပ်ဆင်ပြီး နိုင်ငံတကာမှ အသိ အမှတ်ပြုလာစေရန် ရည်ရွယ်၍ အဆိုပါကုန်စည်ပြပွဲကို ကျင်းပခဲ့ခြင်း ဖြစ်ကြောင်း သိရှိရပါသည်။

**မြတ်မြတ်စိုးမိုး (Myantrade)**

---

# တရားမဝင်ကုန်သွယ်မှုအခြေအနေ

*ယခင်တစ်ပတ်မှအဆက်*

နိုင်ငံအတွင်း ဒေသအသီးသီးတွင် မိမိနိုင်ငံမှမထွက်သော စိန်ထည်လက်ဝတ်လက်စားများ ဝတ်ဆင် အသုံးပြုမှု အများအပြားရှိသော်လည်း ၎င်းစိန်များမှာ နိုင်ငံတော်သို့တရားဝင်အခွန်အခ များပေးဆောင်ပြီး တင်သွင်းထားသော ပစ္စည်း များမဟုတ်ဘဲ နိုင်ငံတော်၏ တည်ဆဲဥပဒေ များအရ တင်ပို့/ တင်သွင်းခွင့် ကန့်သတ် တားမြစ်ထားသော ပစ္စည်းစာရင်းဝင်ဖြစ်ကြောင်း သိရှိရပါသည်။ ၎င်းစိန်များသည် မည်သည့်ဒေသမှ မည်သည့်နည်းလမ်းဖြင့် နိုင်ငံအတွင်း ဝင်ရောက် လာသည်ကို လူတိုင်းတွေးကြည့် သုံးသပ်နိုင်မည် ဖြစ်ပါသည်။

## တရားမဝင် တင်ပို့/တင်သွင်းမှုများကြောင့် ဖြစ်ပေါ်လာနိုင်သည့် အကျိုးဆက်များ

မြန်မာနိုင်ငံ၏ ဝင်/ထွက်ပေါက်များဖြစ်သော လေကြောင်း၊ ရေကြောင်းနှင့် နယ်စပ်ဖြတ်ကျော် ကုန်းကြောင်းလမ်းများအားလုံးမှ နေ့စဉ် တရားမဝင် တင်ပို့/တင်သွင်းမှုများ ရှိနေကြောင်း ပြည်သူတစ်ရပ်လုံး သိရှိထားပြီးဖြစ်သော်လည်း တရားမဝင် တင်ပို့/တင်သွင်းခြင်းကြောင့် နိုင်ငံတော်နှင့် ပြည်သူလူထုအတွက် ထိခိုက်ဆုံးရှုံးမှုများ ဆိုးကျိုးများကိုမူ သိရှိသူနည်းကောင်းနည်းနေနိုင်ပါသေးသည်။ တရားမဝင် ကုန်သွယ်မှုနှင့် ပတ်သက်၍ အဓိပ္ပာယ်အမျိုးမျိုး သတ်မှတ်ခေါ်ဝေါ်ကြသော်လည်း သာမန်အားဖြင့် တင်သွင်း/ တင်ပို့ခွင့် ပြုမထားသော ကုန်ပစ္စည်းများအား ခွင့်ပြုချက် တစ်စုံတစ်ရာမရှိဘဲ တင်သွင်း/တင်ပို့ခြင်း၊ တရားဝင်တင်သွင်း/တင်ပို့ခွင့်ပြုပေးထားသော ပစ္စည်းများအားလည်း သတ်မှတ်လုပ်ထုံး လုပ်နည်းများအတိုင်း ဆောင်ရွက်ခြင်းမရှိဘဲ၊ အခွန်အခ ပေးဆောင်ခြင်းမရှိဘဲ တရားမဝင် လမ်းကြောင်းများမှ တင်ပို့/တင်သွင်းခြင်းဖြစ်သည့် မှောင်ခိုတင်သွင်းခြင်း (Smuggling) မှာ အဓိကဖြစ်ပါသည်။ ထို့အပြင် အတုအပ တင်သွင်းခြင်း (Counterfeit)၊ အပြိုင်တင်သွင်းခြင်း (Parallel Trade)၊ တန်ဖိုး လျှော့ပြ၍ တင်သွင်းခြင်း



**| ကျော်ဆန်းထွန်း |**

(Under Value) တို့လည်းပါဝင်ပါသည်။ ၎င်း လုပ်ငန်းများသည် ဈေးကွက်အတွင်း လက်လီ ဖြန့်ဖြူး ရောင်းချခြင်းများ၌ အဆုံးသတ်ကြောင်း တွေ့ရှိရပါသည်။ တရားမဝင် ကုန်သွယ်မှုလုပ်ငန်း များ ဆောင်ရွက်ကြခြင်းဖြင့် အဆုံးသတ် အကျိုး စီးပွား ထိခိုက်ဆုံးရှုံးနစ်နာရသူများမှာ အမှန် သုံးစွဲသူ (End User) များဖြစ်သော ပြည်သူ လူထုများ၊ စားသုံးသူ၊ အသုံးပြုသူ အားလုံးသာ ဖြစ်ပါသည်။ သာမန်အားဖြင့် ဖြစ်ပေါ်လာသော အကျိုးဆက်များမှာ-

- ➢ နိုင်ငံတော်အတွက် ရသင့်ရထိုက်သည့် အခွန်အခများမရရှိဘဲ ဆုံးရှုံးနစ်နာခြင်း၊
- ➢ တရားဝင် တင်ပို့/တင်သွင်းခြင်း ဆောင်ရွက်သော အခြားလုပ်ငန်းတူ ဆောင်ရွက်သော လုပ်ငန်း ရှင်များအတွက် ဈေးကွက်ယှဉ်ပြိုင်နိုင်မှု အားနည်းလာခြင်း၊
- ➢ နိုင်ငံတော် ကုန်သွယ်မှု ကိန်းဂဏန်းစာရင်း ဇယားများ မှန်ကန်မှု မရှိနိုင်ခြင်း၊
- ➢ စားသုံးသူများအတွက် အကာအကွယ်မဲ့ ဖြစ်စေခြင်း၊
- ➢ တရားမဝင်ကုန်သွယ်မှုလုပ်ငန်းများနှင့် ဆက်စပ်နေသော ဝန်ထမ်းများနှင့် လုပ်ငန်းဆောင်ရွက်သူများအကြား လာဘ်ပေး၊ လာဘ်ယူမှုများ၊ အကျင့်ပျက် ခြစားမှုများ ဖြစ်ပေါ်လျက်ရှိခြင်း၊
- ➢ တရားမျှတမှုမရှိသော ယှဉ်ပြိုင်မှုများမှ ဆိုးရွားသော ရာဇဝတ်မှုများအထိပါ ပေါ်ပေါက်လာနိုင်ခြင်း၊
- ➢ ပစ္စည်းမှန်၊ ဈေးနှုန်းမှန်၊ အရည်အသွေးမှန် ပစ္စည်းများအား ထိုက်တန်စွာ အသုံးပြုနိုင်မှု မရှိခြင်း။
- ➢ အရည်အသွေးမမီသော လူသုံးကုန်ပစ္စည်းများအား အသုံးပြုရသဖြင့် ပြည်သူလူထု၏ ကျန်းမာရေးနှင့် အခြားအန္တရာယ်များ ကြုံတွေ့လာနိုင်ခြင်း၊
- ➢ ကန့်သတ်တားမြစ်ထားသော ပစ္စည်းများ တင်ပို့/တင်သွင်းကြခြင်းဖြင့် နိုင်ငံတော်အတွက် သဘာဝသယံဇာတများဆုံးရှုံးပြီး သဘာဝ ပတ် ဝန်းကျင်နှင့် ရာသီဥတု ဖောက်ပြန်ထိခိုက်ပျက်စီးမှုများ ဖြစ်ပေါ်လာနိုင်ခြင်းတို့အပြင် အခြား အကြောင်းအရာများ ရှိနိုင်သေးပါသည်။

## တရားမဝင် ကုန်သွယ်မှုများ လျှော့နည်းပပျောက်ရေး ဆောင်ရွက်ရန် လိုအပ်ချက်များ

နိုင်ငံတော်နှင့် ပြည်သူလူထုတစ်ရပ်လုံးအား အကျိုးမပြုသော၊ မမှန်မကန်လုပ်ငန်းရှင်အချို့ကိုသာအကျိုးဖြစ်ထွန်းစေပြီး နိုင်ငံ၏စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် သန့်ရှင်းသော အစိုးရဖြစ်ရေးကို များစွာအဟန့်အတားဖြစ်စေသည့် တရားမဝင် ကုန်သွယ်မှုများ လျှော့နည်းပပျောက်ရေးအတွက် ပြည်သူတစ်ရပ်လုံး ပူးပေါင်းပါဝင်သွားရန် လိုအပ်ပါသည်။ ပြည်သူများအနေဖြင့် တရားမဝင် ကုန်သွယ်မှုနှင့် ပတ်သက်သောသတင်းများအား တာဝန်ရှိသော ဌာနများသို့ ဖုန်း၊ စာ၊ အီးမေးလ် စသည်တို့ဖြင့် ဆက်သွယ်သတင်းပို့ပေးခြင်းဖြင့် တားဆီးစစ်ဆေး ဖမ်းဆီးခြင်းများ ဆောင်ရွက်နိုင်မည် ဖြစ်ပါသည်။

တရားမဝင် ကုန်သွယ်မှုများ တားဆီးတိုက်ဖျက်ရေးအတွက် နိုင်ငံတော်အဆင့် ကော်မတီတစ်ရပ်အား ပါဝင်သင့် ပါဝင်ထိုက်သော အဖွဲ့အစည်းအသီးသီးမှ ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းပြီး ခိုင်မာတိကျသော လုပ်ထုံးလုပ်နည်းများ၊ ကုန်ပစ္စည်း စစ်ဆေးနည်းများ ထိရောက်ဟန့်တားမည့် ပြစ်ဒဏ်ကိုချမှတ်နိုင်မည့် အရေးယူမှုစနစ်များ စနစ်တကျ ရေးဆွဲထုတ်ပြန်ပြီး တရားမဝင် ကုန်သွယ်မှုတားဆီးတိုက်ဖျက်ရေးဥပဒေ တစ်ရပ်ကိုပါ ရေးဆွဲပြဋ္ဌာန်းပြီး ပွင့်လင်းမြင်သာစွာဖြင့် ဆောင်ရွက်သင့်ပြီဖြစ်ကြောင်း တိုက်တွန်းရေးသား တင်ပြအပ်ပါသည်။

❑

# အိန္ဒိယပဲရက်သတ္တပတ်

ဖေဖော်ဝါရီ ၆ ရက်တွင် ကုန်ဆုံးသော ရက်သတ္တပတ်အတွက် အဂရီဝပ်ချ်မှ ထုတ်ပြန်သော ပဲမျိုးစုံရက်သတ္တပတ် အစီရင်ခံစာတွင် ဈေးကွက်အတွင်း ဖြစ်ပေါ်နေသော ပဲမျိုးစုံဈေးနှုန်းအခြေအနေ၊ ဆောင်းရာသီစိုက်ပျိုးပြီးစီးမှု အခြေအနေနှင့် နိုင်ငံတကာဈေးကွက်အခြေအနေတို့ကို တင်ပြထားပါသည်။ ပြည်ပမှ ပဲမျိုးစုံတင်သွင်းမှုအခြေအနေကိုမူ ယခင်ရက်သတ္တပတ် တင်သွင်းမှုအတိုင်း ဆက်လက်ဖော်ပြထားသည်။

**ဆောင်းရာသီပဲမျိုးစုံစိုက်ပျိုးမှု**

၂၀၁၇ ခုနှစ် ဖေဖော်ဝါရီ ၃ ရက်တွင် နောက်ဆုံး ကောက်ယူရရှိသော စာရင်းအရ ဆောင်းသီးနှံစိုက်ပျိုးပြီးစီးမှုမှာ ဟက်တာ ၁၅၉ ဒသမ ၇၂ သိန်းရှိသည့်အတွက် ပုံမှန်စိုက်ဧရိယာဖြစ်သော ဟက်တာ ၁၄၀ ဒသမ ၆၇ သိန်းထက် ၁၃ ဒသမ ၅၄ ရာခိုင်နှုန်းနှင့် ယခင်နှစ်က စိုက်ဧရိယာဖြစ်သော ဟက်တာ ၁၄၃ ဒသမ ၇ သိန်းထက် ၁၁ ဒသမ ၁၅ ရာခိုင်နှုန်း ပိုမိုစိုက်ပျိုးနိုင်ခဲ့သည်။

ဆောင်းပဲမျိုးစုံသီးနှံများအနက် အဓိကကျသော ကုလားပဲစိုက်ပျိုးပြီးစီးမှု ဧရိယာမှာ ဟက်တာ ၉၉ ဒသမ ၀၁ သိန်းဖြစ်သည့်အတွက် ယခင်နှစ်က စိုက်ပျိုးဧရိယာထက် ၁၀ ဒသမ ၆၉ ရာခိုင်နှုန်းပိုမိုခဲ့သည်။ ရာသီဥတုအခြေအနေမှာ ကောင်းမွန်ဆဲဖြစ်ပြီး စိုက်ပျိုးပြီးစီးနေပြီဖြစ်သည်။ ကုလားပဲသစ်များမှာ အမ္ဗရဝတီနှင့် Ujjiain ဈေးကွက်များသို့ စတင်ဝင်ရောက်လျက်ရှိသည်။

စိုက်ပျိုးမြေဧရိယာတိုးတက်လျက်ရှိသည်ဟုဆိုသော်လည်း အန္ဒရာပရာဒေ့ရှ်နှင့် ကာနာတာကာတို့တွင် စိုက်ပျိုးပြီးစီးမှု အခြေအနေမှာ ၁၇ ဒသမ ၄၅ ရာခိုင်နှုန်းနှင့် ၃၀ ဒသမ ၀၃ ရာခိုင်နှုန်း အသီးသီး ကျဆင်းခဲ့သည်။ ကုလားပဲထုတ်လုပ်မှု အခြေအနေကို မူလက မက်ထရစ်တန် သန်း ၉၀ ရှိမည်ဟု ခန့်မှန်းထားရာ ငါးရာခိုင်နှုန်းနှင့် ခြောက်ရာခိုင်နှုန်းကြားသာ အပြောင်းအလဲ ရှိနိုင်သည်။

ဆောင်းရာသီတွင် စိုက်ပျိုးပြီးစီးခဲ့သော ပဲမျိုးစုံစိုက်ဧရိယာအနက် ဖေဖော်ဝါရီ ၃ ရက်အထိ နောက်ဆုံးရရှိထားသော စာရင်းများအရ ပဲနီလေးစိုက်ပျိုးပြီးစီးမှုမှာ ဟက်တာ ၁၆ ဒသမ ၆၅ သိန်းရှိခဲ့ရာ ယခင်နှစ်စိုက်ပျိုးဧရိယာဖြစ်သော ဟက်တာ ၁၃ ဒသမ ၇၃ သိန်းနှင့် နှိုင်းယှဉ်ပါက ၂၁ ဒသမ ၂၇ ရာခိုင်နှုန်း မြင့်တက်ခဲ့သည်။ ပဲတီစိမ်းကို ဖေဖော်ဝါရီလအထိ ဆက်လက်စိုက်ပျိုးမည်ဖြစ်သည့်အတွက် ပုံမှန်စိုက် ဧရိယာကို ပြည့်မီနိုင်မည်ဖြစ်သည်။ ဖေဖော်ဝါရီ ၃ ရက်အထိ ရရှိထားသော စာရင်းများအရ ယခင်နှစ် ကာလတူက စိုက်ဧရိယာထက် ၃ ဒသမ ၃၉ ရာခိုင်နှုန်း ပိုမိုသည်။ မတ်ပဲ စိုက်ဧရိယာမှာလည်း ဟက်တာ ၈ ဒသမ ၇၄ သန်းအထိရှိခဲ့ရာ ၈ ဒသမ ၉၈ ရာခိုင်နှုန်း ပိုမိုစိုက်ပျိုးနိုင်ခဲ့သည်။ မိုးစိုက်ပဲများအထွက်ကောင်းခဲ့ပြီး နောက်ပိုင်း ဆောင်းစိုက်ပဲမျိုးစုံ စိုက်ပျိုးမှုကလည်း ဆက်လက်ကောင်းမွန်မည့် အလားအလာများကို တွေ့မြင်နေရပြီးဖြစ်ရာ ဤအခြေအနေက ဈေးနှုန်းအပေါ်တွင် စတင်အကျိုးသက်ရောက်စပြုလာသည်။

**ပဲမျိုးစုံဈေးနှုန်း**

အိန္ဒိယပဲမျိုးစုံ ဈေးနှုန်းက အကျဘက်သို့ ဆက်လက်ဦးတည်နေဆဲဖြစ်သည်။ သိုလှောင်ရန်အတွက် အလုံးအရင်းဖြင့်ဝယ်ယူရန် ဝယ်လက်များက စဉ်းစားနေဆဲဖြစ်သဖြင့် ဈေးနှုန်းက အကျဘက်သို့ ဆက်လက်ဦးတည်နေဦးမည်ဖြစ်သည်။ ငွေစက္ကူအချို့ကို တရားမဝင်ငွေကြေးအဖြစ် ဖျက်သိမ်းကြောင်းကြေညာမှုက ပုံမှန်ရောင်းဝယ်နေကျအခြေအနေကို အဟန့်အတားဖြစ်စေပြီး ပုံမှန်အနေအထားသို့ပြန်လည်ရောက်ရှိရန် တစ်လခန့်ကြာဦးမည်ဟု ခန့်မှန်းရသည်။

မွမ်ဘိုင်းဈေးကွက်တွင် ပဲစင်းငုံနီပေါက်ဈေးမှာ တစ်ကွင်တယ်ကို ရူပီး ၄၄၅၀ ဖြစ်သည်။ မတ်ပဲ FAQ ပေါက်ဈေးက ရူပီး ၁၀၀ ကျဆင်းပြီး တစ်ကွင်တယ်ကို ရူပီး ၅၆၀၀၊ SQ က ရူပီး၅၀ ကျဆင်းပြီး ရူပီး ၆၂၀၀ ဈေးဖြစ်သည်။ မွမ်ဘိုင်းဈေးကွက်တွင် ပြည်ပမှ တင်သွင်းလာသော ကုလားပဲဈေးမှာ တစ်ပတ်အတွင်း ရူပီး ၃၀၀ ဈေးကျပြီး တစ်ကွင်တယ်ကို ရူပီး ၅၉၆၀ ဈေးရှိသည်။ မကြာမီ ရူပီး ၅၅၀၀ ဈေးအထိ ဆက်လက်ကျဆင်းမည်ဟုခန့်မှန်းထားသည်။ ပဲဝင်ရောက်မှုများလာမည်ဆိုပါက တစ်ကွင်တယ်ကို ရူပီး ၅၀၀၀ မှ ၅၄၀၀ အထိရှိနိုင်သည်။ တန်ဇန်နီးယားကုလားပဲမှာ တစ်ကွင်တယ်ကို ရူပီး ၆၀၀၀ ဈေးရှိသည်။ မဒ္ဒရာဈေးကွက်တွင်မူ တစ်ကွင်တယ်ကို ရူပီး ၅၉၀၀ နှုန်းရှိသည်။ ကနေဒါပဲနီလေးဈေးမှာ တစ်ကွင်တယ်ကို ရူပီး ၄၄၀၀ ဈေးရှိသည်။ ပဲနီလေးမှာ အထွက်နှုန်းကောင်းမွန်မည့် အလားအလာရှိနေသည့်အတွက် ဈေးကွက်အပေါ်တွင် ဖိအားသက်ရောက်လျက်ရှိသည်။

**အပြည်ပြည်ဆိုင်ရာ ပဲဈေးကွက်**

အိန္ဒိယနိုင်ငံတွင် ပဲသစ်များ ဈေးကွက်အတွင်းသို့ စတင်ဝင်ရောက်လာတော့မည်ဖြစ်သည့်အတွက် ဖေဖော်ဝါရီမှစပြီး ကနေဒါပဲနီလေးကို အိန္ဒိယမှ ဝယ်လိုအားကျဆင်းမှုကြောင့် ဈေးနှုန်းပါ ကျဆင်းလာနိုင်ပါတယ်။

ဝယ်လိုအားနှင့် ရောင်းလိုအား အခြေအနေကြောင့် အနောက်ကနေဒါမှ ကုလားပဲဈေးများလည်းကျဆင်းနိုင်သည်။ အိန္ဒိယပဲမျိုးစုံ ထုတ်လုပ်မှုက မက်ထရစ်တန်ချိန် ၉ သန်းကျော်ရှိမည်ဖြစ်ရာ ယခင်နှစ်ထုတ်လုပ်မှုထက် မက်ထရစ်တန်ချိန် ၂ ဒသမ ၅ သန်း ပိုမိုခဲ့သည်။ သို့ဖြစ်ရာ သွင်းကုန်လုပ်ငန်းရှင်တို့က လက်ရှိဈေးနှုန်းဖြင့် ဆက်လက်တင်သွင်းမည်မဟုတ်ဟု ခန့်မှန်းရသည်။ ဤအခြေအနေက ကနေဒါကုလားပဲ ဝယ်လိုအားကိုလည်း ထိခိုက်စေနိုင်သည်။ ဩစတြေးလျ နိုင်ငံတွင်လည်း ပဲများအလျှံပယ်ရှိနေရာ အိန္ဒိယသို့ ပဲတင်ပို့နိုင်ရေးအတွက် မတ်လမတိုင်မီ ဈေးချပေးလိမ့်မည်ဟု ခန့်မှန်းရသည်။

## အိန္ဒိယပဲပုပ်ဖတ်တင်ပို့မှု နှစ်အလိုက်နှိုင်းယှဉ်ပါက ဇန်နဝါရီတွင် မြင့်တက်

အိန္ဒိယနိုင်ငံ၏ ပဲပုပ်ဖတ်နှင့် အခြား တန်ဖိုးမြှင့်ထုတ်ကုန်များ၏ ပြည်ပတင်ပို့မှုမှာ ယခင်နှစ်ကာလတူနှင့် နှိုင်းယှဉ်ပါက ဇန်နဝါရီတွင် ၄၄၆ ဒသမ ၃၈ရာခိုင်နှုန်းမြင့်တက်ခဲ့သည်ဟု အိန္ဒိယ ပဲပုပ်ပြုပြင်ထုတ်လုပ်ရေး အသင်း Soybean Processor Association of India (SOPA) က ပြောကြောင်း ကွန်မိုဒီတီအွန်လိုင်းသတင်းတွင် ဖော်ပြသည်။

ပဲပုပ်ဖတ် တင်ပို့မှုမှာ ၂၀၁၆ ခုနှစ် ဇန်နဝါရီက ၂၈၃ ၉၈ တန်ရှိခဲ့ရာမှ ၂၀၁၇ ခုနှစ် ဇန်နဝါရီတွင် တန်ချိန် ၁ ဒသမ ၅၅ သိန်းထိ ရောက်ရှိခဲ့သည်။ သို့သော်လည်း ဒီဇင်ဘာတင်ပို့မှုနှင့် နှိုင်းယှဉ်ပါက ၃၅ ရာခိုင်နှုန်း ကျဆင်းခဲ့သည်။

၂၀၁၆ ခုနှစ် ဧပြီမှ ၂၀၁၇ ခုနှစ် ဇန်နဝါရီအထိ ကာလအတွင်း ပဲပုပ်ဖတ်နှင့် အခြားပဲပုပ်တန်ဖိုးမြှင့် ထုတ်ကုန်တင်ပို့မှုမှာ ယခင်နှစ်ကာလတူက တင်ပို့ခဲ့သော ၃၃၀၇၀၂ တန်နှင့်နှိုင်းယှဉ်ပါက ၈၁ ဒသမ ၈၂ ရာခိုင်နှုန်း မြင့်တက်ပြီး ၆၀၁၂၉၄ တန်ထိ ရောက်ရှိခဲ့သည်။

ယခု ဆီထွက်သီးနှံရာသီအတွင်း စုစုပေါင်းတင်ပို့မှုမှာ ၅၂၅၆၂ တန်ရှိခဲ့ရာ ယခင်နှစ်က တင်ပို့မှုဖြစ်သော ၁၂၉၁၇၄ တန်နှင့် နှိုင်းယှဉ်ပါက ၃၀၆ ဒသမ ၇၆ ရာခိုင်နှုန်း မြင့်တက်ခဲ့သည်။ အိန္ဒိယနိုင်ငံ၏ ဆီထွက်သီးနှံ ရာသီမှာ အောက်တိုဘာမှ စက်တင်ဘာအထိ ဖြစ်သည်။

# သိုလှောင်လက်ကျန် နည်းပါးမှုနှင့်ဝယ်လိုအား မြင့်တက်မှုကြောင့် သကြားဈေးနှုန်းမြင့်တက်



သိုလှောင်လက်ကျန် ကျဆင်းမှုနှင့် ဝယ်လိုအားမြင့်တက်လာမှုကြောင့် အိန္ဒိယနိုင်ငံရှိ လက်ကားဈေးကြီးများတွင် သကြားဈေးနှုန်းများ တစ်ဟုန်ထိုး မြင့်တက်ခဲ့ကြောင်း ကွန်မိုဒီတီအွန်လိုင်းသတင်းတွင် ဖော်ပြသည်။

ဒေလီရှိ လက်ကားဈေးတွင် သကြားဈေးနှုန်းမှာ ဖေဖော်ဝါရီ ၆ ရက်က တစ်ကွင်တယ်ကို ရူပီး ၆၀ ပိုမိုမြင့်တက်ခဲ့ရာ ခြောက်နှစ်အတွင်း အမြင့်ဆုံးနှုန်းသို့ ရောက်ရှိခဲ့သည်။ ယခုရာသီတွင် ထုတ်လုပ်မှုကျဆင်းမည်ဟု ခန့်မှန်း တွက်ချက်ကြသည့်အတွက်ကြောင့်လည်းကောင်း၊ သကြားစက်များမှ ပေးသွင်းမှု ကျဆင်းသည့်အတွက်ကြောင့်လည်းကောင်း ဈေးကွက်များတွင် သကြားရှားပါးပြီး ဈေးနှုန်းများ တက်ရိပ်ပြလာခြင်းဖြစ်သည်။ ကြံပင်များ ရှားပါးမှုကြောင့် အိန္ဒိယနိုင်ငံ၏ သကြားထုတ်လုပ်ရာ ဒေသများမှ သကြားစက်များတွင် ကြံကြိတ်သည့် လုပ်ငန်းများ ရပ်ဆိုင်းထားသည်။

တရားမဝင် ငွေစက္ကူကြေညာပြီး နောက်ပိုင်း အိန္ဒိယနိုင်ငံ၏ အဓိကဈေးကွက်များတွင် သကြားဈေးများ တစ်ဟုန်ထိုး ကျဆင်းခဲ့သည်။ သို့သော်လည်း မကြာမီအချိန်မှာပင် ဈေးနှုန်းများ စတင်မြင့်တက်စပြုလာပြီး ကာလတိုအတွင်း ကျဆင်းမည့် လက္ခဏာကို မတွေ့ရသေးဟုဆိုသည်။

**ဉာဏ်တင်-စုစည်းတင်ပြသည်**

# အိန္ဒိယနိုင်ငံအစိုးရ၏ ပဲမျိုးစုံ ဝယ်ယူဖြည့်တင်းမှု ဆက်လက်အရှိန်ရလာ

၂၀၁၆-၁၇ မိုးရာသီမှထွက်ရှိသော ပဲမျိုးစုံတို့ကို အိန္ဒိယအစိုးရအေဂျင်စီများက ဝယ်ယူဖြည့်တင်းမှု ဆက်လက်အရှိန်ရလျက်ရှိကြောင်း ကွန်မိုဒီတီအွန်လိုင်းသတင်းတွင် ဖော်ပြသည်။

၂၀၁၇ ခုနှစ် ဖေဖော်ဝါရီ ၁၁ ရက်အထိ ရရှိထားသော စာရင်းများအရ ဝယ်ယူဖြည့်တင်းမှုပမာဏမှာ မက်ထရစ်တန် ၄၄၅၄၉၀ အထိ ရောက်ရှိခဲ့သည့်အနက် ပဲတီစိမ်း မက်ထရစ်တန် ၂၀၆၃၈၅ တန်၊ မတ်ပဲ ၈၄၁၅၄ တန်နှင့် ပဲစင်းငုံ မက်ထရစ် တန် ၁၅၄၉၅၁ တန်ရှိခဲ့သည်။ ပဲမျိုးစုံ ဝယ်ယူဖြည့်တင်းမှုလုပ်ငန်းများကို အိန္ဒိယ အစားအစာကော်ပိုရေးရှင်း၊ အိန္ဒိယ အမျိုးသားလယ်ယာစိုက်ပျိုးရေးသမဝါယမ ဈေးကွက်ရှာဖွေရေးဖက်ဒရေးရှင်း (NAFED) နှင့် အသေးစား လယ်သမားများ လယ်ယာစီးပွားအသင်း(SFAC) တို့က ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

၂၀၁၆-၁၇ ခုနှစ်ရာသီတွင် ကြားခံသိုလှောင်မှုအဖြစ် ပဲမျိုးစုံတန်ချိန် သိန်း ၂၀ ရရှိအောင် ဝယ်ယူသွားရန် ရည်မှန်းထားပြီး ဝယ်ယူရရှိသည့် ပဲမျိုးစုံအနက် တန်ချိန် ၁၀ သိန်းကို ပြည်ပမှတင်သွင်းပြီး ကျန်တန်ချိန် ၁၀သိန်းကို မိုးရာသီနှင့် ဆောင်းရာသီ၌ ပြည်တွင်းမှ ထွက်ရှိမည့် ပဲမျိုးစုံငါးတန်စီဝယ်ယူသွားမည်ဖြစ်သည်။

Vol: 17, No.7 Monday February 13 2017

# အထိန်းအကွပ်မဲ့ ခြံမွေးတိရစ္ဆာန် မွေးမြူထုတ်လုပ်မှုများပြားလာမှုကြောင့် ဒေသတွင်း၌ ကျန်းမာရေးအတွက် စိုးရိမ်မှုမြင့်မား

အရှေ့နှင့်အရှေ့တောင်အာရှဒေသတွင် အသားနှင့် အခြားတိရစ္ဆာန် အခြေပြုထွက်ကုန်များနှင့် အသားများအတွက် ဝယ်လိုအားနှင့် စားသုံးမှု မြင့်တက်လာမှုက လူသန်းပေါင်းများစွာ၏ ကျန်းမာရေးကို ခြိမ်းခြောက်လျက်ရှိနေသည်ဟု ကမ္ဘာ့စားနပ်ရိက္ခာအဖွဲ့(FAO)က သတိပေးထားကြောင်း နေးရှင်းသတင်းတွင် ဖော်ပြထားသည်။

အထိန်းအကွပ်မဲ့ ထုတ်လုပ်သူများက ဝယ်လိုအားကို ပြည့်မီရန်အတွက် အပြေးအလွှား ဆောင် ရွက်နေရပြီး မကြာခဏဆိုသလို ရောဂါဘယ ဖြစ်ပွားမှုနှင့် ကူးစက်ပြန့်ပွားမှုကို မျက်ကွယ်ပြုကာ ဆောင် ရွက်လျက်ရှိကြောင်းလည်း ဖော်ပြထားသည်။

FAO က ထုတ်ပြန်သော ကိန်းဂဏန်းများအရ လွန်ခဲ့သော နှစ်ပေါင်း ၅၀ အတွင်း အရှေ့တောင်အာရှဒေသတွင် အသားစားသုံးမှုက အဆမတန် မြင့်တက်ခဲ့သည်ကို တွေ့ရသည်။ လူတစ်ဦးကျ အသားစားသုံးမှု ပမာဏမှာ ၁၉၆၀ ပြည့်လွန်နှစ်များအတွင်းက ၉ ကီလိုဂရမ်ရှိခဲ့ရာမှ ၂၀၁၅ ခုနှစ်တွင် လူတစ်ဦးကျ အသားစားသုံးမှုမှာ ၅၀ ကီလိုဂရမ်အထိ ရှိခဲ့သည်။ ရာခိုင်နှုန်းအရ ၅၀၀ ရာခိုင်နှုန်း တိုးတက်လာခြင်းဖြစ်သည်။ တိုးတက်မည့်အလားအလာမှာ ဆက်လက်တည်ရှိနေဦးမည်ဖြစ်ပြီး ယခုရာစုနှစ် အလယ်လောက်တွင် နောက်ထပ် ၁၅ ရာခိုင်နှုန်း တိုးတက်လာဦးမည်ဟု ခန့်မှန်းရသည်။

ဝယ်လိုအားနှင့် စားသုံးမှုမြင့်တက်လာရခြင်းမှာ ဒေသတွင်း အထူးသဖြင့် တရုတ်နိုင်ငံတွင် ချမ်းသာ ကြွယ်ဝမှု မြင့်တက်လာခြင်း၊ အစားအစာပုံစံ ပြောင်းလဲခြင်းနှင့် ပရိုတိန်းဓာတ်ကြွယ်ဝသော အစားအစာတို့ကို ပိုမိုစားသုံးလာကြသည့်အတွက်ဖြစ်သည်။ တရုတ်နိုင်ငံကို ထည့်သွင်း တွက်ချက်ခြင်းမရှိသည့် တိုင်အောင်အထက်တွင် ဖော်ပြခဲ့သော ကာအလတွင်း ဒေသတွင်း၌ အသားစားသုံးမှု တိုးတက်နှုန်းမှာ သုံးဆ ကျော် တိုးတက်ခဲ့သည်ကို တွေ့ရသည်။ ဥပမာအားဖြင့် ဂျပန်နိုင်ငံတွင် ၁၉၈၀ ပြည့်လွန်နှစ်များအတွင်း လူတစ်ဦးကျ အသားစားသုံးမှုမှာ ၃၃ ကီလိုနှုန်း ရှိခဲ့ရာမှ ၁၉၉၀ ပြည့်လွန်နှစ်များတွင် ၄၁ ကီလိုအထိ မြင့်တက်ခဲ့သည်။ ပြည်တွင်းထွက်ရှိမှု ကျဆင်းသည့်အတွက် ပြည်ပမှ တင်သွင်းမှုသည် လေးဆမြင့်တက်ခဲ့သည်။

"လူစားသုံးဖို့ မွေးမြူတဲ့ တိရစ္ဆာန်အများစု ဖွံ့ဖြိုးတိုးတက်မှုမှာ ကြီးကြပ်ထိန်းကွပ်မှု မရှိသည့် အတွက် အစားအစာဘေးကင်းလုံခြုံရေးနှင့် စားသုံးသူယုံကြည်မှု၊ လူသားနဲ့တိရစ္ဆာန် ကျန်းမာရေးအတွက် ကာကွယ်စောင့်ရှောက်မှုနှင့် လက်ရှိဖြစ်ပွားနေတဲ့ နယ်နိမိတ်ဖြတ်ကျော် ရောဂါကူးစက်မှုနဲ့ ရောဂါဘေးမှ ကာကွယ်မှုစသည့် လုပ်ငန်းများကို ကောင်းမွန်စွာ မဆောင်ရွက်နိုင်သေးတာ တွေ့ရပါတယ်။ အသားထုတ်လုပ်မှုစနစ်မှာ ဒီလိုအားနည်းချက်တွေရှိတဲ့အတွက် အကျိုးဆက်အဖြစ် လက်ရှိရောဂါတွေနဲ့ နောက်ထပ်တိုးလာတဲ့ ရောဂါတွေ ဖြစ်ပွားလာရပါတယ်"ဟု FAQ အဖွဲ့၏ တိရစ္ဆာန်မွေးမြူရေး အရာရှိဒေါက်တာ ယွမ်လူဘရော့သ်က ပြောသည်။

# ထရမ့်၏မူဝါဒများက ထိုင်းပို့ကုန်များကို ပြင်းထန်စွာ မထိခိုက်နိုင်

အမေရိကန်သမ္မတ ဒေါ်နယ် ထရမ့်က ခွဲခြားမှုမထားဘဲ နိုင်ငံတိုင်းကို သွင်းကုန်ခွန်များ တိုးမြှင့်ကောက်ခံမည်ဆိုပါက အမေရိကန်ဈေးကွက်အပေါ်တွင် အများကြီးမှီခိုနေရသော လယ်ယာစိုက်ပျိုးရေးနှင့် ကုန်ထုတ်လုပ်မှုကဏ္ဍ နှစ်ခုစလုံးရှိ ထိုင်းထုတ်ကုန်များ၏ ဖွံ့ဖြိုးတိုးတက်မှုနှုန်း နှေးကွေးစေနိုင်သည်ဟု ထိုင်းစီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ကုန်သွယ်မှု မူဝါဒနှင့် မဟာဗျူဟာရုံး၏ လေ့လာချက်အစီရင်ခံစာတွင် ဖော်ပြထားကြောင်း နေးရှင်းသတင်းတွင် ဖော်ပြသည်။

"ဒါပေမယ့် အမေရိကန်နိုင်ငံက အထူးသဖြင့် တရုတ်နဲ့ မက္ကဆီကိုလို နိုင်ငံမျိုးတွေကိုရွေးပြီး အခွန်တိုးမြှင့်ကောက်ခံမယ်ဆိုရင် ထိုင်းထုတ်ကုန်အများစုကို ထိခိုက်နိုင်မှာ မဟုတ်ပါဘူး။ တရုတ်ကုန်ပစ္စည်းတွေကို အစားထိုးနိုင်ဖို့အတွက် တချို့ထုတ်ကုန်တွေဆိုရင် အမေရိကန်ကို ပိုပြီးတင်ပို့နိုင်ဖို့ရှိပါတယ်"ဟု ကုန်သွယ်ရေးမူဝါဒနှင့် မဟာဗျူဟာရုံး ညွှန်ကြားရေးမှူးချုပ် ပင်ချာနော့ဗွန်ကော်ပွန်က ပြောသည်။

သွင်းကုန်ခွန် မြင့်တက်မှုကြောင့် ထိခိုက်မှုမရှိ နိုင်သော ထုတ်ကုန်များတွင် Hard Disk Drive များ၊ ပရင်တာများ၊ ဗီဒီယိုကင်မရာများ၊ လက်ဝတ်ရတနာနှင့်အဆင်တန်ဆာများ၊ တာရာ၊ ကွန်ပျူတာ အစိတ်အပိုင်း၊ စည်သွပ်အသီးနှင့် အေးခဲပုစွန် စသည်တို့ပါဝင်သည်။

အခွင့်အရေး ပေးခံရသော နိုင်ငံများအပါအဝင် ကုန်သွယ်ဖက်နိုင်ငံအားလုံးအပေါ်တွင် သွင်းကုန်ခွန်ကို ထရမ့်က တိုးမြှင့်ကောက်ခံပါက အမေရိကန် ပြည်ထောင်စုသို့ တင်ပို့သော ထိုင်းထုတ်ကုန်များကို ထိခိုက်မှုရှိနိုင်ကြောင်း ပင်ချာနော့က ဖေဖော်ဝါရီ ၆ ရက်ကပြောသည်။

ထိုကဲ့သို့ ဖြစ်ပေါ်မလာပါက ပို့ကုန်အခွင့်အလမ်း ပိုမိုရရှိနိုင်သော ထုတ်ကုန်များမှာ အများအားဖြင့် လူသုံးကုန်များ၊ ယာဉ်အစိတ်အပိုင်းများ၊ တယ်လီဗီးရှင်းစက်များ၊ စက်ဘီးနှင့် မော်တော်ဆိုင်ကယ် အစိတ်အပိုင်းများ၊ မီးဖို၊ ပရိဘောဂ၊ အဝတ်အထည်တို့ ပါဝင် သည်။

အမေရိကန်ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု မူဝါဒများက ရေရာမှုမရှိသည့်အတွက် ရင်းနှီးမြှုပ်နှံမှုအသစ် ဆောင်ရွက်မည့်သူများသည် စောင့်ကြည့်ရမည့် အနေအထားရှိကြောင်း ပင်ချာနော့က ပြောသည်။

ပစိဖိတ် ပူးပေါင်းဆောင်ရွက်မှု သဘောတူစာချုပ် (TPP) မှ နုတ်ထွက်ရန်နှင့် နှစ်နိုင်ငံအပြန်အလှန် သဘောတူစာချုပ်များကို အလေးထားဆောင်ရွက်မှုကြောင့် ဗီယက်နမ်နှင့် မလေးရှားနိုင်ငံတို့ အပါအဝင် ထိုင်းနိုင်ငံ၏ ကုန်သွယ်မှု ပြိုင်ဘက်နိုင်ငံများမှာ TPP မှ အကျိုးခံစားခွင့်များကို ရနိုင်တော့မည် မဟုတ်သည့်အတွက် ထိုင်းနိုင်ငံကို ပိုမိုအကျိုးရှိစေနိုင်လိမ့်မည်ဟု ဖော်ပြထားသည်။

# ဂျပန်အထည်ချုပ်လုပ်ငန်းများက ယာဉ်မောင်းများ၏ အသက်ကိုကယ်မည့်အဝတ်များကို တီထွင်

ဂျပန်နိုင်ငံ အထည်ချုပ်လုပ်ငန်းကုမ္ပဏီများက အိပ်ငိုက်တတ်သော ယာဉ်မောင်းများနှင့် အပူရှိန်ပြင်းထန်လွန်းသော ဆောက်လုပ်ရေးလုပ်ငန်းများရှိ အလုပ်သမားများ၏ အသက်ကို ကာကွယ်ပေးနိုင်မည့် အဝတ်အထည်များကို တီထွင်ထုတ်လုပ်ခဲ့ကြကြောင်း အဆာဟိသတင်းတွင်ဖော်ပြ သည်။

ယခုထုတ်လုပ်သော အဝတ်အထည်များကို ဝတ်ဆင်ထားပါက ဝတ်ဆင်ထားသော အဝတ်အထည်က ဇီဝဆိုင်ရာအချက်အလက်များကို စုဆောင်းပြီး ရရှိသော အချက်အလက်များကို စမတ်ဖုန်း သို့မဟုတ် အခြားကိရိယာများသို့ လွှဲပြောင်းပေးပို့သည်။ အကယ်၍ ရရှိထားသော အချက်အလက်က အန္တရာယ်ဖြစ်စေသည့် အချက်အလက်ဖြစ်ပါက သတိပေးအချက်ပြမည်ဖြစ်သည်။

မျက်မှန်များတွင် တပ်ဆင်အသုံးပြုရသော အီလက်ထရွန်းနစ်ပစ္စည်းများက စားသုံးသူတို့အား ဖမ်းစားခဲ့သည်။ သို့သော်လည်း အဝတ်အထည်ကို အခြေခံ၍ တီထွင်ထုတ်လုပ်ထားပြီး အချိန်မရွေးဝတ်ဆင်၍ရသော ကိရိယာအများအပြားကို တီထွင်ထုတ်လုပ်ထားပြီးဖြစ်သည်။

ဤအဝတ်အထည် အမျိုးအစားများမှာ အားကစားသမားများ၏ လှုပ်ရှားစွမ်းဆောင်မှုကို စောင့်ကြည့်လေ့လာပြီး စွမ်းဆောင်ရည်မြှင့်တင်ပေးရန်



အတွက် အသုံးပြုသည်။ သို့သော်လည်း အသစ် တီထွင်အသုံးပြုနိုင်မည့် နည်းလမ်း များကိုလည်း လေ့လာဖော်ထုတ်လျက်ရှိသည်။ လောလောဆယ်တွင် အီလက်ထရွန်းနစ်သုံး အဝတ်အထည်ဈေးကွက်မှာ ၂၀၁၆ ခုနှစ်က ယန်းသန်း ၈၀ (အမေရိကန်ဒေါ်လာ ၇၁၅၀၀၀) ရှိပြီး ၂၀၂၀ ပြည့်နှစ် ရောက်ပါက ယန်း ၂၁ ဒသမ ၁ ဘီလီယံထိ ရောက်ရှိလာမည်ဟု ယာနိုသုတေသနအဖွဲ့က ခန့်မှန်းထားသည်။

အဝတ်အစားထုတ်လုပ်ရေး လုပ်ငန်းဖြစ်သော တိုယိုဘိုကုမ္ပဏီနှင့် ဆေးဝါးပစ္စည်းများ ထုတ်လုပ်ရေးလုပ်ငန်း Union Tool ကုမ္ပဏီတို့သည် ကုမ္ပဏီနှစ်ခု ပူးပေါင်း၍ အောက်ခံစွပ်ကျယ်တစ်မျိုးကို တီထွင်ထားပြီးဖြစ်ကြောင်းနှင့် အဆိုပါဘောင်းဘီကို ဝတ်ဆင်ထားခြင်းဖြင့် အထူးသဖြင့် ဘတ်စ်ကားနှင့် တက္ကစီယာဉ်မောင်းများ အိပ်ငိုက်သော အခါ အချက်ပြမှုများ ပို့လွှတ်၍ သတိပေးမည်ဖြစ်ကြောင်း ကုမ္ပဏီနှစ်ခုက ဇန်နဝါရီ ၁၁ ရက်တွင် ထုတ်ပြန်ကြေညာခဲ့သည်။

# ဒေသတွင်း ဘက်စုံစီးပွားရေး ပူးပေါင်းဆောင်ရွက်မှု စာချုပ်ဝင်နိုင်ငံများက ကုန်သွယ်မှု ပုံစံများအတွက် အပြီးသတ် ဆွေးနွေးမည်

ယခုနှစ် နှစ်လယ်ပိုင်းတွင် ကုန်စည်ကုန်သွယ်ရေး ဖြေလျှော့မှုပုံစံများကို အပြီးသတ် ဆွေးနွေးနိုင်ရေးအတွက် အာဆီယံနှင့် ကုန်သွယ်ဖက်နိုင်ငံ များမှ အရာရှိများက ကြိုးပမ်းဆောင်ရွက်လျက်ရှိ ကြောင်း နေးရှင်းသတင်းတွင် ဖော်ပြထားသည်။ ကုန်သွယ်မှု ဖြေလျှော့မှုပုံစံများကို အပြီးသတ်ချမှတ်နိုင် မည်ဆိုပါက ဒေသတွင်း ဘက်စုံစီးပွားရေးပူးပေါင်း ဆောင်ရွက်မှု (Regional Comprehensive Economic partnership-RCEP) သဘောတူစာချုပ် ချုပ်ဆိုရေးအတွက် လမ်းပွင့်သွားမည်ဖြစ်ပြီး ကမ္ဘာ့အကြီးဆုံး လွတ်လပ်စွာ ကုန်သွယ်ရေးအုပ်စုကြီးကို ဖွဲ့စည်းနိုင်မည်ဖြစ်သည်။

ပစိဖိတ်ဖြတ် ပူးပေါင်းဆောင်ရွက်မှု (Trans-Pacific Partnership) အဖွဲ့မှ အမေရိကန် ပြည်ထောင်စု နုတ်ထွက်ရန် ဆုံးဖြတ်လိုက်ခြင်းက ကမ္ဘာ့ကုန်သွယ်မှုနယ်ပယ်တွင် RCEP ကို အရေးပါသော အခန်းကဏ္ဍသို့ ရောက်ရှိစေခဲ့ကြောင်း ထိုင်းစီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီး အပီရာဒီတန်ထရာပွန့်က ပြော သည်။

"အာဆီယံနဲ့ သူ့ရဲ့ကုန်သွယ်ဖက် ခြောက်နိုင်ငံတို့က ကုန်စည်ကုန်သွယ်မှုအတွက် ပုံစံတွေကို အပြီးသတ်ချမှတ်ဖို့ ကြိုးစားနေကြပါတယ်။ အခွန်ကောက်ခံမှုကို ရာနှုန်းပြည့် စွန့်လွှတ်မှာတော့ မဟုတ်ပါဘူး။ ဒါပေမဲ့ ကုန်စည်အမယ် ၈၀ ရာခိုင်နှုန်းလောက် အကျုံးဝင်မှာဖြစ်တဲ့အတွက် ကမ္ဘာပေါ်မှာ အကြီးမားဆုံး လွတ်လပ်စွာ ကုန်သွယ်မှု ဇရိယာကို မကြာမီ အပြီးသတ် ဖွဲ့စည်းနိုင်တော့မှာဖြစ်ပါတယ်"ဟု အပီရာဒီက ပြောသည်။

အာဆီယံ ၁၀ နိုင်ငံနှင့်အတူ တရုတ်၊ ဂျပန်၊ တောင်ကိုရီးယား၊ အိန္ဒိယ၊ ဩစတြေးလျနှင့် နယူးဇီလန်တို့ပါဝင်သည့်RCEP အဖွဲ့ဝင် ၁၆ နိုင်ငံတို့သည် ကိစ္စ ရပ်အများအပြားကို ဆွေးနွေးညှိနှိုင်းရန်အတွက် ဖေဖော်ဝါရီ ၂၂ ရက်မှ မတ်လ ၃ ရက်အထိ ဆွေးနွေးပွဲများကို အရှိန်မြှင့်ဆောင်ရွက်သွားကြမည်ဖြစ်သည်။

အရာရှိများအဆင့်တွင် ကုန်သွယ်မှု ပုံစံများကို ညှိနှိုင်းရရှိပြီးသည်နှင့် တစ်ပြိုင်နက် အခြားစေ့စပ်ညှိနှိုင်းမှုများက ရှုပ်ထွေးခက်ခဲမှု မရှိတော့သည့်အတွက် သဘောတူစာချုပ်ဆွေးနွေးမှုများ ပိုမိုလွယ်ကူလာပြီး RCEP သဘောတူစာချုပ်ကို အပြီးသတ်ချုပ်ဆိုနိုင်ရန် အခွင့်အလမ်းများ ပိုရှိလာသည်။

ဘာသာပြန်-စုစည်းတင်ပြသည်

## ပြင်ဆင်ဖတ်ရှုပေးပါရန်

ကောမတ်စ်ဂျာနယ် အတွဲ(၁၇)၊ အမှတ်(၆) နောက်ကျောဖုံးတွင် ပါရှိသော မလေးရှားနိုင်ငံတွင် ရော်ဘာခင်းမော်တော်ကားလမ်းများ ဖောက်လုပ်မည်သတင်း အပိုဒ်-၂တွင်ပါရှိသော **'ဝန်ကြီးချုပ် ဒါတိုဆယ်ရီမာဆူကောင်းက အမိန့်များထုတ်ပြန်ထားကြောင်း နယူးစထရိတ်တိုင်းမ်သတင်းတွင် ဖော်ပြသည်'** အစား **"ဝန်ကြီးချုပ်က အမိန့်ထုတ်ပြန်ထားသည်ဟု ခြံစိုက်ပျိုးရေးနှင့် ကုန်စည်ဝန်ကြီး ဒါတိုဆယ်ရီမာဆူကောင်းက ပြောကြောင်း နယူးစထရိတ်တိုင်းမ်သတင်းတွင် ဖော်ပြသည်'**ဟု ပြင်ဆင်ဖတ်ရှုပေးပါရန်။

**အယ်ဒီတာအဖွဲ့**



# မြန်မာ့ကုန်သွယ်ဖက်နိုင်ငံများရဲ့ ငွေကြေး ရက်သတ္တပတ်

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က အခွန်အစီအစဉ်ကို ကြေညာပေးမည်ဖြစ်ကြောင်း ကတိပြုပြီးနောက်ပိုင်း ဖေဖော်ဝါရီ ၁၀ ရက်တွင် အမေရိကန်ဒေါ်လာတန်ဖိုး မြင့်တက်လာပြီး အာရှငွေကြေးများ၏ တန်ဖိုးများ ကျဆင်းခဲ့သည်။ ထိုသို့ ဆောင်ရွက်ပေးမည်ဆိုပါက အမေရိကန်စီးပွားရေးဖွံ့ဖြိုးမှုကို အားပေးမည့် ငွေကြေးမူဝါဒပေါ်ပေါက်လာလိမ့်မည်ဟူသော မျှော်လင့်ချက်ကြောင့် ယခုကဲ့သို့ ဒေါ်လာတန်ဖိုးမြင့်တက်လာခြင်းဖြစ်သည်။

သို့သော်လည်း တရုတ်နိုင်ငံ၏ ဇန်နဝါရီအတွက် ထုတ်ပြန်သော ကုန်သွယ်မှုကိန်းဂဏန်းအချက်အလက်များကို ကြည့်ခြင်းအားဖြင့် ခန့်မှန်းထားသည်ထက် ပိုမိုကောင်းမွန်လျက်ရှိသည်ကို တွေ့ရသည်။ ကမ္ဘာပေါ်တွင် ဒုတိယအကြီးမားဆုံးဖြစ်သော တရုတ်နိုင်ငံစီးပွားရေးသည် ကိန်းဂဏန်းများအရဆိုပါက အားတက်စရာအခြေအနေရှိသဖြင့် အာရှစီးပွားရေးကိုလည်း အထောက်အကူပြုမည့် လက္ခဏာကို ပြသလျက်ရှိရာ ဒေသတွင်းငွေကြေးများ၏ တန်ဖိုးကျဆင်းမှုကို သက်သာရာရစေခဲ့သည်။

ဖေဖော်ဝါရီ ၁၀ ရက်က ပြုလုပ်သော အမေရိကန်သမ္မတ ထရမ့်နှင့် ဂျပန် ဝန်ကြီးချုပ် ရှင်ဇိုအာဘေးတို့၏ ထိပ်သီးအစည်းအဝေးကလည်း ကာလတိုအတွင်းတွင် ဂျပန်ယန်းငွေအပေါ်တွင် အကျိုးသက်ရောက်မှုရှိပြီး ဝမ်ငွေကြေး အပါအဝင် အချို့ငွေကြေးများကို အားနည်းစေခဲ့သည်။

## တရုတ်ယွမ်

ဒေါ်လာတန်ဖိုးမြင့်တက်မှုကြောင့် ဖေဖော်ဝါရီ ၁၀ ရက်နေ့က တရုတ်ပြည်မကြီးနှင့် ပြည်ပဈေးကွက်နှစ်ခုစလုံးတွင် ဒေါ်လာနှင့် ဖလှယ်ရာ၌ ယွမ်ငွေတန်ဖိုးကျဆင်းခဲ့သည်။

ငွေလက်ငင်းဈေးကွက်တွင် နံနက် ၁၂ နာရီ ၂၀ မိနစ်က ယခင်နေ့ကတန်ဖိုးကျဆင်းနေသော ယွမ်ငွေတန်ဖိုးသည် သုညဒသမ ၁၃ ရာခိုင်နှုန်း ဆက်လက်ကျဆင်းကာ အမေရိကန်တစ်ဒေါ်လာကို ၆ ဒသမ ၈၇၈ ယွမ်နှုန်းရှိခဲ့သည်။ ဟောင်ကောင်တွင် ရောင်းဝယ် လျက်ရှိသော Offshore ယွမ်တန်ဖိုးမှာ လည်း သုညဒသမ ဝ၂ ရာခိုင်နှုန်းကျဆင်းကာ အမေရိကန်တစ်ဒေါ်လာကို ၆ ဒသမ ၈၆၅၃ ယွမ်နှုန်းရှိခဲ့သည်။ တရုတ်ဗဟိုဘဏ်ကနေ့စဉ်ရည်ညွှန်း ဖလှယ်နှုန်းကို သုညဒသမ ၁၆ ရာခိုင်နှုန်းလျှော့ချပြီး အမေရိကန်တစ်ဒေါ်လာကို ၆ ဒသမ ၈၈၁၉ ယွမ်နှုန်း သတ်မှတ်ခဲ့သည်။

## အိန္ဒိယရူပီး

ဘဏ်များနှင့် ပို့ကုန်လုပ်ငန်းများကအမေရိကန်ဒေါ်လာကို ရောင်းချလျက်ရှိသဖြင့် ဖေဖော်ဝါရီ ၁၀ ရက်က အမေရိကန်ဒေါ်လာနှင့် ဖလှယ်ရာတွင် ရူပီးတန်ဖိုးသည် သုညဒသမ ဝ၃ ရူပီးမြင့်တက်ပြီး အမေရိကန်တစ်ဒေါ်လာကို ၆၆ ဒသမ ၈၂ ရူပီးနှုန်းရှိခဲ့သည်။

ပြည်ပဈေးကွက်တွင် အခြားငွေကြေးများနှင့် ဖလှယ်ရာ၌ ဒေါ်လာတန်ဖိုးကျဆင်းမှုနှင့် ရှယ်ယာဈေးကွက်တွင် ပြည်တွင်းရှယ်ယာဈေးများမြင့်တက်ခြင်းကလည်း ရူပီးငွေကြေးတန်ဖိုးမြင့်တက်စေရန် အထောက်အကူဖြစ်စေခဲ့ကြောင်း ငွေကြေးဝယ်ရောင်းသမားတို့က ပြောသည်။

## ဂျပန်ယန်း

ဖေဖော်ဝါရီ ၁၀ ရက်တွင် အမေရိကန်သမ္မတနှင့် ဂျပန်ဝန်ကြီးချုပ်တို့ တွေ့ဆုံသည့် ထိပ်သီးဆွေးနွေးပွဲကြောင့် ဂျပန်ယန်းငွေနှင့် ဖလှယ်ရာတွင် ဒေါ်လာတန်ဖိုးမြင့်တက်ခဲ့သည်။ အမေရိကန်ဒေါ်လာနှင့် ဂျပန်ယန်းငွေတို့ ဖလှယ်နှုန်းမှာဖေဖော်ဝါရီ ၉ ရက်ညနေငါးနာရီက အမေရိကန်တစ်ဒေါ်လာကို နယူးယောက်ဈေးကွက်တွင် ၁၁၃ ဒသမ ၂၀ ယန်းနှင့် တိုကျိုဈေးကွက်တွင် ၁၁၂ ဒသမ၃၄ ယန်းရှိခဲ့ရာမှ နောက်တစ်နေ့နံနက် ၉ နာရီတွင် ၁၁၃ ဒသမ ၄၅ ယန်းနှုန်းရှိခဲ့သည်။

ယူရိုငွေကြေးမှာ တစ်ယူရိုကို ဖေဖော်ဝါရီ ၉ ရက်ညနေက နယူးယောက်ဈေးကွက်တွင်အမေရိကန်ဒေါ်လာ ၁ ဒသမ ဝ၆၅ဝ နှင့် ၁၂၀ ဒသမ ၆၁ ယန်းဖြင့် လည်းကောင်း တိုကျိုဈေးကွက်တွင် အမေရိကန်ဒေါ်လာ ၁ ဒသမ ဝ၆၇၈ နှင့် ၁၁ ဒသမ ၉၆ ယန်းနှုန်းရှိခဲ့ရာမှ နောက်တစ်နေ့နံနက်တွင် အမေရိကန်ဒေါ်လာ ၁ ဒသမ ဝ၆၅၆ နှင့် ၁၂၀ ဒသမ ၉၀ ယန်းနှုန်းရှိခဲ့သည်။

## မလေးရှားရင်းဂစ်

အမေရိကန်ဒေါ်လာတန်ဖိုး ထပ်မံမြင့်တက်လာပြီးနောက်ပိုင်း ရင်းဂစ်ငွေကြေး၏ ဝယ်လိုအား ကျဆင်းလာသည့်အတွက် ဖေဖော်ဝါရီ ၁၀ ရက် ဈေးအဖွင့်တွင်အမေရိကန် ဒေါ်လာနှင့်ဖလှယ်ရာ၌ ရင်းဂစ်တန်ဖိုးကျဆင်းခဲ့သည်။

အမေရိကန်ဒေါ်လာနှင့် ရင်းဂစ်ဖလှယ်နှုန်းမှာ ဖေဖော်ဝါရီ ၉ ရက်က အမေရိကန်တစ်ဒေါ်လာကို ၄ ဒသမ ၄၃၇၀ ရင်းဂစ်နှုန်းရှိခဲ့ရာမှ ဖေဖော်ဝါရီ ၁၀ ရက်နံနက် ၉ နာရီ ၅ မိနစ်တွင် အမေရိကန်တစ်ဒေါ်လာကို ၄ ဒသမ ၄၄၃၀ ရင်းဂစ်နှုန်းရှိခဲ့သည်။ ဖေဖော်ဝါရီ ၉ ရက်က Thaipusam ပွဲတော်အားလပ်ရက်အဖြစ် ဈေးပိတ်သည်။

## ကိုရီးယားဝမ်

စီးပွားရေး လုပ်ငန်းခွန်များကို လျှော့ချပေးမည်ဟု အမေရိကန်သမ္မတက ကတိပြုပြီးနောက်ပိုင်း ဝေါစထရီတွင် ရှယ်ယာတန်ဖိုးများမြင့်တက်ပြီးနောက် ဖေဖော်ဝါရီ ၁၀ ရက်တွင် တောင်ကိုရီးယားရှယ်ယာ ဈေးမှာလည်း မြင့်တက်ခဲ့သည်။ သို့သော်လည်းတောင်ကိုရီးယားဝမ်ငွေကြေး တန်ဖိုးမှာ ယခင်နေ့က ဖလှယ်နှုန်းနှင့် နှိုင်းယှဉ်ပါက ၇ ဒသမ ၃ ကျဆင်းပြီး အမေရိကန် တစ်ဒေါ်လာကို ၁၁၅၂ ဒသမ ၃၀ ဝမ်နှုန်းရှိခဲ့သည်။

## ထိုင်းဘတ်

ရိုက်တာသတင်းဌာနက ပြုစုထားသော ကိန်းဂဏန်းများအရ ထိုင်းဘတ်ငွေတန်ဖိုးသည် ဒေါ်လာနှင့် ဖလှယ်ရာ၌ ဖေဖော်ဝါရီ ၉ ရက်က ၃၅ ဒသမ ဝဝ ဘတ်နှုန်းရှိခဲ့ရာမှ နောက်တစ်နေ့တွင် သုညဒသမ ၁၄ရာခိုင်နှုန်းကျဆင်းကာ အမေရိကန်တစ် ဒေါ်လာကို ၃၅ ဒသမ ဝ၅ ဘတ်နှုန်း ရှိခဲ့သည်။

## မူဝါဒ အတိုးနှုန်းကို မပြောင်းလဲဘဲ ထားရှိရန် ထိုင်းဗဟိုဘဏ် ဆုံးဖြတ်

ပြည်တွင်း မရေရာမှုများ ရှိနေသော်လည်း ဗဟိုဘဏ်မူဝါဒ ရေးဆွဲသူတို့က ထိုင်းစီးပွားရေးဖွံ့ဖြိုး တိုးတက်မှုနှုန်းသည် မူလခန့်မှန်းထားသည့်နှုန်းထက် ပိုမိုတိုးတက်မည်ဟု ယူဆထားသည့်အတွက် ထိုင်းဗဟိုဘဏ်က ဗဟိုဘဏ်မူဝါဒအတိုးနှုန်းကို မပြောင်းလဲဘဲ ဆက်လက်ထိန်းထားကြောင်း rttnews သတင်းတွင် ဖော်ပြသည်။

ထိုင်းဗဟိုဘဏ် ငွေကြေးမူဝါဒ ကော်မတီသည် ဗဟိုဘဏ်အတိုးနှုန်းကို ၁ ဒသမ ၅၀ ရာခိုင်နှုန်းအဖြစ် ဆက်လက်ထိန်းထားရန် ဖေဖော်ဝါရီ ၈ ရက်က တစ်ညီတစ်ညွတ်တည်း ဆုံးဖြတ်ခဲ့သည်။ ဗဟိုဘဏ်၏ အခြေခံစံထားအတိုးနှုန်းကို ၂၀၁၅ ခုနှစ် ဧပြီက လျှော့ချပေးခဲ့ပြီး နောက်ပိုင်းတွင် ဤနှုန်းထားအတိုင်း ဆက်လက်ထိန်းထားခဲ့ခြင်းဖြစ်သည်။

စီးပွားရေးအခြေအနေမှာ ကျယ်ကျယ်ပြန့်ပြန့် နာလန်ထူလာပြီဖြစ်သည့်အတွက် ထိုင်းစီးပွားရေးသည် လျင်မြန်သောနှုန်းဖြင့် ဖွံ့ဖြိုးတိုးတက်လာလိမ့်မည်ဟု ခန့်မှန်းထားသည်။ စီးပွားရေးဖွံ့ဖြိုးမှု အလားအလာတိုးတက်ကောင်းမွန်လာပြီဟု ဆိုသော်လည်း စွန့်စားမှုအန္တရာယ်များ အမျိုးမျိုးရှိနေသေးသည့်အတွက် အနီးကပ်လေ့လာစောင့်ကြည့်ရန် လိုအပ်မည်ဟုလည်း ယူဆထားကြသည်။

ထို့ပြင် ငွေကြေးဖောင်းပွမှု နှုန်းမှာလည်း ဒီဇင်ဘာက မူလရည်မှန်းထားသည့် အနေအထားသို့ ရောက်ရှိလာပြီဖြစ်ကြောင်းနှင့် ငွေကြေးဖောင်းပွမှုနှုန်းမှာ အတက်ဘက်တွင်ရှိနေကြောင်း ဗဟိုဘဏ်က ခန့်မှန်းထားသည်။

## ခြောက်နှစ်အတွင်း ပထမဆုံးအကြိမ်အဖြစ် တရုတ်နိုင်ငံ အရန်နိုင်ငံခြားငွေကြေး ဒေါ်လာသုံးထရီလီယံအောက် ကျဆင်း

တရုတ်နိုင်ငံ၏ အရန်နိုင်ငံခြားငွေကြေးသည် ခြောက်နှစ်အတွင်း ပထမဆုံးအကြိမ်အဖြစ် အမေရိကန်ဒေါ်လာ သုံးထရီလီယံအောက် ကျဆင်းခဲ့ကြောင်းနှင့် ဤပမာဏမှာ ပြည်ပသို့ ငွေကြေးစီးထွက်မှုကို ထိန်းချုပ်နိုင်ရန်အတွက် သတ်မှတ်ထားသော ဘောင်ကိုကျော်လွန်လာခြင်းဖြစ်ကြောင်း တရုတ်ဗဟိုဘဏ်၏ ဖေဖော်ဝါရီ ၈ ရက်က ကြေညာချက် ကို ကိုးကား၍ အေအက်ဖ်ပီသတင်းတွင် ဖော်ပြသည်။

ကမ္ဘာပေါ်တွင် ဒုတိယအကြီးမားဆုံးဖြစ်သော တရုတ်နိုင်ငံ၏စီးပွားရေး ဖွံ့ဖြိုးမှု နှေးကွေးခြင်းနှင့် မကြာသေးမီကာလများအတွင်းက တရုတ်ယွမ်ငွေတန်ဖိုး ကျဆင်းခြင်းတို့က အကျိုးအမြတ် ပိုမိုရရှိလိုသော ရင်းနှီးမြှုပ်နှံသူတို့က တရုတ်နိုင်ငံပြင်ပသို့ မတည်ရင်းနှီးငွေများကို အလုံးအရင်းဖြင့် ပြောင်းရွှေ့အောင် အားပေးခဲ့သည်။ သို့သော်လည်း ဒေါ်လာတန်ဖိုးခိုင်မာမှုကြောင့် တန်ဖိုးကျဆင်းမှုနှင့် ရင်ဆိုင်နေရသော ယွမ်တန်ဖိုးကို မြှင့်တင်ခြင်းဖြင့် ငွေကြေးများ ပြည်ပသို့ စီးထွက်မှုကို ထိန်းချုပ်ရန် ကြိုးပမ်းမှုကြောင့် တရုတ်နိုင်ငံ၏ နိုင်ငံခြား အရန်ငွေကြေးပမာဏကို လျင်မြန်စွာ ကျဆင်းစေခဲ့သည်။

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က ကိုယ်ကျိုးစီးပွားကာကွယ်မှုကို အကောင်အထည်ဖော်ဆောင်ရွက်ခြင်း သို့မဟုတ် ဒေါ်လာတန်ဖိုးမြှင့်တင်ပြီး အမေရိကန်စီးပွားရေး တိုးတက်အောင် ဆောင်ရွက်ခြင်းပြုမည်ဆိုပါက တရုတ်နိုင်ငံသည် ဖိအားပေးမှုများနှင့် ပိုမိုရင်ဆိုင်ရဖွယ်ရှိသည်။

တရုတ်နိုင်ငံခြားအရန်ငွေကြေးမှာ ဇန်နဝါရီလတွင် အမေရိကန်ဒေါ်လာ ၁၂ ဒသမ ၃ ဘီလီယံကျဆင်းပြီး အမေရိကန်ဒေါ်လာ ၁၂ ဒသမ ၉၉၈ ထရီလီယံသို့ ရောက်ရှိခဲ့ကြောင်း တရုတ်ဗဟိုဘဏ်စာရင်းများအရ သိရသည်။

ဘဏ်တင်-စုစည်းတင်ပြသည်

JPM SERVICES CO.,LTD.

Email- jpmautocenter@gmail.com
Web: www.jpmmotors.com

# JPM

CAR SALE CENTER



HOT LINE
09 253008800

မော်တော်ကားဝယ်ယူရန် စီစဉ်စဉ်းစားနေသူများအတွက် မြန်မာနိုင်ငံသားများနှင့်အထူးသင့်လျော်သော ဂျပန်နိုင်ငံမှ တိုက်ရိုက်တင်သွင်းလာသည့် အရည်အသွေးကောင်းမွန်ပြီး စိတ်ချရတဲ့ကားကောင်းကားသန့် အမျိုးအစားအစုံကို စိတ်တိုင်းကျအမည်ပေါက် ရွေးချယ်ဝယ်ယူနိုင်ရန် ကျွန်တော်တို့ JPM Car Sale Center မှ မိတ်ဟောင်း /မိတ်သစ်ကြီးများကိုဖိတ်ခေါ်အပ်ပါသည်။

No (42/A), New University Avenue Road, Bahan Township, Yangon. ( 5 Movie ရုံးချုပ်အနီး၊ ဆွေထိုင်းစားသောက်ဆိုင်ရှေ့ )၊ Ph: 01 860 3921

# ZAR THA PYIN

INT'L TRADING CO.,LTD.



No.(8), Lai Yar 3 street, (Near Yadanar Road), Thaketa Township, Yangon.
Tel : 01-9410014, 09-8701459




Min Dhama
Company Ltd.

Certificate No. QM4739

**One-stop service Provider in Construction, Steel Struction & Infrastructure**

SUCCESS AND INNOVATION THROUGH EXPERIENCE



**CONSTRUCTION**

We implement quality design and engineering skill to serve multi- level of clients in the fields of construction for industrial, commercial, national and residential buildings and infra structure by integrating of skilled workforce, latest technology and equipment with high quality standard construction materials.

No.103/104, Bayintnaung Road, Shwepyithar Industrial Zone (4), Shwepyithar Township, Yangon, Myanmar.
Tel : +95 1 618790 ~ 799
Fax : +95 1 618220

www.mottamaholdings.com

# ဗီယက်နမ်စီးပွားရေးလုပ်ငန်းများက ပူးတွဲကုန်အမှတ်တံဆိပ်ကို အသုံးပြုလာ




ပူးတွဲကုန်အမှတ်တံဆိပ်အသုံးပြုမှုသည် အပြည်ပြည်ဆိုင်ရာ ဈေးကွက်တွင် အသုံးတွင်ကျယ်လာသော နည်းလမ်းတစ်ခုဖြစ်လာသည့်အတွက် ဗီယက်နမ် စီးပွားရေးလုပ်ငန်းများက ကမ္ဘာ့ဈေးကွက်သို့ ထိုးဖောက်ဝင်ရောက်ရာတွင် အလွယ်ကူဆုံးနည်းလမ်းတစ်ခု အဖြစ်အသုံးပြုလာကြောင်း ဗီယက်နမ်နယူးစ်သတင်းတွင် ဖော်ပြသည်။

၎င်းနည်းလမ်းကို အသုံးပြုသော ဗီယက်နမ်စီးပွားရေးလုပ်ငန်းများတွင် ဖိနပ်ထုတ်လုပ်ရေးလုပ်ငန်း Biti နှင့် လက်ဝတ်ရတနာ ထုတ်လုပ်ရေးလုပ်ငန်း PNJ တို့မှာ ပထမဆုံး ပြည်တွင်းစီးပွားရေးလုပ်ငန်းများဖြစ်ကြသည်။

ဒစ္စနေ၏ နာမည်ကြီးရုပ်ရှင် Frozen တွင်ပါရှိသော ရုပ်ပုံများကို ကုမ္ပဏီ ထုတ်ကုန်များအပေါ်တွင် အသုံးပြုခွင့်ကို Biti ကုမ္ပဏီက ရရှိခဲ့သည်။ PNJ ကုမ္ပဏီကမူ ကုန်ပစ္စည်းများကို ထုတ်လုပ်ရာတွင် ပြင်သစ်ကုမ္ပဏီတစ်ခုဖြစ်သော Swarovski နှင့် ပူးတွဲဆောင်ရွက်ခဲ့သည်။

"ကမ္ဘာ့တစ်ဝန်း နာမည်ရနေတဲ့ ကုန်အမှတ်တံဆိပ်တွေ အသုံးပြုခွင့်ကို ဝယ်ယူခြင်းအားဖြင့် ဗီယက်နမ်စီးပွားရေးလုပ်ငန်းများရဲ့ အရည်အသွေး တိုးတက်လာစေရုံသာမက သုံးစွဲသူများကလည်း အကောင်းစားထုတ်ကုန်တွေကို အသုံးပြုခွင့်ရခဲ့ပါတယ်" ဟု Biti ကုမ္ပဏီ၏ လက်ထောက်ညွှန်ကြားရေးမှူးချုပ် Vuu Le Quyen က ပြောကြောင်း Phu Nu (အမျိုးသမီး) သတင်းစာတွင် ဖော်ပြသည်။

ကုန်အမှတ်တံဆိပ်ကို ပူးတွဲအသုံးပြုခြင်းအားဖြင့် နိုင်ငံတကာ အမှတ်တံဆိပ်များက ကုန်ကျစရိတ်သက်သာစွာဖြင့် ဈေးကွက်သစ်များအတွင်းသို့ ထိုးဖောက်နိုင်သည့်နည်းတူ ဗီယက်နမ်ပြည်တွင်း ကုမ္ပဏီများကလည်း ဘဏ္ဍာရေးရင်းမြစ်သစ်များ ခေတ်မီနည်းပညာများ၊ မိတ်ဖက်ကုမ္ပဏီများ၏ ဖောက်သည်များနှင့် ဈေးကွက်များကို ဆက်သွယ်ခွင့်အသုံးချခွင့်များရရှိစေသည်။

"ဒစ္စနေကုမ္ပဏီက ဗီယက်နမ်ကုမ္ပဏီတစ်ခုကို လုပ်ငန်းပူးတွဲ လုပ်ဆောင်ဖို့ ရွေးချယ်တာကို ကြည့်ခြင်းအားဖြင့် ဗီယက်နမ်ကုမ္ပဏီက ဒစ္စနေကုမ္ပဏီရဲ့ စည်းမျဉ်းစည်းကမ်းကို လိုက်နာနိုင်စွမ်းရှိတယ်။ ဗီယက်နမ်စီးပွားရေးလုပ်ငန်းတွေက နိုင်ငံခြားစီးပွားရေးကုမ္ပဏီကြီးတွေနဲ့ ပူးတွဲဆောင်ရွက်နိုင်စွမ်းရှိတယ်ဆိုတာကို သက်သေပြနေပါတယ်"ဟု ဟိုချီမင်းစီးတီးစီးပွားရေးလုပ်ငန်းများအသင်း ဒုတိယဥက္ကဋ္ဌ ဖန်ဝေါဟန်းက ပြောသည်။

ဘာသာပြန်-စုစည်းတင်ပြသည်

# တောင်ကိုရီးယား ဆမ်ဆောင်းကုမ္ပဏီက အလုပ်အကိုင်အဆင့်သတ်မှတ်ချက် စနစ်သစ်ကို စတင်ကျင့်သုံးမည်

စည်းမျဉ်းတင်းကျပ်ပြီး ထိပ်ပိုင်းမှ အောက်ခြေအဆင့်သို့သွားသော ကုမ္ပဏီ၏ဆက်ဆံရေးကို ပြုပြင်ရန်အတွက် ဆမ်ဆောင်း အီလက်ထရွန်းနစ်ကုမ္ပဏီက လာမည့်လတွင် အလုပ်အကိုင်အဆင့်သတ်မှတ်ချက်ကို ထူးထူးခြားခြား ပြုပြင်သွားမည်ဟု ကုမ္ပဏီအရာရှိများက ပြောကြောင်း ယွန်းဟပ်သတင်းတွင် ဖော်ပြသည်။ ဆမ်ဆောင်းကုမ္ပဏီရှိ အလုပ်အကိုင်ရာထူးနေရာများ၏ အမှုဆောင်အဆင့်ရာထူးနေရာများအောက်ရှိ အလုပ်အကိုင် အဆင့်များကို မူလက အဆင့် ခုနစ်ဆင့်ထားရှိရာမှ လေးဆင့်သို့ လျှော့ချမည်ဖြစ်ကြောင်း ဆမ်ဆောင်းဂရုပ်က ပြောသည်။ စနစ်သစ် အဆင့်လေးဆင့်ကို သတ်မှတ်ရာတွင် ဝါစဉ်အလိုက်သတ် မှတ်ခြင်းမဟုတ်ဘဲ အလုပ်အကိုင်စွမ်းဆောင်ရည်အရ သတ်မှတ်ခြင်းဖြစ်သည်။

ဝန်ထမ်းများ တစ်ဦးနှင့်တစ်ဦး ခေါ်ဝေါ်သုံးစွဲရာတွင် ကုမ္ပဏီ ဝန်ထမ်းအားလုံး၏ အမည်နောက်တွင် nim ဟူသောစကားလုံးကို ထည့်သွင်းအသုံးပြုရမည်ဖြစ်သည်။ မစ္စတာ သို့မဟုတ် မစ္စက်ဟုအဓိပ္ပာယ်ရသည်။ "စနစ်သစ်မှာ လက်ရှိသုံးစွဲနေတဲ့ ထိပ်ပိုင်းမှအောက်ခြေသို့ဆင်းသော အဆင့်သတ်မှတ်တဲ့စနစ်ကို ပယ်ဖျက်ထားပါတယ်။ အဆင့်သတ်မှတ်ရာမှာလည်း ဝါစဉ်အရ သတ်မှတ်ခြင်းထက် စွမ်းဆောင်ရည်အပေါ်မှာ ပိုမိုအလေးပေးတဲ့ ကုမ္ပဏီ ယဉ်ကျေးမှု (ကုမ္ပဏီဆက်ဆံရေး)ကို ဖော်ဆောင်ထားပါတယ်" ဟု ဆမ်ဆောင်း အီလက်ထရွန်းနစ်အရာရှိတစ်ဦးက ပြောသည်။

ဆမ်ဆောင်း၏ အဆင့်သတ်မှတ်ချက်ပုံစံကို မူလစီစဉ်ထားသည့်အတိုင်း အကောင်အထည်ဖော်နိုင်ပြီဆိုပါက ဆမ်ဆောင်း၏ အခြားသော လက်အောက်ခံကုမ္ပဏီများကလည်း လိုလိုလားလား လိုက်ပါဆောင်ရွက်မည်ဖြစ်ကြောင်း ဆမ်ဆောင်းအရာရှိတစ်ဦးက ပြောသည်။

ကုမ္ပဏီ၏ ရာထူးသတ်မှတ်ချက် အစီအစဉ်ကို ယခင်နှစ် ပထမနှစ်ဝက်ကတည်းက အပြီးသတ်ရေးဆွဲထားပြီးဖြစ်သည်။ သို့သော်လည်း သမ္မတပတ်ဂွင်ဟေးနှင့် သူမ၏မိတ်ဆွေ ချိုင်းဆူဆေးတို့နှင့် ပတ်သက်သော အရှုပ်တော်ပုံတွင် ဆမ်ဆောင်းကုမ္ပဏီ ပါဝင်ပတ်သက်နေမှုကြောင့် အကောင်အထည်ဖော်ရာတွင် နှောင့်နှေးကြန့်ကြာမှုများရှိခဲ့သည်။


Treasure Triangle Company Limited

အိမ်တစ်လုံး (၁၀)မိနစ်

မြေကွက် ရှိထားသူများအတွက် သတင်းကောင်း

မြန် . . . ကောင်း . . . သက်သာ . . 10 Minutes = 1 House




အချိန်ဘယ်လောက်ကြာမလဲ ?

- Transport period within 7 days
  သယ်ယူပို့ဆောင်ရက် ၇ ရက်အတွင်း
- 1 day Build = 12 Folding House
  တရက်အတွင်း အိမ် ၁၂ လုံးတည်ဆောက်နိုင်သည်။
- Finishing Touch = 2 weeks
  ၂-ပတ်အတွင်း နောက်ဆုံးအချောသတ်အထိ ပြုလုပ်ပေးနိုင်သည်။




ဘယ်နေရာတွေမှာ သုံးလို့ရနိုင်မလဲ ?

- Beaches
  ပင်လယ်ကမ်းခြေ
- Mountain Region
  တောင်ပေါ်ဒေသ
- Land Areas
  မြေပြန့်ဒေသ
- Meditation - 1 Monk
  တရားအားထုတ်သည့် တစ်ပါးဆောင်
- 1 Unit Hotel (Bungalow)
  လုံးခြင်း Hotel (ဘန်ဂလို)များ
- အိမ်အငှား လုပ်ငန်းများ

၂-လ အတွင်း လုပ်ငန်းလည်ပတ်နိုင်ပြီး ဝင်ငွေအမြန်ဆုံးရရှိနိုင်သည်။

(အရောင်းပြခန်း) မြို့မ(၁၃)လမ်း(အရှေ့)၊ သာကေတ ရွှေခင်းသာမြို့ပတ်လမ်း၊ ၄/မြောက်ရပ်ကွက်၊ သာကေတ။

(ရုံး) အမှတ်(၄၈၃)၊ မြေညီထပ်၊ အေးရိပ်သာကွန်ဒိုမီနီယံ၊ အေးရိပ်သာ (၂)လမ်း၊ တက္ကသိုလ်ရိပ်သာလမ်းသစ်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။

www.facebook.com/TreasureTriangleCompanyLimited www.ttclmyanmar.com ဖုန်း – ၀၁ ၅၅၇ ၆၀၈ / ၀၉ ၄၂၃ ၆၆၀ ၂၅၅